www.mmpdf.com

ပင်းတလဲစိရင်စု လှည်းကူးမရွာဇာတိ

ပဝတ္တိ သစိုးမလည်ရွာလျှင် ဆွမ်းခံမိုရာဖြစ်သော၊

ဒါန်တိုင်. သစ်ညို - ကျောင်း ၂ တိုက်၌ သီတင်းသုံးသော

အရှင်ဂုဏာလင်္ကာရ

စီရင်ခဲ့သည့်

မိလိန္ဒပဉ္ဉာဝတ္ထု

မိလိန္ဒမင်းကြီး နှင့် ရှင်နာဂသိန်မထေရ် ၏ အမေးအဖြေ

www.mmpdf.com

ပန်းရွှေပြည်စာအုပ်တိုက်ထုတ်စာအုပ်များ

myanmarbook.com





mgyoe.com SAMPLE BOOK

တန်ဖိုး
၁၅၀၀၀ ကျပ်

အုပ်ရေ
၅၀၀ အုပ်

ဒုတိယအကြိမ် (ပန်းရွှေပြည်မှ)
၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးဇေယျာဦး (၀၁၅၇၉)
Silver Sky Press
အမှတ် ၂၆၊ ၉၇ လမ်း၊
လွတ်လပ်ရေးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ်
နံ့သာ

mgyoe.com

mgyoe.com SAMPLE BOOK

ပဉ္စင်္ဂအဟ် အဟ် ဝန္ဒာမိ ဝိ



အကျိုးပြုနိုင်ခြင်းသည် ကျွန်ုပ်တို့၏ 'အမြတ်' ဖြစ်သည်။

အကျိုးပြုနိုင်ခြင်းသည်ကျွန်ုပ်တို့၏ 'အမြတ်' ဖြစ်သည်။

ပန်းခြံစိုးပြာ

စာအုပ်တိုက်

09-73079964, 09-5181715, 09-5145728

အမှတ် ၃၃၄ ၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုး
၁၅၀၀၀ ကျပ်

အုပ်ရေ
၅၀၀ အုပ်

ပထမအကြိမ်
၂၀၁၇ ခုနှစ် စက်တင်ဘာလ

မျက်နှာဖုံး
မင်းဟန်

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉)
ပန်းရွေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်စုစုလှိုင် (၀၁၂၃၄)
စုပုံနှိပ်တိုက်
အမှတ် ၂၈၊ တာဝတီသာလမ်း၊
ပုစွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

စာအုပ်ချုပ်
ထိပ်တန်း-မင်းဇော်

သုဓမ္မဝတီပုံနှိပ်တိုက်မှ၌ 'ပဋ္ဌမအကြိမ်ပုံနှိပ်ခြင်း'ဟု ဖော်ပြပါသည်။

ဟံသာဝတီမှ၌ 'ခရ၅၂ ခု ပုံနှိပ်သည်။'-ဟုသာ ဖော်ပြပါသည်။

ဟံသာဝတီထုတ်မူနောက် ၁၄ နှစ်အတွင်း သုဓမ္မဝတီသည် ၅ ကြိမ် ပုံနှိပ်ဖြစ်ခဲ့ပြီးဟု ယူဆရသည်။

ယခု ထုတ်ဝေကြိမ်သည် ပန်းရွေပြည်စာအုပ်တိုက် အနေဖြင့် ပထမအကြိမ် ဖြစ်သော်လည်း၊ ဟံသာဝတီ ၁ကြိမ်၊ သုဓမ္မဝတီ ၅ကြိမ်-တို့ကိုပါ ထည့်တွက်ပါက 'သတ္တမအကြိမ်မြောက် (၇ကြိမ်မြောက်) ထုတ်ခြင်း'-ဟု ယူဆနိုင်ပါသည်။ အခြားအခြားက စာအုပ်တိုက်များ၏ ထုတ်ဝေခြင်းများရှိပါကလည်း သည်ထက်မကနိုင်ပါ။

သုဓမ္မဝတီမူကို လက်ရင်းထားပြီး ဟံသာဝတီမူနှင့် တိုက်ဆိုင်ကာ ယခုမူကို ထုတ်ဝေပါသည်။ ၄င်းမူ ၂ မူ၌ပင် ဝါကျအရေးအဖွဲ့, ပါဠိအရေးတို့၌ မဆိုသလောက်လေးမျှ အတိမ်းအပါးတွေ့ရပါသည်။ 'မူလပေမူ ခြားနားမှု'ဟု ယူဆမိပါသည်။

ပန်းရွေပြည်စာအုပ်တိုက်အနေဖြင့် ရှားပါးကျမ်းတစ်စောင်ကို လိုအပ်သူတို့ အလွယ်တကူ ဝယ်ယူနိုင်ရေးကိုသာ ရည်စူးထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ လက်ဦးထုတ်ဝေသူတို့ လုံ့လဥဿဟ ထုတ်ထားမှုများကို ဦးထိပ်ထားလျက်၊ ကျမ်းပြုဆရာတော်အား ကန်တော့ပါ၏။ ■

mgyoe.com

mgyoe.com SAMPLE BOOK

ပင်းတလဲစီရင်စု လှည်းကူးမရွာအာတိ
ပဝတ္တိ သစိုးမလည်ရွာလျှင် ဆွမ်းခံမှီရာဖြစ်သော၊
ဒါန့်တိုင်, သစ်ညို-ကျောင်း ၂ တိုက်၌ သီတင်းသုံးသော

အရှင်ဂုဏာလင်္ကာရ

စီရင်ခဲ့သည့်

မိလိန္ဒပဉ္ဉာဝတ္ထု

မိလိန္ဒမင်းကြီး နှင့် ရှင်နာဂသိန်မထေရ်-၏ အမေးအဖြေ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

မိလိန္ဒပဉ္ဟာဝတ္ထု

မာတိကာ

* မိလိန္ဒပဉ္ဟာကျမ်းမိတ်ဆက် (ဦးအေးချို-မဟာဝိဇ္ဇာ) ၁၇

ကျမ်းဦးအစ ၃၃

ဗာဟိရကထာကဏ္ဍ

- မိလိန္ဒမင်းနှင့် ရှင်နာဂသိန်မထေရ်တို့၏ ရှေးဆုတောင်း ၃၇
- မိလိန္ဒမင်း ၃၉
- ရှင်နာဂသိန် ၄၄
- နာဂသေန ရှင်ပြုခြင်း။ ၅၂
- အဿဂုတ္တမထေရ်နှင့် ရှင်နာဂသိန် ၅၃
- ဓမ္မရက္ခိတထေရ် ၅၇
- အာယုပါလမထေရ်နှင့် မိလိန္ဒမင်း ၅၈
- ရှင်နာဂသေနဂုဏ် ၆၀
- ရှင်နာဂသိန်နှင့် မိလိန္ဒမင်း တွေ့ဆုံခြင်း ၆၁

မိလိန္ဒပဉ္ဟာကဏ္ဍ

လက္ခဏပဉ္ဟာကထာ

၁-မဟာဝဂ်

၁- နာမပညတ္တိပဉ္ဟာ (အမည်တော်မေးခြင်း) ၆၅
၂- ဝဿဂဏနပဉ္ဟာ (ဝါတော်သချိုင်းမေးခြင်း) ၆၉
၃- ဝိမံသနပဉ္ဟာ (စကားစမ်းမေးလျှောက်ခြင်း) ၇၁
၄- အနုန္တကာယပဉ္ဟာ (အနန္တကာယအမတ်အမေး) ၇၁
၅- ပဗ္ဗဇ္ဇာပဉ္ဟာ (ရဟန်းပြုခြင်းအမေး) ၇၃
၆- ပဋိသန္ဓေပဉ္ဟာ (ပဋိသန္ဓေ နေ-မနေ မေးခြင်း) ၇၅
၇- ယောနိသော မနသိကာရပဉ္ဟာ (ယောနိသော မနသိကာရကိုမေးခြင်း) ၇၅
၈- မနသိကာရ လက္ခဏာ ပဉ္ဟာ (မနသိကာရနှင့် ပညာအထူး) ၇၆
၉- သီလလက္ခဏာပဉ္ဟာ (သီလကိုမေးခြင်း) ၇၇
၁၀- သမ္မသာဒနလက္ခဏာ သဒ္ဓါပဉ္ဟာ (သဒ္ဓါ၏ကြည်လင်ခြင်းလက္ခဏာကို မေးခြင်း) ၇၉
၁၁- သမ္မက္ခန္ဓနလက္ခဏာ သဒ္ဓါပဉ္ဟာ (သဒ္ဓါ၏ ယုံမှားပျောက်ခြင်းလက္ခဏာ) ၈၀
၁၂- ဝီရိယလက္ခဏာပဉ္ဟာ (ဝီရိယလက္ခဏာကိုမေးခြင်း) ၈၁

mgyoe.com

mgyoe.com SAMPLE BOOK

၁၃- သတိလက္ခဏာပဉ္ဇာ (သတိလက္ခဏာကိုမေးခြင်း) ၈၂
၁၄- သမာဓိလက္ခဏာပဉ္ဇာ (သမာဓိလက္ခဏာကိုမေးခြင်း) ၈၄
၁၅- ပညာလက္ခဏာပဉ္ဇာ (ပညာလက္ခဏာကိုမေးခြင်း) ၈၅
၁၆- နာနာဓမ္မာနံ ဧကကိစ္စ အဘိနိပ္ပါဒနပဉ္ဇာ
(အထူးထူးသောတရားတို့၏ တစ်ခုသောအကျိုးကိုသာ ပြီးစေခြင်း) ၈၆

၂-အဒ္ဓါနဝဂ်
၁- ဓမ္မသန္တတိပဉ္ဇာ (လူဟောင်းလော၊ လူသစ်လော) ၈၇
၂- ပဋိသန္ဓဟနပဉ္ဇာ (ပဋိသန္ဓေ မနေခြင်းကို သိ-မသိ မေးခြင်း) ၈၉
၃- ဉာဏ ပညာပဉ္ဇာ (ဉာဏ်နှင့် ပညာကို မေးခြင်း) ၉၀
၄- ပဋိသန္ဓဟန ပုဂ္ဂလဿ ဝေဒိယနပဉ္ဇာ (ရဟန္တာသည် ဝေဒနာခံစားပါသလော) ၉၄
၅- ဝေဒနာပဉ္ဇာ (ဝေဒနာ၏ အထွေအပြား) ၉၅
၆- နာမရူပါနံ ပစ္စုပ္ပန္နဂတာနံ ဧကတ္တနာနတ္တပဉ္ဇာ
(ပစ္စုပ္ပန်နာမ်,ရုပ်သည် ပဋိသန္ဓေကို ဖြစ်စေခြင်း) ၉၇
၇- ထေရဿ ပဋိသန္ဓဟနပဉ္ဇာ (မထေရ်၏ ပဋိသန္ဓေကိစ္စကို တစ်ဖန်မေးခြင်း) ၁၀၁
၈- နာမရူပ ပဋိသန္ဓဟနပဉ္ဇာ (နာမ်နှင့်ရုပ် ပဋိသန္ဓေ) ၁၀၂
၉- အဒ္ဓါနပဉ္ဇာ (ရုပ်နာမ်တို့၏ အခွန့်သံသရာ) ၁၀၃

၃-ဝိစာရဝဂ်
၁- အဒ္ဓါနမူလပဉ္ဇာ (သံသရာအစ အဝိဇ္ဇာက) ၁၀၄
၂- ပုရိမကောပဋိပဉ္ဇာ (အဆုံးမထင်သော သံသရာ) ၁၀၅
၃- ကောဋိယာ ပုရိမပဉ္ဇာ (သံသရာ၏ရှေးအစွန်း) ၁၀၆
၄- သခ်ါရ ဧယမာနပဉ္ဇာ (ဖြစ်ဆဲသံသရာ) ၁၀၈
၅- ဘဝင်္ဂနံ သခ်ါရာနံ ဧယမာနပဉ္ဇာ (ရုပ်,နာမ်တို့ ထင်ရှား ဖြစ်,မဖြစ်) ၁၀၈
၆- ဝေဒဂူပဉ္ဇာ (အတ္တကောင်းကလေး ရှိ-မရှိ) ၁၁၁
၇- စက္ခုဝိညာဏာဒိ မနောဝိညာဏပဉ္ဇာ (စက္ခုနှင့်မနောဝိညာဉ်တို့ဖြစ်စဉ်) ၁၁၄
၈- ဖဿ လက္ခဏာပဉ္ဇာ (ဖဿ၏ တွေ့ထိခြင်းလက္ခဏာ) ၁၁၇
၉- ဝေဒနာ လက္ခဏာပဉ္ဇာ (ဝေဒနာ၏ ခံစားခြင်းလက္ခဏာ) ၁၁၈
၁၀- သညာ လက္ခဏာပဉ္ဇာ (သညာ၏ မှတ်ခြင်းလက္ခဏာ) ၁၁၉
၁၁- စေတနာ လက္ခဏာပဉ္ဇာ (စေ့ဆော်ခြင်းစေတနာ လက္ခဏာ) ၁၂၀
၁၂- ဝိညာဏ လက္ခဏာပဉ္ဇာ (ဝိညာဉ်၏လက္ခဏာ) ၁၂၃
၁၃- ဝိတက္က လက္ခဏာပဉ္ဇာ (ဝိတက်၏ တင်ခြင်းလက္ခဏာ) ၁၂၄
၁၄- ဝိစာရ လက္ခဏာပဉ္ဇာ (ဝိစာရ၏ သုံးသပ်ခြင်းလက္ခဏာ) ၁၂၅

mgyoe.com

mgyoe.com SAMPLE BOOK

မိလိန္ဒပဉ္ဟာကဏ္ဍ

ဝိမတိစ္ဆေဒနပဉ္ဟာကထာ

၄-နိဗ္ဗာနဝဂ်

၁- ဖဿာဒီနံ ဝိနိဗ္ဘုဇနပဉ္ဟာ (တပေါင်းတည်းဖြစ်သော တရားတို့ကို ဝေဖန်ခွဲခြင်း) ၁၂၃
၂- နာဂသေန မိလိန္ဒရာဇမဟာပဉ္ဟာ (ဆားကို မေးခြင်း) ၁၂၄
၃- ပဋ္ဌာယတန ကမ္မနိဿတ္တပဉ္ဟာ (အာယတန ၅ ပါးတို့ အကြောင်းကံ တူသလော) ၁၂၅
၄- ကမ္မ နာနာကရဏပဉ္ဟာ (ကံ၏ အထူးအထွေ) ၁၂၅
၅- ပဋိကစ္စေဝ ဝါယာမကရဏပဉ္ဟာ (လုံ့လကို စောစောက ပြုသင့်-မပြုသင့်) ၁၂၇
၆- ပကတိ အဂ္ဂိတော နေရယိဂ္ဂိနံ ဥဏှဘာဝပဉ္ဟာ (ပကတိမီးထက် ငရဲမီးက ပူခြင်း) ၁၂၉
၇- ပထဝီ သန္ဓာရကပဉ္ဟာ (ကမ္ဘာမြေတည်ပုံ) ၁၃၁
၈- နိရောဓ နိဗ္ဗနပဉ္ဟာ (ဝဋ်ဆင်းရဲချုပ်ရာ နိဗ္ဗာန်) ၁၃၂
၉- နိဗ္ဗာန လဘနပဉ္ဟာ (နိဗ္ဗာန်ကို ရမည်သူ-မရမည်သူ) ၁၃၂
၁၀- နိဗ္ဗာနံ အလဘန္တဿ နိဗ္ဗာနဿ သုခဘာဝ ဇာနနပဉ္ဟာ
(နိဗ္ဗာန်ကိုမရဘဲ နိဗ္ဗာန်ချမ်းသာကို သိမည်လော) ၁၃၃

၅-ဗုဒ္ဓဝဂ်

၁- ဗုဒ္ဓဿ အတ္ထိနတ္ထိဘာဝပဉ္ဟာ (လောကဌ် ဘုရားရှိ-မရှိ) ၁၃၄
၂- ဗုဒ္ဓဿ ဘဂဝတော အနုတ္တရဘာဝပဉ္ဟာ (ဘုရားရှင်၏ အတုမရှိကြောင်း) ၁၃၅
၃- ဗုဒ္ဓဿ အနုတ္တရဘာဝ ဇာနနပဉ္ဟာ
(ဘုရားရှင်၏ အတုမရှိကြောင်း သိနိုင်ပါသလော။) ၁၃၅
၄- ဓမ္မဒိဋ္ဌပဉ္ဟာ (အရှင်သည် တရားကို မြင်ပြီလော။) ၁၃၆
၅- နစသင်္ခိမန ပဋိသန္ဓဟနပဉ္ဟာ (ဘဝဟောင်းမှ မပြောင်း ပဋိသန္ဓေနေခြင်း) ၁၃၆
၆- ဝေဒဂူပဉ္ဟာ (ပုဂ္ဂိုလ်ကောင် အတ္တ) ၁၃၇
၇- ဣမမှာ ကာယာ အညံ ကာယံ သင်္ကမနပဉ္ဟာ
(ဤကိုယ်မှ ထိုကိုယ်သို့ ပြောင်းသောသတ္တဝါကောင် ရှိ-မရှိ) ၁၃၈
၈- ကမ္မဖလာနံ အတ္ထိဘာဝပဉ္ဟာ (ကံတရားတို့သည် အဘယ်အရပ်၌ ရှိကြသနည်း။) ၁၃၉
၉- ဥပ္ပဇ္ဇတိ ဇာနနပဉ္ဟာ (ဘဝသစ်၌ ဖြစ်လတ္တံ့ကို သိ-မသိ) ၁၃၉
၁၀- ဗုဒ္ဓနိဒ္ဒေသနပဉ္ဟာ (ဘုရား ထင်ရှားရှိကြောင်း ပြနိုင်ပါသလော။) ၁၄၀

၆-သတိဝဂ်

၁- ပဗ္ဗဇိတာနံ ကာယဝိယဘာဝပဉ္ဟာ (ဘုရားတပည့်ရဟန်းများ ကိုယ်ကို ချစ်-မချစ်) ၁၄၁
၂- ဘဂဝတော သဗ္ဗညုဘာဝပဉ္ဟာ (ဘုရားရှင်သည် အလုံးစုံသောတရားကို သိ-မသိ) ၁၄၂
၃- ဘဂဝတော ဒွတ္တိံသမဟာပုရိသလက္ခဏာပဉ္ဟာ (ဘုရားရှင်သည် မဟာနှင့် တူ-မတူ) ၁၄၃

mgyoe.com

mgyoe.com SAMPLE BOOK

၄- ဘဂဝတော ဗြဟ္မစာရိပဉ္စာ (ဘုရားရှင်၏ မြတ်သောအကျင့်) ၁၄၄
၅- ဘဂဝတော ဥပသမ္မဒပဉ္စာ (ဘုရားရှင်နှင့် ရဟန်းအဖြစ်) ၁၄၅
၆- အဿုနံ ဘေသဇ္ဇာဘေသဇ္ဇပဉ္စာ (ဆေးဝင်သောမျက်ရည်နှင့် မဝင်သောမျက်ရည်) ၁၄၅
၇- သရာဂ ဝိတရာဂါနံ နာနာကရဏပဉ္စာ
(ရာဂရှိသောပုဂ္ဂိုလ်၏ အမူအရာနှင့် မရှိသောပုဂ္ဂိုလ်၏ အမူအရာ) ၁၄၆
၈- ပညာယ ပတိဋ္ဌာနပဉ္စာ (ပညာ၏ နေရာအရပ်) ၁၄၆
၉- သံသာရပဉ္စာ (သံသရာ၏ အကောင်အထည်) ၁၄၇
၁၀- စိရကတ သရဏပဉ္စာ (သတိဖြင့်သာ အောက်မေ့နိုင်ခြင်း) ၁၄၇
၁၁- အဘိဇာနန္တ သတိပဉ္စာ (သတိ၏ အထွေအပြား) ၁၄၈

၇-အရူပဓမ္မဝဝတ္ထာနဝဂ်

၁- သတိဥပ္ပဒ္ဒနပဉ္စာ (သတိဖြစ်ကြောင်း ၁၇ ပါး) ၁၄၉
၂- ဗုဒ္ဓဂုဏ သတိပဋိလဘနပဉ္စာ
(သေခါနိး ကုသိုလ်ကံသည် အကုသိုလ်အများကို ကယ်တင်နိုင်ပုံ) ၁၅၂
၃- ဒုက္ခပဟာန ဝါယာမပဉ္စာ (ဆင်းရဲကို ပယ်ခြင်းငှာ အားထုတ်ခြင်း) ၁၅၃
၄- ဗြဟ္မလောကပဉ္စာ (ဗြဟ္မာ့ပြည် အကွာအဝေး) ၁၅၅
၅- မနုဿလောက ဗြဟ္မလောကုပ္ပန္နာနံ သမကဘာဝပဉ္စာ
(ပဋိသန္ဓေနေရာ၌ ခရီးနီးဝေး မထူးကြောင်း) ၁၅၆
၆- ဗောဈင်္ဂပဉ္စာ (ဗောဈင်တရား၏ အထွေအပြား) ၁၅၇
၇- ပါပပုညာနံ အပ္ပါနပ္ပဘာဝပဉ္စာ (အကုသိုလ်ထက် ကုသိုလ်က တိုးပွားပုံ) ၁၅၈
၈- ဇာနန္တာဇာနန္တာနံ ပါပကရဏပဉ္စာ (မသိဘဲ လွန်ကျူးသူက နှစ်နာပုံ) ၁၅၉
၉- စာတုမဟာဘူတိကကာယေန ဥတ္တရကုရုကာဒိဂမနပဉ္စာ
(ဤကိုယ်ဖြင့် မြောက်ကျွန်း စသည်ကို သွားနိုင်ပုံ) ၁၅၉
၁၀- အဋ္ဌိနံ ဒီဃဘာဝပဉ္စာ (အရိုးတို့၏ ယူဇနာ ၁၀၀ ရှိ-မရှိ) ၁၆၀
၁၁- အဿသ ပဿသ နိရောဓပဉ္စာ
(ထွက်သက် ဝင်သက်ကို ချုပ်တည်းနိုင်ပါသလော။) ၁၆၁
၁၂- သမုဒ္ဒပဉ္စာ (သမုဒ္ဒရာခေါ်ခြင်း) ၁၆၂
၁၃- သမုဒ္ဒဿ ဇကရသပဉ္စာ (သမုဒ္ဒရာနှင့် ဆားငန်ရေ) ၁၆၂
၁၄- သုခုမပဉ္စာ (သိမ်မွေ့သောတရားကို ပညာဖြင့်ဖြတ်ခြင်း) ၁၆၂
၁၅- ဝိညာဏာဒီနံ နာနတ္တပဉ္စာ (ပညာဝိညာဉ်အသက်တို့၏ အထွေအထူး) ၁၆၃
၁၆- အရူပဓမ္မာနံ ဝဝတ္ထာနဘာဝ ဒုက္ကရပဉ္စာ
(ဘုရားရှင်သည် ပြုနိုင်ခဲသည်ကို ပြုတော်မူခြင်း) ၁၆၄

mgyoe.com

mgyoe.com SAMPLE BOOK

မေဏ္ဍကပဉ္ဟာကဏ္ဍ
- မိလိန္ဒမင်းသည် အမေးပုစ္ဆာတို့ကိုကြဲ၍ ကျင့်ဝတ် ၈ ပါးကို ဆောက်တည်ခြင်း ၁၆၉
- မတိုင်ပင်အပ်သော အရပ် ၈ ပါး ၁၇၁
- ထိုစကားကို နိဂုံးဂါထာဖြင့် ပြုပုံ ၁၇၂
- မတိုင်ပင်အပ်သူ ၈ ယောက် ၁၇၃
- အတိုင်အပင်မလုံရာသူ ၉ ယောက် ၁၇၄
- ပညာရင့်ကြောင်း ၈ ပါး ၁၇၆
- တပည့်တို့၌ကျင့်အပ်သော ဆရာဂုဏ် ၂၅ ပါး ၁၇၈
- ဥပါသကာဂုဏ် ၁၀ ပါးကိုပြခြင်း ၁၇၉

မေဏ္ဍကပဉ္ဟာကဏ္ဍ
၁-မဟာဝဂ္ဂ
၁-ဣဒ္ဓိဗလဝဂ်
၁- ပရိနိဗ္ဗုတဗုဒ္ဓဿ ဝဏ္ဏဝဏ္ဏပဉ္ဟာ (ပရိဗ္ဗာန်ပြုပြီးသောဘုရားရှင်ကို ပူဇော်ကျိုး ရှိ-မရှိ) ၁၈၁
၂- ဗုဒ္ဓဿ ဘဂဝတော သဗ္ဗညုဘာဝပဉ္ဟာ
(ဘုရားရှင်၏ဉာဏ်တော်သည် ဆင်ခြင်ခြင်းနှင့် စပ်ခြင်း) ၁၉၀
၃- ဒေဝဒတ္တ ပဗ္ဗဇ္ဇပဉ္ဟာ (ဒေဝဒတ်ကို ရဟန်းပြုခြင်း) ၁၉၆
၄- ပထဝီ စလနပဉ္ဟာ (ဝေဿန္တရာအလှူနှင့် မြေလှုပ်ခြင်း) ၂၀၇
၅- သိဝိရညော စက္ခုဒါနပဉ္ဟာ (သိဝိမင်းကြီး၏ မျက်စိအလှူ) ၂၁၆
၆- ဂင်္ဂာဝက္ကန္တိပဉ္ဟာ (ပဋိသန္ဓေတည်ခြင်းအကြောင်း) ၂၂၁
၇- သဒ္ဒမ္မန္တရဓာနပဉ္ဟာ (သာသနာတော် ကွယ်မှု-မကွယ်မှု) ၂၃၀
၈- ဘဂဝတော နိရုဝသေသာကုသလစ္ဆေဒနပဉ္ဟာ
(ဘုရားရှင်အား အကုသိုလ်ကြွင်း ရှိ-မရှိ) ၂၃၄
၉- နတ္ထိ တထာဂတဿ ဥတ္တရိ ကရဏီယပဉ္ဟာ (ဘုရားရှင်၌ ပြုဖွယ်ကိစ္စ ရှိ-မရှိ) ၂၄၂
၁၀- ဣဒ္ဓိဗလ ဒဿနပဉ္ဟာ (ဣဒ္ဓိပါဒ်၏အစွမ်းသတ္တိကို ပြခြင်း) ၂၄၇

၂-အဘေဒ္ဓဝဂ်
၁- ခုဒ္ဒါနုခုဒ္ဒကပဉ္ဟာ (ဒုက္ကဋ် ဒုဿာသီ အာပတ် နုတ်သင့်-မနုတ်သင့်) ၂၅၀
၂- ထပနီယပဉ္ဟာယ အဗျာကရဏပဉ္ဟာ (မဖြေဘဲထားအပ်သော ပြဿနာ) ၂၅၂
၃- သတ္တာနံ မစ္စုနော ဘာယနာ ဘာယနပဉ္ဟာ
(သတ္တဝါတို့အား သေဘေးမှ ကြောက်-မကြောက်) ၂၅၄
၄- ပစ္စုပါသာမုတ္တိပဉ္ဟာ (သေဘေးနှင့် ပရိတ်အရံအတား) ၂၆၁

mgyoe.com

 mgyoé.com SAMPLE BOOK

၅- ဘဂဝတော လာဘန်္ဂရာယပဥ္စာ
(ဘုရားရှင်၏ လာဘ်တော်ကို အန္တရာယ်ပြုနိုင်-မပြုနိုင်) ၂၆၇
၆- အဇာနန္တသ ပါပကရဏော ဗဟုအပုညပဥ္စာ (မလွန်ကျူးလိုဘဲ ပြုမိသောအပြစ်) ၂၇၂
၇- ဘဂဝတော ဘိက္ခုဂဏော အနုပေက္ခဘာဝပဥ္စာ
(ဘုရားရှင်အား ရဟန်းအပေါင်း၌ ဉဿုက်ခြင်း ရှိ-မရှိ) ၂၇၃
၈- တထာဂတသ အဘေဒ္ဓ ပရိသာယပဥ္စာ (ဘုရားရှင်၏ ပရိသတ် မပျက်မစီးခြင်း) ၂၇၆

မေတ္တာကပဥ္စာကဏ္ဍ
ခ-ယောဂိကထာပဥ္စာ
၃-ပဏာမိတဝဂ်
၁- သေဋ္ဌမဂ္ဂပဥ္စာ (ရဟန်းအဖြစ်၏ မြင့်မြတ်ပုံ) ၂၇၉
၂- တထာဂတသ သဗ္ဗသတ္တာနံ ဟိတဖရဏပဥ္စာ
ဘုရားရှင်သည် သတ္တဝါတို့၏အကျိုးကိုသာ လိုလားခြင်း ၂၈၃
၃- ဂုယှနိဒဿနပဥ္စာ (လျှို့ဝှက်အပ်သော အင်္ဂါကိုပြခြင်း) ၂၈၈
၄- တထာဂတသဝါစာ ဖရသာ နတ္ထိတိပဥ္စာ
(ဘုရားရှင်အား ကြမ်းတမ်းသောစကား မရှိ) ၂၉၂
၅- ရက္ခာနံ စေတနာ စေတနာဘာဝပဥ္စာ (သစ်ပင်၌ ဝိညာဉ် ရှိ-မရှိ) ၂၉၆
၆- ဒွိန္နံ ပိဏ္ဍပါတာနံ မဟပ္ဖလဘာဝပဥ္စာ (ဆွမ်း ၂ မျိုး အကျိုးထူးမြတ်ခြင်း) ၂၉၈
၇- ဗုဒ္ဓပူဇာယာ နုညာတာနုညာတပဥ္စာ (ဘုရားရှင်အား ပူဇော်ခြင်း ၂ မျိုး) ၃၀၁
၈- ဘဂဝတော ပါဒေ ပပဋ္ဌိကာ ပတနပဥ္စာ (ဘုရားရှင်ခြေတော်နှင့် ကျောက်လွှာ) ၃၀၄
၉- အဂ္ဂဂ္ဂသမဏာပဥ္စာ (သမဏမည်ကြောင်း တရားများ) ၃၀၈
၁၀- ဝဏ္ဏဘဏနပဥ္စာ (ရတနာ ၃ ပါးနှင့် ဂုဏ်ကျေးဇူးစကား) ၃၁၀
၁၁- အဟိသာနိဂ္ဂဟပဥ္စာ (မြွေကိုက်သူနှင့် နှိပ်ထိုက်သူ) ၃၁၂
၁၂- ဘိက္ခု ပဏာမိတပဥ္စာ (ရဟန်းတို့ကို နှင်ထုတ်ခြင်း၌ ဒေါသရှိ-မရှိ) ၃၁၆

၄-သဗ္ဗညုတဉာဝဂ်
၁- ဣဒ္ဓိယာ ကမ္မဝိပါကပဥ္စာ (တန်ခိုးနှင့်ကံ-အား ၂ တန်) ၃၁၈
၂- ဓမ္မဝိနယာနံ ပဋိဘာနာပဋိဘာနပဥ္စာ (ပိဋကတ် ၃ ပုံတွင် ဝိနည်းကို ပိတ်ခြင်း) ၃၂၀
၃- မုသာဝါဒဿ ကရုက လဟုကဘာဝပဥ္စာ (မုသာဝါဒစကား၏ အလေးအပေါ့) ၃၂၄
၄- ဗောဓိသတ္တဓမ္မတာပဥ္စာ (ဘုရားအလောင်းတို့၏ဓမ္မတာ) ၃၂၆
၅- အတ္တာနံ နိပါတနပဥ္စာ (မိမိကိုယ်ကို သတ်ခြင်းနှင့် ခန္ဓာဝန်ဒုက္ခ) ၃၂၈
၆- မေတ္တာနိသံသပဥ္စာ (မေတ္တာအကျိုးနှင့် သုဝဏ္ဏသျှာမ်) ၃၃၂

mgyoe.com

mgyoe.com SAMPLE BOOK

၇- ကုသလာ ကုသလကာရိဿ သမ ဝိသမပဉ္ဟာ
(ကုသိုလ်နှင့် အကုသိုလ် အကျိုးပေး မတူပုံ) ၃၃၇
၈- အမရာဒေဝီပဉ္ဟာ (အမရာနှင့် မကောင်းမှု) ၃၄၃
၉- ခီဏာသဝါနံ အဘာယန ပဉ္ဟာ (ရဟန္တာများ ထိတ်လန့်သလော) ၃၄၇
၁၀- တထာဂတဿ အသဗ္ဗညုပဉ္ဟာ (ဘုရားရှင်နှင့် သဗ္ဗညုတဉာဏ်) ၃၅၀

၅-သန္ထဝဂ်
၁- သန္ထဝပဉ္ဟာ (ရဟန်းနှင့် ကျောင်း) ၃၅၃
၂- ဥတ္တိဋ္ဌေ အပွမာဒပဉ္ဟာ (ဆွမ်းခံဝတ်၌ မမေ့အပ်ခြင်း) ၃၅၅
၃- ဘဂဝတော အပွါဗာဓပဉ္ဟာ (ဘုရားရှင်နှင့် ရှင်ဗာကုလ) ၃၅၈
၄- အနုပ္ပန္နဿ မဂ္ဂဿ ဥပ္ပါဒေတာပဉ္ဟာ (ဘုရားရှင်သည် မဂ်ဉာဏ်ကို ဖြစ်စေခြင်း) ၃၆၁
၅- ဘဂဝတော ပုဗ္ဗေ အဝိဟေဌက ဇာတိကပဉ္ဟာ (ဘုရားလောင်းနှင့် ယဇ်ပူဇော်ပွဲ) ၃၆၅
၆- ဆဒ္ဒန္တ ဇောတိပါလေ အာရဇ္ဇပဉ္ဟာ (ဆဒ္ဒန်ဆင်မင်းနှင့် ဇောတိပါလလူလင်) ၃၆၈
၇- ဃဋိကာရအာဝေသနေန ကဿပဘဂဝတော ကုဋိအာရဇ္ဇပဉ္ဟာ
(ဘုရားကျောင်းနှင့် ဃဋိကာရအိမ်) ၃၇၀
၈- ဘဂဝတောဗြာဟ္မဏ ရာဇဝါဒပဉ္ဟာ (ဘုရားရှင်၏ အမျိုးအမည်) ၃၇၃
၉- ဂါထာဘိဂီတ ဘောဇနံ ဒါနကထာယ ယထနပဉ္ဟာ
(ဂါထာရွတ်၍ ရသောဆွမ်း စားထိုက်-မစားထိုက်) ၃၇၇
၁၀- ဘဂဝတော ဓမ္မဒေသနာယ အပ္ပေါသုက္က ပဉ္ဟာ
(တရားဟောရန် ဖြဟ္မာမင်း တောင်းပန်ခြင်း) ၃၈၃
၁၁- ဗုဒ္ဓဿ အာစရိယာ နာစရိယပဉ္ဟာ (ဘုရားရှင်အား ဆရာမရှိ) ၃၈၆

၅-အနုမာနပဉ္ဟာကဏ္ဍ
၁- ဗုဒ္ဓဝဂ် (တစ်ပြိုင်နက်တည်း ဘုရား ၂ ဆူ မပွင့်နိုင်။) ၃၈၉
၂- ဂေါတမီ ဝတ္ထဒါန ပဉ္ဟာ (ဘုရားရှင်နှင့် သံဃာတော်) ၃၉၃
၃- ဂိဟိ ပဗ္ဗဇိတ သမ္မာပဋိပတ္တိ ပဉ္ဟာ (ရဟန်းနှင့် လူ အကျင့်တူသော်) ၃၉၇
၄- ပဋိပဒါ ဒေါသပဉ္ဟာ (ဒုက္ကရစရိယာနှင့် အကျိုး,အပြစ်) ၃၉၉
၅- ဟီနာယာဝတ္ထန ပဉ္ဟာ (ရဟန်းလူထွက်နှင့် သာသနာ) ၄၀၃
၆- အရဟတော ကာယိက နု စေတသိက ဝေဒနာပဉ္ဟာ (ရဟန္တာ၌ စိတ်မဆင်းရဲ) ၄၁၁
၇- ခီဏာသဝဿ ကာယိက ဝေဒနာယ နာနာကရဏ ပဉ္ဟာ
(ကိုယ်တုန်လှုပ်သော်လည်း စိတ်မတုန်လှုပ်) ၄၁၃
၈- ဂိဟိရာဓိကာပန္နဿ အဘိသမယန္တရာယ ကရဏပဉ္ဟာ (လူပါရာဓိကနှင့် မဂ်,ဖိုလ်) ၄၁၄

mgyoe.com

၉- သမဏဒုဿီလ ဂိဟိဒုဿီလပဉှာ
(ရဟန်းနှင့်လူ သီလမဲ့ချင်းတူသော်လည်း ခြားနားချက်) ၄၁၇
၁၀- ဥဒကဿ သတ္တဇီဝပဉှာ (ရေ၌ အသက် ရှိ-မရှိ) ၄၂၀

၂-နိပ္ပပဉ္စဝဂ်
၁- နိပ္ပပဉ္စပဉှာ (သံသရာချုံး တရား ၄ ပါး) ၄၂၅
၂- ဂိဟိပဗ္ဗဇိတာနံ ခီဏာသဝ ဘာဝပဉှာ (ရဟန္တာအဖြစ်နှင့် ဝတ်ကြောင်) ၄၂၈
၃- ခီဏာသဝါနံ သတိသမ္မောသ ဘာဝပဉှာ (ရဟန္တာနှင့် အာပတ်) ၄၃၀
၄- လောကေ နတ္ထိ ဘာဝပဉှာ (လောက၌ မရှိတရား ၃ ပါး:ရှိခြင်း) ၄၃၃
၅- နိဗ္ဗာနပဉှာ (ကောင်းကင်နှင့် နိဗ္ဗာန်) ၄၃၇
၆- ကမ္မဇပဉှာ (အကြောင်းမကင်းသောတရား:နှင့် အကြောင်းကင်းသောတရား) ၄၄၂
၇- ယက္ခသရီရပဉှာ (ဘီလူး သေကောင်) ၄၄၂
၈- သိင်္ဂါပဒပဉှာ (သဗ္ဗညုတဉာဏ်နှင့် သိင်္ဂါပုဒ်) ၄၄၄
၉- သူရိယာတပပဉှာ (နေသည် အမြဲ ပူသလော) ၄၄၅
၁၀- ဟေမန္တ သူရိယာတပ ပဉှာ (ဆောင်းတွင်း နေ) ၄၄၆

၃-ဝေဿန္တရ ဒါနဝဂ်
၁- ဝေဿန္တရဒါနပဉှာ (မင်းဝေဿန်၏အလှူထူး) ၄၄၇
၂- ဒုက္ကရကာရိက ပဉှာ (ဘုရားလောင်းနှင့် ဒုက္ကရစရိယာအကျင့်) ၄၆၀
၃- ကုသလာကုသလ ဗလဝတရပဉှာ
(ကောင်းမှုနှင့် မကောင်းမှု မည်သူ အားကြီးသနည်း။) ၄၇၀
၄- ပုဗ္ဗပေတာဒိသ ပဉှာ (သေသူကို ရည်၍လှူသော် ရ-မရ) ၄၇၅
၅- သုပိနပဉှာ (အိပ်မက်အကြောင်း) ၄၈၀
၆- ကာလာကာလ မရဏပဉှာ (အချိန်ကျ၍ သေခြင်း၊ အချိန်မကျဘဲ သေခြင်း) ၄၈၄
၇- စေတိယ ပါဠိဟာရိယပဉှာ (စေတီနှင့် တန်ခိုးပြခြင်း) ၄၉၅
၈- ဥနက သတ္တဝဿိကပဉှာ (တရားကျင့်သူတိုင်း တရားထူး ရနိုင်သလော။) ၄၉၆
၉- ဇကန္တသု နိဗ္ဗာနပဉှာ (နိဗ္ဗာန်သည် စင်စစ် ချမ်းသာပါသလော။) ၅၀၂
၁၀- နိဗ္ဗာန ရူပသဏ္ဌာန ပဉှာ (နိဗ္ဗာန်၏ အဆင်းသဏ္ဌာန်) ၅၀၅
၁၁- နိဗ္ဗာန နာတီတာဒိပဉှာ (နိဗ္ဗာန်သည် ကာလ ၃ ပါး၌ ဝင်သလော။) ၅၁၃
၁၂- နိဗ္ဗာန သန္နိတိတဋ္ဌာနပဉှာ (နိဗ္ဗာန်၏ တည်ရာအရပ်ကို ပေးခြင်း) ၅၁၈

mgyoe.com

 mgyoe.com SAMPLE BOOK

၄-အနုမာနဝဂ်

၁- အနုမာနေန ဗျာကရဏပဉ္ဟာ (လောကၠ ဘုရား ရှိ-မရှိ။) ၅၂၁
၂- ဓုတင်္ဂပဉ္ဟာ (ဓုတင်ဆောက်တည်ခြင်းအကျိုးများ) ၅၄၆

၆-ဩပမ္မကထာပဉ္ဟာကဏ္ဍ
၁-ဂဒြဘဝဂ်

၁- အရဟတ္တဖလ သစ္ဆိကိရိယာယအင်္ဂပဉ္ဟာ
(အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်သော အင်္ဂါများ) ၅၆၇
၁-မြည်း၏ အင်္ဂါ ၁ ပါး ၅၇၁
၂-ကြက်၏ အင်္ဂါ ၅ ပါး ၅၇၂
၃-ရှဉ့်၏ အင်္ဂါ ၁ ပါး ၅၇၅
၄-သစ်မ၏ အင်္ဂါ ၁ ပါး ၅၇၅
၅-သစ်ဖို၏ အင်္ဂါ ၂ ပါး ၅၇၆
၆-ရေလိပ်၏ အင်္ဂါ ၅ ပါး ၅၇၇
၇-နဲ့ငြေ့၏ အင်္ဂါ ၁ ပါး ၅၇၉
၈-လေး၏ အင်္ဂါ ၁ ပါး ၅၈၀
၉-ကျီးငှက်၏ အင်္ဂါ ၂ ပါး ၅၈၁
၁၀-မျောက်၏ အင်္ဂါ ၂ ပါး ၅၈၂

၂-သမုဒ္ဒဝဂ်

၁၁-ဗူးနွယ်၏ အင်္ဂါ ၁ ပါး ၅၈၄
၁၂-ကြာပဒုမ္မာ၏ အင်္ဂါ ၃ ပါး ၅၈၅
၁၃-မျိုးစေ့၏ အင်္ဂါ ၂ ပါး ၅၈၆
၁၄-သာလကလျာဏီသစ်ပင်၏ အင်္ဂါ ၅ ပါး ၅၈၇
၁၅-လှေ၏ အင်္ဂါ ၃ ပါး ၅၈၈
၁၆-ကျောက်ဆူး၏ အင်္ဂါ ၂ ပါး ၅၈၉
၁၇-လင်းယဉ်တိုင်၏ အင်္ဂါ ၁ ပါး ၅၉၀
၁၈-လှေသူကြီး၏ အင်္ဂါ ၃ ပါး ၅၉၁
၁၉-သူရင်းငှား၏ အင်္ဂါ ၁ ပါး ၅၉၃
၂၀-သမုဒ္ဒရာ၏ အင်္ဂါ ၅ ပါး ၅၉၃

mgyoe.com

mgyoe.com SAMPLE BOOK

၃-ပဏ္ဍိတဝဂ်

၂၁-မြေကြီး၏ အင်္ဂါ ၅ ပါး ၁၉၆
၂၂-ရေ၏ အင်္ဂါ ၅ ပါး ၁၉၇
၂၃-မီး၏ အင်္ဂါ ၅ ပါး ၁၉၉
၂၄-လေ၏ အင်္ဂါ ၅ ပါး ၆၀၀
၂၅-တောင်၏ အင်္ဂါ ၅ ပါး ၆၀၁
၂၆-ကောင်းကင်၏ အင်္ဂါ ၅ ပါး ၆၀၄
၂၇-လမင်း၏ အင်္ဂါ ၅ ပါး ၆၀၆
၂၈-နေမင်း၏ အင်္ဂါ ၇ ပါး ၆၀၇
၂၉-သိကြားမင်း၏ အင်္ဂါ ၃ ပါး ၆၀၉
၃၀-စကြဝတေးမင်း၏ အင်္ဂါ ၄ ပါး ၆၁၀

၄-ကုဋ္ဌရဝဂ်

၃၁-ခြင်္၏ အင်္ဂါ ၁ ပါး ၆၁၂
၃၂-ကြောင်၏ အင်္ဂါ ၂ ပါး ၆၁၂
၃၃-ကြွက်၏ အင်္ဂါ ၁ ပါး ၆၁၃
၃၄-ကင်းမြီးကောက်၏ အင်္ဂါ ၁ ပါး ၆၁၄
၃၅-ဖြေပါ၏ အင်္ဂါ ၁ ပါး ၆၁၄
၃၆-မြေခွေးအို၏ အင်္ဂါ ၂ ပါး ၆၁၅
၃၇-သမင်၏ အင်္ဂါ ၃ ပါး ၆၁၆
၃၈-နွားအပေါင်း၏ အင်္ဂါ ၄ ပါး ၆၁၇
၃၉-ဝက်၏ အင်္ဂါ ၂ ပါး ၆၁၉
၄၀-ဆင်၏ အင်္ဂါ ၅ ပါး ၆၂၀

၅း၇-သီဟဝဂ်

၄၁-ခြင်္သေ့၏ အင်္ဂါ ၇ ပါး ၆၂၂
၄၂-စက္ကဝါကင်္ဂက်၏ အင်္ဂါ ၃ ပါး ၆၂၄
၄၃-အောက်ချင်းစာဂက်မ၏ အင်္ဂါ ၂ ပါး ၆၂၅
၄၄-အိမ်ခ်ိုနေသော ခိုဂက်၏ အင်္ဂါ ၁ ပါး ၆၂၆
၄၅-ခင်ပုပ်ဂက်၏ အင်္ဂါ ၂ ပါး ၆၂၆
၄၆-ခေါက်ရှာဂက်၏ အင်္ဂါ ၁ ပါး ၆၂၇
၄၇-လင်းနို့၏ အင်္ဂါ ၂ ပါး ၆၂၈

mgyoe.com

mgyoe.com SAMPLE BOOK

၄၈-မျှော်၏ အင်္ဂါ ၁ ပါး ၆၂၉
၄၉-မြွေ၏ အင်္ဂါ ၃ ပါး ၆၃၀
၅၀-စပါးကြီး၏ အင်္ဂါ ၁ ပါး ၆၃၁

၆း၇-မက္ကဋကဝဂ်
၅၁-ပဉ်ကူ၏ အင်္ဂါ ၁ ပါး ၆၃၂
၅၂-နို့ကိုမှီ၍ အသက်မွေးသော သူငယ်၏အင်္ဂါ ၃ ပါး ၆၃၃
၅၃-ကြည်းလိပ်ပြောက်၏ အင်္ဂါ ၁ ပါး ၆၃၃
၅၄-တောအုပ်၏ အင်္ဂါ ၁ ပါး ၆၃၄
၅၅-သစ်ပင်၏ အင်္ဂါ ၃ ပါး ၆၃၅
၅၆-မိုး၏ အင်္ဂါ ၅ ပါး ၆၃၆
၅၇-ပတ္တမြားရတနာ၏ အင်္ဂါ ၃ ပါး ၆၃၇
၅၈ သားမုဆိုး၏ အင်္ဂါ ၄ ပါး ၆၃၈
၅၉-ငါးမျှားသောသူ၏ အင်္ဂါ ၂ ပါး ၆၃၉
၆၀-တံစည်းသမား၏ အင်္ဂါ ၂ ပါး ၆၄၀

၇း၇-ကုမ္ဘဝဂ်
၆၁-အိုး၏ အင်္ဂါ ၁ ပါး ၆၄၂
၆၂-ဒီးဒုတ်ဂက်၏ အင်္ဂါ ၂ ပါး ၆၄၂
၆၃-ထီး၏ အင်္ဂါ ၃ ပါး ၆၄၃
၆၄-လယ်၏ အင်္ဂါ ၃ ပါး ၆၄၄
၆၅-ဆေး၏ အင်္ဂါ ၂ ပါး ၆၄၅
၆၆-ဘောဧည်၏ အင်္ဂါ ၃ ပါး ၆၄၆
၆၇-ယေးသမား၏ အင်္ဂါ ၄ ပါး ၆၄၇

- မိလိန္ဒမင်းကြီး သရဏဂုံတည် ဥပါသကာအဖြစ်သို့ ရောက်ခြင်း ၆၅၂
- မိလိန္ဒမင်းကြီး ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်ခြင်း ၆၅၂
- မိလိန္ဒထေရ်အရှင်၏ ဆောင်ရွက်သောဂုဏ်အထူး ၆၅၃
- ဥယျောဇနဂါထာ ၆၅၃
- နိဂုံးစကားမူကား ၆၅၃

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

မိလိန္ဒပဉ္ဟာကျမ်းမိတ်ဆက်

ဗုဒ္ဓဘာသာကိုးကွယ်သော မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာကို ဆရာစဉ်ဆက် ထိန်းသိမ်းစောင့်ရှောက်လာသော ဆရာတော်, သံဃာတော် အရှင်သူမြတ်တို့သည် သင်္ဂါယနာတင်ကျမ်းများကို အလွန် အလေးထားကြသည်။ သင်္ဂါယနာတင်ရခြင်းမှာ မြတ်စွာဘုရား ဟောကြားဆုံးမတော်မူခဲ့သော တရားတော်များကို ပြန်လည်စိစစ်ပြီး မှတ်တမ်းတင်ခြင်း ဖြစ်သည်။ 'ထေရဝါဒ'ဆိုသည်မှာ မြတ်စွာဘုရားဟောတော်မူခဲ့သည့် အတိုင်း ပြင်ဆင်ဖြည့်စွက်ခြင်း မရှိ၊ နုတ်ပယ်ခြင်း မရှိ၊ မူရင်းအရှိအတိုင်း တိကျစွာ ဆက်လက်ထိန်းသိမ်းထားသော တရားတော်များကို 'ထေရဝါဒ'ဟု ခေါ်သည်။ 'ပြည့်စုံစင်ကြယ်သောဗုဒ္ဓဘာသာ' ဖြစ်သည်။

သင်္ဂါယနာတင်သောကျမ်းကိုသာ အလေးဂရုပြုသည့် အထောက်အထားအဖြစ် ရှေးဆရာတော်ကြီးများ၏ အရေးအသားများကို ဖော်ပြလိုပါသည်။

တထာဂတုပ္ပတ္တိကျမ်းတွင် ဂေါတမမြတ်စွာဘုရား ပါရမီဖြည့်ရသော ကမ္ဘာ အပိုင်းအခြားကို အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရသည်။

'ဂေါတမ'အမည်ရှိသော ရှင်တော်ဘုရားသည် ကမ္ဘာအသင်္ချေ ၂၀ နှင့် ကမ္ဘာ ၁ သိန်းပတ်လုံး အယုတ်, အလတ်, အမြတ်အားဖြင့် ၁၀ ပါးသောပါရမီတို့ကို ဖြည့်တော်မူ၍ ဘုရားဆုကို တောင်းတော်မူသည်ကား-

'စိန္တိတံ သတ္တသင်္ခေယျံ၊ နဝသင်္ခေယျ ဝါစကံ။
ကာယဝါစာ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ။ ။'

-ဟူသောဂါထာနှင့်ညီစွာ၊ ဘုရားဆုကို စိတ်ထဲက တောင့်တတော်မူသည် ၇ အသင်္ချေ၊ နှုတ်ပွက်၍ တောင်းတော်မူသည် ၉ အသင်္ချေ။ စိတ်ထဲလည်းကောင်း, နှုတ်ပွက်၍လည်းကောင်း တောင်းတော်မူသည်ကား ၄ အသင်္ချေနှင့် ကမ္ဘာ ၁ သိန်းတည်း။ ဤသို့လျှင် ကမ္ဘာအသင်္ချေ ၂၀ နှင့် ကမ္ဘာ ၁ သိန်းတည်း။"

ဤအဆိုအမိန့်ကို ဒုတိယတောင်ဖီလာဆရာတော် ရှင်ဂုဏာရသာလင်္ကာရက ပယ်သည်။ ဆရာတော်က 'အစိန္တေယျဝတ္ထု'တွင်

"ဤသို့ ၇ သင်္ချေ၊ ၉ သင်္ချေ၊ ၄ သင်္ချေ-ပေါင်းသော် အသင်္ချေ ၂၀ နှင့် ကမ္ဘာ ၁ သိန်း ဖြစ်သည်။ ဤသို့ဟူ၍ ဇာတတ္ထကီ, သောတတ္ထကီကျမ်းတို့၌ ၁၆ သင်္ချေလောင်း၍ ဆိုလေသည်။ ကျမ်းဂန်တတ်သော ဆရာမြတ်တို့ကား ဤ ဇာတတ္ထကီ, သောတတ္ထကီကျမ်းတို့ကို ဝန်ခံတော် မမူလေကုန်။ ယုံလည်း ယုံကြည်တော် မမူလေကုန်။

mgyoe.com

mgyoe.com SAMPLE BOOK

အာဘယ်ကြောင့် ယုံတော်မမူသနည်း။-ဟူမူကား သင်္ဂါယနာ ၃ တန်သို့ မဝင်သောကြောင့် ယုံကြည်တော် မမူကုန်။'

-ဟူ၍ ပယ်ထားသည်။

မုံရွေးဇေတဝန်ဆရာတော်ကလည်း 'စိန္တိတံ သတ္တသန္ဓေယျံ' စသောဂါထာသည် ကျမ်းကြီးကျမ်းခိုင်က လာမည်-မလာမည်ကို သိလိုပါသည်။-ဟူသောအမေးကို ဤသို့ဖြေဆိုထားသည်။

'ထို့ကြောင့် သောတတ္တကီ, လောကီယွန်းပဏ္ဏာသ, တထာဂတုပ္ပတ္တိကျမ်းတို့တွင်လာသော စကားသာဖြစ်၍ ဤ'စိန္တိတံ သတ္တသန္ဓေယျံ'စသော ဂါထာလာတိုင်း 'စိတ်ကြံ၍ တောင်းသည်၊ နှုတ်မြွက်၍ တောင်းသည်'ဆိုသော စကားများလည်း စကားခိုင် မဟုတ်လွန်းသည် ထင်သည်။'

ဒုတိယတောင်ဖီလာဆရာတော်၏ အဆုံးအဖြတ်တွင် 'သင်္ဂါယနာ ၃ တန်သို့ မဝင်'ဆိုသောစကားကို ရှင်းရန် လိုသည်။ အစိန္တေယျဝတ္ထုကို ရေးသောကာလမှာ သက္ကရာဇ် ၁၀၄၆ ခုနှစ်ဖြစ်၍ ညောင်ရမ်းခေတ်ကာလ ဝမ်းဘဲအင်းစံမင်းလက်ထက်ဖြစ်သည်။ တောင်ဖီလာဆရာတော် ကျမ်းပြုသည့်ကာလသည် စတုတ္ထသင်္ဂါယနာတင်ပြီးသည့်ကာလ ဖြစ်သော်လည်း သင်္ဂါယနာ ၃ တန်ကိုသာ ပြောထား၍ စတုတ္ထသင်္ဂါယနာကို အသိအမှတ်မပြုသည့် သဘောမျိုး ဖြစ်နေသည်။ 'သင်္ဂါယနာ ၃ 'တန်'ဆိုသည်မှာ အဋ္ဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသ၏ အသုံးအနှုန်း ဖြစ်ပါသည်။ ပိဋကတော်များကို အဋ္ဌကထာဖွင့်ဆိုသည့် အဋ္ဌကထာ ကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသသည် မိမိဖွင့်ဆိုချက်များနှင့် ပတ်သက်၍ အခိုင်အမာ ကိုးကားရန် ရှိလာသည့်အခါများ၌ (တိသေော သဲဂိတျာရုဠှာ) 'သင်္ဂါယနာ ၃ တန်၌ တင်အပ်သောဒေသနာတော်များ' စသည်ဖြင့် ဖော်ပြခဲ့ပါသည်။ ထိုအသုံးအနှုန်းအတိုင်း ဒုတိယတောင်ဖီလာဆရာတော်က သုံးစွဲခြင်း ဖြစ်ပါသည်။

မုံရွေးဇေတဝန်ဆရာတော်ကို 'ကောသလမင်းကြီးထုလုပ်သော စန္ဒကူးရုပ်တုဆိုသည်မှာ သင်္ဂါယနာဝင်ကျမ်းတို့က မလာသော် မည်သည့်ကျမ်းက လာသနည်း။'-ဟု မေးမြန်းသည်ကို ဆရာတော်ကြီးက ဖြေဆိုရာ၌

'ထိုဇာတ်သည်ကား ၅၅၀ မှ အလွတ်ဖြစ်သော လောကီယွန်းပဏ္ဏာသဇာတ်ကျမ်းမှ လာသောဇာတ် ဖြစ်သည်။ ထိုပဏ္ဏာသဇာတ်ကျမ်းကို သင်္ဂါယနာတင်ကျမ်းမျိုးတို့တွင် အရေအတွက်မဝင်သောကြောင့် လည်းကောင်း၊ 'ယွန်းတို့တိုင်းပြည်မှ ဖြစ်သောကျမ်း'ဟူ၍ ဆရာအစဉ်အဆက် ပြောဆိုသောကြောင့် လည်းကောင်း၊ သဘောယူတို့

mgyoe.com

mgyoe.com SAMPLE BOOK

တန်-မတန်ကို ချင့်မိ၍ လည်းကောင်း ပညာရှိတို့သည် အမြတ်တနိုးမပြုကြကုန်။'-ဟူ၍ ထည့်သွင်းဖြေဆိုထားသည်။

ထို့ကြောင့် 'သင်္ဂါယနာဝင်ကျမ်း' မဟုတ်လျှင် ယုံကြည်တော်မမူကြ၊ အလေးဂရုမထားကြကြောင်း တွေ့ရသည်။

မိလိန္ဒပဉ္ဟာကျမ်းသည် မြန်မာနိုင်ငံ၌ သင်္ဂါယနာတင်ကျမ်းတစ်ကျမ်း ဖြစ်သည်။ မိလိန္ဒပဉ္ဟာကျမ်းသည် တတိယသင်္ဂါယနာတင်ပြီးမှ ရေးသားပြုစုပြီးသော်ကျမ်းဖြစ်၍ ပထမ, ဒုတိယ, တတိယ-သင်္ဂါယနာတင်ပွဲတို့တွင် ဤကျမ်း မပါဝင်ခဲ့ပေ။ စတုတ္ထသင်္ဂါယနာတင်စဉ်က သံဃာတော်များ နှုတ်တက်အာဂုံဆောင်၍ သင်္ဂါယနာတင်ပြီးနောက် ပေထက်အက္ခရာ တင်ခဲ့သည်။-ဟု မူလ မင်းကွန်း ဓေတဝန်ဆရာတော်ကြီးက မိလိန္ဒပဉ္ဟာ အဋ္ဌကထာပါဠိကျမ်းတွင် ရေးသားခဲ့သည်။

မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော ပဉ္စမသင်္ဂါယနာတင်ပွဲနှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲတို့တွင် မိလိန္ဒပဉ္ဟာကျမ်းကို သုတ္တပိဋကဒုဒ္ဒကနိကာယ်၌ ထည့်သွင်း၍ သင်္ဂါယနာတင်တော်မူခဲ့သည်။

မြန်မာနိုင်ငံတွင် ဆဋ္ဌသင်္ဂါယနာတင်ခဲ့စဉ်က သန္နိပါတ ၅ ကြိမ်နှင့် တင်ခဲ့သည်။ မိလိန္ဒပဉ္ဟာပါဠိတော်ကို ပဉ္စမသန္နိပါတ၌ သင်္ဂါယနာ တင်ခဲ့သည်။ ပဉ္စမသန္နိပါတကို မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ် တန်ခူးလဆန်း ၁၃ ရက်-ခရစ်နှစ် ၁၉၅၆ ခု ဧပြီလ ၂၄ ရက်နေ့တွင် စတင်ကျင်းပသည်။ ဥပုသ်နေ့နှင့် အခြားနားရက်များမှတစ်ပါး သင်္ဂါယနာတင်တော်မူကြရာ၊ ရက်ပေါင်း ၂၈ရက် ပြည့်သောနေ့တွင် ပြီးစီးခဲ့သည်။ ပြီးစီးသည့်နေ့မှာ သာသနာတော်သက္ကရာဇ် ၂၅၀၀ တင်းတင်းပြည့်သောနေ့-မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ် ကဆုန်လပြည့်နေ့-ခရစ်သက္ကရာဇ် ၁၉၅၆ ခု မေလ ၂၄ ရက်နေ့ ဖြစ်သည်။

မြန်မာနိုင်ငံ၌ ပုဂံခေတ်တွင် ဝိဋကတ် ၃ ပုံ အပြည့်အစုံ ရောက်ရှိနေပြီဖြစ်သည်။ မိလိန္ဒပဉ္ဟာကျမ်းလည်း ပါဝင်သည်။ ပုဂံခေတ် 'ထီးလိုမင်းလိုမင်း' ခေါ် နန်းတောင်းများမင်းလက်ထက်တွင် အလှူရှင် သိခင်သိဃ်ဝိရ်သုရ်ဒဂုိလ်နှင့် အဖ ခင်ဥန်သုရ်ဒဂုိလ်တို့သည် မိမိတို့အလှူများကို မှတ်တမ်းကျောက်စာ ရေးထိုးထားသည်။ ကျောက်စာ ရေးထိုးသည့်သက္ကရာဇ်ကို မသိရသော်လည်း၊ အလှူပြုသည့်ရက်များမှာ သက္ကရာဇ် ၅၈၁ ခုနှစ် တပို့တွဲလဆန်း ၇ ရက် တနလာ်နေ့, လဆုတ် ၃ ရက် တနလာ်နေ့, သက္ကရာဇ် ၅၈၅ ခုနှစ် တော်သလင်းလပြည့် သောကြာနေ့တို့ ဖြစ်သည်။ ထိုကျောက်စာသည် မူလထိုးကျောက်စာဖြစ်ပြီး အက္ခရာအရေးအသား၌ကလည်း ပုဂံခေတ် ရေးအက္ခရာများဖြစ်၍ အလှူပြုပြီး မကြာမတင် ရေးထိုးသည့်ကျောက်စာ ဖြစ်နိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုကျောက်စာတွင် သား,အဖ-၂ဦးက မိမိတို့လှူဒါန်းသော ပဋ္ဌကတ်ကျမ်းစာအမည်များပါ ရေးထိုးခဲ့သည်။ အဖ ခင်ဥန်သုဇ္ဈဗိုလ်သည် ပဋ္ဌကတ်ကျမ်းပေါင်း ၁၁၂ကျမ်း လှူခဲ့ရာ၊ ထိုကျမ်းများတွင် မိလိန္ဒပဉ္ဟာကျမ်းလည်း ပါဝင်သည်။

ပုဂံမြို့ ဝက်ကြီးအင်းကျောင်းတိုက်အတွင်း၌ တက်နွယ်ကျောင်းကျောက်စာရှိသည်။ ထိုကျောက်စာအလှူရှင်မှာ တောင်တွင်းမင်း သီရိဇေယျသူရဇနိုးမောင်နှံ ဖြစ်ပြီး တက်နွယ်ကျောင်းသို့လှူသော အလှူများကို မှတ်တမ်းတင်ထားသောကျောက်စာဖြစ်သည်။ ထိုကျောက်စာကို သက္ကရာဇ် ၈၀၄ ခုနှစ်တွင် ရေးထိုးသည်။ ဒုတိယအင်းဝခေတ် မိုးညှင်းမင်းတရားလက်ထက် ဖြစ်သည်။ အလှူရှင် တောင်တွင်းမင်းသီရိဇေယျသူရသည် တောင်တွင်းမင်းသီဟပတေ့၏မြေး မိုးညှင်းမင်း၏တူ ဖြစ်သည်။ ထို တက်နွယ်ကျောင်းကျောက်စာအတွင်း၌ လှူဒါန်းခဲ့သော ပဋ္ဌကတ်တော်များအပါအဝင် ကျမ်းပေါင်း ၃၂၂ ကျမ်းလှူဒါန်းကြောင်း အမည်များနှင့်တကွ မှတ်တမ်းတင်ထားသည်။ ထို တက်နွယ်ကျောင်းကျောက်စာမှတ်တမ်းတွင်လည်း မိလိန္ဒပဉ္ဟာကျမ်း ပါဝင်သည်။

* * *

မိလိန္ဒပဉ္ဟာကျမ်းသည် သင်္ဂါယနာတင်ကျမ်းတစ်ကျမ်းဖြစ်ပြီး၊ ပဋ္ဌကတ်တော်နိကာယ် ၅ ရပ်တွင် ခုဒ္ဒကနိကာယ်အတွင်း ထည့်သွင်းထားသော်လည်း စင်စစ် ထိုကျမ်းသည် မြတ်စွာဘုရားဟောတော်မူသော ပါဠိတော်ကျမ်းစာမျိုး မဟုတ်ပေ။

မိလိန္ဒပဉ္ဟာကျမ်းသည် မိလိန္ဒမင်းကြီးက မေးမြန်းသည့်အမေးများနှင့် အရှင်နာဂသေနမထေရ်က ဖြေဆိုထားသည်များကို မှတ်တမ်းတင်ပြုစုထားသောကျမ်း ဖြစ်သည်။

မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေနမထေရ်တို့အကြောင်းကို ရှေးဦးစွာ မိလိန္ဒပဉ္ဟာကျမ်းအရ ပါရှိသည်အတိုင်း အကျဉ်းချုပ်၍ ဖော်ပြပါမည်။

ရှေးလွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား၏ သာသနာတော်အတွင်း ဂင်္ဂါမြစ်၏အနီး ကျောင်းတိုက်တစ်တိုက်၌ ရဟန်းသံဃာတော်များ 'သီတင်းသုံးနေကြ၏။ ကျောင်းတိုက်အတွင်းရှိ သံဃာများသည် နေ့စဉ် နံနက်စောစောထ၍ ကျောင်းတလင်းကို တံမြက်လှည်းကြ, အမှိုက်ပုံကြနှင့် သန့်ရှင်းရေး ပြုလုပ်ကြ၏။ ထိုအခါ တစ်ပါးသော ရဟန်းသည် သာမဏေတစ်ပါးကို တံမြက်မှိုက်များကိုစွန့်ရန် ပြော၏။ သာမဏေသည် မကြားဟန်ဆောင်ပြီး သွား၏။ ၂ ကြိမ်-၃ ကြိမ်တိုင်တိုင် ခေါ်သော်လည်း မကြားဟန်ဆောင်၍သာ သွား၏။ ထိုအခါ ရဟန်းသည် အမျက်ထွက်၍ သာမဏေကို တံမြက်စည်းရိုးဖြင့်ရိုက်ပြီး စေခိုင်း၏။ သာမဏေလည်း ငိုယိုပြီး တံမြက်ချောကိုစွန့်စဉ်၊ 'တံမြက်ချောစွန့်ရသောကောင်းမှုကြောင့် ဖြစ်လေရာရာဘဝ၌ ဘုန်းကံကြီးမား တန်ခိုး

mgyoe.com

တေဇော်ကြီးသူ ဖြစ်ရပါလိမ့်၏။'-ဟု ဆုတောင်း၏။ တံမြက်ခြေးကို စွန့်ပစ်ပြီးနောက် ရေချိုးရန် မြစ်ဆိပ်သို့သွား၏။ ဂင်္ဂါမြစ်ဆိပ်၌ မြစ်၏လှိုင်းတံပိုးသံ တဝုန်းဝုန်းမြည်သံကြားရမြင်ရ၍၊ 'နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဤလှိုင်းတံပိုးအဟုန်ကဲ့သို့ ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရပါလိမ့်၏။'-ဟု ထပ်မံဆုတောင်းပြန်၏။

ထိုသာမဏေကို စေခိုင်းသောရဟန်းလည်း တံမြက်စည်းများ သိမ်းဆည်းပြီး၊ ရေချိုးရန် ဂင်္ဂါမြစ်ဆိပ်သွားသော် သာမဏေဆုတောင်းသံကို ကြားရ၏။ ရဟန်းလည်း 'ငါစေခိုင်းသော သာမဏေပင်လျှင် ဤမျှ ဆုတောင်းသေး၏။ ငါ ဆုတောင်းလျှင်လည်း အဘယ်မှာ ဆုတောင်းမပြည့်စုံဘဲ ရှိရမည်နည်း။'-ဟုကြံပြီး ဆုတောင်းလေ၏။ ရဟန်း၏ ဆုတောင်းစကားမှာ 'ငါသည် နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဖြစ်လေရာရာဘဝ၌ ဤဂင်္ဂါမြစ်၏ လှိုင်းတံပိုးအဟုန်ကဲ့သို့ မကုန်နိုင်သော ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရပါလိမ့်၏။ ဤသာမဏော မေးတိုင်းမေးတိုင်းသောပြဿနာကို ဖြေရှင်းနိုင်စွမ်းသူ ဖြစ်ရပါလိမ့်၏။'-ဟု ဆုတောင်း၏။

ထိုသူ ၂ ဦးသည် နတ်ဘုံ,လူဘုံ ကျင်လည်ကုန်လျက် ဂေါတမမြတ်စွာဘုရားလက်ထက်တော်တိုင် ရောက်လာကြ၏။ ထိုအခါ ဂေါတမမြတ်စွာဘုရားက 'ငါဘုရားပရိနိဗ္ဗာန်စံလွန်သည်မှ နှောက်နှစ်ပေါင်း ၅၀၀ ကျော်လွန်လတ်သော် ထိုသူ ၂ ဦးသည် ထင်ရှားစွာ ဖြစ်ပေါ်လာကုန်လတ္တံ့။ ထိုသူ ၂ ဦးသည် ငါဟောကြားအပ်သော သုတ်, အဘိဓမ္မာ, ဝိနည်း-တရားတော်တို့ကို ပြဿနာမေးခွန်း, ဥပမာ, ဥပမေယျနည်းတို့၏ အစွမ်းဖြင့် အရှုပ်အထွေးမရှိအောင်ပြု၍ မေးမြန်းဖြေကြားခြင်း ပြုကြလတ္တံ့။'-ဟု ဗျာဒိတ်တော်ပေးလေ၏။

ထိုသူ ၂ ဦးအနက် သာမဏေသည် ဓမ္မဒိဋ္ဌပဉ်ကျန်း သာဂလမြို့၌ 'မိလိန္ဒ' မည်သောမင်း ဖြစ်၏။ ထိုမင်းသည် အတတ်မျိုး ၁၉ မျိုးကို တတ်၏။ သာဂလမြို့အတွင်းရှိ မည်သည့်ပုဂ္ဂိုလ်မျှ ထိုမင်း မေးမြန်းသောပုစ္ဆာတို့ကို ပြေလည်အောင် မဖြေကြားနိုင်ကြကုန်။

ရဟန်းသည် ဗာဝတိသနတ်ပြည် 'ကေတုမတီ' မည်သောဗိမာန်၌ 'မဟာသေန' အမည်ရှိသော နတ်သားအဖြစ် တည်ရှိ၏။ အရှင်အဿဂုတ္တရဟန္တာ၏ တိုက်တွန်းချက်အရ သိကြားမင်းသည် မဟာသေနနတ်သားကို လူ့ပြည်သို့ 'လူအဖြစ်ဝင်စားရန်' တောင်းပန်၏။ မဟာသေနနတ်သားသည် ဟိမဝန္တာတောင်ခြေရင်း၌ 'ဂဇင်္ဂလ' မည်ရှိသော ပုဏ္ဏားရွာတွင် သောဏုတ္တရပုဏ္ဏား၏ဇနီးဝမ်းဝယ် သန္ဓေယူလေ၏။ မွေးဖွားလာသော်၊ 'နာဂသေန' အမည်မှည့်၏။ နာဂသေနကို ရောဟဏမထေရ်က ရဟန်းပြုပေးပြီး၊ သုတ်, အဘိဓမ္မာ, ဝိနည်းတရားများကို သင်ကြားပေးသည်။

mgyoe.com SAMPLE BOOK

မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသေနတို့ ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော်ကာလက သာမဏေနှင့် ရဟန်းအဖြစ် တွေ့ဆုံကြပုံ, ဆုတောင်းကြပုံများကို မိလိန္ဒပဉှာကျမ်း၌ 'ဗာဟိရကထာ'အဖြစ် ထည့်သွင်းရေးသားထားသော်လည်း၊ ကျမ်းပြုစုသူက ဤအဖြစ်အပျက်များကို 'တစ်ဆင့်စကား ကြားရဖူးသည်ကား..'ဟု အစချီထားသည်ကို တွေ့ရသည်။

မိလိန္ဒပဉှာကျမ်း ဗာဟိရကထာအခန်း၌ ဂေါတမမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ဖော်ပြထားသည့်အတိုင်း၊ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေနတို့သည် ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီး အနှစ် ၅၀၀ ကျော်လွန်မှ ပေါ်ပေါက်လာသူများအဖြစ် သိနိုင်သည်။

ယနေ့ခေတ် သုတေသီပညာရှင်များက 'မိလိန္ဒမင်းကြီးသည် မည်သည့်နိုင်ငံကနည်း။ မိလိန္ဒမင်းကြီးသည် မည်သူဖြစ်သနည်း။'-စသည်တို့ကို လေ့လာပြီး ဖော်ထုတ်လာကြသည်။

မိလိန္ဒမင်းအုပ်စိုးရာ နေပြည်တော်ကို 'ယောနကတိုင်း သာကလနေပြည်တော်'ဟု ရှာဖွေဖော်ထုတ်ထားသည်။ ယောနကတိုင်းသည် အိန္ဒိယပြည်မြောက်ပိုင်း ဗက်ထရီးယားနယ် (Bactria) ဖြစ်သည်။ ယခုအခါ ပါကစ္စတန်, အာဖဂန်နစ္စတန်နှင့် တာကစ္စတန်နိုင်ငံများပါဝင်သော နယ်မြေ ဖြစ်သည်။ သာကလမြို့ကိုမူ ပါကစ္စတန်နိုင်ငံ ချေနပ်မြစ်နှင့် ရာဝိမြစ်တို့အကြားရှိ ယခုအခေါ် 'ဆီးယားလ်ကွတ်မြို့ ဖြစ်သည်။-ဟု ဆိုကြသည်။ မင်း၏အမည်ကား မေနန္ဒာ ဖြစ်သည်။

မေနန္ဒာမင်းကြီး၏သမိုင်းကို ပြန်လည်ဆန်းစစ်သော် ဤသို့သိရသည်။

ဂရိဘုရင် အလက်ဇန္ဒား (Alexander the Great) သည် ဂရိနိုင်ငံအရှေ့ဘက်သို့ နယ်ချဲ့တိုက်ခိုက်လာရာတွင် အာရှမိုင်းနား၊ ပါးရှားပြည်တို့ကို အောင်မြင်ပြီးနောက် ၃၂၆ ဘီစီနှစ်တွင် အိန္ဒိယပြည်အတွင်းသို့ ရောက်ရှိလာသည်။ ထိုနောက် အိန္ဒမြစ်ဝှမ်း အောက်ပိုင်းဖြစ်သော အိန္ဒိယပြည်မြောက်ပိုင်း သေဝမ် (Seh wan) နှင့် ပတလ (Patala) ထိ သိမ်းပိုက်ရရှိကာ ဘီစီ ၃၂၅ တွင်မူ ပါရှားပြည်သို့ ပြန်လည်ထွက်ခွာသွားသည်။

အလက်ဇန္ဒားသည် မထွက်ခွာမီ မိမိ၏လက်အောက်ခံပြည်နယ်များတွင် ဘုရင်ခံများ ခန့်ထားခဲ့ရာ၊ ဘုရင်ကြီး အိန္ဒိယရောက်သောအခါ ထိုဘုရင်ခံတို့သည် မိမိတို့ပြည်နယ်များတွင် သီးခြား မင်းပြုကြသည်။ အိန္ဒိယပြည်မြောက်ပိုင်း ဗက်ထရီးယားပြည်ရှိ ဂရိဘုရင်ခံသည်လည်း ဤကဲ့သို့ပင် ဗက်ထရီးယားမင်း ဖြစ်လာသည်။ ထိုမင်း၏အနွယ်တွင် တတိယနှင့် နောက်ဆုံးဖြစ်သောမင်းကား မေနန္ဒာ ဖြစ်သည်။

mgyoe.com

mgyoe.com

ဂရိသမိုင်းဆရာများဖြစ်သော စတရာဗို (Starbo) ပလူတာ (Plutarch) နှင့် ဂျက်စတင် (Justin) တို့၏ မှတ်တမ်းများအရ မေနန္ဒာမင်းသည် ဗက်ထရီးယားဌာန အုပ်စိုးခဲ့သော ဂရိဘုရင်များအနက် အကျော်ကြားဆုံးနှင့် ဉာဏ်ပညာအထက်မြက်ဆုံး ဖြစ်သည်။-ဟု တွေ့ရသည်။

မေနန္ဒာ၏လက်ထက်တွင် ဗက်ထရီးယားပြည်၏ ဩဇာအာဏာသည် အိန္ဒိယပြည်မြောက်ပိုင်းဌာန အတော်ပင် ပျံ့နှံ့ခဲ့သည်။ မေနန္ဒာ၏ပိုင်နက်မှာ အနောက်ဘက်တွင် ကာဗူးမြစ်အထိ၊ တောင်ဘက်တွင် မထုရနယ်အထိ၊ အရှေ့ဘက်တွင် ကသွီရနယ်အထိ ကျယ်ဝန်းသည်။

ထိုမေနန္ဒာဘုရင်ကား မိလိန္ဒမင်းကြီးပင် ဖြစ်သည်။-ဟူ၍ အဆိုအမိန့်တစ်ခုဌာန တွေ့ရသည်။

'မိလိန္ဒ' ခေါ် မေနန္ဒာမင်းမြတ်သည် အိန္ဒိယပြည်တိုင်အောင် ဂရိတ်အင်ပါယာကြီးကို ကျယ်ပြန့်စေခဲ့သော ဗက်ထရီးယားဘုရင် ၂၃းအနက် တစ်ဦးဖြစ်သည်။-ဟူ၍ လည်းကောင်း၊ အိန္ဒိယပြည်ကို သွားရောက်အုပ်စိုးသော ဘုရင်ဖြစ်သည်။-ဟူ၍ လည်းကောင်း အနောက်တိုင်းစာပေများ၌ ဖော်ပြကြသည်။ ထို့ပြင်လည်း၊ မေနန္ဒာမင်းသည် အိန္ဒိယပြည်တွင် နယ်ပယ်မြောက်မြားစွာ ချဲ့ထွင်နိုင်၍ အနောက်နိုင်ငံများတွင် ထင်ရှားခဲ့သော အလက်ဇန္ဒားဘုရင်ကြီး တည်ထောင်ခဲ့သည့် ဂရိနိုင်ငံများကို ဆက်လက်စိုးစံသော ဘုရင်တစ်ပါးဖြစ်သည်။-ဟုလည်း ရေးသားကြပြန်သည်။ ထိုမှတစ်ပါး၊ ကသွီရပြည်နှင့်ပတ်သက်သော မှတ်တမ်းတစ်ခုတွင် 'ကသွီရပြည်ကို လာရောက်အုပ်စိုးခဲ့သော ဂရိလူမျိုးဘုရင် ၈ ဦးရှိရာတွင် ၇ ဦးမြောက်ဘုရင်မှာ မေနန္ဒာမင်းပင် ဖြစ်သည်။-ဟူ၍ ရေးသားထားသည့် အဆိုအမိန့်တစ်ခုလည်း ရှိပြန်သည်။

ခရစ်သက္ကရာဇ်မပေါ်ခင် ၂ ရာစုဘီစီက အိန္ဒိယပြည်၏ အနောက်မြောက်ပိုင်းဒေသများသည် ဂရိမင်းတို့၏လက်တွင်းသို့ ကျရောက်သွားခဲ့သည်။

ဂရိမင်းမေနန္ဒာသည် မိလိန္ဒပဉ္ဟာကျမ်းတွင်ပါရှိသည့် မိလိန္ဒမင်းဖြစ်ကြောင်း သမိုင်းဆရာများက တညီတညွတ်တည်း ဆိုကြသည်။ သို့ရာတွင် ယင်းဂရိမင်းမေနန္ဒာ အုပ်ချုပ်မင်းလုပ်သည့် ခုနှစ်သက္ကရာဇ်နှင့် ပတ်သက်၍မူ ပညာရှင်များ တစ်ဦးနှင့်တစ်ဦး အယူအဆ တူကြပေ။

ဆမစ်၏ Early History of India အလိုအရ ၁၅၅ ဘီစီ၌ မေနန္ဒာသည် အိန္ဒိယကို ကျူးကျော်ဝင်ရောက်သည်။

ရာယကျောက်ဓရီ၏ Political History of Ancient India နှင့် ဗာနေတ်၏ Calcutta Review တို့ အလိုအရမူ မေနန္ဒာ အုပ်ချုပ်မင်းလုပ်သည့်ကာလသည် ၁ရာစု ဘီစီ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါက်တာရာမေရှကျန်ဒရမဇုပ်ဒါး၏ History of Indian Literature အလိုအရမူကား၊ မေနန္ဒာ၏ခေတ်သည် ခရစ်တော်မပေါ်မီ အနှစ် ၉၀ မတိုင်ခင် မဖြစ်နိုင်ပေ။-ဟူ၍ ဆိုသည်။

ယနေ့ ပညာရှင်အများစု ယူဆနေသောအယူအဆမှာ မေနန္ဒာ၏အုပ်ချုပ်ရေး ခေတ်ကာလသည် ဘီစီ ပထမရာစုနှစ် ဖြစ်လေသည်။

မေနန္ဒာမင်းသည် 'အလက်ဇန္ဒားဘုရင်ကြီးက ဗက်ထရီးယားဌ်ထားခဲ့သော ဘုရင်ခံမှ ဖြစ်လာသောမင်း။'-ဟူ၍လည်းကောင်း၊ 'ဗက်ထရီးယားဘုရင် ၂၅ဦးအနက် တစ်ဦး'ဟူ၍လည်းကော်င်း၊ 'ကသွီရပြည်ကို လာရောက်အုပ်စိုးခဲ့သော ဂရိလူမျိုးဘုရင် ၈ ဦးအနက် ၇ ဦးမြောက်ဘုရင်'ဟူ၍လည်းကောင်း-အမျိုးမျိုး ကွဲပြားနေသော်လည်း မေနန္ဒာမင်းကြီးရှိခဲ့သည်မှာ အမှန်ဖြစ်သည်။ အမှန်ဖြစ်ကြောင်းကို တူးဖော်ရရှိသော ဒင်္ဂါးများက သက်သေခံနေလေသည်။

အိန္ဒိယပြည်မြောက်ပိုင်း မေနန္ဒာဘုရင်စိုးပိုင်ခဲ့သော နေရာအနှံ့အပြားတွင် ဒင်္ဂါးပေါင်းများစွာ တူးဖော်တွေ့ရှိရသည်။ ၄င်းဒင်္ဂါးများကို အနောက်သို့လားသော် ကာဗူးလ်မြစ်၊ အရှေ့သို့လားသော် မထုရ၊ မြောက်သို့လားသော် ကသွီရဒေသတို့အထိ နေရာများမှ ရရှိသည့်အတွက် မေနန္ဒာမင်းအုပ်စိုးခဲ့သော နယ်ပယ်အကျယ်အဝန်းကို ခန့်မှန်းသိသာနိုင်သည်။ တူးဖော်တွေ့ရှိရသော ဒင်္ဂါးများမှာ အမျိုးအစားအားဖြင့် ၁၂မျိုး ရှိရာ၊ 'မေနန္ဒာ'အမည်နှင့် ၈ မျိုး တွေ့ရသည်။ ဒင်္ဂါးများတွင် ရုပ်ပုံများ ပါဝင်သည်။ ရုပ်ပုံများမှာ မေနန္ဒာဘုရင်၏ ပို့ရွယ်စဉ်က ရုပ်ပုံမှသည် ကြီးရင့်သည်အထိ အသက်အရွယ်အမျိုးမျိုးရှိ ရုပ်ပုံများ ဖြစ်သည်။

ဒင်္ဂါးများ၌ စာများလည်း ပါရှိလေရာ၊ ဒင်္ဂါးများ၏တစ်ဖက်တွင် ဂရိဘာသာဖြင့် ရေးထိုးထားပြီး တစ်ဖက်တွင်မူ ထိုခေတ်သုံးပါဠိဘာသာဖြင့် ရေးထိုးထားသည်။ ပါရှိသော စာများမှာ 'ဗေဆီလေယော့ဆိုတေ ရော့မေနန္ဒရိုး', 'မဟာရာဇသတြဒတသ မေနန္ဒြသ', 'ဗေဆီလေယော့ဒီကိုင် အိုမေနန္ဒရိုး', 'မဟာရာဇသဝ်ရိမကဿမေနန္ဒြသ' တို့ဖြစ်သည်။ ထိုအမည်များ၌ပါရှိသော 'မေနန္ဒာရိုး', 'မေနန္ဒြသ'-အမည်များသည် မေနန္ဒာအမည်အဖြစ် ပညာရှင်အားလုံးက အသိအမှတ်ပြုကြသည်။

မိလိန္ဒပဉ္ဉာကျမ်းတွင် ဖြေဆိုသူ အရှင်နာဂသေနမထေရ်၏ မိဘအမည်၊ မျိုးရိုးဇာတိနှင့် မွေးဖွားရာဒေသကိုမူ မိလိန္ဒပဉ္ဉာကျမ်းတွင်ပါရှိသည်ထက် ပို၍ မသိနိုင်

mgyoe.com

m.g.yoe.com SAMPLE BOOK

အရှင်နာဂသေနကို ပညာရှင်အသီးသီးက အမျိုးမျိုးခန့်မှန်းကြသည်။

သုတေသီအချို့က တရုတ်နှင့် တိဗက်ဗုဒ္ဓဘာသာစာပေတို့၌တွေ့ရှိရသော 'နာဂါရိဇုန' (Nagarjuna) ပင် ဖြစ်သည်။-ဟု ယူဆကြသည်။ နာဂါရိဇုနသည် မဟာယာနဂိုဏ်းခေါင်းဆောင်တစ်ဦး ဖြစ်သည်။ အရှင်နာဂသေနသည် မိလိန္ဒမင်း၏ အမေးများကို ထေရဝါဒဗုဒ္ဓဘာသာရှုထောင့်မှ ပြတ်ပြတ်သားသား ဖြေဆိုထားသောကြောင့် နာဂါရ်ဇုနကို အသိအမှတ် မပြုနိုင်ပေ။

ကန်း (Kern) ကမူ 'ပတဉ္ဇလိ' (Patangali) မည်သော ဟိန္ဒူယောဂဂိုဏ်းဆရာသည် နာဂသေနဘွဲ့ ခံယူသဖြင့် ပတဉ္ဇလိကို ယူဆကြောင်း။-ရေးသားခဲ့သည်။ ပတဉ္ဇလိသည် အတ္တဝါဒကို အကြွင်းမဲ့လက်ခံသူ ဖြစ်သည်။ မိလိန္ဒပဉ္ဟာလာ အရှင်နာဂသေနသည် အနတ္တဝါဒကို လုံးလုံးလျားလျား လက်ခံထားသူဖြစ်၍ ပတဉ္ဇလိသည် 'နာဂသေနဘွဲ့' ခံယူကာမျှဖြင့် မိလိန္ဒပဉ္ဟာကျမ်းလာ ဖြေဆိုသူအရှင်နာဂသေနအဖြစ် အသိအမှတ် မပြုနိုင်ပေ။

ဗူစတန် (Buston) တိဗက်ဘာသာကျမ်း၌မူကား 'ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ၁၃၇ နှစ်ကြာသောအခါ 'အရှင်နာဂသေန' မည်သောမထေရ်တစ်ပါးခေါင်းဆောင်၍ သဃ်ာဂိဏ်းကွဲ ပေါ်ပေါက်ခဲ့သည်။-ဟု ဖော်ပြထားသည်။ ထို ဗူစတန်ကျမ်း၏အဆို ခိုင်မာမှု မည်မျှရှိသည်ကိုလည်း ခန့်မှန်းနိုင်ရန် ခဲယဉ်းသည်။ ထို့ပြင်၊ မိလိန္ဒပဉ္ဟာကျမ်း၌ပင် မိလိန္ဒမင်းနှင့် နာဂသေနမထေရ်တို့သည် 'မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီး နှစ် ၅၀၀ ကျော်တွင်မှ ပေါ်ပေါက်မည်။'-ဆိုသောစကားကို ထောက်လျှင် ဗူစတန်ကျမ်း၏အဆိုမှာ လက်ခံနိုင်စရာ မရှိတော့ပေ။

ဖော်ပြပါ၊ 'အရှင်နာဂသေန မည်သူဖြစ်ကြောင်း' ခန့်မှန်းရေးသားမှုများသည် လက်ခံနိုင်ဖွယ်ရာ မရှိသောကြောင့် မိလိန္ဒပဉ္ဟာကျမ်းလာ အရှင်နာဂသေနသည် ထိုခေတ်က အမှန်တကယ်ပေါ်ထွန်းခဲ့သော သမိုင်းဝင်ပုဂ္ဂိုလ်မဟုတ်ဘဲ၊ ကျမ်းပြုဆရာ၏ စိတ်ကူးယဉ် ဇာတ်ဆောင်တစ်ဦးသာ ဖြစ်ရမည်။-ဟုလည်း စဉ်းစားကြသည်။ ပညာရှင်တစ်ဦးက မိမိတင်ပြလိုသောအကြောင်းအရာတို့ကို ပုဂ္ဂိုလ် ၂ ဦး ဆွေးနွေးခန်းအသွင်ဖြင့် လိမ္မာပါးနပ်စွာ တင်ပြထားသောကျမ်းဖြစ်သည်။-ဟုလည်း ရေးသားထားကြသည်။

'မိလိန္ဒပဉ္ဟာကျမ်းကို မည်သူပြုစုသနည်း။'-ဆိုသည်ကိုလည်း ဆန်းစစ်ကြည့်ရန် လိုသည်။ ကျမ်းအတွင်း၌ ပြုစုသူအမည် ဖော်ပြထားခြင်း မရှိသောကြောင့် ရိုင်းဒေးဗစ် (Rhys Davids) က မိလိန္ဒပဉ္ဟာကျမ်းပြုသူမှာ မာဏဝ ဖြစ်သည်။-ဟု ဆိုသည်။

မြန်မာမူ မိလိန္ဒပဉ္ဟာပါဠိတော်နိဂုံးတွင်

'လက်ာယံ ဒေါနိနကရေ၊ ဝသတာ ဒေါနိနာမိနာ။

မဟာထေရေန လေစိတ္တာ၊ သုဒ္ဓဝိတံ ယထာသုတံ။ ။'-ဟူ၍ ပါရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤဂါထာကို မြန်မာပြန်ထားသည်မှာ

'သီဟိုဠ်ကျွန်း ဒေဏုမြို့၌နေထိုင်ရကား 'ဒေဏိမဟာထေရ်'ဟု အမည်ရသော မဟာထေရ်သည် မိလိန္ဒမင်း၏အမေးကို လည်းကောင်း၊ အရှင်နာဂသေန၏အဖြေကို လည်းကောင်း နာကြားမှတ်သိရသည့်အတိုင်း ရေးသား၍ ကောင်းစွာထားအပ်၏။ မိလိန္ဒမင်းသည် ပညာကြီးသူတစ်ပါးတည်း။ နာဂသေနမထေရ်သည်လည်း အလွန် ပညာရှိသူပါတည်း။'-ဟူ၍ဖြစ်သည်။

မြန်မာမူနိဂုံးတွင် အထက်ပါအတိုင်း ဂါထာပါရှိသည်။-ဟု ဆိုသော်လည်း၊ ဒါန်တိုင်ဆရာတော် မြန်မာပြန်ဆိုသည့်မူတွင် ဖော်ပြပါ နိဂုံးဂါထာ ပါဝင်ခြင်း မရှိသည်မှာ ထူးခြားသည်။

ဒါန်တိုင်ဆရာတော်သည် မိလိန္ဒပဉှာကျမ်းကို ကောဇာသက္ကရာဇ် ၁၁၂၇ ခု-သာသနာတော်သက္ကရာဇ် ၂၃၀၉ ခု ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့၌ မြန်မာဘာသာ ပြန်ဆိုပြီးသည်။-ဟု နိဂုံးတွင် တွေ့ရသည်။

ဒါန်တိုင်ဆရာတော် ရရှိသည့်ပေမူသည် ပဋ္ဌမသင်္ဂါယနာမတင်မီက ပေမူ ဖြစ်သည်။ ဆရာတော် မြန်မာပြန်ဆိုပြီးသည့်ကာလကလည်း ပဋ္ဌမသင်္ဂါယနာမတင်မီ ကာလက ဖြစ်သည်။ အထက်၌ ဖော်ပြထားသော နိဂုံးဂါထာပါသည့် မြန်မာမူ မိလိန္ဒပဉှာကျမ်းသည် ပဋ္ဌမသင်္ဂါယနာတင်ချိန်တွင် ပါဝင်ခဲ့ပြီး၊ ဆဋ္ဌသင်္ဂါယနာတင်မူ၌လည်း ပါဝင်လာခြင်း ဖြစ်ဖွယ်ရှိလေသည်။

မိလိန္ဒပဉှာကျမ်းသည် အရှင်မဟာဗုဒ္ဓဃောသမတိုင်မီက ပြုစုပြီးသည့်ကျမ်းဖြစ်သည်။ အရှင်မဟာဗုဒ္ဓဃောသသည် မိမိ၏အဋ္ဌကထာကျမ်းများတွင် မိလိန္ဒပဉှာကျမ်းကို ထည့်သွင်းရည်ညွှန်း ရေးသားထားသည်များ ရှိသော်လည်း မိလိန္ဒပဉှာကျမ်းကို အဋ္ဌကထာ မဖွင့်ဆိုခဲ့ပေ။

မုံရွာမြို့ မိုးညှင်းဆရာတော်ဘုရားကြီး ဦးသုမနက တောင်းပန်သောကြောင့် မူလ မင်းကွန်း ဇေတဝန်ဆရာတော်ကြီးသည် သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်တွင် မိလိန္ဒပဉှာအဋ္ဌကထာကျမ်း ပြုစုဖွင့်ဆိုခဲ့သည်။ ထိုအဋ္ဌကထာကျမ်းတွင်လည်း 'မိလိန္ဒပဉှာကျမ်းကို သီဟိုဠ်ကျွန်း ဒေဏုမြို့နေ ဒေဏိမဟာထေရ် ပြုစုခဲ့သည်။'-ဟူသော နိဂုံးအကြောင်းကို စိုးစဉ်းမျှ ထည့်သွင်းဖွင့်ဆိုခဲ့ခြင်း မရှိပေ။

မိလိန္ဒပဉှာကျမ်းတွင် မာတိကာအကြောင်းအရာအားဖြင့် ၁- ဗာဟိရကထာ၊ ၂-.လက္ခဏပဉှာ၊ ၃- ဝိမတိစ္ဆေဒနပဉှာ၊ ၄- မေဏ္ဍကပဉှာ၊ ၅- အနုမာနပဉှာ၊ ၆- ဩပမ္မကထာပဉှာ။-ဟု ကဏ္ဍ ၆ ခု ခွဲထားသည်။ ၃- ဝိမတိစ္ဆေဒနပဉှာအဆုံးတွင်

mgyoe.com

mgyoe.com

'မိလိန္ဒသဿပဉ္ဟာနံ ပုစ္ဆာတိဝိသဇ္ဇနာနိဒ္ဓိတာ'-ဤတွင် မိလိန္ဒပဉ္ဟာကျမ်း ပြီး၏။-ဟု ဖော်ပြပြီးမှ မေဏ္ဍကပဉ္ဟာကို ထပ်ရေးထားခြင်းကြောင့် 'ကျမ်းပြုဆရာတစ်ဦးတည်း မဟုတ်။'-ဟု ယူဆပြီး တင်ပြထားကြသည်။ 'ကျန်ကဏ္ဍများကို ခေတ်အဆက်ဆက်ရှိ ပညာရှင်တို့က အဆင့်ဆင့် ဖြည့်စွက်ရေးသားသည်။'-ဟု ယူဆရမည်။-ဟူ၍လည်း သုံးသပ်ကြသည်။ ကျမ်းအတွင်း အရေးအသား အထောက်အထားများအရ၊ 'မိလိန္ဒပဉ္ဟာကျမ်းကို ခရစ်နှစ် ၁ ရာစုအတွင်း ရေးသားပြီးစီးပြီးဖြစ်သည်။'-ဟု ခန့်မှန်းထားကြသည်။

* * *

မြန်မာနိုင်ငံတွင် လူတို့တတ်မြောက်အပ်သည့် ပညာများအကြောင်း ပြောလျှင် ရှေးခေတ်က 'အဋ္ဌာရသပညာ'ဟု ပြောလေ့ရှိ၏။ လောကသာရပျို့တွင်

'သူတော်တကာ၊ တတ်စရာသား၊
အဋ္ဌာရသ၊ သိပွအပြား၊
အတတ်များကို၊ မှတ်သားသတိ၊
ပညာရှိတို့ တတ်သိအပ်စွ။'-(အဝိဒ်-၁၅)
-ဟူ၍ ဖွဲ့သည်။

'အဋ္ဌာရသပညာ'ဆိုသည်မှာ အတတ်ပညာ ၁၈ မျိုး ဖြစ်သည်။ ထိုအတတ်ပညာ ၁၈ မျိုးသည် မိလိန္ဒပဉ္ဟာကျမ်းတွင် 'မိလိန္ဒမင်းကြီးသင်ကြားတတ်မြောက်သောပညာ'-ဟု တွေ့ရသည်။ မိလိန္ဒပဉ္ဟာကျမ်းတွင်မူ အတတ် ၁၈ မျိုး မဟုတ်ဘဲ၊ '၁၉ မျိုး' တွေ့ရသည်။ ထိုအတတ်ပညာများသည် လောကနီတိကျမ်းသို့ ရောက်သွားသည်။ စတုရင်္ဂလအမတ်ကြီးက 'လောကနီတိ ပဏ္ဍိတကဏ္ဍ ဂါထာ ၁၀၊ ဂါထာ ၁၁ တို့တွင် ထိုအဋ္ဌာရသအတတ်ပညာ ၁၈ပါးသည် တတ်ထားအပ်သောပညာရပ်များအဖြစ် ထည့်သွင်းဖွဲ့ဆိုထားသည်။

မိလိန္ဒပဉ္ဟာကျမ်းတွင် သတိပြုကိုးကားနိုင်လောက်သည့် အဆိုအမိန့်များလည်း တွေ့ရသည်။ မိလိန္ဒပဉ္ဟာကျမ်းအလိုအရ မိလိန္ဒမင်းကြီးသည် အရှင်နာဂသေနနှင့်မတွေ့မီ ပူရဏကဿပ၊ မက္ခလိဂေါသာလအပါအဝင် သမဏဗြဟ္မဏတို့ကို မေးခွန်းများ မေးမြန်းလေ၏။ မည်သူမျှ မိလိန္ဒမင်းကြီး စိတ်ကျေနပ်အောင် မဖြေဆိုနိုင်သောကြောင့်

''သြော်-ဇမ္ဗူဒီပါကျွန်းသည် အချည်းနှီးရှိခဲ့ပြီတကား။
သြော်...ဇမ္ဗူဒီပါကျွန်းသည် အဖျင်းဖျင်း ရှိခဲ့ပြီတကား။ တစ်စုံတစ်ယောက်သော ရဟန်းပုဏ္ဏားတို့သည် ငါနှင့်အတူ စကားပြောခဲ့သောင့်ာ မရှိခဲ့ပြီ။ ငါ၏ယုံမှားသင်္ကာကို ဖျောက်နိုင်အံ့သောင့်ာ မရှိခဲ့ပြီ။'

mgyoe.com

mgyoe.com SAMPLE BOOK

-ဟူ၍၊ 'လောကကြီး ဖျင်းလေပြီတကား။'-ဟု ဆိုနေသူဖြစ်၏။ ထိုမင်းကြီး၏ စကားသံ၌ အလွန် မာန်တက်ကြွနေသောအသံများကို ကြားရနိုင်သည်။

အရှင်နာဂသေနနှင့် တွေ့သောအခါ အရှင်နာဂသေနအမည်ကို အံ့ကြောင်းပြုပြီး အမေးအဖြေ စတွေ့ရသည်။

မိလိန္ဒမင်းကြီးက အရှင်နာဂသေနအား 'အဘယ်သို့ နာမသည်ဟာ ခေါ်သနည်း။' - ဟု မေးသည်။ အရှင်နာဂသေနက 'ငါ့ကို 'နာဂသေန'ဟု သိအပ်၏။'-ဟု ဖြေ၏။

ဤတွင် 'နာဂသေန'ဆိုသည်မှာ ဆံပင်ကို ခေါ်သလော။ အမွေးကို ခေါ်သလော။ ဦးနှောက်ကို ခေါ်သလော။'-စသည်ဖြင့် ၃၂ ပါးသော ကောဋ္ဌာသတို့ကို မေး၏။ အရှင်နာဂသေနက 'မဟုတ်ကြောင်း' ဖြေလေသော်၊ အရှင်နာဂသေနကို 'မုသာဝါဒ စကားကို ဆို၏။'-ဟု စွပ်စွဲ၏။

ထိုအခါ အရှင်နာဂသေနက မင်းကြီးအား 'နေပူကြီးထဲ၌ ခြေလျင်လာသလော။ သို့မဟုတ် ဆင်ယာဉ်,မြင်းယာဉ်ဖြင့် လာသလော။'-ဟု မေး၏။ မင်းကြီးက 'ရထားဖြင့် လာ၏။'-ဟု ဖြေ၏။

အရှင်နာဂသေနက 'ရထားဆိုသည်မှာ လှည်းသန်လော။ ဝင်ရိုးလော။ လှည်းဘီးလော။'-စသည်ဖြင့် ရထားအင်္ဂါရပ်များ တစ်ခုစီဖြင့် မေး၏။ 'မဟုတ်ကြောင်း' မင်းကြီး ဖြေလျှင်၊ 'မင်းကြီးသည် မုသာဝါဒစကားဆိုသူ'အဖြစ် ပြော၏။

ဤသို့ မေးဖြေပြီးသော်၊ မိလိန္ဒမင်းကြီးသည် အရှင်နာဂသေနကို 'ဆွေးနွေးဖက်' ဟု သဘောထားသွားဟန်တူပြီး၊

'အရှင်ဘုရား။ ဒကာတော်နှင့်အတူ စကားပြောဟောပါအံ့လော။'

-ဟူ၍ မေးသည်။ အရှင်နာဂသေနက

'မြတ်သောမင်းကြီး။ ပညာရှိတို့၏ တိုင်ပင်လိမ္မာသော အယူဝါဒကို ပြောဟောလိုသည်ဖြစ်အံ့။ ငါ ပြောဟောပါအံ့။ အစိုးရသောမင်းတို့၏ ပြောဆိုတိုင်ပင်လိမ္မာသော အယူဝါဒကို ပြောဟောလိုသည် ဖြစ်အံ့။ ငါ မပြော။'

-ဟု ဆိုလေ၏။

အရှင်နာဂသေနသည် မိလိန္ဒမင်းကြီး၏သတင်းကို ကြားပြီးဖြစ်ဟန် ရှိသည်။ မိလိန္ဒမင်းကြီးသည် မေးမြန်းသမျှကို မိမိကျေနပ်အောင် မဖြေဆိုနိုင်လျှင် ငြိုငြင်သည့် သဘောနှင့် ဆက်ဆံလေ့ ရှိ၏။ ၁၂ နှစ်တိုင်တိုင် မိလိန္ဒမင်းကြီးသည် ရဟန်း, ပုဏ္ဏား ပညာရှိတို့ နေသည်ဟု ကြားသည့်အရပ်သို့ သွား၍ မေးခွန်းများ မေးမြန်း၏။ မင်းကြီး ကျေနပ်အောင် မဖြေဆိုနိုင်သော ရဟန်း,ပုဏ္ဏားပညာရှိတို့သည် မိမိတို့နေရာအရပ်မှ ဖဲခွာ၍ အရပ်တစ်ပါးသို့ သွားကြရလေ၏။ ထိုသတင်းကိုလည်း အရှင်နာဂသေနသည် ကြားပြီးဖြစ်၍၊ 'ပညာရှိတို့၏ တိုင်ပင်နည်းလော။ အစိုးရသောမင်းတို့၏တိုင်ပင်နည်း

လော။'-ဟုမေးခြင်း ဖြစ်သည်။ မင်းကြီးနှင့် အရှင်နာဂသေနတို့၏ အမေးအဖြေမှာ ဤသို့ဖြစ်၏။

''အရှင်ဘုရား။ ပညာရှိတို့သည် အဘယ်သို့ ပြောဆိုကြကုန်သနည်း။''

''မြတ်သောမင်းကြီး။ ပညာရှိတို့သည် စကားပြောဟောသည်ရှိသော် ရိပ်ခဲ့၍ ပြောအပ်သောအရာကိုလည်း ရိပ်ခဲ့၍ ပြော၏။ တိုက်ရိုက်ပြောအပ်သောအရာကိုလည်း တိုက်ရိုက်ပြော၏။ နှိပ်စက်အပ်သောအရာကိုလည်း နှိပ်စက်၍ ပြော၏။ ချီးမွှောက်၍ ပြောအပ်သောအရာကိုလည်း ချီးမွှောက်၍ ပြော၏။ ထူးသောအရာကိုလည်း 'ထူးပေ၏'ပြော၏။ မထူးသောအရာကိုလည်း 'မထူး'ဟု ပြော၏။ ပညာရှိတို့သည် အမျက်မထွက်ကုန်။ ဤသို့ဟောပြောခြင်းသည် မြတ်သောမင်းကြီး-'ပညာရှိတို့ ပြောဟောခြင်း ဖြစ်ကုန်၏။''

''အရှင်ဘုရား။ မင်းတို့သည် ဘယ်သို့ လိဆယ်ပြောဟောကုန်သနည်း။''

''မြတ်သောမင်းကြီး။ မင်းတို့သည် တိုင်ပင်လိဆယ်ပြောဟောသောအခါ၌ အကြင်သူသည် တစ်ခုသောအကြောင်းအရာကို 'ငါသိ၏'ဟု ဝန်ခံ၏။ ထိုသူသည် ထိုဝန်ခံအပ်ပြီးသော အကြောင်းအရာ ချွတ်ယွင်းခဲ့သော်၊ 'ထိုသူအား ဤမျှလောက် ဒဏ်ပေးလေကုန်။'ဟု မင်းဒဏ် ပေးကုန်၏။ ထိုသို့ဖြစ်ခြင်းကား 'မင်းတို့အတိုင်အပင်'မည်ကုန်၏။''

ဤအမေး,ဤအဖြေသည် နှောင်းခေတ်များတိုင် သုံးစွဲလာသည်ကို တွေ့ရသည်။

အင်းဝခေတ်က မင်းကြီးစွာစော်ကဲသည် နိုင်ငံတော်၏ ကျေးစွန်ရွာနားကို ဖျက်ဆီးနေသော အတွင်းသင်းမှူးငနဲကို' ရာဇသင်္ကြံသည် ညီဖြစ်၍ လွှတ်လိုက်၏။ ဤသို့လွှတ်သည်ကို အမျက်ရှိသောကြောင့်၊ ရာဇသင်္ကြံနှင့်လက်ဆက်ထားသော မင်းကြီးစွာစော်ကဲ၏ 'နှမတော်စောဥမ္မာနှင့် စားကျေးစားလက်များ သိမ်းယူမည်။'-အကြံဖြစ်ပြီး၊ ဝန်ဇင်းမင်းရာဇာကို တိုင်ပင်လေ၏။ ဝန်ဇင်းမင်းရာဇာနှင့် မင်းကြီးစွာစော်ကဲတို့ ဤသို့ပြောဆိုကြလေ၏။

''ဘုန်းတော်ကြီးလှသောဘဝရှင်ဘုရား။ တိုင်ပင်ခြင်း ၃ ပါးတွင် ကျွန်၏ တိုင်ပင်ခြင်းတည်း တိုင်ပင်တော်မူသည်လော။ မင်းတို့၏တိုင်ပင်ခြင်းဖြင့်လည်း တိုင်ပင်တော်မူသည်လော။ ပညာရှိတို့၏တိုင်ပင်ခြင်းဖြင့်လည်း တိုင်ပင်တော်မူသည်လော''

''တိုင်ပင်ခြင်း ၃ ပါးအဓိပ္ပာယ်ကား အတိသို့နည်း။''

''ဘုန်းတော်ကြီးလှသောဘဝရှင်ဘုရား။ 'ကျွန်တို့၏တိုင်ပင်ခြင်း'ဟူသည်ကား 'အရှင်သို့လိုက်၍ ဆိုရာသည်။'-အမှတ်ထား၍ တိုင်ပင်သတည်း။ 'မင်းတို့၏ တိုင်ပင်ခြင်း'ဟူသည်ကား မင်းတို့၏နှလုံးတော်နှင့်အညီ လျှောက်မိသော်ကား

mgyoe.com SAMPLE BOOK

သင့်မြတ်သည်သာ။ မင်းတို့၏နှလုံးတော်နှင့် ဆန့်ကျင်သော်မူကား ဒဏ်ပေးသတည်း။ 'မညာရှိတို့၏တိုင်ပင်ခြင်း' ဟူသည်ကား သင့်နိုး၊ ကောင်းနိုးသော်ယူတော်မူသည်။ မသင့်နိုးသော် ခပ်မဆိတ်နေတော်မူသည်သာ။ အပြစ်မရှိ။''

ဝန်ဇင်းမင်းရာဇာက 'တိုင်ပင်ခြင်း ၃ပါး' ဟုပြောသည်။ 'ကျွန်တို့၏တိုင်ပင်ခြင်း' ဟူ၍ ၁ ပါး ပိုလာသည်။ ကျန် ၂ ပါးမှာ မိလိန္ဒပဉှာအတိုင်းပင် ဖြစ်၏။ ဤစကားများကို ဦးကုလားသည် မိလိန္ဒပဉှာမှ ယူ၍ရေးခြင်း ဖြစ်နိုင်သည်။

မိလိန္ဒမင်းကြီး၏အမေးများသည် အခြားသောရဟန်း၊ပုဏ္ဏားများ မဖြေနိုင်ဆိုသည်မှာ မေးမြန်းသောမေးခွန်းတို့၏ နက်နဲမှုကြောင့် ဖြစ်၏။ တစ်ခါတစ်ရံ အမေးတို့သည် လွယ်မယောင်နှင့် စဉ်းစားရ ခက်လှ၏။ အချို့မေးခွန်းသည် လက်တွေ့နှင့် ယှဉ်ပြီးမေးသည့်အခါ ဖြေရန် အကျပ်ရိုက်စေသည်။

ဗုဒ္ဓဝင် ဗုဒ္ဓဿအတ္ထိ ဝုတ္တိဘာဝပဉှာတွင် မိလိန္ဒမင်းကြီးက အရှင်ဂသေနအား

''အရှင်ဘုရား။ အရှင်ဘုရားသည် ဘုရားရှင်ကို မြင်ဖူးပါ၏လော။''

''မင်းကြီး။ ဘုရားရှင်ကို ငါ မမြင်ဖူးချေ။''

''အရှင်ဘုရား၏ဆရာတို့သည် မြင်ဖူးပါသလော။''

''ငါ၏ဆရာတို့သည်လည်း မမြင်ဖူးကုန်။''

''အရှင်ဘုရား။ ထိုသို့တပြီးကား ဘုရား မရှိခဲ့တကား။''

ဤအမေးသည် 'လက်တွေ့မမြင်ဖူးလျှင် မဟုတ်' ဟု ဆိုခြင်းမျိုး ဖြစ်၏။ ဤအမေးကိုလည်း အရှင်နာဂသေနက ပြေလည်အောင် ဖြေကြားနိုင်သည်။

'အရူပဓမ္မဝဝတ္ထာနဝဂ်' လာ 'ဇာနန္တဇာနန္တာနံ ပါပကရဏပဉှာ' တွင် 'အပြစ်ကို သိလျက်နှင့် မကောင်းမှုကိုပြုသူနှင့် အပြစ်ကိုမသိဘဲ မကောင်းမှုပြုသောသူ-၂ ဦးအနက် မည်သူသည် မကောင်းမှု ပိုကြီးသနည်း။'-ဟု မေးလေ၏။ အရှင်နာဂသေနက 'အပြစ်ကို မသိဘဲကျူးလွန်သူက မကောင်းမှု ပိုကြီး၏။'-ဟု ဆို၏။

အရှင်နာဂသေနက ''ရဲရဲပြောင်ပြောင်အလျှံရှိသော သံတွေခဲကို ပူမှန်းသိသူသည် ပူမှန်းသိသောကြောင့် လျှောလျှောကိုင်သဖြင့် များစွာမပူ။ ပူမှန်းမသိသူသည် ဆုပ်ဆုပ်ပိုက်ပိုက်ကိုင်သောကြောင့် ပိုပြီး အပူဒဏ်ခံရ၏။''-ဟု အဖြေပေးသည်မှာလည်း ဖြစ်တတ်သည့် သဘာဝကို ယှဉ်၍ ဥပမာပေးပြီးဖြေသော အဖြေဖြစ်၏။

အနုမာနပဉှာ ဗုဒ္ဓဝဂ်-ဂေါတမိဝတ္ထုဒါနပဉှာတွင် 'မိထွေးတော်ဂေါတမီသည် မိုးရေခံသက်နှံကို ဘုရားအား လှူရာ၊ ဘုရားရှင်က 'သံဃာတော်ကိုလှူရန်' ပြောခြင်းကြောင့် သံဃာတော်သည် ဘုရားရှင်ထက် မြတ်သလော။'-ဆိုသော မေးခွန်းသည် အလွန်ခက်ခဲသော အမေးပုစ္ဆာ ဖြစ်သည်။ ဤအမေးကိုလည်း အရှင်နာဂသေနက ပြေလည်အောင် ဖြေနိုင်သည်။ ဤအမေးနှင့် ဤအဖြေကို ဗုဒ္ဓဘာသာဝင်တိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

သိထားသင့်သောကြောင့် လေ့လာဖတ်ရှုသင့်လေသည်။

ဝေဿန္တရဝဂ်-ဝေဿန္တရပဉ္ဟာတွင် မိလိန္ဒမင်းကြီးက မေးသည်မှာ 'ဝေဿန္တရာမင်းကြီးသည် သားနှင့်သမီးကို လှူရာတွင် သားနှင့်သမီးသည် စိတ် ဆင်းရဲပူပန်ကြရ၏။ ကောင်းမှုကို အလိုရှိသောသူသည် သူတစ်ပါးကို ဆင်းရဲစေသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ စင်စစ် မိမိကိုယ်ကိုသာ ပေးလှူအပ်သည် မဟုတ်လော။'-ဟု မေးထားသည်။ ဤ အမေးသည်လည်း အလွန် ဖြေရခက်သည့်မေးခွန်း ဖြစ်သည်။ မိလိန္ဒမင်းကဲ့သို့ ထွေထွေရာရာ အတွေးပေါက်သူများ ဖတ်သင့်သောအမေးအဖြေ ဖြစ်သည်။

ကတ်သီးကတ်သတ်မေးခွန်းတစ်ခုကို ဖော်ပြပါဦးမည်။ 'သေသူကိုရည်စူး၍ ကုသိုလ်ပြုလုပ်လျှင် သေသူရသလော။'-ဟု မေး၏။ အရှင်နာဂသေနက 'ရနိုင်သော အခြေအနေဘဝ ရောက်လျှင် ရ၏။'-ဟု ဖြေ၏။

'ဤသို့ဆိုလျှင် မိမိက အကုသိုလ်များပြုပြီး ဤအကုသိုလ်များလည်း သေသူများ ရပါစေ။-ဟု ရည်ညွှန်း၍ပြုလျှင်၊ ထိုအကုသိုလ်များကိုရော သေသူများ ရပါသလား။' -ဟူသောမေးခွန်း ဖြစ်၏။ စဉ်းစားကြည့်ပါ။ ဖြေကြည့်ကြပါ့။-ဟု တိုက်တွန်းလိုပါသည်။

ဘာသာရေးနှင့်ပတ်သက်၍ အချို့ပုဂ္ဂိုလ်များသည် ကတ်သီးကတ်သတ်တွေးပြီး ကတ်သီးကတ်သတ် မေးတတ်ကြ၏။ ထိုသူများမေးသည်ထက် မိလိန္ဒမင်းကြီး မေးသည်က ပို၍ ကတ်သီးကတ်သတ်နိုင်သည်။ သို့သော် မိလိန္ဒမင်းကြီး၏ ကတ်သီးကတ်သတ်အမေးများသည် ပညာနှင့်ယှဉ်သောကြောင့် နက်နဲသောမေးခွန်းများအသွင် ပြောင်းသွား၏။ ဖြေဆိုသည့် အဖြေများမှာလည်း နက်နဲခိုင်မာသောကြောင့် ဂန္ဓီရကထာများဖြစ်သွားကာ ဝိဋ္ဌကတ် ၃ ပုံအတွင်း ထည့်သွင်း၍၊ ကြည်ညိုစွာ လေ့ကျက်သင်ကြားရသော ကျမ်းတစ်ဆူအဖြစ် အသိအမှတ်ပြုပြီး သင်္ဂါယနာတင်ရခြင်း ဖြစ်လေသည်။ ။

ဦးအေးချို(မဟာဝိဇ္ဇာ)

mgyoe.com

mgyoe.com SAMPLE BOOK

ကျမ်းကိုးစာရင်း

၁။ ကုလား၊ ဦး ။ ။ မဟာရာဇဝင်ကြီး၊ ပထမအုပ်။ ရန်ကုန်မြို့၊ ရာပြည့်စာအုပ်တိုက်၊ ပဉ္စမအကြိမ် ၂၀၀၆။

၂။ ဂုဏာရသာလင်္ကာရ၊ အရှင် ။ ။ အစိန္တေယျဝတ္ထု။ ရန်ကုန်မြို့၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ပထမအကြိမ်၊ ၁၉၇၀။

၃။ ဂုဏာလင်္ကာရ၊ အရှင် ။ ။ မိလိန္ဒပဉ္ဍာဝတ္ထု။ ရန်ကုန်မြို့၊ သုခမွဝတီစာပုံနှိပ်တိုက်၊ ၁၃၂၈ ခုနှစ် (ဒါန်တိုင်ဆရာတော်)

၄။ မိလိန္ဒပဉ္ဍာပါဠိတော်၊ မြန်မာပြန်။ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၆၁။

၅။ မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး ။ ။ မိလိန္ဒပဉ္ဍာအဋ္ဌကထာပါဠိ။ ရန်ကုန်မြို့၊ မြတ်ဆုမွန်စာပေ၊ ဒုတိယအကြိမ်။

၆။ လေးမြင့်၊ ဦး ။ ။ အခြေခံပါဠိစာပေသမိုင်း။ ရန်ကုန်မြို့၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၈၆။

၇။ ဝဏ္ဏသီရိ ။ ။ သင်္ဂါယနာသုံးတန်။ ရန်ကုန်မြို့၊ အလင်းသစ်စာပေ၊ ဒုတိယအကြိမ်၊ ၂၀၀၉။

၈။ သော်ဇင်၊ ဦး ။ ။ မိလိန္ဒပဉ္ဍာ (ပါရဂူဈ၏ မိလိန္ဒပဉ္ဍာနိဒါန်း) ရန်ကုန်မြို့၊ လောကစာပေ၊ ပထမအကြိမ်၊ ၁၉၆၅။

၉။ သင်္ဂါယနာ ။ ။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၃ (စာ ၂၁၇-၂၂၀) ရန်ကုန်မြို့၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ ပထမအကြိမ်၊ ၁၉၇၃။

၁၀။ သန်းထွန်း၊ ဒေါက်တာ ။ ။ နှောင်းတွေ့ကျောက်စာများ။ ရန်ကုန်မြို့၊ မြန်မာသမိုင်းအဖွဲ့၊ စုဆောင်းတည်းဖြတ်သူ ပထမအကြိမ်၊ ၂၀၀၅။

၁၁။ သန်းထွန်း၊ ဒေါက်တာ ။ ။ မြန်မာ့သမိုင်းလစ်ကွက်များ။ (×××××× ကျောက်စာမူရင်းကို ပြန်လည်တွေ့ရှိခြင်း) မုံရွေးစာစဉ်။ ပထမအကြိမ်၊ ၂၀၀၃။

၁၂။ သိန်းထွန်း၊ ဦး ။ ။ မိလိန္ဒပဉ္ဍာနိဒါန်း၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ-၄၊ အပိုင်း ၂၊ ၁၉၆၉။ ဧပြီလ။

၁၃။ အာဒိစ္စရံသီ၊ အရှင် ။ ။ (မုံရွေးဇေတဝန်ဆရာတော်) သမန္တစက္ခုဒီပနီ၊ ပထမအုပ်၊ ရန်ကုန်မြို့၊ ကာယသုခပုံနှိပ်တိုက်၊ ဒုတိယအကြိမ်၊ ၁၉၆၈။

၁၄။ အာဒိစ္စရံသီ၊ အရှင် ။ ။ (မုံရွေးဇေတဝန်ဆရာတော်) သမန္တစက္ခုဒီပနီ၊ ဒုတိယအုပ်၊ ရန်ကုန်မြို့၊ ဘီအီးတီပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၁၉၆၇။

၁၅။ အုန်းကြည်၊ ဒေါ် ။ ။ တက်နယ်ကျောင်းကျောက်စာလေ့လာချက်။ (မြန်မာသမိုင်းသုတေသနစာစောင်၊ အမှတ်-၁၃) တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၄၊ ဇွန်လ။

mgyoe.com

mgyoe.com SAMPLE BOOK

မိလိန္ဒပဉ္ဟာကျမ်းမိတ်ဆက်

ဗုဒ္ဓဘာသာကိုးကွယ်သော မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာကို ဆရာစဉ်ဆက်ထိန်းသိမ်းစောင့်ရှောက်လာသော ဆရာတော်, သံဃာတော် အရှင်သူမြတ်တို့သည် သင်္ဂါယနာတင်ကျမ်းများကို အလွန် အလေးထားကြသည်။ သင်္ဂါယနာတင်ရခြင်းမှာ မြတ်စွာဘုရား ဟောကြားဆုံးမတော်မူခဲ့သော တရားတော်များကို ပြန်လည်စီစစ်ပြီး မှတ်တမ်းတင်ခြင်း ဖြစ်သည်။ 'ထေရဝါဒ' ဆိုသည်မှာ မြတ်စွာဘုရားဟောတော်မူခဲ့သည့် အတိုင်း ပြင်ဆင်ဖြည့်စွက်ခြင်း မရှိ၊ နုတ်ပယ်ခြင်း မရှိ၊ မူရင်းအရှိအတိုင်း တိကျစွာ ဆက်လက်ထိန်းသိမ်းထားသော တရားတော်များကို 'ထေရဝါဒ' ဟု ခေါ်သည်။ 'ပြည့်စုံစင်ကြယ်သောဗုဒ္ဓဘာသာ' ဖြစ်သည်။

သင်္ဂါယနာတင်သောကျမ်းကိုသာ အလေးဂရုပြုသည့် အထောက်အထားအဖြစ် ရှေးဆရာတော်ကြီးများ၏ အရေးအသားများကို ဖော်ပြလိုပါသည်။

တထာဂတုပ္ပတ္တိကျမ်းတွင် ဂေါတမမြတ်စွာဘုရား ပါရမီဖြည့်ရသော ကမ္ဘာအပိုင်းအခြားကို အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရသည်။

'ဂေါတမ' အမည်ရှိသော ရှင်တော်ဘုရားသည် ကမ္ဘာအသင်္ချေ ၂၀ နှင့် ကမ္ဘာ ၁ သိန်းပတ်လုံး အယုတ်, အလတ်, အမြတ်အားဖြင့် ၁၀ ပါးသောပါရမီတို့ကို ဖြည့်တော်မူ၍ ဘုရားဆုကို တောင်းတော်မူသည်ကား-

'စိန္တိတံ သတ္တသင်္ခေယျံ၊ နဝသင်္ခေယျ ဝါစကံ။
ကာယဝါစာ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ။ ။'

-ဟူသောဂါထာနှင့်ညီစွာ၊ ဘုရားဆုကို စိတ်ထဲက တောင့်တတော်မူသည် ၇ အသင်္ချေ၊ နှုတ်ပွက်၍ တောင်းတော်မူသည် ၉ အသင်္ချေ။ စိတ်ထဲလည်းကောင်း, နှုတ်ပွက်၍လည်းကောင်း တောင်းတော်မူသည်ကား ၄ အသင်္ချေနှင့် ကမ္ဘာ ၁ သိန်းတည်း။ ဤသို့လျှင် ကမ္ဘာအသင်္ချေ ၂၀ နှင့် ကမ္ဘာ ၁ သိန်းတည်း။"

ဤအဆိုအမိန့်ကို ဒုတိယတောင်ဖီလာဆရာတော် ရှင်ဂုဏာရသာလင်္ကာရက ပယ်သည်။ ဆရာတော်က 'အစိန္တေယျဝတ္ထု' တွင်

"ဤသို့ ၇ သင်္ချေ၊ ၉ သင်္ချေ၊ ၄ သင်္ချေ-ပေါင်းသော် အသင်္ချေ ၂၀ နှင့် ကမ္ဘာ ၁ သိန်း ဖြစ်သည်။ ဤသို့ဟူ၍ ဇာတတ္ထကီ, သောတတ္ထကီကျမ်းတို့၌ ၁၆ သင်္ချေလောင်း၍ ဆိုလေသည်။ ကျမ်းဂန်တတ်သော ဆရာမြတ်တို့ကား ဤ ဇာတတ္ထကီ, သောတတ္ထကီကျမ်းတို့ကို ဝန်ခံတော် မမူလေကုန်။ ယုံလည်း ယုံကြည်တော် မမူလေကုန်။

mgyoe.com

mgyoe.com SAMPLE BOOK

အဘယ်ကြောင့် ယုံတော်မမူသနည်း။-ဟူမူကား သင်္ဂီယနာ ၃ တန်သို့ မဝင်သောကြောင့် ယုံကြည်တော် မမူကုန်။'

-ဟူ၍ ပယ်ထားသည်။

မုံရွေးဇေတဝန်ဆရာတော်ကလည်း 'စိန္တိတံ သတ္တသဧ္ဒိယျံ' စသောဂါထာသည် ကျမ်းကြီးကျမ်းခိုင်က လာမည်-မလာမည်ကို သိလိုပါသည်။-ဟူသောအမေးကို ဤသို့ဖြေဆိုထားသည်။

'ထို့ကြောင့် သောတတ္တကီ, လောကီယွန်းပဏ္ဏာသ, တထာဂတုပ္ပတ္တိကျမ်းတို့တွင်လာသော စကားသာဖြစ်၍ ဤ'စိန္တိတံ သတ္တသဧ္ဒိယျံ'စသော ဂါထာလာတိုင်း 'စိတ်ကြံ၍ တောင်းသည်၊ နှုတ်ဖြင့်၍ တောင်းသည်'ဆိုသော စကားများလည်း စကားခိုင် မဟုတ်လွန်းသည် ထင်သည်။'

ဒုတိယတောင်ဖီလာဆရာတော်၏ အဆုံးအဖြတ်တွင် 'သင်္ဂီယနာ ၃ တန်သို့ မဝင်'ဆိုသောစကားကို ရှင်းရန် လိုသည်။ အစိန္တေယျဝတ္ထုကို ရေးသောကာလမှာ သက္ကရာဇ် ၁၀၄၆ ခုနှစ်ဖြစ်၍ ညောင်ရမ်းခေတ်ကာလ ဝမ်းဘဲအင်းစံမင်းလက်ထက်ဖြစ်သည်။ တောင်ဖီလာဆရာတော် ကျမ်းပြုသည့်ကာလသည် စတုတ္ထသင်္ဂီယနာတင်ပြီးသည့်ကာလ ဖြစ်သော်လည်း သင်္ဂီယနာ ၃ တန်ကိုသာ ပြောထား၍ စတုတ္ထသင်္ဂီယနာကို အသိအမှတ်မပြုသည့် သဘောမျိုး ဖြစ်နေသည်။ 'သင်္ဂီယနာ ၃ တန်'ဆိုသည်မှာ အဋ္ဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသ၏ အသုံးအနှုန်း ဖြစ်ပါသည်။ ပိဋကတ်များကို အဋ္ဌကထာဖွင့်ဆိုသည့် အဋ္ဌကထာ ကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသသည် မိမိဖွင့်ဆိုချက်များနှင့် ပတ်သက်၍ အခိုင်အမာ ကိုးကားရန် ရှိလာသည့်အခါများ၌ (တိသေော သံဂီတျာရုဠှာ) 'သင်္ဂီယနာ ၃ တန်၌ တင်အပ်သောဒေသနာတော်များ' စသည်ဖြင့် ဖော်ပြခဲ့ပါသည်။ ထိုအသုံးအနှုန်းအတိုင်း ဒုတိယတောင်ဖီလာဆရာတော်က သုံးစွဲခြင်း ဖြစ်ပါသည်။

မုံရွေးဇေတဝန်ဆရာတော်ကို 'ကောသလမင်းကြီးထုလုပ်သော စန္ဒကူးရုပ်တုဆိုသည်မှာ သင်္ဂီယနာဝင်ကျမ်းတို့က မလာသော် မည်သည့်ကျမ်းက လာသနည်း။'-ဟု မေးမြန်းသည်ကို ဆရာတော်ကြီးက ဖြေဆိုရာ၌

'ထိုဇာတ်သည်ကား ၅၅၀ မှ အလွတ်ဖြစ်သော လောကီယွန်းပဏ္ဏာသဇာတ်ကျမ်းမှ လာသောဇာတ် ဖြစ်သည်။ ထိုပဏ္ဏာသဇာတ်ကျမ်းကို သင်္ဂီယနာတင်ကျမ်းမျိုးတို့တွင် အရေအတွက်မဝင်သောကြောင့် လည်းကောင်း၊ 'ယွန်းတို့တိုင်းပြည်မှ ဖြစ်သောကျမ်း'ဟူ၍ ဆရာအစဉ်အဆက် ပြောဆိုသောကြောင့် လည်းကောင်း၊ သဘောယုတ္တိ

mgyoe.com

mgyoe.com SAMPLE BOOK

တန်-မတန်ကို ချင့်မိ၍ လည်းကောင်း ပညာရှိတို့သည် အမြတ်တနိုးမပြုကြကုန်။'-ဟူ၍ ထည့်သွင်းဖြေဆိုထားသည်။

ထို့ကြောင့် 'သင်္ဂါယနာဝင်ကျမ်း' မဟုတ်လျှင် ယုံကြည်တော်မမူကြ၊ အလေးဂရုမထားကြကြောင်း တွေ့ရသည်။

မိလိန္ဒပဉ္ဟာကျမ်းသည် မြန်မာနိုင်ငံ၌ သင်္ဂါယနာတင်ကျမ်းတစ်ကျမ်း ဖြစ်သည်။ မိလိန္ဒပဉ္ဟာကျမ်းသည် တတိယသင်္ဂါယနာတင်ပြီးမှ ရေးသားပြုစုပြီးသောကျမ်းဖြစ်၍ ပထမ, ဒုတိယ, တတိယ-သင်္ဂါယနာတင်ပွဲတို့တွင် ဤကျမ်း မပါဝင်ခဲ့ပေ။ စတုတ္ထသင်္ဂါယနာတင်စဉ်က သံဃာတော်များ နှုတ်တက်အာဂုံဆောင်၍ သင်္ဂါယနာတင်ပြီးနောက် ပေထက်အက္ခရာ တင်ခဲ့သည်။-ဟု မူလ မင်းကွန်း ဧတဝန်ဆရာတော်ကြီးက မိလိန္ဒပဉ္ဟာ အဋ္ဌကထာပါဠိကျမ်းတွင် ရေးသားခဲ့သည်။

မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော ပဉ္စမသင်္ဂါယနာတင်ပွဲနှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲတို့တွင် မိလိန္ဒပဉ္ဟာကျမ်းကို သုတ္တပိဋကဘုဒ္ဓကနိကာယ်၌ ထည့်သွင်း၍ သင်္ဂါယနာတင်တော်မူခဲ့သည်။

မြန်မာနိုင်ငံတွင် ဆဋ္ဌသင်္ဂါယနာတင်ခဲ့စဉ်က သန္နိပါတ ၅ ကြိမ်နှင့် တင်ခဲ့သည်။ မိလိန္ဒပဉ္ဟာပါဠိတော်ကို ပဉ္စမသန္နိပါတ၌ သင်္ဂါယနာ တင်ခဲ့သည်။ ပဉ္စမသန္နိပါတကို မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ် တန်ခူးလဆန်း ၁၃ ရက်-ခရစ်နှစ် ၁၉၅၆ ခု ဧပြီလ ၂၄ ရက်နေ့တွင် စတင်ကျင်းပသည်။ ဥပုသ်နေ့နှင့် အခြားနားရက်များမှတစ်ပါး သင်္ဂါယနာတင်တော်မူကြရာ၊ ရက်ပေါင်း ၂၈ရက် ပြည့်သောနေ့တွင် ပြီးစီးခဲ့သည်။ ပြီးစီးသည့်နေ့မှာ သာသနာတော်သက္ကရာဇ် ၂၅၀၀ တင်းတင်းပြည့်သောနေ့-မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ် ကဆုန်လပြည့်နေ့-ခရစ်သက္ကရာဇ် ၁၉၅၆ ခု မေလ ၂၄ ရက်နေ့ ဖြစ်သည်။

မြန်မာနိုင်ငံ၌ ပုဂံခေတ်တွင် ဝိဋ္ဌကတ် ၃ ပုံ အပြည့်အစုံ ရောက်ရှိနေပြီဖြစ်သည်။ မိလိန္ဒပဉ္ဟာကျမ်းလည်း ပါဝင်သည်။ ပုဂံခေတ် 'ထီးလိုမင်းလိုမင်း' ခေါ် နန်းတောင်းများမင်းလက်ထက်တွင် အလှူရှင် သိခင်သိဃ်ဝိရ်သုရ်ဒဂိုလ်နှင့် အဖခင်ဥန်သုရ်ဒဂိုလ်တို့သည် မိမိတို့အလှူများကို မှတ်တမ်းကျောက်စာ ရေးထိုးထားသည်။ ကျောက်စာ ရေးထိုးသည့်သက္ကရာဇ်ကို မသိရသော်လည်း၊ အလှူပြုသည့်ရက်များမှာ သက္ကရာဇ် ၅၈၁ ခုနှစ် တပို့တွဲလဆန်း ၇ ရက် တနလာနေ့, လဆုတ် ၃ ရက် တနလာနေ့, သက္ကရာဇ် ၅၈၅ ခုနှစ် တော်သလင်းလပြည့် သောကြာနေ့တို့ ဖြစ်သည်။ ထိုကျောက်စာသည် မူလထိုးကျောက်စာဖြစ်ပြီး အက္ခရာအရေးအသားတို့ကလည်း ပုဂံခေတ် ရေးအက္ခရာများဖြစ်၍ အလှူပြုပြီး မကြာမတင် ရေးထိုးသည့်ကျောက်စာ ဖြစ်နိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုကျောက်စာတွင် သား,အဖ-၂ဦးက မိမိတို့လှူဒါန်းသော ဝိဋ္ဌကတ်ကျမ်းစာအမည်များပါ ရေးထိုးခဲ့သည်။ အဖ ခင်ဥန်သုဇ္ဇဗိုလ်သည် ဝိဋ္ဌကတ်ကျမ်းပေါင်း ၁၁၂ကျမ်းလှူခဲ့ရာ၊ ထိုကျမ်းများတွင် မိလိန္ဒပဉ္ဉာကျမ်းလည်း ပါဝင်သည်။

ပုဂံမြို့ ဝက်ကြီးအင်းကျောင်းတိုက်အတွင်း၌ တက်နွယ်ကျောင်းကျောက်စာရှိသည်။ ထိုကျောက်စာအလှူရှင်မှာ တောင်တွင်းမင်း သီရိဇေယျသူရဇနီးမောင်နှံ ဖြစ်ပြီး တက်နွယ်ကျောင်းသို့လှူသော အလှူများကို မှတ်တမ်းတင်ထားသောကျောက်စာဖြစ်သည်။ ထိုကျောက်စာကို သက္ကရာဇ် ၈၀၄ ခုနှစ်တွင် ရေးထိုးသည်။ ဒုတိယအင်းဝခေတ် မိုးညှင်းမင်းတရားလက်ထက် ဖြစ်သည်။ အလှူရှင် တောင်တွင်းမင်းသီရိဇေယျသူရသည် တောင်တွင်းမင်းသီဟပတေ့၏မြေး မိုးညှင်းမင်း၏တူ ဖြစ်သည်။ ထို တက်နွယ်ကျောင်းကျောက်စာအတွင်း၌ လှူဒါန်းခဲ့သော ဝိဋ္ဌကတ်တော်များအပါအဝင် ကျမ်းပေါင်း ၃၂၂ ကျမ်းလှူဒါန်းကြောင်း အမည်များနှင့်တကွ မှတ်တမ်းတင်ထားသည်။ ထို တက်နွယ်ကျောင်းကျောက်စာမှတ်တမ်းတွင်လည်း မိလိန္ဒပဉ္ဉာကျမ်း ပါဝင်သည်။

* * *

မိလိန္ဒပဉ္ဉာကျမ်းသည် သင်္ဂါယနာတင်ကျမ်းတစ်ကျမ်းဖြစ်ပြီး၊ ဝိဋ္ဌကတ်တော်နိကာယ် ၅ ရပ်တွင် ခုဒ္ဒကနိကာယ်အတွင်း ထည့်သွင်းထားသော်လည်း စင်စစ် ထိုကျမ်းသည် မြတ်စွာဘုရားဟောတော်မူသော ပါဠိတော်ကျမ်းစာမျိုး မဟုတ်ပေ။

မိလိန္ဒပဉ္ဉာကျမ်းသည် မိလိန္ဒမင်းကြီးက မေးမြန်းသည့်အမေးများနှင့် အရှင်နာဂသေနမထေရ်က ဖြေဆိုထားသည်များကို မှတ်တမ်းတင်ပြုစုထားသောကျမ်း ဖြစ်သည်။

မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေနမထေရ်တို့အကြောင်းကို ရှေးဦးစွာ မိလိန္ဒပဉ္ဉာကျမ်းအရ ပါရှိသည်အတိုင်း အကျဉ်းချုပ်၍ ဖော်ပြပါမည်။

ရှေးလွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား၏ သာသနာတော်အတွင်း ဂင်္ဂါမြစ်၏အနီး ကျောင်းတိုက်တစ်တိုက်၌ ရဟန်းသံဃာတော်များ သီတင်းသုံးနေကြ၏။ ကျောင်းတိုက်အတွင်းရှိ သံဃာများသည် နေ့စဉ် နံနက်စောစောထ၍ ကျောင်းတံလင်းကို တံမြက်လှည်းကြ, အမှိုက်ပုံကြနှင့် သန့်ရှင်းရေး ပြုလုပ်ကြ၏။ ထိုအခါ တစ်ပါးသော ရဟန်းသည် သာမဏေတစ်ပါးကို တံမြက်မှိုက်များကိုစွန့်ရန် ပြော၏။ သာမဏေသည် မကြားဟန်ဆောင်ပြီး သွား၏။ ၂ ကြိမ်-၃ ကြိမ်တိုင်တိုင် ခေါ်သော်လည်း မကြားဟန်ဆောင်၍သာ သွား၏။ ထိုအခါ ရဟန်းသည် အမျက်ထွက်၍ သာမဏေကို တံမြက်စည်းရိုးဖြင့်ရိုက်ပြီး စေခိုင်း၏။ သာမဏေလည်း ငိုယိုပြီး တံမြက်ချေးကိုစွန့်စဉ်၊ တံမြက်ချေးစွန့်ရသောကောင်းမှုကြောင့် ဖြစ်လေရာရာဘဝ၌ ဘုန်းကံကြီးမား တန်ခိုး

mgyoe.com

တေဇော်ကြီးသူ ဖြစ်ရပါလိုဇ်။' -ဟု ဆုတောင်းဇ်။ တံမြက်ခြေးကို စွန့်ပစ်ပြီးနောက် ရေချိုးရန် မြစ်ဆိပ်သို့သွားဇ်။ ဂင်္ဂါမြစ်ဆိပ်၌ မြစ်ဇ်လှိုင်းတံပိုးသံ တဝုန်းဝုန်းမြည်သံကြားရမြင်ရ၍၊ 'နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဤလှိုင်းတံပိုးအဟုန်ကဲ့သို့ ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရပါလိုဇ်။' -ဟု ထပ်မံဆုတောင်းပြန်ဇ်။

ထိုသာမဏေကို စေခိုင်းသောရဟန်းလည်း တံမြက်စည်းများ သိမ်းဆည်းပြီး၊ ရေချိုးရန် ဂင်္ဂါမြစ်ဆိပ်သွားသော် သာမဏေဆုတောင်းသံကို ကြားရဇ်။ ရဟန်းလည်း 'ငါစေခိုင်းသော သာမဏေပင်လျှင် ဤမျှ ဆုတောင်းသေးဇ်။ ငါ ဆုတောင်းလျှင်လည်း အဘယ်မှာ ဆုတောင်းမပြည့်စုံဘဲ ရှိရမည်နည်း။' -ဟုကြံပြီး ဆုတောင်းလေဇ်။ ရဟန်းဇ် ဆုတောင်းစကားမှာ 'ငါသည် နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဖြစ်လေရာရာဘဝ၌ ဤဂင်္ဂါမြစ်ဇ် လှိုင်းတံပိုးအဟုန်ကဲ့သို့ မကုန်နိုင်သော ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရပါလိုဇ်။ ဤသာမဏေ မေးတိုင်းမေးတိုင်းသောပြဿနာကို ဖြေရှင်းနိုင်စွမ်းသူ ဖြစ်ရပါလိုဇ်။' -ဟု ဆုတောင်းဇ်။

ထိုသူ ၂ ဦးသည် နတ်ဘုံ၊လူဘုံ ကျင်လည်ကုန်လျက် ဂေါတမမြတ်စွာဘုရားလက်ထက်တော်တိုင် ရောက်လာကြဇ်။ ထိုအခါ ဂေါတမမြတ်စွာဘုရားက 'ငါဘုရားပရိနိဗ္ဗာန်စံလွန်သည်မှ နောက်နှစ်ပေါင်း ၅၀၀ ကျော်လွန်လတ်သော် ထိုသူ ၂ ဦးသည် ထင်ရှားစွာ ဖြစ်ပေါ်လာကုန်လတ္တံ့။ ထိုသူ ၂ ဦးသည် ငါဟောကြားအပ်သော သုတ်, အဘိဓမ္မာ, ဝိနည်း-တရားတော်တို့ကို ပြဿနာမေးခွန်း, ဥပမာ, ဥပမေယျနည်းတို့ဇ် အစွမ်းဖြင့် အရှုပ်အထွေးမရှိအောင်ပြု၍ မေးမြန်းဖြေကြားခြင်း ပြုကြလတ္တံ့။' -ဟု ဗျာဒိတ်တော်ပေးလေဇ်။

ထိုသူ ၂ ဦးအနက်. သာမဏေသည် ဇမ္ဗူဒိပ်ကျွန်း သာဂလမြို့၌ 'မိလိန္ဒ' မည်သောမင်း ဖြစ်ဇ်။ ထိုမင်းသည် အတတ်မျိုး ၁၉ မျိုးကို တတ်ဇ်။ သာဂလမြို့အတွင်းရှိ မည်သည့်ပုဂ္ဂိုလ်မျှ ထိုမင်း မေးမြန်းသောပုစ္ဆာတို့ကို ပြေလည်အောင် မဖြေကြားနိုင်ကြကုန်။

ရဟန်းသည် တာဝတိံသာနတ်ပြည် 'ကေတုမတီ' မည်သောဗိမာန်၌ 'မဟာသေန' အမည်ရှိသော နတ်သားအဖြစ် တည်ရှိဇ်။ အရှင်အဿဂုတ္တရဟန္တာဇ် တိုက်တွန်းချက်အရ သိကြားမင်းသည် မဟာသေနနတ်သားကို လူ့ပြည်သို့ 'လူအဖြစ်ဝင်စားရန်' တောင်းပန်ဇ်။ မဟာသေနနတ်သားသည် ဟိမဝန္တာတောင်ခြေရင်း၌ 'ဂဇင်္ဂလ' မည်ရှိသော ပုဏ္ဏားရွာတွင် သောဏုတ္တရပုဏ္ဏားဇ်ဇနီးဝမ်းဝယ် သန္ဓေယူလေဇ်။ မွေးဖွားလာသော်၊ 'နာဂသေန' အမည်မှည့်ဇ်။ နာဂသေနကို ရောဟဏမထေရ်က ရဟန်းပြုပေးပြီး၊ သုတ်, အဘိဓမ္မာ, ဝိနည်းတရားများကို သင်ကြားပေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသေနတို့ ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော်ကာလက သာမဏေနှင့် ရဟန်းအဖြစ် တွေ့ဆုံကြပုံ, ဆုတောင်းကြပုံများကို မိလိန္ဒပဉ္ဉာကျမ်း၌ 'ဗာဟိရကထာ'အဖြစ် ထည့်သွင်းရေးသားထားသော်လည်း၊ ကျမ်းပြုစုသူက ဤအဖြစ်အပျက်များကို 'တစ်ဆင့်စကား ကြားရဖူးသည်ကား..'ဟု အစချီထားသည်ကို တွေ့ရသည်။

မိလိန္ဒပဉ္ဉာကျမ်း ဗာဟိရကထာအခန်း၌ ဂေါတမမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ဖော်ပြထားသည့်အတိုင်း၊ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေနတို့သည် ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီး အနှစ် ၅၀၀ ကျော်လွန်မှ ပေါ်ပေါက်လာသူများအဖြစ် သိနိုင်သည်။

ယနေ့ခေတ် သုတေသီပညာရှင်များက 'မိလိန္ဒမင်းကြီးသည် မည်သည့်နိုင်ငံကနည်း။ မိလိန္ဒမင်းကြီးသည် မည်သူဖြစ်သနည်း။'-စသည်တို့ကို လေ့လာပြီး ဖော်ထုတ်လာကြသည်။

မိလိန္ဒမင်းအုပ်စိုးရာ နေပြည်တော်ကို 'ယောနကတိုင်း သာကလနေပြည်တော်'ဟု ရှာဖွေဖော်ထုတ်ထားသည်။ ယောနကတိုင်းသည် အိန္ဒိယပြည်မြောက်ပိုင်း ဗက်ထရီးယားနယ် (Bactria) ဖြစ်သည်။ ယခုအခါ ပါကစ္စတန်, အာဖဂန်နစ္စတန်နှင့် တာဂစ္စတန်နိုင်ငံများပါဝင်သော နယ်မြေ ဖြစ်သည်။ သာကလမြို့ကိုမူ ပါကစ္စတန်နိုင်ငံ ချေနုပ်မြစ်နှင့် ရာဝိမြစ်တို့အကြားရှိ ယခုအခေါ် ဆီးယားလ်ကုတ်မြို့ ဖြစ်သည်။-ဟု ဆိုကြသည်။ မင်း၏အမည်ကား မေနန္ဒာ ဖြစ်သည်။

မေနန္ဒာမင်းကြီး၏သမိုင်းကို ပြန်လည်ဆန်းစစ်သော် ဤသို့သိရသည်။

ဂရိဘုရင် အလက်ဇန္ဒား (Alexander the Great) သည် ဂရိနိုင်ငံအရှေ့ဘက်သို့ နယ်ချဲ့တိုက်ခိုက်လာရာတွင် အာရှမိုင်းနား, ပါးရှားပြည်တို့ကို အောင်မြင်ပြီးနောက် ၃၂၆ ဘီစီနှစ်တွင် အိန္ဒိယပြည်အတွင်းသို့ ရောက်ရှိလာသည်။ ထိုနောက် အိန္ဒြမြစ်ဝှမ်း အောက်ပိုင်းဖြစ်သော အိန္ဒိယပြည်မြောက်ပိုင်း သေဝမ် (Seh wan) နှင့် ပတလ (Patala) ထိ သိမ်းပိုက်ရရှိကာ ဘီစီ ၃၂၅ တွင်မူ ပါရှားပြည်သို့ ပြန်လည်ထွက်ခွာသွားသည်။

အလက်ဇန္ဒားသည် မထွက်ခွာမီ မိမိ၏လက်အောက်ခံပြည်နယ်များတွင် ဘုရင်ခံများ ခန့်ထားခဲ့ရာ၊ ဘုရင်ကြီး အနီစွရောက်သောအခါ ထိုဘုရင်ခံတို့သည် မိမိတို့ပြည်နယ်များတွင် သီးခြား မင်းပြုကြသည်။ အိန္ဒိယပြည်မြောက်ပိုင်း ဗက်ထရီးယားပြည်ရှိ ဂရိဘုရင်ခံသည်လည်း ဤကဲ့သို့ပင် ဗက်ထရီးယားမင်း ဖြစ်လာသည်။ ထိုမင်း၏အနွယ်တွင် တတိယနှင့် နောက်ဆုံးဖြစ်သောမင်းကား မေနန္ဒာ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂရိသမိုင်းဆရာများဖြစ်သော စတရာဗို (Starbo) ပလူတာ (Plutarch) နှင့် ဂျက်စတင် (Justin) တို့၏ မှတ်တမ်းများအရ မေနန္ဒာမင်းသည် ဗက်ထရီးယားဌာန အုပ်စိုးခဲ့သော ဂရိဘုရင်များအနက် အကျော်ကြားဆုံးနှင့် ဉာဏ်ပညာအထက်မြက်ဆုံး ဖြစ်သည်။-ဟု တွေ့ရသည်။

မေနန္ဒာ၏လက်ထက်တွင် ဗက်ထရီးယားပြည်၏ ဩဇာအာဏာသည် အိန္ဒိယ ပြည်မြောက်ပိုင်းဌာန အတော်ပင် ပျံ့နှံ့ခဲ့သည်။ မေနန္ဒာ၏ပိုင်နက်မှာ အနောက်ဘက်တွင် ကာဗူးမြစ်အထိ၊ တောင်ဘက်တွင် မထုရနယ်အထိ၊ အရှေ့ဘက်တွင် ကသွီရနယ်အထိ ကျယ်ဝန်းသည်။

ထိုမေနန္ဒာဘုရင်ကား မိလိန္ဒမင်းကြီးပင် ဖြစ်သည်။-ဟူ၍ အဆိုအမိန့်တစ်ခုဌာန တွေ့ရသည်။

'မိလိန္ဒ' ခေါ် မေနန္ဒာမင်းမြတ်သည် အိန္ဒိယပြည်တိုင်အောင် ဂရိတ်အင်ပါယာ ကြီးကို ကျယ်ပြန့်စေခဲ့သော ဗက်ထရီးယားဘုရင် ၂၆ဦးအနက် တစ်ဦးဖြစ်သည်။-ဟူ၍ လည်းကောင်း၊ အိန္ဒိယပြည်ကို သွားရောက်အုပ်စိုးသော ဘုရင်ဖြစ်သည်။-ဟူ၍ လည်းကောင်း အနောက်တိုင်းစာပေများ၌ ဖော်ပြကြသည်။ ထို့ပြင်လည်း၊ မေနန္ဒာမင်း သည် အိန္ဒိယပြည်တွင် နယ်ပယ်မြောက်မြားစွာ ချဲ့ထွင်နိုင်၍ အနောက်နိုင်ငံများတွင် ထင်ရှားခဲ့သော အလက်ဇန္ဒားဘုရင်ကြီး တည်ထောင်ခဲ့သည့် ဂရိနိုင်ငံများကို ဆက်လက် စိုးစံသော ဘုရင်တစ်ပါးဖြစ်သည်။-ဟုလည်း ရေးသားကြပြန်သည်။ ထိုမှတစ်ပါး၊ ကသွီရပြည်နှင့်ပတ်သက်သော မှတ်တမ်းတစ်ခုတွင် 'ကသွီရပြည်ကို လာရောက် အုပ်စိုးခဲ့သော ဂရိလူမျိုးဘုရင် ၈ ဦးရှိရာတွင် ၇ ဦးမြောက်ဘုရင်မှာ မေနန္ဒာမင်းပင် ဖြစ်သည်။-ဟူ၍ ရေးသားထားသည့် အဆိုအမိန့်တစ်ခုလည်း ရှိပြန်သည်။

ခရစ်သက္ကရာဇ်မပေါ်ခင် ၂ ရာစုဘီစီက အိန္ဒိယပြည်၏ အနောက်မြောက်ပိုင်း ဒေသများသည် ဂရိမင်းတို့၏လက်တွင်းသို့ ကျရောက်သွားခဲ့သည်။

ဂရိမင်းမေနန္ဒာသည် မိလိန္ဒပဉ္ဟာကျမ်းတွင်ပါရှိသည့် မိလိန္ဒမင်းဖြစ်ကြောင်း သမိုင်းဆရာများက တညီတညွတ်တည်း ဆိုကြသည်။ သို့ရာတွင် ယင်းဂရိမင်းမေနန္ဒာ အုပ်ချုပ်မင်းလုပ်သည့် ခုနှစ်သက္ကရာဇ်နှင့် ပတ်သက်၍မူ ပညာရှင်များ တစ်ဦးနှင့်တစ်ဦး အယူအဆ တူကြပေ။

ဆမစ်၏ Early History of India အလိုအရ ၁၅၅ ဘီစီ၌ မေနန္ဒာသည် အိန္ဒိယကို ကျူးကျော်ဝင်ရောက်သည်။

ရာယကျောက်ခရီ၏ Political History of Ancient India နှင့် ဗာနေတ်၏ Calcutta Review တို့ အလိုအရမူ မေနန္ဒာ အုပ်ချုပ်မင်းလုပ်သည့်ကာလသည် ၁ရာစု ဘီစီ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါက်တာရာမေရှကျန်ဒရမဇုပ်ဒါး၏ History of Indian Literature အလိုအရမူကား၊ မေနန္ဒာ၏ခေတ်သည် ခရစ်တော်မပေါ်မီ အနှစ် ၉၀ မတိုင်ခင် မဖြစ်နိုင်ပေ။-ဟူ၍ ဆိုသည်။

ယနေ့ ပညာရှင်အများစု ယူဆနေသောအယူအဆမှာ မေနန္ဒာ၏အုပ်ချုပ်ရေးခေတ်ကာလသည် ဘီစီ ပထမရာစုနှစ် ဖြစ်လေသည်။

မေနန္ဒာမင်းသည် 'အလက်ဇန္ဒားဘုရင်ကြီးက ဗက်ထရီးယား၌ထားခဲ့သော ဘုရင်ခံမှ ဖြစ်လာသောမင်း။'-ဟူ၍လည်းကောင်း၊ 'ဗက်ထရီးယားဘုရင် ၂၃းအနက် တစ်ဦး'ဟူ၍လည်းကောင်း၊ 'ကသ္မီရပြည်ကို လာရောက်အုပ်စိုးခဲ့သော ဂရိလူမျိုးဘုရင် ၈ ဦးအနက် ၇ ဦးမြောက်ဘုရင်'ဟူ၍လည်းကောင်း-အမျိုးမျိုး ကွဲပြားနေသော်လည်း မေနန္ဒာမင်းကြီးရှိခဲ့သည်မှာ အမှန်ဖြစ်သည်။ အမှန်ဖြစ်ကြောင်းကို တူးဖော်ရရှိသော ဒင်္ဂါးများက သက်သေခံနေလေသည်။

အိန္ဒိယပြည်မြောက်ပိုင်း မေနန္ဒာဘုရင်စိုးပိုင်ခဲ့သော နေရာအနှံ့အပြားတွင် ဒင်္ဂါးပေါင်းများစွာ တူးဖော်တွေ့ရှိရသည်။ ၄င်းဒင်္ဂါးများကို အနောက်သို့လားသော် ကာဗူးလ်မြစ်၊ အရှေ့သို့လားသော် မထုရ၊ မြောက်သို့လားသော် ကသ္မီရဒေသတို့အထိ နေရာများမှ ရရှိသည့်အတွက် မေနန္ဒာမင်းအုပ်စိုးခဲ့သော နယ်ပယ်အကျယ်အဝန်းကို ခန့်မှန်းသိသာနိုင်သည်။ တူးဖော်တွေ့ရှိရသော ဒင်္ဂါးများမှာ အမျိုးအစားအားဖြင့် ၁၂မျိုး ရှိရာ၊ 'မေနန္ဒာ'အမည်နှင့် ၈ မျိုး တွေ့ရသည်။ ဒင်္ဂါးများတွင် ရုပ်ပုံများ ပါဝင်သည်။ ရုပ်ပုံများမှာ မေနန္ဒာဘုရင်၏ ပျိုရွယ်စဉ်က ရုပ်ပုံမှသည် ကြီးရင့်သည်အထိ အသက်အရွယ်အမျိုးမျိုးရှိ ရုပ်ပုံများ ဖြစ်သည်။

ဒင်္ဂါးများ၌ စာများလည်း ပါရှိလေရာ၊ ဒင်္ဂါးများ၏တစ်ဖက်တွင် ဂရိဘာသာဖြင့် ရေးထိုးထားပြီး တစ်ဖက်တွင်မူ ထိုခေတ်သုံးပါဠိဘာသာဖြင့် ရေးထိုးထားသည်။ ပါရှိသော စာများမှာ 'ဗေဆီလေယော့ဆိုတေ ရော့မေနန္ဒရိုး', 'မဟာရာဇသတြဒတသ မေနန္ဒြသ', 'ဗေဆီလေယော့ဒီကိုင် အိုမေနန္ဒရိုး', 'မဟာရာဇသဝ်မိကဿမေနန္ဒြသ' တို့ဖြစ်သည်။ ထိုအမည်များ၌ပါရှိသော 'မေနန္ဒာရိုး', 'မေနန္ဒြသ'-အမည်များသည် မေနန္ဒာအမည်အဖြစ် ပညာရှင်အားလုံးက အသိအမှတ်ပြုကြသည်။

မိလိန္ဒပဉ္ဉာကျမ်းတွင် ဖြေဆိုသူ အရှင်နာဂသေနမထေရ်၏ မိဘအမည်၊ မျိုးရိုးဇာတိနှင့် မွေးဖွားရာဒေသကိုမူ မိလိန္ဒပဉ္ဉာကျမ်းတွင်ပါရှိသည်ထက် ပို၍ မသိနိုင်

mgyoe.com

 gyoe.com SAMPLE BOOK

ရှင်ကစ္စည်းမထေရ်ဟောအပ်သော သဒ္ဒါကျမ်းကား ဘုရားရှင်ဟောတော်မူအပ်သော ပိဋကတ်အား လျော်သောကြောင့် 'ဗုဒ္ဓဝစနအတတ်'သို့ သွင်းလေသည်။

'လောကီသဒ္ဒါကျမ်း'ဆိုရာ၌ 'သဿကရိဋ္ဌကျမ်း'ယူမှ သင့်မည် ထင်သည်။ ဤကဲ့သို့ကြဲမှ 'ဗျာကရိဏ်းအတတ်'နှင့်လည်း 'ကဏိကာအတတ်' အသီးအကွဲ ထူးခြားမည်။ 'ဟူးရားအတတ်'နှင့် 'နိမိတ်အတတ်'လည်း အသီးအကွဲ ထူးခြားမည်ထင်သည်။ ထိုသို့ထင်ငြားသော်လည်း ပညာရှိတို့ မသင့်သောအယူကိုပယ်၍ သင့်သောအယူကိုသာ ယူအပ်လေရာသည်။

'စတုဗေဒ'အရာ၌လည်း ဓနုဂ္ဂဟ-လေးအတတ်ဟူ၍လည်း လောကနီတိကျမ်း၌ ဆိုသည်။ သင့်ရာယူအပ်သည်။

ဓမ္မဒိဋ္ဌပါကျွန်း၌ မိလိန္ဒမင်းနှင့်တူသော အစွမ်းသတ္တိရှိခြင်း, လျင်လျားခြင်း, ရဲရင့်ခြင်း ပညာအားဖြင့် တူသောသူ မရှိ။ ကြွယ်ဝသည့် များသောဥစ္စာ အသုံးအဆောင်, များသောစစ်သည်ဗိုလ်ပါ ရှိသည်ဖြစ်၍ 'လူအများတို့ကိုးကွယ်ရာဖြစ်သော သူတို့တွင် မြတ်သောမင်း'ဟု ကျော်စောထင်ရှား၏။

ထိုမိလိန္ဒမင်းသည် အခါတစ်ပါးသောနေ့၌ စစ်သည်ဗိုလ်ပါအရုံးအစုကို ကြည့်ရှုလိုသဖြင့် မြို့မှထွက်၍ စစ်သည်ဗိုလ်ပါအရုံးအစုကို ကြည့်လတ်သော်၊ မိလိန္ဒမင်းသည် မကြောက်မရွံ့ ရဲရင့်ခြင်း ရှိသည်ဖြစ်၍၊ ကြည်ညိုနှစ်သက်ဖွယ်ရှိသော လောကနှင့်စပ်သောစကား, ပညာရှိတို့၏နှလုံးကို တုန်လှုပ်စေတတ်သောစကားကို ပြောဟောတတ်သောသူတို့နှင့် စကားပြောဟောလိုသည် ဖြစ်၍ နေကိုကြည့်ပြီးသော်၊ အမတ်တို့ကိုခေါ်၍၊

"အချင်းအမတ်တို့။ အခိုနကာလ နေ့အကြွင်း ရှိသေး၏။ ဤယခု မြို့တော်သို့ဝင်၍ အဘယ်အကျိုး ရှိအံ့နည်း။ တစ်စုံတစ်ယောက်သော ပညာရှိ ရဟန်း, ပုဏ္ဏား, ဂိုဏ်းသဃ်ာတို့၏ဆရာ, ဒုလ္လဘတ် သဗ္ဗညုဘုရားရှင်ကို သိရှိသောသူ, ငါနှင့် စကားပြောဟောခြင်းငှာ ငါ၏ယုံမှားသင်္ကာကို ဖျောက်နိုင်ခြင်းငှာ တတ်နိုင်သောသူ မရှိသလော။ ထိုပညာရှိတို့သို့ ချဉ်းကပ်၍ အမေးပုစ္ဆာပြဿနာကို မေးမြန်းကြကုန်အံ့။"-ဟုဆိုသော်၊ ၅၀၀ သော ယောနကအမျိုးတို့သည် မိလိန္ဒမင်းကို

"မြတ်သောမင်းကြီး။ ပူရဏကဿပ, မက္ခလိဂေါသာလ, နိဂဏ္ဌနာဋပုတ္တ, သဉ္စယဗေလဋ္ဌပုတ္တ, အဇိတကေသကမ္ဗလ, ပကုဓကစ္စာယန-ဤ ၆ ယောက်သောဆရာတို့သည် အပေါင်းအစု ကြီးကျယ်၏။ ဂိုဏ်းတို့၏ ဆရာဖြစ်၍ ထင်ရှားကျော်စော၏။ များသောအခြံအရံ ရှိသည်ဖြစ်၍ သူတစ်ပါးတို့၏ ကိုးကွယ်ရာ မှီခိုရာ 'သူတော်ကောင်း'ဟူ၍ သမုတ်အပ်ကုန်၏။ အရှင်မင်းကြီး-ကြွတော်မူ၍၊ အမေးပုစ္ဆာ ပြဿနာတို့ကို မေးတော်မူ၍ ယုံမှားသင်္ကာ တွေးတောဖွယ်ရှိသောအရာကို ပျောက်ပါစေလော့။"-ဟု တိတ္ထိဆရာ ၆ ယောက်တို့ကို ညွှန်းလေ၏။

ထိုအခါ မိလိန္ဒမင်းသည် ၅၀၀ သော ယောနကအမျိုးတို့ဖြင့် ခြံရံလျက် မြင်းကသော ရထားစီး၍၊ ပူရဏကဿပအထံသို့ ကပ်၍ ပူရဏကဿပနှင့် ဝမ်းမြောက်ဝမ်းသာ စကားနှုတ်ဆက် ပြောဆိုကြပြီးသော်၊ တင့်အပ်လျောက်ပတ်သောအရပ်၌ နေ၍ ပူရဏကဿပအား ဤသို့သောစကားကို မေးလေ၏။

အမေး- 'ကော ဘန္တေ ကဿပ လောကံ ပါလေတိ။'

"ဘန္တေ ကဿပ၊ အရင် ပူရဏကဿပ။ လောကံ၊ လူအပေါင်းကို။ ကော၊ အဘယ်သူသည်။ ဝါ-အဘယ်တရားသည်။ ပါလေတိ၊ စောင့်ရှောက်သနည်း။"

အဖြေ- 'ပထဝီ မဟာရာဇ လောကံ ပါလေတိ။'

"မဟာရာဇ၊ မင်းမြတ်။ လောကံ၊ လူအပေါင်းကို။ ပထဝီ၊ မြေကြီးသည်။ ပါလေတိ၊ စောင့်ရှောက်၏။"

'မြေကြီးသည် လူအပေါင်းကို စောင့်ရှောက်၏။'-ဟူသော ပူရဏကဿပ ဆိုအပ်သောစကားကို မိလိန္ဒမင်း မနှစ်သက်သည်ဖြစ်၍၊ "အရှင်ဘုရား။ အကယ်၍တည်း မြေကြီးသည် လူအပေါင်းကို စောင့်ရှောက်အံ့။ အဝီစိငရဲ၌ ကျင်လည်ရသော သတ္တဝါတို့သည် မြေကိုလွန်၍ သွားရကုန်၏။ ထိုငရဲသူတို့ကို ချမ်းသာစွာဖြစ်စေရအောင် မြေကြီးသည် မတားမစောင့်ပါ။"-ဟုဆိုသည်။

ထိုသို့ဆိုသော် ပူရဏကဿပသည် ထိုစကားကို မျိုအံ့သောဌာနလည်း မတတ်နိုင်၊ ထွေးအံ့သောဌာနလည်း မတတ်နိုင်သည်ဖြစ်၍ မျက်နှာအောက်ချ ဦးခေါင်းငိုက်ဆိုက် တိတ်တိတ်နေလေ၏။

ထိုအခါ မိလိန္ဒမင်းသည် 'ဓမ္မဒီပါကျွန်းသည် အချည်းနှီး ရှိခဲ့ပြီတကား။ ဓမ္မဒီပါကျွန်းသည် အဖျင်းဖျင်း ရှိခဲ့ပြီတကား။'ဟု အကြံရှိ၏။

"အချင်းအမတ်တို့။ ငါနှင့်အတူ စကားဆွေးနွေးပြောဆိုအံ့သောဌာ ငါ၏ ယုံမှားသင်္ကာကို ဖျောက်နိုင်အံ့သောဌာ ရဟန်း၊ ပုဏ္ဏား၊ ဂိုဏ်းသင်္ဃာအပေါင်းတို့၏ဆရာ ဘုရားရှင်ကို 'သဗ္ဗညုတ ဉာဏ်တော်နှင့် ပြည့်စုံတော်မူသောဘုရား'ဟူ၍ ကျေးဇူးတော်ကိုသိသော တစ်စုံတစ်ယောက်သောသူမျှ မရှိသည်ဖြစ်၍ ဤဓမ္မဒီပါကျွန်းသည် အချည်းနှီး ဖြစ်ခဲ့ပြီ။ အဖျင်းဖျင်း ရှိခဲ့ပြီတကား။"-ဟု ဆိုပြီး၍၊

ထိုအခါ မိလိန္ဒမင်းသည် မကွလိဂေါသာလကို မေးပြန်လေ၏။

အမေး- 'အတ္ထိ ဘန္တေ ဂေါသာလ ကုသလာကုသလာနိ ကမ္မာနိ၊ အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော။'

'ဘန္တေ ဂေါသာလ၊ အရှင် မကွလိဂေါသာလ။ ကုသလာကုသလာနိ ကမ္မာနိ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတရားတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏လော၊ သုကတ ဒုက္ကဋာနံ၊ ကောင်းသည်, မကောင်းသည်ကို ပြုတတ်ကုန်သော။ ကမ္မာနံ၊ အမူအရာ ကံတရားတို့၏။ ဖလံ ဝိပါကော၊ အကျိုးရင်းအကျိုးဆက်တရားသည်။ အတ္ထိ၊ ရှိ၏လော။'

mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့ မိလိန္ဒမင်းသည် 'ကုသိုလ်က်, အကုသိုလ်က် ရှိသည်,မရှိသည်၊ ထိုက်တရားတို့ ကောင်းကျိုး, မကောင်းကျိုး ရှိသည်,မရှိသည်'ကို မေးသော်၊ မဂ္ဂလိဂေါသာလ ဖြေလေ၏။

'နိတ္ထိ မဟာရာဇ ကုသလာကုသလာနိ ကမ္မာနိ၊ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော။'

'မဟာရာဇ၊ မြတ်သောမင်းကြီး။ ကုသလာ ကုသလာနိ ကမ္မာနိ၊ ကုသိုလ်,အကုသိုလ်က် တို့သည်။ နတ္ထိ နသန္တိ, မရှိကုန်။ သုကတ ဒုက္ကဋာနံ၊ ကောင်းသဖြင့်ပြုအပ်, မကောင်းသဖြင့် ပြုအပ်ကုန်သော။ ကမ္မာနံ၊ အမှုတရားတို့၏။ ဖလံ-ဝိပါကော၊ အကျိုးရင်း အကျိုးဆက်သည်။ နတ္ထိ၊ မရှိ။'

ဤသို့ မဂ္ဂလိဂေါသာလ ဖြေပြီး၍ ထိုစကားကို အကျယ် ပြပြန်လေ၏။

အကျယ်စကား အဓိပ္ပာယ်ကား

''မြတ်သောမင်းကြီး။ ဤလောက၌ အကြင်မင်းတို့သည် ရှိကုန်၏။ ထိုမင်းတို့သည် တစ်ဘဝသို့ သွားသည်ရှိသော် တစ်ဖန် ဘဝသစ်၌ မင်းသာလျှင် ဖြစ်ကုန်၏။ ဤလောက၌ ပုဏ္ဏား, သူကြွယ်, သူဆင်းရဲ, ပန်းမိုက်ကျုံး ဒွန်းစဏ္ဍားအမျိုးတို့သည် ရှိကုန်၏။ ထိုသူတို့သည် တစ်ဘဝသို့ သွားသည်ရှိသော် တစ်ဖန်လျှင် ပုဏ္ဏားသည် ပုဏ္ဏားအမျိုး၊ သူကြွယ်သည် သူကြွယ်အမျိုး၊ သူဆင်းရဲသည် သူဆင်းရဲအမျိုး၊ ပန်းမိုက်ကျုံး ဒွန်းစဏ္ဍားသည် ပန်းမိုက်ကျုံး ဒွန်းစဏ္ဍားအမျိုး၌သာ ဖြစ်ကုန်၏။။ကုသိုလ်က်,အကုသိုလ်က်တရား အဘယ်မှာ ရှိအံ့နည်း။''-ဟု မဂ္ဂလိဂေါသာလက အကျယ် ပြောဆိုပြန်သော်၊ ထိုစကားကို မိလိန္ဒမင်း မနှစ်သက်သည်ဖြစ်၍၊

''ငါ့ရှင် မဂ္ဂလိဂေါသာလ။ ဤလောက၌ မင်း, ပုဏ္ဏား, သူကြွယ်, သူဆင်းရဲ, ဒွန်းစဏ္ဍား အမျိုးသည် သေလွန်သော် တစ်ဘဝ၌တစ်ဖန် ဖြစ်နေကျအမျိုး၌သာ အကယ်ဖြစ်အံ့။ ကုသိုလ်က်,ကုသိုလ်က် တရားတို့ဖြင့် ပြုဖွယ်ကိစ္စ မရှိပြီ။ ထိုသို့တပြီးကား ငါ့ရှင် မဂ္ဂလိဂေါသာလ။ ဤလောကဌ အကြင်လက်, ခြေ, နား, နှာခေါင်း ပြတ်သောသူတို့သည် ရှိသည် ဖြစ်ကုန်အံ့။ ထိုသူတို့သည် တစ်ဖန် တမလွန်ဘဝသစ်၌ ဖြစ်နေကျဖြစ်၍ လက်ပြတ်, နားပြတ် စသည်တို့ပင် ဖြစ်လတ္တံ့လော။''-ဟု မိလိန္ဒမင်း မေးဆိုသော်၊ ထိုမဂ္ဂလိဂေါသာလသည် စကားကို ပြေအောင်မဆိုနိုင် မပြောနိုင်၍ တိတ်တိတ်နေလေ၏။

ထိုအခါ မိလိန္ဒမင်းအား အကြံသည် ဖြစ်၏။ 'သြော်-ဇမ္ဗူဒီပါကျွန်းသည် အချည်းနှီး ရှိခဲ့ပြီတကား။ အဖျင်းဖျင်း ရှိခဲ့ပြီတကား။ ငါနှင့်အတူ စကားပြောဟောခြင်းငှာ ငါ၏ ယုံမှားသင်္ကာကို ဖျောက်နိုင်ခြင်းငှာ တစ်စုံတစ်ယောက်မျှ မရှိပါတကား။'-ဟု ဤသို့သော်အကြံ ဖြစ်လေ၏။

ထိုအခါ မိလိန္ဒမင်းသည် အမတ်တို့ကို ''အချင်းအမတ်တို့။ ညဉ့်အခါသည် မွေ့လျော်ဖွယ်ရှိစွတကား။ ယခုအခါ အဘယ်မည်သော ရဟန်း,ပုဏ္ဏားသို့ကပ်၍ ပြဿနာကို ဖြေခြင်းငှာ၊ ငါနှင့်အတူ စကားပြောဟောခြင်းငှာ၊ ငါ၏ယုံမှားသင်္ကာကို ဖျောက်နိုင်ခြင်းငှာ အဘယ်မည်သော ရဟန်း,ပုဏ္ဏားတို့သည် တတ်နိုင်ပါအံ့နည်း။''-ဟုဆိုသော်၊ အမတ်တို့သည် တိတ်တိတ် စကားမဆိုကြသည် ဖြစ်ကုန်၍ မင်း၏ မျက်နှာကိုသာ ကြည့်လျက် နေကြကုန်၏။

mgyoe.com

ထိုအခါမှစ၍ သာဂလမြို့သည် ၁၂ နှစ်တို့ပတ်လုံး ပညာရှိသော ရဟန်း, ပုဏ္ဏား, သူကြွယ်တို့မှ ဆိတ်ညံလေ၏။ အကြင်အရပ်၌ ရဟန်း, ပုဏ္ဏား, ပညာရှိတို့ နေ၏။ ထိုမိလိန္ဒမင်း ကြားလေသော် ထိုအရပ်သို့သွား၍ ပြဿနာကို မေးလေ၏။ အလုံးစုံသောသူတို့သည် မိလိန္ဒမင်းမေးသည်ကို ဖြေသဖြင့် မိလိန္ဒမင်းကို နှစ်သက်စေခြင်းငှာ မတတ်နိုင်သော်၊ စိတ်ရှိရာ မည်သည့်အရပ်သို့မဆို ပြည်မှ ဖဲကြဉ်သွား ကြကုန်၏။ အကြင်ပညာရှိတို့သည် အရပ်တစ်ပါးသို့ မသွား။ ထိုမသွားသောသူတို့သည် တိတ်တိတ် နေလေကုန်၏။ များသောအားဖြင့် ရဟန်းတို့သည် ဟိမဝန္တာသို့သာ သွားလေကုန်၏။

ရှင်နာဂသိန်

ထိုအခါ အကုဋ္ဌေအရာမျှလောက်သော ရဟန်းတို့သည် ဟိမဝန္တာတောင် ရက္ခိတအပြင်၌ သီတင်းသုံး နေကြကုန်၏။ ထိုအခါ 'အဿဂုတ္တ'အမည်ရှိသော ရဟန္တာမထေရ်သည် ဒိဗ္ဗသောတအဘိညာဉ်ဖြင့် မိလိန္ဒမင်း၏ ကြုံးဝါးပြောဆိုသောစကားကို ကြားလေ၍၊ ယုဂန္ဓရတောင်ထိပ်၌ ရဟန်းသင်္ဃာအပေါင်းတို့ကို စည်းဝေးစေ၍၊

"ငါ့ရှင် သင်္ဃာတို့။ မိလိန္ဒမင်းနှင့်အတူ စကားပြောဟောခြင်းငှာ၊ ထိုမင်း၏ ယုံမှားသင်္ကာကို ဖျောက်ဖိုင်ခြင်းငှာ အစွမ်းသတ္တိနှင့်ပြည့်စုံသော တစ်စုံတစ်ယောက်သော ရဟန်းရှိပါ၏လော။"-ဟု မေးသော်၊ အကုဋ္ဌေအရာမျှလောက်သော ရဟန္တာတို့သည် ဆိတ်ဆိတ်နေကြကုန်၏။ ထို့အတူ ၂ ကြိမ်-၃ ကြိမ်မြောက် မေးသော်လည်း ဆိတ်ဆိတ်သာ နေကြကုန်လေ၏။

ထိုအခါ အဿဂုတ္တမထေရ်သည် ရဟန်းသင်္ဃာအပေါင်းကို "ငါ့ရှင် သင်္ဃာတော်တို့။ တာဝတိံသာ နတ်ပြည် ဝေဇယန္တာနန်းပြာသာဒ်၏ အရှေ့မြောက်ထောင့်၌ 'ကေတုမတီ' အမည်ရှိသော ဗိမာန်သည် ရှိ၏။ ထိုကေတုမတီဗိမာန်၌ 'မဟာသေန'အမည်ရှိသော နတ်သားသည် ထင်ရှားစွာ နေ၏။ ထိုမဟာသေန နတ်သားသည် မိလိန္ဒမင်းနှင့် အတူစကားပြောဆိုခြင်းငှာ၊ ယုံမှားသင်္ကာကို ဖျောက်ဖိုင်ခြင်းငှာ စွမ်းနိုင်သော သတ္တိ ရှိ၏။"-ဟု ဆိုလေ၏။

ထိုအခါ အကုဋ္ဌေအရာမျှလောက်သော ရဟန္တာတို့သည် ယုဂန္ဓရတောင်ထိပ်မှ ကွယ်ခဲ့၍ တာဝတိံသာနတ်ပြည်၌ ထင်ရှားစွာဖြစ်ကုန်၏။

နတ်တို့ကိုအစိုးရသော သိကြားမင်းသည် အဝေးကပင်လျှင် ကြွလာကြကုန်သော ရဟန်းတို့ကို မြင်၍၊ အဿဂုတ္တမထေရ်ရှိရာ ချဉ်းကပ်လျက် ရှိသေစွာရှိခိုး၍၊ လျောက်ပတ်သောအရပ်၌ ရပ်လေ၍ သိကြားမင်းသည် အဿဂုတ္တမထေရ်ကို

"အရှင်ဘုရား။ များသော ရဟန်းသင်္ဃာတော်တို့နှင့်တကွ ရောက်လာတော်မူ၏။ အကျွန်ုပ်သည် သင်္ဃာတော်တို့၏ အာရာမိက အာရာမ်စောင့် ဖြစ်ပါ၏။ အကြောင်း အဘယ်သို့ ရှိတော်မူသနည်း။ အကျွန်ုပ်သည် အဘယ်အမှုကို ပြုရအံ့နည်း။"-ဟုမေးလျှောက်သော်၊ ထိုအခါ အဿဂုတ္တမထေရ်သည် သိကြားမင်းကို

mgyoe.com SAMPLE BOOK

"ဒကာသိကြားမင်း။ ဇမ္ဗူဒိပ်ကျွန်း သာဂလမြို့၌ မိလိန္ဒမင်းသည် များစွာသော လောကီအဋ္ဌာရသ အတတ်, ဘုရားရှင်ဟောတော်မူအပ်သော ပိဋကတ်ကျမ်းဂန်တို့ကို တတ်လိမ္မာသည် ဖြစ်၍ အယူဖြင့် သူတစ်ပါးတို့၏နှလုံးကို တုန်လှုပ်စေနိုင်၏။ ဆိုနိုင်ခြင်းငှာ ခဲ၏။ 'အများမှီခိုရာ သူအပေါင်းတို့ထက် မြတ်၏။'-ဟု ထင်ရှား၏။ ထိုမိလိန္ဒမင်းသည် ရဟန်းသင်္ဃာတို့အထံ ကပ်၍၊ မိမိအယူဝါဒဖြင့် ပြဿနာကို မေးမြန်း၍ ရဟန်းသင်္ဃာတော်တို့ကို ညှဉ်းဆဲဘိ၏။"-ဟု ပြောဆိုလေ၏။

ထိုအခါ သိကြားမင်းသည် ရှင်အဿဂုတ္တမထေရ်ကို "အရှင်ဘုရား။ 'မိလိန္ဒ'မည်သောမင်းသည် ဤတာဝတိံသာနတ်ပြည်မှ စုတေ၍ လူပြည်၌ဖြစ်သည်။"-ဟူသောစကားကို ပြောဆို၍၊ "အရှင်ဘုရား။ 'ကေတုမတီ'အမည်ရှိသောဗိမာန်၌ 'မဟာသေန'အမည်ရှိသော နတ်သားသည် အစိုးတရနေ၏။ ထိုမဟာသေနနတ်သားသည် ထိုမိလိန္ဒမင်းနှင့်အတူ တရားစကားပြောဟောခြင်းငှာ ယုံမှားသင်္ကာကို ဖျောက်ခြင်းငှာ အစွမ်းသတ္တိ ပညာနှင့် ပြည့်စုံ၏။ ထိုမဟာသေနနတ်သားကို လူပြည်၌ ဖြစ်စိမ့်သောငှာ တောင်းပန်ကုန်အံ့။"-ဟုဆို၍၊

ထိုအခါ သိကြားမင်းသည် ရဟန်းသင်္ဃာတော်အပေါင်းကို ရှေ့သွားပြုလျက် ကေတုမတီဗိမာန်သို့ ဝင်၍၊ မဟာသေနနတ်သားကို လည်ဖက်၍ "ဆင်းရဲမရှိသော အချင်း မဟာသေနနတ်သား။ သင်နတ်သားကို ရဟန်းသင်္ဃာတော်အပေါင်းတို့သည် လူပြည်၌ ပဋိသန္ဓေနေစိမ့်သောငှာ ခွင့်တောင်းပန်ကြ၏။"-ဟု ခွင့်တောင်းစကားကို ဆိုသော်၊

မဟာသေနနတ်သားသည် "အရှင်ဘုရားတို့။ အမှုအရာ ထူပြောစွာသော လူပြည်လောကဖြင့် အကျွန်ုပ်အား အလိုမရှိပါ။ လူပြည်သည် လောဘ စသည် ထက်သန်လှပါ၏။ အရှင်ဘုရားတို့။ အကျွန်ုပ်သည် ဤနတ်ပြည်မှပင်လျှင် အထက်နတ်ပြည်သို့ ဖြစ်ခြင်းငှာ အလိုရှိသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုပါလတ္တံ့။"-ဟု ဆိုသော် ၂ ကြိမ်-၃ ကြိမ်တောင်းပန်သော်လည်း အခွင့် မရရှိခဲ့၏။

ထိုအခါ အဿဂုတ္တမထေရ်သည် မဟာသေနနတ်သားကို "အချင်း မဟာသေနနတ်သား။ ငါတို့သည် နတ်နှင့်တကွသော အလုံးစုံသောလောကကို စူးစမ်းဆင်ခြင်ကြည့်ရှုခဲ့သော် သင်နတ်သားကို ထားဦး၍၊ မိလိန္ဒမင်း၏အယူဝါဒကို ဖျက်ဆီး၍ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ စွမ်းနိုင်သောသူကို သင်နတ်သားမှတစ်ပါး အဘယ်သူကိုမျှ မမြင်ပါ။ အချင်းနတ်သား-သင်နတ်သားကို ရဟန်းသင်္ဃာတော်အပေါင်းတို့သည် တောင်းပန်ပါ၏။ သူတော်ကောင်းသင်သည် လူပြည်၌ဖြစ်၍ အား ၁၀ ပါးနှင့် ပြည့်စုံတော်မူသောဘုရားရှင်၏ သာသနာတော်ကို ချီးမြှောက်ပါလော့။"

ဤသို့သော တောင်းပန်ခြင်းဖြင့် တောင်းပန်ကြသော် မဟာသေနနတ်သားလည်း 'ငါကား မိလိန္ဒမင်း၏ အယူဝါဒကို ဖျက်ဆီးနိုပ်နင်း၍ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ စွမ်းနိုင်သောသူ ဖြစ်လတ္တံ့။'-ဟု အလွန်သောရွှင်ခြင်း, အလွန်သောဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍၊ "အရှင်ဘုရားတို့။ ကောင်းလှပါပြီ။ လူပြည်သို့ဖြစ်ပါအံ့။"-ဟု ဝန်ခံစကားခွင့်ပေး၏။

mgyoe.com

 mgyoe.com SAMPLE BOOK

ထိုအခါ ရဟန်းသဃ်ာတော်တို့သည် တာဝတိ်သာနတ်ပြည်၌ ထိုပြဖွယ်ကိစ္စကို ကုန်စေပြီးသော်၊ တာဝတိ်သာနတ်ပြည်မှ သက်ခဲ့၍ ဟိမဝန္တာတောင် ရက္ခိတအပြင်၌ ထင်ရှားဖြစ်ကုန်၏။

ထိုအခါ အဿဂုတ္တမထေရ်သည် ရဟန်းသဃ်ာအပေါင်းကို "ငါ့ရှင်တို့။ ဤရဟန်းသဃ်ာအပေါင်း၌ အဘယ်ရဟန်းသည် အစည်းအဝေးသို့ မလာရောက်သနည်း။"-ဟုမေးသော်၊

တစ်ယောက်သောရဟန်းသည် အဿဂုတ္တမထေရ်ကို "အရှင်ဘုရား။ ရှင်ရောဟဏမထေရ်သည် ဤနေ့မှစ၍ ဟိမဝန္တာတောင်ခေါင်း၌ နိရောဓသမာပတ်ကို ဝင်စား၍နေလေ၏။"-ဟုဆိုသော်၊ ထိုရောဟဏမထေရ်၏ အထံသို့ တမန် စေလွှတ်လိုက်လေ၏။

ထိုအခါ ရှင်ရောဟဏမထေရ်သည် ထိုခဏ၌ နိရောဓသမာပတ်မှထ၍၊ 'သဃ်ာတော်သည် ငါ့အား လာရောက်ခြင်းကို အလိုရှိ၏။'-ဟု ဟိမဝန္တာမှကွယ်ခဲ့၍ ရက္ခိတအပြင်၌ အကုဋ္ဌေအရာမှလောက်သော ရဟန္တာတို့၏ရှေ့၌ ထင်ရှားစွာဖြစ်လေ၏။

ထိုအခါ ရှင်အဿဂုတ္တမထေရ်သည် ရှင်ရောဟဏမထေရ်ကို "ငါ့ရှင်ရောဟဏ။ အဘယ့်ကြောင့် သာသနာတော်ကို ပျက်စီးစေလျက် သဃ်ာတို့ပြုအပ်သော အမှုကိစ္စကို မကြည့်မရှု နေဘိသနည်း။"-ဟုမေးသော်၊ "အရှင်ဘုရား။ တပည့်တော် မအောက်မေ့မိပါချေ။"-ဟု လျှောက်၏။

"ငါ့ရှင်ရောဟဏ။ မလာမရောက်သောအပြစ်ကြောင့် ဒဏ်ပေးသောအမှုကို ငါတို့ ပြုကုန်အံ့။ ငါ့ရှင်ရောဟဏ-ငါ့ရှင်သည် ဟိမဝန္တာတောင်၏အနီး၌ 'ဂဇင်္ဂလ'အမည်ရှိသော ပုဏ္ဏားရွာသည် ရှိ၏။ ထိုဂဇင်္ဂလရွာ၌ 'သောဏုတ္တရ'အမည်ရှိသောပုဏ္ဏားသည် နေ၏။ ထိုသောဏုတ္တရပုဏ္ဏား၏သားသည် နာဂသေနသူငယ်သည်ဖြစ်လတ္တံ့။ ငါ့ရှင်ရောဟဏ-သင်သည် ထိုသူငယ် ပဋိသန္ဓေနေသည်မှ စ၍ ၇နှစ်နှင့် ၁၀ လ လွန်အောင် ထိုပုဏ္ဏားအိမ်သို့ ဆွမ်းခံအံ့သောငှာ ဝင်လေ၍၊ နာဂသေနသူငယ်ကို လူ့ဘောင်မှ ထုတ်၍ ရှင်ပြုလော။ ထို နာဂသေနရှင်ဖြစ်ပြီးသော် ဒဏ်ထမ်းသောအရာမှ လွတ်လတ္တံ့။"-ဟုဆိုသော်၊

ရှင်ရောဟဏမထေရ်သည် "ကောင်းပါပြီ။"-ဟု ဝန်ခံလေ၏။

နာဂသေနအလောင်း မဟာသေနနတ်သားသည်ကား နတ်ပြည်မှ စုတေခဲ့၍ သောဏုတ္တရပုဏ္ဏား၏ မယား ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေ ယူလေ၏။ နာဂသေန ပဋိသန္ဓေယူသည်နှင့် တစ်ပြိုင်နက် လက်နက်တို့သည် တပြောင်ပြောင်တောက်ကုန်၏။ အခါမဲ့ မိုးရွာ၏။ ထိုရွာသောမိုးသည်လည်း လွန်စွာရွာ၏။ ဤ ၃ ပါးသော အံ့ဖွယ်သရဲသည် ဖြစ်လေ၏။

ရှင်ရောဟဏမထေရ်သည် ထိုနာဂသေနသတို့သား၏ ပဋိသန္ဓေနေသောကာလမှစ၍ ၁၀ လ အလွန်ရှိသော ၇ နှစ်တို့ပတ်လုံး ထိုသောဏုတ္တရပုဏ္ဏားအိမ်သို့ ဆွမ်းအလို့ငှာ ဝင်သည်ရှိသော် တစ်နေ့မျှသော်လည်း တစ်ယောက်မမျှလောက်သော ဆွမ်း, တစ်ယောက်ချိမျှလောက်သော ယာဂုကို လည်းကောင်း၊

m.gyoe.com SAMPLE BOOK

ရှိခိုးခြင်း, လက်အုပ်ချီခြင်း အရိုအသေအမှုကို လည်းကောင်း တစ်ရံတစ်ခါမျှ မရလေ။ စင်စစ်သော်ကား ဆဲရေးရေရွတ်ခြင်းကိုသာလျှင် ရအပ်လေ၏။ 'ကန်တော့ပါ၏'ဟူသော စကားအမြွက်ကိုမျှလည်း မရ။

၁၀ လနှင့် ၇ နှစ်လွန်ပြီးသော် တစ်နေ့သ၌ကား 'ကန်တော့ပါ၏'ဟူသော စကားအမြွက်ကို ရသည်ဖြစ်၍၊ ထိုနေ့၌ သောဏုတ္တရပုဏ္ဏားသည် အမှုလုပ်ဆောင်ရာ ပြင်ပအရပ်မှ လာလတ်သော် ခရီးရင်ဆိုင် ရောဟဏမထေရ်ကို မြင်၍၊ ''အို-ရှင်ရဟန်း။ ငါတို့အိမ်သို့ရောက်ခဲ့သလော။''-ဟု မေး၏။

''ပုဏ္ဏား။ သင့်အိမ်သို့ ငါရောက်ခဲ့၏။''-ဟုဆိုသော်၊

''တစ်စုံတစ်ခု တစ်စိုးတစ်စိ ရခဲ့၏လော။''-ဟု ပုဏ္ဏားက မေးပြန်သော် ''ပုဏ္ဏား။ ရခဲ့ပေ၏''-ဟု ပြောဆိုလျှင်၊

ထိုသောဏုတ္တရပုဏ္ဏားသည် မိမိမယားအား ''ရဟန်းကို တစ်စုံတစ်ခုပေးကမ်းလိုက်သလော။''-ဟုမေးသော်၊ ''တစ်စုံတစ်ခုမျှ ပေးကမ်းခြင်းမပြုပါ။ မပေးကမ်း မလှူဒါန်းလိုသောအမှတ်ဖြင့် ကန်တော့ပါ၏။''-ဟူသောစကားကိုသာ ဆိုလိုက်ကြောင်းကိုပြောသော်၊ သောဏုတ္တရပုဏ္ဏားသည် ၂ ရက်မြောက်မိုးသောက်သောနေ့၌ ''ဤနေ့၌ ရဟန်းကို မုသာဝါဒဖြင့် ငါနှိပ်စက်အံ့။''-ဟု မိမိအိမ်တံခါးဝ၌ စောင့်နေလေ၏။

ရောဟဏမထေရ်သည် ၂ ရက်မြောက်သောနေ့၌ သောဏုတ္တရပုဏ္ဏား အိမ်တံခါးဝသို့ ရောက်လတ်သော် ထိုပုဏ္ဏားသည် ရောဟဏမထေရ်ကိုမြင်တည့်လျှင်၊ ''အို-ရှင်ရဟန်း။ ယမန်နေ့က ရှင်ရဟန်းသည် ငါတို့အိမ်၌ တစ်စုံတစ်ခုကိုမရဘဲလျက် 'ရ၏'ဟုပြောဆိုခြင်းသည် ရှင်ရဟန်းတို့အား မုသာဝါဒစကားသည် အပ်ပါသလော။''-ဟု မေးဆိုလေ၏။

''ပုဏ္ဏား။ ငါသည် သင်တို့အိမ်၌ ၁၀ လနှင့် ၇ နှစ်ပတ်လုံး ဝင်၍ ဆွမ်းရပ်ပါသော်လည်း 'ကန်တော့၏'ဟူသောစကားတစ်ခွန်းကိုမျှ မရဖူးပါ။ ယမန်နေ့ကမူကား 'ကန်တော့ပါ၏'ဟူသော အစ့ေအစပ်စကားတစ်ခွန်းကို ရပေသောကြောင့် ထို'ကန်တော့၏'ဟူသော စကားတစ်ခွန်းကို စွဲ၍ 'ရပေ၏'ဟူသောစကားကို ငါဆိုပေသည်။''-ဟု ဆိုသော်၊

သောဏုတ္တရပုဏ္ဏားသည် 'ဤရဟန်းတို့သည်ကား ပဋိသန္ဓာရစကားတစ်ခွန်းကိုမျှလည်း ရသည်ရှိသော် 'ရပေ၏'ဟု ပြောဆိုချီးမွမ်းတတ်ကုန်၏။ တစ်စုံတစ်ခုသော ခဲဖွယ်စားဖွယ်ကို ရရှိသည်ဆော်အဘယ်ကြောင့် မချီးမွမ်းဘဲ နေလေကုန်အံ့နည်း။'-ဟု စိတ်အကြံအစည် ကြည်ညိုခြင်းရှိ၍၊ မိမိစားဖို့ရာ စီရင်အပ်သောထမင်းမှ တစ်ယောက်မမျှသော ထမင်းကို ထမင်းနှင့်လျော်စွာသော လက်သုပ်ဟင်းလျာနှင့် တကွ လှူစေ၍၊ ''ရှင်ရဟန်း။ အခါမပြတ် နေ့တိုင်းနေ့တိုင်း ဤမျှလောက်သော စားဖွယ်တို့ကို ရလတ္တံ့။''-ဟု ဖိတ်မန်သောစကားကို ဆိုလေ၏။

ထိုရောဟဏမထေရ်သည် ၂ ရက်မြောက်သောနေ့၌ ဆွမ်းခံအံ့သောငှာ ကပ်သည်ရှိသော် ငြိမ်သက်သော ဣန္ဒြေကိုမြင်လျှင် အတိုင်းထက်အလွန် ကြည်ညိုသဒ္ဓါသည်ဖြစ်၍ အခါခပ်သိမ်း မိမိအိမ်၌

 mgyoe.com SAMPLE BOOK

ဆွမ်းဘုဉ်းပေးစိမ့်သောငှာ တောင်းပန်သော် ဆိတ်ဆိတ်နေလျက် သည်းခံပြီးလျှင်၊ နေ့တိုင်းနေ့တိုင်း ဆွမ်းစားခြင်းကိစ္စကို ပြု၍၊ အတန်ငယ်အတန်ငယ် ဘုရားရှင်တရားတော်ကို ပြောဟော၍ ကြွသွားလေ၏။

ထိုသောဏုတ္တရ၏ မယားပုဏ္ဏားမသည် ၁၀ လလွန်သဖြင့် သားဖွားသည်ရှိသော် 'နာဂသေန'ဟု ထိုသူငယ်အား အမည်ကို မှည့်ကြကုန်၏၊ အစဉ်အတိုင်းကြီး၍ ၇ နှစ်မြောက်သောအခါ အဖပုဏ္ဏားသည် နာဂသေနသတို့သားကို "ချစ်သား နာဂသေန။ ဤငါတို့ပုဏ္ဏားအမျိုးဌ သင်ကြားအပ်သောအတတ်တို့ကို သင်ကြားပါလော့။"-ဟု ဆို၏။

"အို-ဖခင်။ ဤပုဏ္ဏားအမျိုးဌ သင်အပ်သောအတတ်ပညာတို့သည် အဘယ်အတတ်တို့နည်း။"-ဟု မေးသော်၊

"ချစ်သား နာဂသေန။ ဗေဒင် ၃ ပုံအတတ်သည် 'ပုဏ္ဏားတို့အတတ်'မည်ကုန်၏။ ထိုမှတစ်ပါး လည်း သင်အပ်သောအတတ်ပညာတို့သည် ရှိကုန်၏။"-ဟု အဖပုဏ္ဏား ပြောဆိုသော်၊ "ဖခင်။ ထိုသို့သော်ကား အကျွန်ုပ်သင်ကြားပါအံ့။"-ဟု ဝန်ခံလေ၏။

ထိုအခါ အဖ သောဏုတ္တရပုဏ္ဏားသည် သင်အံ့သော ဆရာပုဏ္ဏားအား ၁၀၀၀ မျှလောက်သော ဥစ္စာကို ဆရာစား ပေးပြီး၍၊ ပြာသာဒ်တွင်းဝယ် တစ်ခုသောတိုက်၌ ညောင်စောင်းအင်းပျဉ် ခင်း၍၊ "သင်ဆရာသည် ဤငါ့သား နာဂသေနကို အတတ်ပညာ သင်ကြားပါ။"-ဟုဆိုလျှင်၊ ဆရာလည်း ဝန်ခံ၍၊

အဖပုဏ္ဏားသည် "ချစ်သားနာဂသေန။ အတတ်ပညာတို့ကိုသင်ကြားလော။"-ဟု နှိုးဆော်ပြီး၍ သင်ကြားလေသော်၊ နာဂသေနသတို့သားအား ၁ ဥဒ္ဓေသ[1]မျှ သင်ကြားရလျှင် ဗေဒင် ၃ ပုံတို့သည် နှလုံး၌ တည်ခြင်း, နှုတ်သို့ တက်ခြင်း, ကောင်းစွာဆောင်နိုင်ခြင်း, ကောင်းစွာမှတ်သားနိုင်ခြင်း, ကောင်းစွာ နှလုံးသွင်းနိုင်ခြင်းတို့သည် ဖြစ်ကုန်၏။ ၁ ကြိမ် သင်ကာမျှဖြင့် ပညာမျက်စိသည် နိဃဏ္ဌုကျမ်းနှင့်တကွ ကေဋုဘကျမ်း, ကွတိဟာသကျမ်း, သသီကရိဋ္ဌကျမ်း, ဗျာကရိဏ်းကျမ်း, လောကာယတကျမ်း, မဟာပုရိသယောက်ျားမြတ်တို့ကို သိရာဖြစ်သော လက္ခဏာကျမ်းတို့၌ အကြွင်းမရှိ တတ်သိ သိမြင်သည် ဖြစ်၍ ထင်ရှား၏။

ထိုအခါ နာဂသေနသတို့သားသည် အဖပုဏ္ဏားကို "အို-ဖခင်။ ဤပုဏ္ဏားအမျိုးဌ ဤဗေဒင်ပညာထက် လွန်သောအတတ်ပညာ ရှိသေးသလော။ ထိုသို့မဟုတ် ဤဗေဒင်အတတ်ပညာမျှသာ ရှိသလော။"-ဟုမေးသော်၊

"ချစ်သား နာဂသေန။ ဤ ငါတို့ပုဏ္ဏားအမျိုးဌ သင်ပြီးသော ဗေဒင်အတတ်ထက် လွန်သော အတတ် မရှိချေပြီ။ ဤဗေဒင်အတတ်ကိုသာလျှင် 'သင်အပ်သောအတတ်' မည်ကုန်၏။"-ဟု အဖပုဏ္ဏား ဆိုလေ၏။

၁။ ဥဒ္ဒေသ = အကျဉ်းမျှပြခြင်း။ ပါဠိဥဿန်ပြခြင်း။

mgyoe.com

 g y o e . c o m SAMPLE BOOK

ထိုအခါ နာဂသေနသတို့သားသည် ဆရာပုဏ္ဏားအား လျောက်ပတ်လာဘ်သပ်ပဏ္ဏာကို ပေး၍၊ ပြာသာဒ်ထက်မှ သက်ခဲ့၍ ရှေးကဝါသနာသည် တိုက်တွန်းနှိုးဆော်အပ်သော နှလုံးရှိလျက် ဆိတ်ငြိမ်ရာ အရပ်၌ မိမိအတတ်ပညာ၏ အစ, အလယ်, အဆုံးကို ကြည့်ရှုဆင်ခြင်သော်၊ အစ၌လည်းကောင်း, အလယ်၌လည်းကောင်း, အဆုံး၌လည်းကောင်း စဉ်းငယ်မျှ အနှစ်သာရကို မမြင်သည်ဖြစ်၍ "ဤဗေဒင်တို့သည် သြော်-အချည်းအနှီးဖြစ်ကုန်၏တကား။ ဤဗေဒင်တို့သည် သြော်-အဖျင်းဖျင်းတကား။ ဤဗေဒင်ကျမ်းတို့သည် အနှစ်သာရ မရှိကုန်တကား။"-ဟု နှလုံးမသာသည်ဖြစ်၍ မနှစ်လိုသည် ဖြစ်၏။

ထိုအခါ ရှင်ရောဟဏမထေရ်သည် ဝတ္တနိယကျောင်း၌ နေစဉ်အခိုက်၊ နာဂသေနသတို့သား၏ စိတ်အကြံကို စေတောပရိယအဘိညာဉ်ဖြင့် သိ၍ သင်းပိုင်သင်္ကန်းဝတ်ရုံလျက်၊ သပိတ်ကိုလွယ်လျက် ဝတ္တနိယကျောင်းမှ ကွယ်ခဲ့၍ 'ဂဇဂိုလ'မည်သော ပုဏ္ဏားရွာ၌ ထိုနာဂသေနသတို့သား၏ ရှေးရှုမြင်ရာ အရပ်၌ ထင်ရှားစွာပြတော်မူလေ၏။

နာဂသေနသတို့သားသည်လည်း မိမိတို့အိမ်တံခါးဝ၌ ရပ်စဉ် အဝေးမှလာလတ်သော ရှင်ရောဟဏမထေရ်ကို မြင်ရလျှင် နှလုံးဝမ်းသာ ရွှင်လန်းသောစိတ် ရှိသည်နှင့် 'ဤလာလတ်သော ရဟန်းသည် တစ်စုံတစ်ခုသော အနှစ်သာရရှိသောစကားကို သိရာလိမ့်မည်။'ဟု ရှင်ရောဟဏမထေရ်ရှိရာသို့ ချဉ်းကပ်လေ၍ ရှင်ရောဟဏမထေရ်ကို မေးဆိုလေ၏။

"ဖျော့တော့သောဖန်ရည်စွန်းသော အဝတ်ကိုဝတ်လျက် လာသော အို-အချင်း။ သင်လာလတ်သည်ကား အဘယ်အမျိုးအနွယ်နည်း။"-ဟုမေးသော် "အို-သတို့သားသူငယ်။ ငါသည် ရဟန်းအမျိုးအနွယ်တည်း။"-ဟု ပြောဆို၏။

"အို-ရှင်ရဟန်း။ သင်သည် အဘယ့်ကြောင့် ရဟန်းပြုသနည်း။"-ဟု မေးပြန်၏။

'ကေန တွံ မာရိသ ပဗ္ဗဇိတော နာမာသိ။'

'မာရိသ၊ အို-အချင်း။ တွံ၊ သင်သည်။ ကေန၊ အဘယ့်ကြောင့်။ ပဗ္ဗဇိတောနာမ၊ ရဟန်းမည်သည်'

"အကြင့်ကြောင့် ပဗ္ဗဇိတော၊ ရဟန်းပြု၏။ တသ္မာ၊ ထို့ကြောင့်။ ပဗ္ဗဇိတောနာမ၊ 'ရဟန်း'လည်းမည်၏။"ဟု အဖြေကို ဖြေလေပြီးသော်၊ ဦးခေါင်းပြည်းသည်ကို အကြောင်းပြု၍ မေးပြန်၏။

'ကိ ကာရဏာ မာရိသ ကောသာ တေ နု ယထာ အညေသန္တ။'

'မာရိသ၊ ရှင်ရဟန်း။ တေ၊ ရှင်ရဟန်း၏။ ကေသာ၊ ဦးခေါင်း၌ ဆံပင်တို့သည်။ အညေသံ၊ သူတစ်ပါးတို့၏။ ကေသာ ယထာ၊ ဆံပင်တို့ကဲ့သို့။ နု သန္တိ၊ မရှိကုန်။ ကာရဏာ၊ အကြောင်းတို့ကား။ ကိ၊ အဘယ်သို့တုံနည်း။'

 mgyoe.com SAMPLE BOOK

ဤသို့ လူနှင့်မတူသည်ကို မေးသော်-

"အို-သတို့သား။ မုတ်ဆိတ်,ဆံပင်တို့၌ ၁၆ ပါးသောအပြစ်ကို မြင်၍ ဆံ,မုတ်ဆိတ်ကို ပယ်၍ ၎ါ ရဟန်းပြု၏။"-ဟု အကျဉ်းအားဖြင့် ဖြေ၏။

ဆံ, မုတ်ဆိတ်၌ အပြစ် ၁၆ ပါး-ဟူမူကား

၁- အရောင်အဝါကို ပြုရခြင်း၌ ပလိဗောဓ ရှိရသည်။
၂- အပြေအပြစ်ပြုရခြင်း၌ ပလိဗောဓ ရှိရသည်။
၃- အစည်းအထုံးမပြေအောင်ပြုခြင်း၌ ပလိဗောဓ ရှိရသည်။
၄- ဆီလိမ်းခြင်း၌ ပလိဗောဓ ရှိရသည်။
၅- ဦးခေါင်းလျှော်ခြင်း၌ ပလိဗောဓ ရှိရသည်။
၆- ပန်းပန်လိုခြင်း၌ ပလိဗောဓ ရှိရသည်။
၇- အထုံလိမ်းကျံခြင်း၌ ပလိဗောဓ ရှိရသည်။
၈- ဦးခေါင်းလျှော်စရာ သဖန်းခါးသီး၌ ပလိဗောဓ ရှိရသည်။
၉- သျှစ်သျှားသီး၌ ပလိဗောဓ ရှိရသည်။
၁၀- ဦးသျှောင်ဆင်စရာ တန်ဆာ၌ ပလိဗောဓ ရှိရသည်။
၁၁- ဦးသျှောင်ထုံးခြင်း၌ ပလိဗောဓ ရှိရသည်။
၁၂- ဦးဖြည်းဝက်မှင်[၁]တို့၌ ပလိဗောဓ ရှိရသည်။
၁၃- ပြင်ဆင်သုတ်သင်သော ဆတ္တာသည်၌ ပလိဗောဓ ရှိရသည်။
၁၄- အစည်းအထုံးပြေသော် ပလိဗောဓ ရှိရသည်။
၁၅- သန်း၃,သန်းပျ ရှိသည်၌ ပလိဗောဓ ရှိရသည်။
၁၆- ဆံပင်အလိပ်လိပ် အတွန့်တွန့်ရှိခဲ့သော် စိုးရိမ်ပင်ပန်း ရင်ပတ်သပ်ကာ ငိုကြွေးခြင်း၌ ပလိဗောဓ ရှိရသည်။

ထိုသို့ ပလိဗောဓ ရှိရသည်ဖြစ်၍ တွေဝေမိုက်မဲခြင်းကို လူတို့သည် ရောက်တတ်ကုန်၏။

"အို-သတို့သား။ ဤ ၁၆ပါးသောပလိဗောဓ နှောက်ယှက်ခြင်းရှိကုန်သောသူတို့အား အလွန်သိမ်မွေ့သော အတတ်ပညာတို့သည် ပျက်စီးတတ်ကုန်၏။-ဟူ၍၊ ဤသို့လျှင် ဆံ,မုတ်ဆိတ်တို့၌ ၁၆ ပါးသော အပြစ်ပလိဗောဓ ရှိသောကြောင့် ပစ်ပယ်သည်။'-ဟု ဖြေဆိုပြီးသော်၊ ဖန်ရည်စွန်းသောသင်္ကန်းကို မေးပြန်၏။

၁။

 gyoe.com SAMPLE BOOK

'ကိ ကာရဏာ မာရိသ ဝတ္ထာနိပိ တေ နု ယထာ အညေသံ။'

'မာရိသ၊ ရှင်ရဟန်း။ တေ၊ ရှင်ရဟန်း၏။ ဝတ္ထာနိပိ၊ ပုဆိုးတို့သည်လည်း။ အညေထံ၊ တစ်ပါးသော သူတို့၏။ ဝတ္ထာနိ ယထာ၊ ပုဆိုးတို့ကဲ့သို့။ နု ဟောန္တု၊ မရှိကုန်။ ကာရဏာ၊ အကြောင်းကား။ ကိံ၊ အဘယ်သို့နည်း။'

'ကာမနိသိတာ ခေါ ဒါရက ဝတ္ထာနိ ကာမနိသိတာနိ ဂိဟိဗျူနဘဏ္ဍာနိ ယာနိ ကာနိစိ ဘယာနိ ဝံတ္ထတော ဥပဂ္ဂန္တိ၊ တာနိ ကာ သာဝဝသနသ နု ဟောန္တိ၊ တသ္မာ ဝတ္ထာနိပိ မေ ယထာ အညေသံ။'

'ဒါရက၊ အို-သတို့သား။ ဝတ္ထာနိ၊ လူဝတ်ပုဆိုးတို့သည်။ ခေါ၊ စင်စစ်။ ကာမနိသိတာ၊ 'ရာဂတည်း'ဟူသော ကာမကိုမှီ၍ ဖြစ်ကုန်၏။ ဂိဟိဗျူနဘဏ္ဍာနိ၊ လူအသွင်နှင့်စပ်သော ဥစ္စာဘဏ္ဍာတို့တည်း။ ကာမနိသိတာနိ၊ ကာမဂုဏ်ကိုမှီ၍ ဖြစ်ကုန်သော။ ယာနိ ကာနိစိ ဘယာနိ၊ အမှတ်မရှိတစ်စုံတစ်ခုသော ဘေးရန်တို့သည်။ ဝတ္ထတော၊ လူဝတ်ပုဆိုးကြောင့်။ ဥပဂ္ဂန္တိ၊ ဖြစ်တတ်ကုန်၏။ တာနိ၊ ထို အတွင်း,အပဘေးရန်တို့သည်။ ကာသာဝ ဝသနသ၊ ဖန်ရည်စွန်းသောပုဆိုးကို ဝတ်သောသူအား။ ယသ္မာ၊ အကြင်ကြောင့်။ နု ဟောန္တု၊ မဖြစ်ကုန်။ တသ္မာ၊ ထို့ကြောင့်။ မေ၊ ငါ၏။ ဝတ္ထာနိပိ၊ ဖန်ရည်စွန်းသော ပုဆိုးတို့သည်လည်း။ အညေသံ၊ တစ်ပါးသောသူတို့၏။ ဝတ္ထာနိယထာ၊ ပုဆိုးတို့ကဲ့သို့။ နု ဟောန္တိ၊ မဖြစ်ကုန်။'

ထိုသို့ဖြေပြီးသော်၊ ''ရှင်ရဟန်း-အတတ်ပညာတို့ကို တတ်ပါ, သိပါသလော။''-ဟုမေးသော်၊

''သတို့သား။ ငါသည် လောကဋ္ဌ အတတ်ပညာကိုလည်း တတ်၏။ လောကထက် မြတ်သော အတတ်ပညာကိုလည်း တတ်၏။''-ဟု ဆို၏။

''ရှင်ရဟန်း။ အကျွန်ုပ်အား ထိုမြတ်သောအတတ်ပညာကို ပေးခြင်းငှာ တတ်ကောင်းပါ၏လော။''-ဟုဆိုသော်၊ ''သတို့သား။ ငါတတ်နိုင်၏။''-ဟု ဆို၏။

''ထိုသို့တပြီးကား အကျွန်ုပ်အား ပေးပါလော့။''-ဟု ခွင့်တောင်းလျှင်။ ''သတို့သား။ အခါကာလ မဟုတ်။''-ဟုဆို၍ အိမ်သို့ ဝင်ကြလေ၏။

ထိုအခါ နာဂသေနသတို့သားသည် ရှင်ရောဟဏမထေရ်လက်မှ သပိတ်ကိုယူ၍ အိမ်တွင်းသို့ ရောက်လျှင် ကောင်းမွန်သော ခဲဖွယ်တို့ကို မိမိလက်ဖြင့်ကိုင်၍ ရောင့်ရဲစေ၏။

ဆွမ်းစားပြီး၍ သပိတ်မှ လက်လွှတ်ပြီးသော် ရှင်ရောဟဏမထေရ်ကို ''ရှင်ရဟန်း။ ကျွန်ုပ်အား အတတ်ပညာ ပေးပါလော့။''-ဟုဆိုလျှင်၊ ''သတို့သား။ သင်သည် ပလိဗောဓ ကြောင့်ကြကင်းသည် ဖြစ်အံ့။ မိခင်,ဖခင်တို့ကို အနုညာတ ခွင့်လွှတ်စေပြီးသည် ဖြစ်အံ့။ ငါသည်ယူအပ်သော ရဟန်းအသွင်ကဲ့သို့ ယူသည်ဖြစ်အံ့။ အတတ်ပညာကို ငါပေးအံ့။''-ဟုဆိုလေ၏။

 mgyoe.com SAMPLE BOOK

ထိုအခါ နာဂသေနသူငယ်သည် မိခင်ဖခင်တို့သို့ ကပ်၍၊ ''အို-မိခင်,ဖခင်တို့။ ဤရှင်ရဟန်းသည် 'လောကဒ္ဓ မြတ်သောအတတ်ကို သိသည် တတ်သည်။'-ဟုဆို၏။ မိမိအထံ၌ မိမိကဲ့သို့ ရဟန်းမပြုသောသူအား မပေးချေ။ ကျွန်ုပ်သည် ထိုရဟန်း၏အထံ၌ ရဟန်းပြု၍ ထိုမြတ်သောအတတ်ကို သင်ပါယူပါအံ့။''-ဟု ဆို၏။

ထိုအခါ မိခင်,ဖခင်တို့သည် ''ငါတို့သားသည် ရဟန်းပြု၍ မြတ်သောအတတ်ကို သင်ပါစေတော့။ အတတ်ပညာသင်ပြီးလျှင် တစ်ဖန် အိမ်သို့လာလတ္တံ့။''-ဟု အောက်မေ့ကုန်လျက်၊ ''ချစ်သား။ သူကဲ့သို့ ဖန်ရည်စွန်းသောအဝတ်ကိုဝတ်လျက် ရဟန်းပြု၍ မြတ်သောအတတ်ကို သင်ယူလော။''-ဟု အနုညာတ ခွင့်ပြုလေ၏။

နာဂသေန ရှင်ပြုခြင်း။

ထိုအခါ ရောဟဏမထေရ်သည် နာဂသေနသတို့သားကိုယူ၍ အကြင်အရပ်၌ ဝတ္တနိယကျောင်းအရံသည် ရှိ၏။ ထိုအရပ်၌ ဝိဇ္ဇာဝတ္ထုကျောင်းအရံသည် ရှိ၏။ ထိုကျောင်းတိုက်ရှိရာသို့ ကပ်ပြီးသော် ဝိဇ္ဇာဝတ္ထုကျောင်းအရံ၌ တစ်ညဉ့်မျှအိပ်၍ ဟိမဝန္တာတောင်၌ ရက္ခိတအပြင်သို့ရောက်လျှင် ကုဋ္ဌေအရာမျှလောက်သော ရဟန္တာတို့၏အလယ်၌ နာဂသေနသတို့သားကို ရှင်ပြုစေ၏။

ရှင်နာဂသိန်သည် ရှင်ဖြစ်ပြီးသော် ရှင်ရောဟဏမထေရ်ကို ''အရှင်ဘုရား။ အကျွန်ုပ်သည် အရှင်ဘုရား၏အသွင်ကို ယူအပ်ပြီ။ အကျွန်ုပ်အား မြတ်သောအတတ်ကို ဤအခါ၌ ပေးတော်မူလော့။''-ဟု ခွင့်တောင်းလေ၏။

ထိုအခါ အရှင်ရောဟဏမထေရ်သည် 'နာဂသေနသာမဏေကို ဝိနည်း, သုတ္တန်, အဘိဓမ္မာပိဋကတ်တို့တွင် အာဘယ်ပိဋကတ်ကို ရွေးဦးစွာ သင်စေရမည်နည်း။'-ဟု အကြံပြုသည်ရှိသော်၊ 'ဤနာဂသေနသာမဏေသည် စင်စစ် ပညာနှင့် ပြည့်စုံ၏။ ချမ်းသာသဖြင့် ရွေးဦးစွာ အဘိဓမ္မာတရားတော်ကို သင်ခြင်းငှာ တတ်နိုင်၏။'-ဟု၊ ရွေးဦးစွာ အဘိဓမ္မာကို 'ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ' အစရှိသော တိတ် ဒုက်တို့ဖြင့် တန်ဆာဆင်အပ် ဝေဖန်အပ်သော 'ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာပဋ္ဌာ, ယမိုက်, ပဋ္ဌာန်း'ဟုဆိုအပ်သော အလုံးစုံသော အဘိဓမ္မာ ၇ ကျမ်းကို အကျဉ်းအားဖြင့် သင်ပြီးသော်၊

''အရှင်ဘုရား။ ဤရွေ့မျှလောက်ဖြင့် ရပ်တော်မူပါဦး။ တပည့်တော် နှုတ်တက်ရအောင် သရဇ္ဈာယ်ပါဦးမည်။''-ဟု ဆိုလေ၏။

ထိုအခါ ရှင်နာဂသေနသည် ကုဋ္ဌေအရာမျှလောက်သော ရဟန်းတို့သို့ ချဉ်းကပ်လေ၍ ''အရှင်ဘုရားတို့။ တပည့်တော်သည် 'ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ' ဟူသော ဤတိတ်ဒုက်တို့၌ အလုံးစုံသော ပရမတ္ထတရားကိုထည့်၍ အဘိဓမ္မာပိဋကတ်ကို အကျယ် အဋ္ဌကထာနှင့်တကွ ဆုံးဖြတ်နိုင်ပါ၏။''-ဟုဆိုသော်၊

 gyoe.com SAMPLE BOOK

"အရှင်နာဂသေန။ ကောင်းပြီ။ အဘိဓမ္မာပိဋကတ်ကို အကျယ်အားဖြင့် ဆုံးဖြတ်လေလော့။"-ဟုဆိုကြလျှင်၊ ရှင်နာဂသေနသာမဏေသည် ၇ လတို့ပတ်လုံး အဘိဓမ္မာ ၇ ကျမ်းတို့ကို အကျယ်အားဖြင့် ဆုံးဖြတ်၏။ မြေကြီးသည် ပဲ့တင်ထပ်၏။ နတ်တို့သည် ကောင်းချီးပေး၏။ ဗြဟ္မာတို့သည် လက်ပမ်းပေါက်တီးကုန်၏။ နတ်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့်, နတ်တို့၏ပန်းမိုးတို့သည် ထင်ရှားစွာ ရွာကုန်၏။

ထို့နောက် ကုဋေအရာမျှလောက်သော ရဟန္တာတို့သည် နာဂသေနသာမဏေကို အနှစ် ၂၀ ပြည့်ပြီးသော် ရက္ခိတအပြင်၌ ပဋိဉာဉ်ခံကြကုန်၏။

နာဂသေန ပဋိဉာဉ်ဖြစ်ပြီးသော် ထိုညဉ့်လွန်သဖြင့် နံနက်အခါ သင်းပိုင်သက်နှံးဝတ်၍ သပိတ်လွယ်လျက် ဥပဇ္ဈာယ်ဖြစ်သော ရှင်ရောဟဏနှင့်တကွ ရွာတွင်းသို့ ဆွမ်းအလို့ငှာ ဝင်သည်ရှိသော်၊ 'ငါ၏ဥပဇ္ဈာယ်ဆရာသည် အချည်းနှီးတကား၊ မိုက်စွတကား။ မြတ်စွာဘုရားဟောတော်မူအပ်သော တရားတော်ကို အကြွင်းထား၏။ ငါ့အား အဘိဓမ္မာတရားကိုသာ သွန်သင်ပြသ ဆုံးမ၏။'-ဟု အကြံရှိသည်ဖြစ်၏။

ထိုအခါ ရောဟဏမထေရ်သည် ရှင်နာဂသေန၏စိတ်အကြံကို သိ၍ ရှင်နာဂသေနကို "ငါ့ရှင်နာဂသေန။ သင်သည် မလျောက်ပတ်သောအကြံကို ကြံ၏။"-ဟုဆိုလျှင်၊ ထိုအခါ ရှင်နာဂသေနသည် 'ဩော်-အံ့ဖွယ်ရှိစွတကား။ မဖြစ်ဖူးလေစွတကား။ ငါ၏ဆရာသည် ပညာရှိပေ၏တကား။ ဥပဇ္ဈာယ်ကို ငါသည် ကန့်တော့ရမူ ကောင်း၏။'-ဟု အကြံရှိလေ၍၊ ရှင်ရောဟဏမထေရ်ကို "အရှင်ဘုရား။ သည်းခံတော်မူပါ။ တပည့်တော် ကန့်တော့ပါ၏။ တစ်ဖန် ဤကဲ့သို့သော အကြံအစည်ကို မကြံဝံ့ပြီ။"-ဟုဆိုလေ၏။

အဿဂုတ္တမထေရ်နှင့် ရှင်နာဂသိန်

ထိုအခါ ရှင်ရောဟဏမထေရ်သည် ရှင်နာဂသေနကို "ငါ့ရှင်နာဂသေန။ ဤမျှဖြင့် ငါသည်းမခံသာသေး ငါ့ရှင်နာဂသေန။ 'သာဂလ'အမည်ရှိသောမြို့၌ 'မိလိန္ဒ'အမည်ရှိသောမင်းသည် မှင်းအဖြစ်ကို ပြု၏။ ထိုမိလိန္ဒမင်းသည် မိမိအယူဝါဖြင့် အမေးပုစ္ဆာပြဿနာကို မေး၍ ရဟန်းသင်္ဃာတော်အပေါင်းကို ညှဉ်းဆဲ၏။ သင်သည် ထိုသဂလမြို့သို့သွား၍၊ ထိုမိလိန္ဒမင်းကို ဆုံးမ၍ ဘုရားသခင်သာသနာတော်ကို ကြည်ညိုစေသည် ဖြစ်အံ့။ သင်ကန့်တော့ခြင်းကို ငါ သည်းခံမည်။"-ဟုဆိုလေသော်၊

"အရှင်ဘုရား။ မိလိန္ဒမင်းတစ်ယောက်ကို မဆိုထားဘိဦး။ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ အလုံးစုံသောမင်းတို့သည် လာကြကုန်လျက် တပည့်တော်အား ပြဿနာကိုမေးသည် ဖြစ်စေကုန်။ ထိုသို့အလုံးစုံသောအမေးကို တပည့်တော် ဖြေနိုင် ဘဖွင့်နိုင်ပါ၏။ အရှင်ဘုရား-သည်းခံတော်မူပါ။"-ဟု တောင်းပန်သော်လည်း၊ "ငါ သည်းမခံသာသေး။"-ဟု ဆရာဆိုလျှင်၊

"အရှင်ဘုရား။ ဝါတွင်း ၃ လပတ်လုံး အဘယ်ဆရာ၏အထံ၌ တပည့်တော် နည်းခံရပါအံ့။"-ဟုဆိုသော်၊

 mgyoe.com SAMPLE BOOK

"ငါ့ရှင်နာဂသေန။ အဿဂုတ္တမထေရ်ထံသို့ သင်သွားချေ။ ငါ မှာလိုက်အပ်သောစကားဖြင့် အဿဂုတ္တအရှင်မြတ်၏ခြေကို ရှိခိုးလေ။ ထိုအဿဂုတ္တမထေရ်ကို 'အရှင်ဘုရား။ တပည့်တော်၏ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရားတို့၏ခြေကို ရှိခိုးလိုက်ပေ၏။ ကြောင့်ကြကင်းသည်၊ အနာကင်းသည်၊ ပေါ့ပါးလျင်လျား ထကြွခြင်းရှိသည်ဖြစ်၍ ချမ်းသာစွာ သီတင်းသုံးရကြောင်းကိုလည်း သင် လျှောက်မေးလေ။ ဤဝါတွင်း ၃ လပတ်လုံးလည်း အရှင်ဘုရားတို့၏အထံတော်၌ တပည့်တော်ကို နေစိမ့်သောငှာ စေလိုက်ပါ၏။'-ဟု လျှောက်ဆိုလေ။

" 'သင်၏ဥပဇ္ဈာယ်သည် အဘယ်အမည်ရှိသနည်း။'-ဟုမေးသော်၊ 'အရှင်ဘုရား။ တပည့်တော်၏ဆရာသည် ရောဟဏမထေရ်'-ဟုလျှောက်ဆိုလေ။ 'ငါကား အဘယ်အမည် ရှိသနည်း။'-ဟုမေးသော်၊ 'အရှင်ဘုရား၏ နာမတော်အမည်ကို တပည့်တော်၏ဆရာ သိပါ၏။'-ဟု လျှောက်လေ။"-ဟု ဆိုလေ၏။

ဤစကားသည် ငယ်သောသူတို့သည် သီတင်းကြီးအား ရှေးကာလပညာရှိတို့ အရိုအသေပြု၍ ပြောဆိုလေ့သောစကား ဖြစ်သည်။ ရှင်နာဂသေနသည် ဆရာက 'အဿဂုတ္တမထေရ်ထံသို့ သွားလေ။'-ဟု ဆိုဆဲသောကာလကပင် အဿဂုတ္တမထေရ်၏အမည်ကို သိလေပြီး ဖြစ်သည်။ သို့ဖြစ်သော်လည်း ပညာရှိတို့သည် အမည်နာမကိုမျှလည်း တိုက်ရိုက် ဖော်မပြ။ အတိဂါရဝစကားကိုသာ ရှာ၍ ပြောဆိုကြကုန်သည်။ -ဟု နည်းကို ယူအပ်လေသည်။ ။ဤကား စကားချပ်။

ထိုအခါ ရှင်နာဂသေနသည် 'ကောင်းပါပြီ'ဟု ဝန်ခံ၍ ရှင်ရောဟဏမထေရ်ကို လက်ယာရစ်ရှိခိုး၍ သပိတ်,သင်္ကန်းကိုယူလျက် အစဉ်အတိုင်း သွားလေသော်၊ ဝတ္တနိယကျောင်းအရပ်၌ အဿဂုတ္တမထေရ်ရှိရာသို့ ချဉ်းကပ်၍ ရှင်အဿဂုတ္တမထေရ်ကို ရိုသေစွာရှိခိုးပြီးသော်၊ တင့်အပ်သောအရပ်၌နေ၍ နာဂသေနသည် အရှင်အဿဂုတ္တမထေရ်ကို "အရှင်ဘုရား။ တပည့်တော်၏ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရား၏ခြေတော်ကို ရှိခိုးလိုက်ပေ၏။ 'ကြောင့်ကြကင်းသည်၊ အနာကင်းသည်၊ ပေါ့ပါးသော ထကြွခြင်းရှိသည် ဖြစ်၍ ချမ်းသာစွာ သီတင်းသုံးရကြောင်းကို မေးလေ။'-ဟူသောစကားကိုလည်း မှာလိုက်အပ်သည်။ ဤဝါတွင်း ၃ လပတ်လုံးလည်း အရှင်ဘုရားအထံတော်၌ နေစိမ့်သောငှာ တပည့်တော်ကို စေအပ်သည်။"-ဟုဆို၏။

ထိုအခါ အဿဂုတ္တမထေရ်သည် ရှင်နာဂသေနကို "သင်၏အမည်သည် အဘယ်အမည် ရှိသနည်း။"-ဟုမေးသော်၊ "အရှင်ဘုရား။ တပည့်တော်အမည်သည် နာဂသေန။"-ဟု လျှောက်လေ၏။

"သင်၏ဆရာသည် အဘယ်သူနည်း။"-ဟုမေးသော်၊ "အရှင်ဘုရား။ တပည့်တော်ဆရာ၏ အမည်သည် 'ရောဟဏ'အမည်ရှိ၏။"-ဟု လျှောက်လေ၏။

"ငါ၏အမည်ကား အဘယ်အမည်ရှိသနည်း။"-ဟု မေးသော်၊ "အရှင်ဘုရား။ အရှင်ဘုရားတို့၏ အမည်နာမတော်ကို တပည့်တော်ဆရာ သိပါ၏။"-ဟုလျှောက်လေလျှင်၊

 mgyoe.com SAMPLE BOOK

"နာဂသေန။ ညြော်-ကောင်းပြီ။ သပိတ်,သင်္ကန်း သိမ့်မိုးလေ။"-ဟု ဆို၏။

နာဂသေနသည် တစ်ဖန် မိုးသောက်သောနေ့၌ ပရိဝုဏ်ကို တံမြက်လှည်းခြင်း၊ မျက်နှာသစ်ရေ, ဒန်ပူ ဝတ်တည်ခြင်းကို ပြု၏။ အသဂုတ္တမထေရ်သည် နာဂသေန တံမြက်လှည်းပြီးသောအရပ်ကိုပင် တစ်ဖန် တံမြက်လှည်းပြန်၏။ နာဂသေနထားအပ်သော မျက်နှာသစ်ရေ, ဒန်ပူတို့ကို ပစ်ခွန့်၍ တစ်ပါးသော မျက်နှာသစ်ရေ, ဒန်ပူတို့ကို သုံးဆောင်၏။ စကားပြောဟောခြင်းကိုလည်း မပြု။ ထို့အတူ ၇ ရက် တိုင်တိုင်ပြု၍ နေလေ၏။

ထို့နောက် တစ်ဖန် ရှေးနည်းအတူ မေးပြန်သော် ရှေးနည်းအတိုင်း နာဂသေန လျှောက်လျှင် 'ဝါဆိုတော့်'ဟု ခွင့်ပေး၏။

ထိုအခါ သရဏဂုံ ၃ ပါး နှင့်ပြည့်စုံသော ဒါယိကာမကြီးတစ်ယောက်သည် အရှင်အသဂုတ္တမထေရ်ကို အနှစ် ၃၀ တို့ပတ်လုံး လုပ်ကျွေးမွေး၏။

ထိုအခါ ထိုဒါယိကာမကြီးသည် ဝါတွင်း ၃ လ လွန်သဖြင့် ရှင်အသဂုတ္တမထေရ်သို့ကပ်၍, အသဂုတ္တမထေရ်ကို "ချစ်သား။ အရှင်ဘုရားတို့၏ထံ၌ တစ်ပါးသောရဟန်း ရှိသလော။"-ဟု မေးလေသော်၊

"ဒါယိကာမ။ ငါ၏အထံ၌ 'နာဂသေန'အမည်ရှိသောရဟန်းသည် ရှိ၏။"-ဟုဆိုသော်၊

"ချစ်ရှင်အသဂုတ္တ။ နာဂသေနအရှင်နှင့်အတူ နက်ဖြန် ဆွမ်းဖိတ်ပါ၏။"-ဟုဖိတ်သော် မထေရ်သည် တုဏှီဘာဝဖြင့် သည်းခံလေ၏။

ထိုအခါ အသဂုတ္တမထေရ်သည် ထိုညဉ့်လွန်သဖြင့် မိုးသောက်သောအခါ သင်းပိုင်သင်္ကန်းဝတ်၍ သပိတ်ကိုလွယ်လျက်၊ နောက်လိုက် နာဂသေနနှင့်အတူတကွ ဒါယိကာမအိမ်သို့ ကပ်၍ ခင်းအပ်သော နေရာ၌ နေ၏။

ထိုအခါ ဒါယိကာမသည် အသဂုတ္တမထေရ်ကို လည်းကောင်း၊ ရှင်နာဂသေနကို လည်းကောင်း မြတ်သော ခဲဖွယ်စားဖွယ်ဖြင့် မိမိကိုယ်တိုင် ရောင့်ရဲစေ၏။ 'တန်ပြီ'ဟု မြစ်စေ တားစေ၏။ ထိုအခါ အရှင်အသဂုတ္တမထေရ်သည် ဆွမ်းစားပြီး၍ သပိတ်မှ လက်လွတ်ပြီးသော် ရှင်နာဂသေနကို "ငါ့ရှင် နာဂသေန။ ဒါယိကာမကြီးအား တရားအနုမောဒနာ ပြုလော။"-ဟုဆို၍၊ နေရာမှထ၍ သွားလေ၏။

ထိုအခါ ဒါယိကာမသည် အရှင်နာဂသေနကို "ချစ်ရှင်နာဂသေန။ တပည့်တော်မသည် အသက်အရွယ် ကြီးခဲ့ပြီ။ နက်နဲသောတရားစကားဖြင့် တပည့်တော်မအား အနုမောဒနာ ပြုတော်မူပါလော့။"-ဟု ခွင့်တောင်းလေ၏။

ထိုအခါ ရှင်နာဂသေနသည် ထိုဒါယိကာမကြီးအား နက်နဲသောတရားစကားတို့ဖြစ်သော သုညတ မဂ်, ဖိုလ်, နိဗ္ဗာန်နှင့်စပ်ယှဉ်သဖြင့် တရားအနုမောဒနာကို ပြု၏။ ထိုအခါ ဒါယိကာမကြီးသည် ထိုနေရာ၌ ပင်လျှင် 'ကိလေသာ'ဟူသော မြူမရှိ အညစ်အကြေးမရှိသည် ဖြစ်၍ "အလုံးစုံသော ဖြစ်ခြင်းသဘော ဟူသမျှသည် ရှိ၏။ ထိုတရားအပေါင်းသည် နိဗ္ဗာန်သို့ရောက်သော် ချုပ်လေ၏။"

ဤသို့မြင်သော 'သောတာပတ္တိ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တည်း'-ဟူသော တရားမျက်စိသည် ထင်ရှားစွာဖြစ်၏။

ရှင်နာဂသေနမထေရ်သည်လည်း ထိုဒါယိကာမအား 'တရားအနုမောဒနာကို ပြုပြီး၍ မိမိသည် ဟောအပ်သောတရားကို ဆင်ခြင်လျက် ဝိပဿနာကို ပွားစေသော် ထိုနှစ်ပင်လျှင် သောတာပတ္တိဖိုလ်တည်လေ၏။

ထိုအခါ အဿဂုတ္တမထေရ်သည် ကျောင်းတလင်းအပြင်၌ နေစဉ် "၂ ယောက်သောသူတို့အား 'တရားတည်း' ဟူသော မျက်စိကို ရစေပြီ။ ရခြင်းကိုဖြစ်စေပြီ။-ဟု သာဓု သာဓု နာဂသေန။ တစ်ချောင်းတည်း ရိုက်အပ်သောဆူးဖြင့် ၂ ခုသော ကိုယ်တို့သည် ကွဲလေကုန်၏။"-ဟု ကောင်းချီးကို ဖြစ်စေ၏။

ဓမ္မရက္ခိတထေရ်

ထိုအခါ အရှင်နာဂသေနသည် နေရာမှထ၍၊ အရှင်အဿဂုတ္တမထေရ်ရှိရာသို့ ချဉ်းကပ်လေ၍ အရှင်အဿဂုတ္တမထေရ်ကို ရိုသေစွာ ရှိခိုးလျက်နေ၏။ လျောက်ပတ်စွာနေသော ရှင်နာဂသေနကို ရှင်အဿဂုတ္တမထေရ်သည် "အို-နာဂသေန။ သင်သည် ပါဋ္ဌလိပုတ်ပြည်သို့ သွားချေ။ ပါဋ္ဌလိပုတ်ပြည် အသောကာရုံကျောင်း၌ ရှင်ဓမ္မရက္ခိတမထေရ်သည် သီတင်းသုံးနေ၏။ ထိုအရှင်ဓမ္မရက္ခိတမထေရ်၏အထံ၌ ဘုရားဟောတော်မူသော ပိဋကတ်ကို သင်ချေလော့။"-ဆိုလျှင်၊ "အရှင်ဘုရား။ ဤဝတ္တနိယကျောင်းတော် အရပ်မှ ပါဋ္ဌလိပုတ်မြို့သည် အဘယ်မျှလောက် ခရီးဝေးသနည်း။"-ဟုမေးသော်၊ "၎င်္ဂါရှင်နာဂသေန။ ယူဇနာ ၁၀၀ ရှိ၏။"-ဟုဆို၏။

"အရှင်ဘုရား။ ခရီးသည် ဝေးခဲ့၏။ ခရီးအကြား၌ ဆွမ်းရခဲသည် ဖြစ်အံ့။ တပည့်တော် အဘယ်သို့ ရောက်နိုင်အံ့နည်း။"-ဟု မေးပြန်၏။

"၎င်္ဂါရှင်နာဂသေန။ ခရီး၏အကြား၌ များစွာသော ဆွမ်းခဖွယ် လက်သုပ်ဟင်းလျာကို ရလတ္တံ့။"-ဟု အရှင်အဿဂုတ္တမထေရ် ဆိုလျှင်၊ "အရှင်ဘုရား။ ကောင်းပါပြီ။"-ဟု ဝန်ခံ၍၊ ရှင်နာဂသေနသည် အဿဂုတ္တမထေရ်ကို ရိုသေစွာရှိခိုးခြင်း လက်ျာရစ်လှည့်ခြင်းကို ပြု၍ သင်္ကန်း၊သပိတ် ယူလျက် ပါဋ္ဌလိပုတ်ပြည်သို့ ဒေသစာရီ သွားလေ၏။

ထိုအခါ ပါဋ္ဌလိပုတ်ပြည်၌ သူဌေးတစ်ယောက်သည် လှည်း ၅၀၀ တို့ဖြင့် ပါဋ္ဌလိပုတ်သို့ ပြန်သွားစဉ် ရှင်နာဂသေန အဝေးမှလာသည်ကို မြင်လျှင် လှည်းတို့ကို ခရီး လွှဲစေ၍၊ ရှင်နာဂသေနသို့ ချဉ်းကပ်လျက် ရိုသေစွာရှိခိုး၍၊

"အို-ချစ်ရှင်။ အဘယ်အရပ်သို့ ကြွတော်မူမည်နည်း။"-ဟုမေးသော်၊ "သူကြွယ်။ ပါဋ္ဌလိပုတ်မြို့သို့သွားအံ့။"-ဟုဆိုလျှင်၊

"အို-ချစ်ရှင်။ ကောင်းလှပါပြီ။ အကျွန်ုပ်သည် ပါဋ္ဌလိပုတ်မြို့သို့သွားပါအံ့။ အကျွန်ုပ်တို့နှင့်အတူ ချမ်းသာစွာ ကြွတော်မူပါလော့။"-ဟု ဆိုလေ၏။

www.mgyoe.com SAMPLE BOOK

ထိုအခါ ပါဠလိပုတ်သူဌေးသည် ရှင်နာဂသေန၏ ဣရိယာပုထ်တို၌ သဒ္ဓါကြည်ညိုသည်ဖြစ်၍၊ ရှင်နာဂသေနကို မြတ်သောခဲဖွယ်စားဖွယ်တို့ဖြင့် မိမိကိုယ်တိုင် ရောင့်ရဲစေ၍ ဆွမ်းစားပြီးလျှင် သပိတ်မှ လက်လွှတ်ပြီးသော် လျောက်ပတ်သောအရပ်၌ နေလျက်၊ ရှင်နာဂသေနကို သူဌေးသည် "ချစ်ရှင်။ ရဟန်းသည် အဘယ်သို့ အမည်နာမရှိသနည်း။"-ဟုဆို၏။

"သူကြွယ်။ ငါကား 'နာဂသေန'အမည် ရှိ၏။"-ဟု ဆိုလျှင်၊ "ချစ်ရှင် နာဂသေန။ အရှင်သည် မြတ်စွာဘုရားဟောတော်မူအပ်သော တရားတော်ကို သိတော်မူပါ၏လော။"-ဟုမေးသော်၊ "သူကြွယ်။ အဘိဓမ္မာပိဋကတ်ကို ငါတော်၏။"-ဟုဆို၏။

ထိုအခါ သူဌေးသည် 'ဩော်-ငါကား အရတော်ပေစွ။'-ဟု ဝမ်းမြောက်ဝမ်းသာရှိသဖြင့် "ချစ်ရှင်။ အကျွန်ုပ်လည်း အဘိဓမ္မာပိဋကတ်ကို သင်ကြားဖူးသော်သူ၊ အရှင်ဘုရားလည်း အဘိဓမ္မာကို သင်ကြားဖူးသောအရှင် ဖြစ်သည်။ အဘိဓမ္မာတရားစကားကို ပြောဟောပါလော့။"-ဟုဆို၏။

ထိုအခါ အရှင်နာဂသေနသည် ပါဠလိပုတ်သူဌေးအား အဘိဓမ္မာဒေသနာကို ဟောလေ၏။ ထိုသူဌေးအား သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သည် ထင်ရှားစွာဖြစ်လေ၏။

ပါဠလိပုတ်သူဌေးသည် ၅၀၀ သောလှည်းတို့ကို ရွေးဦးစွာနှင်စေ၍၊ မိမိသည် လှည်းနောက်က လိုက်၍၊ ပါဠလိပုတ်မြို့၏အနီး ခရီး ၂ ဖြာ၌ ရပ်၍၊ "အရှင်နာဂသေန။ ဤခရီးသည် အသောကာရုံကျောင်းတော်သို့သွားသော ခရီးတည်း။ ချစ်ရှင်-အကျွန်ုပ်၏ ကမ္မလာပုဆိုးသည် အလျားအားဖြင့် ၁၆ တောင်-အနံအားဖြင့် ၈ တောင် ရှိ၏။ အကျွန်ုပ်ကို အစဉ်သနားပါသဖြင့် ဤကဲ့မ္မလာပုဆိုးကို ခံတော်မူပါ။"-ဟု တောင်းပန်၍ လှူလေသော်၊ ရှင်နာဂသေနသည် ထိုကမ္မလာရတနာကို ခံလေ၏။ ထိုအခါ ပါဠလိပုတ်သူဌေးသည် ဝမ်းမြောက်ဝမ်းသာ နှစ်သက်ရွှင်လန်းခြင်းသဘောရှိသည်ဖြစ်၍ ရှင်နာဂသေနကို ရှိခိုးလျက် လက်ယာရစ်လှည့်၍ သွားလေ၏။

ထိုရှင်နာဂသေနမထေရ်သည် အသောကာရုံကျောင်းတော်၌ ရှင်ဓမ္မရက္ခိတသို့ကပ်လျက် ရှင်ဓမ္မရက္ခိတမထေရ်ကို ရိုသေစွာရှိခိုး၍၊ မိမိ၏ လာသောအကြောင်းကို လျှောက်ဆို၍၊ ရှင်ဓမ္မရက္ခိတမထေရ်၏အထံ၌ ပိဋကတ် ၃ ပုံဖြစ်သော တရားစကားကို အကျဉ်းဥဒ္ဒေသပါဠိဖြင့် ၃ လပတ်လုံး သင်ကြားပြီး၍ တစ်ဖန် ၃ လပတ်လုံး အဋ္ဌကထာအားဖြင့် နှလုံးသွင်းလေ၏။

ထိုအခါ ရှင်ဓမ္မရက္ခိတမထေရ်သည် ရှင်နာဂသေနကို "ငါ့ရှင် နာဂသေန။ ဥပမာအားဖြင့် ဆိုသော် နွားကျောင်းသားသည် နွားကို ကျောင်း၏။ တစ်ပါးသောသူသည် နွားနို့အရသာကို သုံးဆောင် ရလေသကဲ့သို့၊ ထို့အတူ ငါ့ရှင်နာဂသေနသည် ပုထုဇဉ်ရဟန်းဖြစ်၍ ပိဋကတ် ၃ ပုံကို ဆောင်ရွက်ပါသော်လည်း လော်ကုတ္တရာတရားအရသာကို ခံစားရသောအဖို့ မရှိလေ။"-ဟုဆိုသော်၊ "အရှင်ဘုရား။ ထိုသို့ ဖြစ်လင့်စေဦး။ ဤစကားမျှဖြင့် သည်းခံတော် မူတန်ပြီ။"-ဟုဆို၍ ထိုညဉ့် ထိုနေ့အဖို့ဖြင့် ၄ပါးသော ပဋိသမ္ဘိဒါနှင့် တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

 mgyoe.com SAMPLE BOOK

ရှင်နာဂသေနအား သစ္စာ ၄ ပါးတို့ကို ထိုးထွင်း၍ သိသည်နှင့်တစ်ပြိုင်နက် ခပ်သိမ်းသော နတ်တို့သည် ကောင်းချီးပေးကြကုန်၏။ မြေကြီးသည် ပဲ့တင်ထပ်၏။ ဗြဟ္မာတို့သည် လက်ပမ်းပေါက် ခတ်ကုန်၏၊ နတ်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့်, ထင်ရှားပန်းတို့သည် ဖရိဖရဲရွာကုန်၏။

ထိုအခါ ကုဋေအရာမျှလောက်သော ရဟန္တာတို့သည် ဟိမဝန္တာတောင် ရက္ခိတအပြင်၌ စည်းဝေး၍ ရှင်နာဂသေနအထံသို့ တမန် စေလွှတ်ကြကုန်၏။

ရှင်နာဂသေနသည် တမန်ရဟန်း၏စကားကို ကြားလျှင် အသောကာရုံကျောင်းတော်မှ ကွယ်ခဲ့၍ ဟိမဝန္တာရက္ခိတအပြင်၌ ကုဋေအရာမျှလောက်သော ရဟန္တာတို့ရှေ့၌ ထင်ရှားစွာဖြစ်၏။

ထိုအခါ ရှင်နာဂသေနကို ရဟန္တာတို့သည် ''ငါ့ရှင်။ မိလိန္ဒမင်းသည် စကားကို စကားချင်း နှိပ်စက်သဖြင့် ပြဿနာကိုမေး၍ ရဟန်းသင်္ဃာတို့ကို ညှဉ်းဆဲ၏။ ငါ့ရှင်-သွားချေ။ ငါတို့သည် တောင်းပန်ပါ၏။ ထိုမိလိန္ဒမင်းကို ဆုံးမချေ။''-ဟု ဆိုကြကုန်၏။

ထိုသို့ဆိုသော် ''အရှင်ဘုရားတို့။ မိလိန္ဒမင်းတစ်ယောက်ကို ထားဘိဦး။ ဇမ္ဗူဒီပါ၌ မင်းအပေါင်းတို့သည် လာ၍ တပည့်တော်အား ပြဿနာ မေးကြကုန်အံ့။ အလုံးစုံကို ဖြေ၍ ဖွင့်လှစ်နိုင်ပါ၏။ အရှင်ဘုရားတို့ ကြောက်ရွံ့ခြင်းမရှိ သာဂလမြို့ဘို့ ကြွတော်မူပါကုန်။''-ဟု ဆိုလျှင်၊ ထိုအခါ မထေရ်ကြီးတို့သည် သာဂလမြို့ကို သင်္ကန်းရောင်ဖြင့် ပြောင်ပြောင်တောက်စေ၍ ရဟန်းတို့ ဝတ်ရုံအပ်သော သင်္ကန်းလေဖြင့် လှိုင်သည်ကို ပြကြကုန်၏။

အာယုပါလမထေရ်နှင့် မိလိန္ဒမင်း

ထိုအခါ 'အာယုပါလ'မည်သောအရှင်သည် 'သရော်ယျ'မည်သော ပရိဝုဏ်၌ သီတင်းသုံးနေ၏။

မိလိန္ဒမင်းသည် အမတ်တို့ကို ''အချင်းအမတ်တို့။ ဤညဉ့်သည် မြူမွှေးကင်းသည်ဖြစ်၍ မွေ့လျော်ဖွယ်ရှိစွ။ ဤအခါ အဘယ်မည်သော ရဟန်း,ပုဏ္ဏားသို့ ချဉ်းကပ်၍ စကားဆွေးနွေးခြင်းငှာ၊ အမေးပြဿနာကို မေးခြင်းငှာ သွားရကုန်အံ့နည်း။ အဘယ်သူသည် ငါနှင့် စကားပြောဟောခြင်းငှာ စွမ်းနိုင်အံ့နည်း။ ငါ၏ ယုံမှားသင်္ကာကို ဖျောက်နိုင်အံ့နည်း။''-ဟု ဤသို့ မေးသည်ရှိသော် ၅၀၀ သော ယောနကအမျိုးတို့သည် မိလိန္ဒမင်းကို

''မြတ်သောမင်းကြီး။ အာယုပါလမထေရ်ကြီးသည် ပိဋကတ် ၃ ပုံကို တတ်၏။ များသော အကြားအမြင် ရှိ၏။ ပါဋိအာဂုံကို ဆောင်၏။ ဤယခုအခါ သရော်ယျ ပရိဝုဏ်၌ သီတင်းသုံးနေ၏။ အရှင်မင်းကြီး ကြွတော်မူ။ အရှင်အာယုပါလမထေရ်ကို ပြဿနာ မေးတော်မူလော့။''-ဟု ဆိုကြကုန်သော်၊

''အချင်းတို့။ ထိုသို့သော်ကား အရှင်ကောင်းအား လျှောက်လေ။''-ဟု ဆို၏။

ထိုအခါ 'နေမိတ္တက'မည်သောအမတ်သည် အာယုပါလမထေရ်၏အထံသို့ ကပ်၍ ''အရှင်ဘုရား။ မိလိန္ဒမင်းကြီးသည် အရှင်ဘုရားကို ဖူးမြင်ခြင်းငှာ အလိုရှိ၏။''-ဟု လျှောက်လေ၏။

mgyoe.com SAMPLE BOOK

အာယုပါလမထေရ်သည်လည်း "ထိုသို့တပြီးကား လာစေတော့။"-ဟုဆိုလျှင်၊ မိလိန္ဒမင်းသည် ၅၀၀ သော ယောနကအမျိုး အမတ်တို့ဖြင့်ခြံရံလျက် ရထားထက်စီး၍၊ သချေါယျပရိဝုဏ်သို့ အရှင် အာယုပါလရှိရာ ချဉ်းကပ်လေ၍ ဝမ်းမြောက်ဝမ်းသာ ကိုယ်ကျန်းလက်သာ မေးမြန်းပြီးသော်၊ တင့်အပ် လျောက်ပတ်သောအရပ်၌ နေလျက် မိလိန္ဒမင်းသည် အရှင်အာယုပါလမထေရ်အား ဤသို့သောစကားကို မေး၏။

"အရှင်ဘုရားတို့။ အရှင်ဘုရားတို့သည် အဘယ်ကို အလိုရှိသောကြောင့် ရဟန်းပြုတော်မူကုန်သနည်း။ ထိုသို့ အရှင်ဘုရားတို့ ရဟန်းပြုသဖြင့် အဘယ်သို့လျှင် မြတ်သနည်း။"

"မြတ်သောမင်းကြီး။ တရားကို ကျင့်အံ့သောငှာ၊ ငြိမ်သက်သောအကျင့်ကို ကျင့်အံ့သောငှာ ရဟန်းပြုကုန်၏။ ရဟန်းပြုရခြင်း၏ မြတ်သောအကျိုးကား မဂ်, ဖိုလ် ပေတည်း။"

ထိုစကားကို မိလိန္ဒမင်းသည် မနှစ်သက်၍၊ "အရှင်ဘုရားတို့။ အိမ်ရာထောင်သော လူ၏ဘောင်၌ နေသောသူသည်လည်း တရားတော်ကို ကျင့်ပါသည် မဟုတ်လော။"-ဟု မေးသော်၊

"သူလည်း ယခုလည်း တရားကို ကျင့်ပေ၏။ ဘုရားရှင် ထင်ရှားရှိတော်မူသော ကာလ၌လည်း ကျင့်ပေ၏။ ကျင့်ကြောင်းလည်း မြတ်သောမင်းကြီး။ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစကြာသုတ်တရားတော်ကို ဟောတော်မူသောအခါ ဗြဟ္မာ ၁၈ ကုဋေ တရားကို ရဖူးလေ၏။ နတ်တို့ တရားရသည်ကား မရေတွက်နိုင်လေ။ ထိုနတ်အပေါင်းသည် ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်၍ ရဟန်းပြုသော သူ မဟုတ်။ လူပင် ဖြစ်ကုန်သည်။ ထိုမှတစ်ပါး မဟာသမယသုတ်, မင်္ဂလသုတ်, သမစိတ္တာသုတ်, ရာဟုလောဝါဒသုတ်, ပရာဘဝသုတ်တို့ကို ဟောတော်မူအပ်သည်ရှိသော် နတ်သားအပေါင်းတို့သည် အရေအတွက်မရှိ တရားကို ရကြကုန်သည်။ ထိုသူအပေါင်းတို့သည် ရဟန်း မဟုတ်, လူပင် ဖြစ်သည်။"
-ဟု အရှင်အာယုပါလ တရားသဘောကို ဖြောင့်မတ်စွာ ဖြေလေသော်၊ ထိုစကားရိပ်ကို ဖမ်း၍၊

"အရှင်ဘုရား။ အရှင်ဘုရားတို့၏ ရဟန်းအဖြစ်သည် အကျိုး မရှိခဲ့တကား။ သာကီဝင်မင်းသား ရဟန်းတို့သည် ရှေးမကောင်းမှု၏ အကျိုးဆက်ကြောင့် ရဟန်းပြုသည် ဖြစ်ကုန်၏။ ခုတင်တို့ကိုလည်း ဆောင်ကြသည် မည်ကုန်၏။

"အရှင်အာယုပါလ။ ဧကာသနိက်ခုတင် ဆောက်တည်သော ရဟန်းတို့သည် ရှေးဘဝသံသရာ၌ သူတစ်ပါးတို့၏ အသုံးအဆောင်တို့ကို ဖျက်ဆီး လုယက်ဖူးသောကြောင့် ထိုမကောင်းမှု၏ အကျိုးဆက်ဖြင့် ဤယခုပစ္စုပ္ပန်၌ ဧကာသနိက်ခုတင်ကို ဆောင်ရကုန်သည်ဖြစ်၍ အခါခပ်သိမ်း စားခြင်းငှာ မရလေကုန်။ ထိုရဟန်းတို့အား မြတ်သောအကျင့်သီတင်း မရှိကုန်ရာ။

"အဇ္ဈောကာသိကခုတင်ကို ဆောက်တည်သော ရဟန်းတို့သည် ရှေးဘဝ၌ ရပ်ရွာကို ဖျက်ဆီးသော ခိုးသူ ဖြစ်ကုန်၏။ သူတစ်ပါးတို့၏ နေရာအိမ်ကို ဖျက်ဆီးဖူးသော မကောင်းမှု၏အကျိုးဖြင့် ဤယခုဘဝ လွင်တီးခေါင်၌ နေရသည် ဖြစ်ကုန်၏။ ကျောင်း, အိပ်ရာနေရာတို့ကို မရကုန်။ ထိုရဟန်းတို့အား မြတ်သောအကျင့်သီတင်း မရှိကုန်ရာ။

mgyoe.com SAMPLE BOOK

"နိသဇ်ခုတင်ဆောက်တည်သော ရဟန်းတို့သည်လည်း ရှေးဘဝ၌ ခရီးလမ်းဆုံလမ်းမ ခရီးဝဋ်၌နေ၍ ခရီးသွားသောသူတို့ကို ဖမ်းဆီးချည်နှောင်ဖူးသော မကောင်းမှု၏အကျိုးဆက်ဖြင့် ဤဘဝ၌ နိသဇ်ခုတင်ကို ဆောက်တည်လျက် ငုတ်တုတ်နေရကုန်သည်ဖြစ်၍ အိပ်ခြင်းကိုမျှလည်း မပြုရကုန်။ ထိုရဟန်းတို့သည် မြတ်သောအကျင့်သီတင်း မရှိကုန်ရာ။"-ဟု မိလိန္ဒမင်း ဆိုသော်၊ အရှင်အာယုပါလသည် တစ်စုံတစ်ခု သောစကားကိုမျှမပြော။ တိတ်တိတ်နေလေ၏။

ထိုအခါ ၅၀၀ သော ယောနကအမျိုးတို့သည် မိလိန္ဒမင်းကြီးကို "အရှင်မင်းကြီး။ ဤမထေရ်ကြီးသည် ပညာရှိပေ၏။ စင်စစ်သော်ကား ရဲရင့်ခြင်း မရှိသည်ဖြစ်၍ စကားတစ်ခွန်းမျှ မပြောမဆို တိတ်တိတ်နေပါသည်။"-ဟု ဆိုကြကုန်၏။

ထိုအခါ မိလိန္ဒမင်းသည် အရှင်အာယုပါလမထေရ် တိတ်တိတ်နေသည်ကိုမြင်၍ လက်ပမ်းပေါက်ခတ်ကာ ကြွေးကြော်လျက် ယောနကအမတ်တို့ကို "ဩော်-ဇမ္ဗူဒီပါကျွန်းသည် အချည်းနှီး ရှိခဲ့ပြီးတကား။ ဩော်-ဇမ္ဗူဒီပါကျွန်းသည် အဖျင်းဖျင်း ရှိခဲ့ပြီတကား။ တစ်စုံတစ်ယောက်သော ရဟန်းပုဏ္ဏားတို့သည် ငါနှင့်အတူ စကားပြောဟောအံ့သောငှာ မရှိခဲ့ပြီ။ ငါ၏ ယုံမှားသင်္ကာကို ဖျောက်နိုင်အံ့သောငှာ မရှိခဲ့ပြီ။"-ဟုဆို၏။

ထိုအခါ ပရိသတ်အပေါင်းတို့ကို မိလိန္ဒမင်းသည် ကြည့်လိုက်သော် မကြောက်မရွံ့ နှလုံးမသာမရှိကုန်သော ပရိသတ်တို့ကို မြင်ပြန်၍၊ 'ဤယောနကအမတ်တို့သည် နှလုံးမသာမရှိကုန်။ ငါနှင့်အတူ စကားပြောဟောခြင်းငှာ၊ ငါ၏ ယုံမှားသင်္ကာကို ဖျောက်နိုင်ခြင်းငှာ တစ်စုံတစ်ယောက်သော ပညာရှိသည် ရှိသေးမည် ထင်၏။'-ဟု မိလိန္ဒမင်းသည် ယောနကအမတ်တို့ကို "အချင်းအမတ်တို့။ ငါနှင့် စကားပြောဟောခြင်းငှာ၊ ငါ၏ယုံမှားသင်္ကာကို ဖျောက်ခြင်းငှာ တစ်ပါးသော ပညာရှိရဟန်းသည် ရှိသေးသလော။"-ဟုဆို၏။

ရှင်နာဂသေနဂုဏ်

ထိုအခါ ရှင်နာဂသေနမထေရ်သည် 'ရဟန်းအပေါင်းခြံရံလျက် များသောဂိုဏ်းတို့၏ ဆရာဖြစ်သည်။'-ဟု ထင်ရှားကျော်စောသည်။ 'သူတော်ကောင်း'ဟု သမုတ်အပ်သည်။ 'ပညာရှိ'ဟု ထင်ရှားသည်။ မိုးကြိုးစက်ကဲ့သို့ ထိုးထွင်းသောပညာ ရှိသည်။ သိမ်မွေ့နူးညံ့သည်။ 'ပညာရှိ'ဟု ထင်ရှားစွာ ဖြစ်စေအပ်သည်။ ရဲရင့်သည်။ များသောအကြားအမြင် ရှိသည်။ ပိဋကတ် ၃ ပုံကို တတ်သည်။ ရဟန္တာဖြစ်သည်။ များသောပညာနှင့် ပြည့်သည်။ ပါဋိဟာရိုက် ရှိသည်။ ပဋိသမ္ဘိဒါနှင့် ပြည့်စုံသည်။ အင်္ဂါ ၉ ပါးနှင့်ပြည့်စုံသော သာသနာတော်၌ ပရိယတ္တိကို ဆောင်ရွက်သည်ဖြစ်၍ အဆုံးသို့ ရောက်သည်။ ဘုရားရှင်တရားတော်၌ ဓမ္မ၏ နက်နဲခြင်း, အတ္ထ၏ နက်ခဲခြင်း, ဒေသနာတော်၏ နက်နဲခြင်း, ပဋိဝေဒဉာဏ်၏ နက်နဲခြင်း၌ လိမ္မာသည်။ မကုန်နိုင် ဆန်းကြယ်သောပညာနှင့် ပြည့်စုံသည်။ စကားပြောဆိုသော် ဟုတ်မှန်သော

mgyoe.com

mgyoe.com SAMPLE BOOK

စကားကောင်းကိုသာ ပြောဆိုသည်။ သူတစ်ပါး မိနိုင် ခက်သည်။ သူတစ်ပါး ကူးမြောက်နိုင် ခက်သည်။ သူတစ်ပါး စကားပြောဆို ခက်သည်။ သူတစ်ပါး မြင်နိုင် ခက်သည်။ မဟာသမုဒ္ဒရာကဲ့သို့ ဖြစ်သည်။ သူတစ်ပါးတို့ မလုပ်မရှားနိုင်သည်ဖြစ်၍ မြင်းမိုရ်တောင်မင်းကဲ့သို့ မတုန်မလှုပ် ရှိသည်။ 'ကိလေသာတည်း' ဟူသောမြူကို စွန့်ပြီးသည်။ 'ကိလေသာတည်း' ဟူဟော အမိုက်ကို ပစ်ချပြီးသည်။ ပညာအရောင်ဖြင့် ပြိုးပြိုးပြက်ရှိသည်။ ကျင့်သောတရားစကားကို ဖြေနိုင်တတ်သည်။ မြတ်သောဂုဏ် ရှိသည်။ ဂိုဏ်းအကြီး ဆရာကို နှိပ်စက်နိုင်သည်။ သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့ကို နှိပ်နင်းနိုင်သည်။ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဒါယကာယောကျ်ား, ဒါယိကာမိန်းမ, မင်း, ပုဏ္ဏား, အမတ်တို့သည် ရိုသေအပ်သည်, အလေးပြုအပ်သည်, မြတ်နိုးအပ်သည်, ပူဇော်အပ်သည်, ကိုင်းညွှတ်အပ်သည်။ ဆွမ်း, သင်္ကန်း, ကျောင်း, အိပ်ရာ, နေရာ, ဆေး, ပရိက္ခရာတို့ကို ရလွယ်သည်။ လာဘ်သပွကာဖြင့် မြတ်သောအဖြစ်သို့ ရောက်သည်။ နားထောင်လိုခြင်းနှင့် ပြည့်စုံကုန်သော ပညာရှိတို့အား ကောင်းစွာ ပြတတ်သည်။ ၉ ပါးသောအင်္ဂါရှိသော ဘုရားရှင်သာသနာတော်ကို ထင်ရှားစွာ ညွှန်ပြသည်။ 'တရားစက်တည်း' ဟူသော တံခွန်ကို ထောင်သည်။ 'တရားတည်း' ဟူသော ထွန်းပခြင်းကို ဆောင်နိုင်သည်။ 'တရားတည်း' ဟူသော ယဇ်ကို ပူဇော်သည်။ ခြေသုံ့မင်းကဲ့သို့ ကြုံးဝါးသည်, သိကြားမင်း၏ ကြုံးဝါးခြင်းကဲ့သို့ မွန်မြတ်သော ကြုံးဝါးခြင်း ရှိသည်ဖြစ်၍ မြတ်သောဉာဏ်ကွန်ရက်ဖြင့် မြွေးအပ်သော 'ကရဏာတည်း' ဟူသော ကွန်ရက်ကို ဖြန့်အပ်သည်ဖြစ်၍ 'တရားတည်း' ဟူသော အမြိုက်အရသာမိုးဖြင့် လူအပေါင်းတို့အား နှံ့စေလျက်, ရွာ, နိဂုံး, မင်းနေပြည်တော်၌ ဒေသစာရီလှည့်ပတ်လျက် သာဂလမြို့သို့ ရောက်လေ၏။

ရှင်နာဂသိန်နှင့် မိလိန္ဒမင်း တွေ့ဆုံခြင်း

ထိုအခါ ရှင်နာဂသေနသည် ၈ သောင်းသောရဟန်းတို့နှင့် အတူတကွ 'သရဏေယျ' မည်သော ပရိဝုဏ်၌ နေလေ၏။

ထိုအခါ ဒေဝမန္တိယအမတ်သည် ''မြတ်သောမင်းကြီး။ ငံ့လင့်တော်မူပါဦး။ ဤ ယခုအခါ 'နာဂသေန' အမည်ရှိသော မထေရ်သည် ဘဝ ၂ ပါးကို မြော်မြင်သောပညာ ရှိသည်။ အထိုးအထွင်း ရှိသည်။ သူတစ်ပါးကို ဆုံးမတတ်သည်။ ရဲရင့်သည်။ များသောအကြားအမြင် ရှိသည်။ ဆန်းကြယ်သော တရားစကားကိုလည်း ဟောတတ်သည်။ ပဋိသမ္ဘိဒါ ၄ ပါးတို့၌ အဆုံးသို့ ရောက်သည်ဖြစ်၍ သရဏေယျ ပရိဝုဏ်၌ သီတင်းသုံးနေသည်။ မြတ်သောမင်းကြီး ကြွတော်မူလော့။ နာဂသေနမထေရ်သည် ရှင်မင်းကြီးနှင့် အတူစကားပြောခြင်းငှာ, ယုံမှားသင်္ကာကိုဖျောက်နိုင်ခြင်းငှာ စွမ်းနိုင်ပါ၏။''-ဟုဆိုသော်, မိလိန္ဒမင်းသည် 'နာဂသေန' ဟူသောစကားကို ကြားရလျှင် ကြောက်ခြင်း, ကိုယ် ခက်ထရော်ရှိခြင်း, ကြက်သီးမွေးညင်း ထခြင်း ဖြစ်လေသည်နှင့်၊

mgyoe.com

mgyoe.com SAMPLE BOOK

ဒေဝမန္တိယအမတ်ကို "အချင်း ဒေဝမန္တိယအမတ်။ နာဂသေနမထေရ်သည် ငါနှင့် စကားပြော ဟောခြင်းငှာ တတ်နိုင်အံ့လော။"-ဟုမေးသော်၊

"မြတ်သောမင်းကြီး။ စင်စစ်သော်ကား သိကြား, ယမ, ဝရုဏ, ကုဝေရ, ပဇာပတိ, သုယာမ, သန္တုသိတ အစရှိသော လောကပါလနတ်နှင့် လည်းကောင်း၊ ဗြဟ္မာနှင့် လည်းကောင်း စကားပြောဟော ခြင်းငှာ အစွမ်းသတ္တိ ရှိပေ၏။ လူဖြစ်သောသူနှင့်ကား အဘယ်ဆိုဖွယ်ရာ ရှိလေအံ့နည်း။"-ဟု ဆိုသော်၊

ထိုအခါ မိလိန္ဒမင်းသည် ဒေဝမန္တိယအမတ်ကို "ထိုသို့တပြီးကား သင်သည် အရှင်ကောင်း အထံသို့ တမန်ပြု၍ လျှောက်ချေလော့။"-ဟုစေ၏။

ဒေဝမန္တိယအမတ်သည် ရှင်နာဂသေနမထေရ်၏အထံသို့ ရောက်၍ "အရှင်ဘုရား။ မိလိန္ဒမင်းကြီး သည် အရှင်ဘုရားကို ဖူးမြင်ခြင်းငှာ အလိုရှိပါ၏။"-ဟု လျှောက်လေ၏။ ရှင်နာဂသေနကလည်း "လာစေလော့။"-ဟုဆို၏။

ထိုအခါ မိလိန္ဒမင်းသည် ၅၀၀ သောယောနကအမျိုးတို့ဖြင့် ခြံရံလျက် ရထားစီး၍ များစွာသော စစ်သည်ဗိုလ်နှင့်တကွ သချေါယျပရိဝုဏ်၌ ရှင်နာဂသေနရှိရာသို့ ချဉ်းကပ်လေ၏။

ထိုအခါ ရှင်နာဂသေနသည် ၈ သောင်းသောရဟန်းတို့နှင့်အတူ ကျယ်သောတလင်းအပြင်၌ နေ၏။

မိလိန္ဒမင်းသည် ရှင်နာဂသေန၏ပရိသတ်ကို အဝေးက မြင်ရလျှင်ပင် ဒေဝမန္တိယအမတ်ကို "အချင်းအမတ်။ ဤ များစွာသောပရိသတ်သည် အဘယ်သူ၏ ပရိသတ်နည်း။"-ဟု မေးသော်၊

"မြတ်သောမင်းကြီး။ ရှင်နာဂသေနမထေရ်၏ ပရိတ်တည်း။"-ဟု ဆိုလေ၏။

ထိုအခါ မိလိန္ဒမင်းသည် ရှင်နာဂသေနပရိသတ်ကို အဝေးက မြင်လျှင်ပင် ကြောက်ခြင်း, ကိုယ်ခက်ထရော်ရှိခြင်း, ကြက်သီးမွေးညင်းထခြင်း ရှိသည် ဖြစ်လေ၏။ ဥပမာအားဖြင့်ဆိုသော် ကြံ့အပေါင်းတို့ဖြင့် ဝန်းရံမိသော ဆင်ပြောင်ကဲ့သို့ လည်းကောင်း၊ ဂဠုန်အပေါင်းတို့ဖြင့် ဝန်ရံမိသော နဂါးကဲ့သို့ လည်းကောင်း၊ စပါးကြီးပတ်မိသော ခွေးကဲ့သို့ လည်းကောင်း၊ ကျွဲတို့ဖြင့် ဝန်းရံမိသော ဝံကဲ့သို့ လည်းကောင်း၊ နဂါးသည် အစဉ်လိုက်သော ဖားကဲ့သို့ လည်းကောင်း၊ သစ်ဆင်သည် အစဉ်လိုက်အပ်သော သမင်ကဲ့သို့ လည်းကောင်း၊ မြွေဖမ်းသောယောကျ်ား၏လက်သို့ရောက်သော မြွေကဲ့သို့ လည်းကောင်း၊ ကြောင်ရှိရာ ရှေးရှုလာသော ကြွက်ကဲ့သို့ လည်းကောင်း၊ ဖုတ်မန္တရားတတ်သော ဆေးသမား၏နေရာသို့ ရှေးရှုလာသော မြေဖုတ်ဘီလူးကဲ့သို့ လည်းကောင်း၊ ရာဟုခံတွင်းသို့ရောက်သော လကဲ့သို့ လည်းကောင်း၊ ပခြုပ်တွင်း ရောက်သော မြွေကဲ့သို့ လည်းကောင်း၊ ချိုင့်၏အတွင်း၌တည်သော ငှက်ကဲ့သို့ လည်းကောင်း၊ ကွန်ပိုက်၏အတွင်း၌တည်သော ငါးကဲ့သို့ လည်းကောင်း၊ သားရဲရှိသော တောအုပ်ဝင်သော ယောကျ်ား ကဲ့သို့ လည်းကောင်း၊ ဝေဿဝဏ်နတ်မင်းအား ပြစ်မှားမိသော နတ်ဘီလူးကဲ့သို့ လည်းကောင်း၊ ကုန်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

သောအသက်ရှိသော နတ်သားကဲ့သို့ လည်းကောင်း၊ ကြောက်သောသဘော, ထိတ်လန့်သောသဘော, ကြက်သီးမွေးညင်း ထသောသဘော ရှိသည်ဖြစ်၍၊ နှလုံးမသာ တုန်လှုပ်ဖောက်ပြန်သောစိတ် ရှိ၍၊ ''ဤလူအပေါင်းသည် ငါ့ကို မနှိပ်စက်စေသတည်း။''-ဟု သတိထား၍ ဒေဝမန္တိယအမတ်ကို ''သင်သည် နာဂသေနအရှင်ကို ငါ့အား မကြားလင့်မပြောလင့်။ ငါ့အား မ[illegible] မပြောဘဲ ငါ သိလတ္တံ့။''-ဟု မိလိန္ဒမင်းကြီးဆိုသော်၊

''အရှင်မင်းကြီး။ ကောင်းပြီ။ ရှင်မင်းကြီးပင်လျှင် သိတော်မူလေလော့။''-ဟု ဆို၏။

ထိုအခါ ရှင်နာဂသေနမထေရ်သည် ထိုရဟန်းပရိသတ်အပေါင်း၌ ၄ သောင်းသော ရှေ့ရဟန်းတို့၏အောက် အငယ်ဆုံး ဖြစ်၏။ ၄ သောင်းသော နောက်ရဟန်းတို့ထက် ကြီးသည် ဖြစ်၏။ ထိုအခါ မိလိန္ဒမင်းသည် အလုံးစုံသော ရဟန်းသင်္ဃာအပေါင်း၏ ရှေးဦးကို လည်းကောင်း, အလယ်ကို လည်းကောင်း, အဆုံးကို လဲည်းကောင်း အစဉ်အတိုင်းကြည့်လိုက်သော် ရဟန်းသင်္ဃာအလယ်၌ ခြေသုံ့မင်းကဲ့သို့ မကြောက်မရွံ့ ရဲရင့်ခြင်းရှိသော ရှင်နာဂသေနမထေရ်ကို မြင်လျှင် အမူအရာကို မြင်ကာမျှဖြင့် 'ဤသူသည် နာဂသေန။'-ဟု သိလေ၏။

ထိုအခါ မိလိန္ဒမင်းသည် ဒေဝမန္တိယအမတ်ကို ''အချင်း ဒေဝမန္တိယအမတ်။ ဤရဟန်းသည် ရှင်နာဂသေနတည်း။''-ဟု ညွှန်းပြလေသော်၊

''ရှင်မင်းကြီး-ဟုတ်ပေ၏။ ရှင်မင်းကြီး သိတော်မူပေ၏။''-ဟုဆိုသော်၊

''ငါသည် ရှင်နာဂသေနမထေရ်ကို သူတစ်ပါး မံပြမည္ကန်ဘဲ သိလေ၏တကား။''-ဟု နှစ်သက်ဝမ်းသာခြင်း ဖြစ်လေ၏။

ထိုအခါ မိလိန္ဒမင်းသည် ရှင်နာဂသေနကိုမြင်လျှင် ကြောက်ခြင်း, ထိတ်လန့်ခြင်း, ကြက်သီးမွေးညင်းထခြင်းသည် ဖြစ်လေ၏။ ဖြစ်ကြောင်းကား-

'စရဏေန စေဝ သမ္ပန္နံ၊ သုဒန္တံ ဥတ္တမေ ဒမေ။
ဒိသွာ ရာဇာ နာဂသေနံ၊ ဣဒံ ဝစနေ မဗြဝိ။ ။
'ကထိတာ မေ ဗဟူဒိဋ္ဌာ၊ သာကစ္ဆာ သြသဋ္ဌာ ဗဟူ။
န တာဒိသံ ဘယံ အာသိ၊ အဇ္ဇ တာသော ဘယံ မမ။ ။
'နိသဇ္ဇသယံ ပရာဇယော၊ မမ အဇ္ဇ ဘဝိဿတိ။
ဇယော စ နာဂသေနဿ၊ ယထာစိတ္တံ နု သဇ္ဇိတံ။ ။'

'ရာဇာ၊ မိလိန္ဒမင်းသည်။ စရဏေန စေဝ၊ အကျင့်သီလနှင့်။ သမ္ပန္နံ၊ ပြည့်စုံထသော။ ဥတ္တမေ၊ မြတ်သော။ ဒမေ၊ စက္ခုစသော ဣန္ဒြေကို ဆုံးမခြင်း၌။ သုဒန္တံ၊ ကောင်းစွာ ယဉ်ကျေးစွာထသော။ နာဂသေနံ၊ နာဂသေနမထေရ်ကို။ ဒိသွာ၊ မြင်ရ၍။ ဣဒံ ဝစနံ၊ ဤစကားကို။ အဗြဝိ၊ ဆိုလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

'မေ မယာ၊ ငါ့သည်။ ကထိတာ၊ စကားပြောအပ်ကုန်သော။ ဗဟူ၊ များစွာကုန်သော ရဟန်း,ပုဏ္ဏားတို့ကို။ ဒိဋ္ဌာ၊ မြင့်အပ်ကုန်ပြီ။ သာကစ္ဆာ၊ စကားပြောဟောကုန်သည်ရှိသော်။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ ဩသဋ္ဌာ၊ ဦးခေါင်းငိုက်ဆိုက် ရှိကုန်ပြီ။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဘယံ၊ ကြောက်ခြင်းသည်။ မေ၊ ငါ့အား။ နု အာသိ၊ မဖြစ်စဖူး။ အဇ္ဇ၊ ဤယခု။ မမ၊ ငါ့အား။ တာသော၊ ထိတ်လန့်ခြင်းသည်။ အာသိ၊ ဖြစ်ခဲ့ပြီ။ ဘယံ၊ ကြောက်ခြင်းသည်။ အာသိ၊ ဖြစ်ခဲ့ပြီ။

'အဇ္ဇ၊ ဤယခု။ မမ၊ ငါ့အား။ နိသံသယံ၊ ယုံမှားမရှိ။ ပရာဇယော၊ ရှုံးခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ မေ၊ ငါ၏။ စိတ္တံ့၊ စိတ်သည်။ ယထာ၊ အကြင်အခြင်းဖြင့်။ နု သဏ္ဌိတံ၊ ကောင်းစွာ မတည်ရပ်နိုင်။ တထာ၊ ထိုအခြင်းဖြင့်။ နာဂသေနဿ၊ နာဂသေနမထေရ်အား။ ဇယော၊ အောင်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။'

ဗာဟိရကထာ ကဏ္ဍပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK

မိလိန္ဒပဉ္ဟာကဏ္ဍ

လက္ခဏပဉ္ဟာကထာ

၁-မဟာဝဂ်

အမေးအဖြေ ၁၆ ခု

၁-နာမပညတ္တိပဉ္ဟာ

အမည်တော်မေးခြင်း

ထိုအခါ မိလိန္ဒမင်းသည် ရှင်နာဂသေနရှိရာ ချဉ်းကပ်လေ၏။ ရှင်နာဂသေနနှင့် ဝမ်းမြောက်ဝမ်းသာ အသက်ထက်ဆုံးအော်မှေအပ်သော စကားကို ပြောဆိုနှုတ်ဆက်ပြီးသော် လျောက်ပတ်စွာ နေလေ၏။ နာဂသေနမထေရ်သည်လည်း မိလိန္ဒမင်းအား နှစ်သက်စေ၏။

ထိုအခါ မိလိန္ဒမင်းသည် "အရှင်ဘုရား။ အဘယ်သို့လျှင် ထင်ရှားစွာ နာမသညာ ခေါ်ဝေါ်အပ်သနည်း။ အရှင်ဘုရား၏ နာမတော်သည် အဘယ်အမည် မှည့်သနည်း။"-ဟု နာမတော်ကို မေး၏။

ရှင်နာဂသေနသည် "မင်းကြီး။ ငါ့ကို 'နာဂသေန'ဟု သိအပ်၏။ သီတင်းသုံးဖော် အရှင်မြတ်တို့သည် 'နာဂသေန'ဟု ခေါ်ဝေါ်ကြကုန်၏။ စင်စစ်သော်ကား မိခင်,ဖခင်တို့သည် 'နာဂသေန'ဟူ၍ လည်းကောင်း၊ 'သူရသေန'ဟူ၍လည်းကောင်း၊ 'ဝီရသေန'ဟူ၍လည်းကောင်း၊ 'သီဟသေန'ဟူ၍ လည်းကောင်း အမည်နာမပညတ်ကို မှည့်ကြကုန်၏။ မင်းကြီး-'နာဂသေန'ဟူသောအမည်သည် စင်စစ်သော်ကား ပညတ်ဝေါဟာရ မျှသာတည်း။ ဤ'နာဂသေန'ဟူသောအမည်၌ ပရမတ္ထအားဖြင့် 'ထင်ရှားသောပုဂ္ဂိုလ်'ဟူ၍ မရအပ်။"-ဟု ပြောဆို၏။

ထိုအခါ မိလိန္ဒမင်းသည် ၅၀၀ သော ယောနကအမျိုးတို့ကို "အို-အမတ်တို့။ ၈ သောင်းသော အို-အရှင်ကောင်းတို့။ ဤ နာဂသေနသည် 'ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ဟူ၍ မရအပ်။'-ဟု ဆိုအပ်သော စကားကို နားထောင်ကြကုန်။ 'ရှင်နာဂသေန'ဆိုသောစကားကို နှစ်သက်အံ့သောငှာ သင့်ပါမည်လော။" -ဟု သက်သေအရာ ထားလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါ မိလိန္ဒမင်းသည် ရှင်နာဂသေနကို "အရှင်နာဂသေန။ ပရမတ္ထအားဖြင့် 'ပုဂ္ဂိုလ်'အဘယ်၍ မရအံ့။ အဘယ်သူသည် အရှင်တို့အား ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး; ပရိက္ခရာတို့ကို လှူလေသနည်း။ အဘယ်သူသည်ကား ထိုလှူအပ်သောပစ္စည်းကို သုံးဆောင်စားသောက်လေသနည်း။ အဘယ်သူသည် သီလ ဆောက်တည်လေသနည်း။ အဘယ်သူသည် ကမ္မဋ္ဌာန်းဘာဝနာ၌ ယှဉ်လေသနည်း။ အဘယ်သူသည် မဂ်, ဖိုလ်, နိဗ္ဗာန်ကို မျက်မှောက်ပြုလေသနည်း။ အဘယ်သူသည် ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယ မဂကောင်းမှုတို့ကို ပြုလေသနည်း။ အဘယ်သူသည် အနန္တရိယကံကို ပြုလေသနည်း။ အရှင်နာဂသေန-ကုသိုလ်, အကုသိုလ်ကံလည်း မရှိကောင်းပြီ။ ကုသိုလ်, အကုသိုလ်တို့ကို ပြုတတ်သောသူ, ပြုစေတတ်သောသူလည်း မရှိကောင်းပြီ။ ကောင်းသောအမှု, မကောင်းသောအမှုတို့၏ အကျိုးရင်း, အကျိုးဆက်တရားသည်လည်း မရှိကောင်းပြီ။

"အရှင်နာဂသေန။ အရှင်ဘုရားတို့ကို အကြင်သူသည် သေအောင် သတ်အံ့။ ထိုသတ်သောသူအား ပါဏာတိပါတက် မရှိကောင်းပြီ။ အရှင်ဘုရားတို့အားလည်း 'ဆရာ'ဟူ၍လည်းကောင်း, 'ဥပဇ္ဈာယ်'ဟူ၍လည်းကောင်း, 'ပဉ္စင်း'ဟူ၍လည်းကောင်း မရှိကောင်းပြီ။ ရှင်နာဂသေနကို အကျွန်ုပ်သည် နာမသညာကို မေးသော် 'မင်းကြီး ငါ၏အမည်ကို 'နာဂသေန'ဟူ၍ သိတင်းသုံးဖော်တို့ ခေါ်ဆိုကြကြောင်း'ကို ပြောဆိုအပ်လေပြီးသည်တကား။ အဘယ်သည်လျှင် ဤအရာ၌ 'နာဂသေန'မည်သနည်း။ အရှင်ဘုရားဆံပင်တည်း 'နာဂသေန'မည်သလော။"-ဟုမေးသော်၊

"မင်းကြီး။ ဆံပင်လည်း နာဂသေန မဟုတ်။"

"အမွေးတည်း 'နာဂသေန'မည်သလော။"-ဟုမေးသော်၊

"အမွေးလည်း နာဂသေန မဟုတ်။"

(ဒီတွင် သာကာရကို အစဉ်အတိုင်း မေးလေ၏။)။ပ။

"ဦးနှောက်တည်း 'နာဂသေန'မည်သလော။"-ဟုမေးသော်၊

"မင်းကြီး။ ဦးနှောက်လည်း နာဂသေန မဟုတ်။"

"အရှင်ဘုရား။ ရူပက္ခန္ဓာတည်း 'နာဂသေန'မည်သလော။"-ဟုမေးသော်၊

"မင်းကြီး။ ရူပက္ခန္ဓာလည်း နာဂသေန မဟုတ်။"

"ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည် 'နာဂသေန'မည်သလော။"-ဟုမေးသော်၊

"မင်းကြီး။ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်သည်လည်း နာဂသေန မဟုတ်။"

"အရှင်ဘုရား။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ကိုထား၍ 'နာဂသေန'မည်သည် မရှိ။"-ဟုဆို၏။

"အရှင်ဘုရား။ ဒကာတော်သည် အရှင်ဘုရားကိုမေးသော် အဘယ်သည်ကိုမျှ 'နာဂသေန'ဟု မသိမမြင်ရပါ။ 'နာဂသေန'ဟူသည် ဝစီဘေဒ ဘဒ္ဒါသမျှသာလျှင် ဖြစ်သလော။"-ဟုမေးသော်၊

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းကြီး။ နာဂသေနသည် ဝစီဘေဒဖြင့်သာလျှင် နာဂသေန မဟုတ်။"-ဟုဆို၏။

"အရှင်ဘုရား။ အရှင်သည် အဘယ်သည်လျှင် ဤအရာ၌ နာဂသေနဖြစ်သနည်း။ မမှန်သော မုသာဝါဒစကားကို ဆိုဘိ၏တကား။ 'နာဂသေန'ဟူ၍ မရှိပါတကား။"-ဟုမေးသော်၊ ရှင်နာဂသေန မထေရ်သည် မိလိန္ဒမင်းကို ဤသို့ဆိုလေ၏။ အဘယ်သို့ ဆိုလေဘိသနည်း။-ဟူမူကား

"မြတ်သောမင်းကြီး။ သင်မင်းကြီးသည် မင်းဖြစ်၍ နူးညံ့သိမ်မွေ့၏။ နေမွန်းတည့်သောအခါ လာခဲ့သည်ဖြစ်၍ မြေကြီးပူ, သဲပူ, ကျောက်စရစ်, အိုးခြမ်းတို့၌ နင်း၍လာရသဖြင့် မင်းကြီး၏ခြေတို့သည် ကျင်နာပေါက်ခဲ့ရာ၏။ ကိုယ်,စိတ် ပင်ပန်းခဲ့ကုန်ရာ၏။ ဒုက္ခသဟဂုတ် ကာယဝိညာဉ်သည် ဖြစ်ခဲ့ရာ၏။ သင်မင်းကြီး-ခြေလျင်လာသလော။ ထိုသို့မဟုတ်မူကား ဆင်ယာဉ်, မြင်းယာဉ်ဖြင့် လာသလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ဒကာတော်သည် ခြေလျင်မလာ။ ရထားစီး၍လာသည်။"-ဟုဆိုသော်၊

"မြတ်သောမင်းကြီး။ သင်မင်းကြီးသည် အကယ်၍ ရထားစီးလျက် လာခဲ့သည်ဖြစ်အံ့။ ငါ့အား ရထားကို ကြားပါလော့။"-ဟုဆို၍ ရထားသရုပ်ကို မေး၏။

"မြတ်သောမင်းကြီး-လှည်းသန်သည် ရထားဖြစ်သလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ လှည်းသန်လည်း ရထား မဟုတ်။"-ဟုဆို၏။

"ဝင်ရိုးတည်း ရထားဖြစ်သလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ဝင်းရိုးလည်း ရထား မဟုတ်။"-ဟုဆို၏။

"မင်းကြီး။ လှည်းဘီးတည်း ရထားလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ လှည်းဘီးလည်း ရထား မဟုတ်။"

"မင်းကြီး။ လက်တင်တည်း ရထားလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ လက်တင်လည်း ရထား မဟုတ်။"

"လှည်းထောက်တည်း ရထားလော။"-ဟုမေးသော်၊

"လှည်းထောက်လည်း ရထား မဟုတ်။"

"ထမ်းပိုးတည်း ရထားလော။"-ဟုမေးသော်၊

"ထမ်းပိုးလည်း ရထား မဟုတ်။"

"ကြိုးတည်း ရထားလော။"-ဟုမေးသော်၊

"ကြိုးလည်း ရထား မဟုတ်။"

"နှင်တံတည်း ရထားလော။"-ဟုမေးသော်၊

"နှင်တံလည်း ရထား မဟုတ်။"

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းကြီး။ ထိုသို့ဖြစ်သော် လှည်းသန်, ဝင်ရိုး, လှည်းဘီး, လက်တင်, လှည်းထောက်, ချည်သောကြိုး, နှင်တံသည် ရထားလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ မဟုတ်။"-ဟုဆို၏။

"ထိုသို့သော် ဤဆိုအပ်ပြီးသည်ကို ထားဦး၍ ရထား ရှိသလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ လှည်းသန်, ဝင်ရိုး, လက်တင်, လှည်းထောက်, ချည်သောကြိုး, နှင်တံကို ထား၍ ရထား မရှိပါ။"-ဟု မိလိန္ဒမင်း ဆို၏။

"မင်းကြီး။ ငါသည် သင်မင်းကြီးကိုမေးသော် အဘယ်သည်ကိုမျှ 'ရထား'ဟု မသိမမြင်ရပါ။ မြတ်သောမင်းကြီး-'ရထ'သဒ္ဒါသာလျှင် 'ရထား'ဖြစ်လေသလော။ ဤအရာ၌ 'ရထား' အဘယ်မှာ ဖြစ်လေသနည်း။ မင်းကြီး-သင်မင်းကြီးသည် မဟုတ်မမှန် မုသာဝါဒစကားကို ဆိုဘိ၏။ မင်းကြီးသည် အလုံးစုံသော ဇမ္ဗူဒီပါကျွန်းတွင် မြတ်သောမင်းဖြစ်လျက် 'ရထားမရှိ'ဟု မုသာဝါဒကို ဆိုဘိ၏တကား။ အို-၅၀၀သော ယောနကအမျိုးတို့၊ အို-၈ သောင်းသော ရဟန်းအပေါင်းတို့။ မိလိန္ဒမင်းကြီးသည် ဤသို့သောစကားကို ဆို၏။ နားထောင်ကြကုန်။"-ဟု တိုက်တွန်းနှိုးဆော်ပြီး၍၊

"မြတ်သောမင်းကြီး။ သင်မင်းကြီးသည် 'အဘယ်ဖြင့် လာခဲ့သနည်း။'-ဟု ငါမေးသောကာလ 'ရထားဖြင့် လာခဲ့သည်'ဟု ဆိုဖူးသည်ဖြစ်လျက် ဆိုအပ်သောအတိုင်း ရထား အပြည့်အစုံမရှိတကား။ မင်းကြီး၏စကားကို နှစ်သက်အံ့သောငှာ သင့်ပါအံ့လော။"-ဟု သက်သေထား၍၊ "နားထောင်မှတ်နာကြကုန်။"-ဟုဆိုသော်၊ ၅၀၀ သော ယောနကအမျိုးတို့သည် ရှင်နာဂသေနအား ကောင်းချီးပေး၍ မိလိန္ဒမင်းကြီးကို "ရှင်မင်းကြီး။ ဤယခုအခါ တတ်စွမ်းနိုင်သမျှ ပြောဆိုတော်မူလော။"-ဟုဆိုကြကုန်၏။

ထိုအခါ မိလိန္ဒမင်းသည် အရှင်နာဂသေနမထေရ်ကို

"အရှင်ဘုရား။ ဒကာသည် မုသာဝါဒ မဆို။ 'ရထား'ဟု ဆိုအပ်သောစကားသည် လှည်းသန်ကို စွဲ၍ လည်းကောင်း၊ ဝင်ရိုးကိုစွဲ၍ လည်းကောင်း၊ လှည်းဘီး, လက်တင်, လှည်းထောက်တို့ကိုစွဲ၍ လည်းကောင်း 'ရထား'ဟူ၍ ရေတွက်ခြင်း ဝေါဟာရ နာမပညတ် ဖြစ်လေသည်။"-ဟု ဆိုလေသော်၊

"မင်းကြီး။ ကောင်းပြီ။ သင်မင်းကြီးသည် ရထားအရကိုသိသကဲ့သို့၊ ထို့အတူ 'နာဂသေန'ဟုဆိုသော ငါ့အားလည်း ဆံပင်တို့ကိုစွဲ၍ လည်းကောင်း၊ ခြေသည်းလက်သည်းတို့ကိုစွဲ၍ လည်းကောင်း။ ပ။ ဦးနှောက်တို့ကိုစွဲ၍ လည်းကောင်း၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ကိုစွဲ၍ လည်းကောင်း 'နာဂသေန'ဟူသော ရေတွက်ခြင်းပညတ် နာမဝေါဟာရမျှသည် ဖြစ်၏။ 'ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် ပုဂ္ဂိုလ်ကို မရအပ်'-ဟူ၍ ငါ ဆိုသည်။ မင်းကြီး-ခန္ဓာ ၅ ပါးကိုစွဲလျက် 'နာဂသေန'ဟူသော နာမပညတ် ဝေါဟာရအဖြစ်ကို ငါသာ ပြောဆိုသည် မဟုတ်။ ဘုရား ထင်ရှားရှိသောကာလ၌လည်း 'ဝဇိရာ'အမည်ရှိသော ဘိက္ခုနီမ အားလည်း ဟောဖူးဆိုဖူးလေ၏။

mgyoe.com SAMPLE BOOK

'ယထာ ဟိ အင်္ဂသမ္ဘာရေ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။

ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။ ။'-ဟု ဟောတော်မူအပ်သတည်း။

'ဟိ၊ ဥပမာဆောင် ထင်အောင်ပြဦးအံ့။ အင်္ဂါသမ္ဘာရေ၊ အင်္ဂါကြီးငယ် အဆောက်အဦသည်။ သန္တေ၊ ထင်ရှားရှိလတ်သော်။ ရထော ဣတိ၊ 'ရထား'ဟူ၍။ သဒ္ဒေါ၊ ခေါ်ဝေါ်သော သဒ္ဒဝေါဟာသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ၊ ခန္ဓေသု၊ ခန္ဓာ ၅ ပါးတို့သည်။ သန္တေသု၊ ထင်ရှားရှိကုန်လတ်သော်။ သတ္တောတိ၊ 'သတ္တဝါ, ပုဂ္ဂိုလ်'ဟူ၍။ သမ္မုတိ၊ နာမပညတ် ဝေါဟာရကို သမုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

မိလိန္ဒမင်းသည် မေးအပ်သောပစ္စာကား ဝိမတိစ္ဆေဒနာ ပုစ္ဆာလက္ခဏာ တည်း၊ ရှင်နာဂသေန ဖြေတော်မူသည်ကား ထို'အမေးတို့'မေးလိုက်၍ တရားအလိုလို ပြီးလေပြတ်လေသောကြောင့် ပဋိပုစ္ဆာဗျာကရဏ ဝိဿဇ္ဇနာလက္ခဏာ ရှိသည်။

သို့သော်လည်း ခန္ဓာ ၅ ပါးကို စွဲ၍ နာမပညတ် ဝေါဟာရဖြစ်ကြောင်းကို 'ယထာ ဟိ အင်္ဂသမ္ဘာရေ၊ ဟောတိ သဒ္ဒေါရထော ဣတိ' အစရှိသဖြင့် ဘိက္ခုနီမအား တရားဟောပုံသောအကြောင်းကို သက်သေ သာဓက ထုတ်၍ပြလေသည်။-ဟု မှတ်လေအပ်သည်။ ။ဤကား အမှာစကားချပ်။

ထိုဖြေအပ်သောစကားအရကို မိလိန္ဒမင်း ဝမ်းမြောက်လှသည်နှင့်

"အရှင်ဘုရား။ အံ့ဖွယ်ရှိစွတကား, မဖြစ်ဖူးလေတကား, ဆန်းကြယ်သောအမေးကို ဖြေတော်မူအပ်၏။ အကယ်၍ ဘုရားရှင် ထင်ရှားရှိတော်မူတပြီးကား အရှင်ဘုရားကို ကောင်းချီး ပေးတော်မူလေရာ၏။"-ဟု ချီးမွမ်းပြီးလျှင် 'သာဓု-သာဓု' ဟုခေါ်လေ၏။

နာမပညတ္တိပဉှာ ပြီး၏။

၂-ဝဿဂဏနပဉှာ

ဝါတော်သချိုကိုမေးခြင်း

ဒုတိယပဉှာအမေးကား

"အရှင်ဘုရား။ အရှင်ဘုရားသည် အဘယ်မျှလောက် ဝါရှိသနည်း။"-ဟုမေးသော်၊

"မင်းကြီး။ ငါသည် ၇ ဝါ ရပြီ။"-ဟုဆိုလေ၏။

"အရှင်။ အဘယ်သည် ၇ ဝါ ရှိသနည်း။ အရှင်ဘုရားကိုယ်ပင်တည်း ၇ ခုလော။ ထိုသို့မဟုတ် ရေတွက်ခြင်းသချိုတည်း ၇ ခုလော။"-ဟု မေး၏။

ထိုအခါ မိလိန္ဒမင်း၏ကိုယ်၌ ဆင်ထားသော တန်ဆာနှင့်တကွ အရိပ်သည် မြေ၌ ထင်၏။ ပတ္တမြားသောက်ရွေ့က်၌လည်း ကိုယ်အရိပ်သည် ထင်၏။

 mgyoe.com SAMPLE BOOK

ထိုအခါ ရှင်နာဂသေနသည် မိလိန္ဒမင်းကို

"မြတ်သောမင်းကြီး။ သင်မင်းကြီး၏အရိပ်သည် မြေ၌လည်းကောင်း၊ ပတ္တမြားသောက်ရွေ့က်၌ လည်းကောင်း ထင်မြင်၏။ မင်းကြီး-အဘယ်သို့နည်း။ သင်မင်းကြီးပင်တည်း မင်းလော။ ထိုသို့မဟုတ် အရိပ်တည်း မင်းလော။"-ဟုမေးလေ၏။

"အရှင်ဘုရား။ ဒကာတော်သာ မင်း ဖြစ်သည်။ အရိပ်သည် မင်း မဟုတ်။ ဒကာတော်ကိုမှီ၍ အရိပ်သည် ဖြစ်၏။"-ဟုဆိုသော်၊

"မြတ်သောမင်းကြီး။ ဝါကို ရေတွက်ခြင်းသင်္ချာသည် 'သတ္တ'မည်၏။ ငါသည် 'သတ္တ' မဟုတ်။ 'သတ္တ'ဟူသော အရေအတွက်သည် ငါ၏ကိုယ်ကို မှီ၍ ဖြစ်သည်။ မင်းကြီး-'နာဂသေန'ဟူသော အမည်သည် အရိပ်နှင့် တူသောဥပမာ ရှိ၏။"-ဟုဖြေလေသော်၊

"အရှင်ဘုရား။ သြော်-အံ့ဖွယ်ရှိပေစွ။အလွန်လျှင် ဆန်းကြယ်စွာ ဖြေအပ်ပေသည်။"-ဟု ချီးမွမ်းလေ၏။

"အရှင်ဘုရား။ ဒကာတော်နှင့်အတူ စကားပြောဟောပါအံ့လော။"-ဟုဆိုသော်၊

"မြတ်သောမင်းကြီး။ ပညာရှိတို့၏ ပြောဆိုတိုင်ပင် လိုဆယ်အပ်သော အယူဝါဒကို ပြောဟော လိုသည် ဖြစ်အံ့။ ငါ ပြောဟောပါအံ့။ အခိုးရသောမင်းတို့၏ ပြောဆိုတိုင်ပင် လိုဆယ်အပ်သော အယူဝါဒကို ပြောဟောလိုသည်ဖြစ်အံ့။ ငါမပြော။"-ဟုဆိုလေ၏။

"အရှင်ဘုရား။ ပညာရှိတို့သည် အဘယ်သို့ ပြောဆိုကြကုန်သနည်း။"-ဟုမေးသော်၊

"မြတ်သောမင်းကြီး။ ပညာရှိတို့သည် စကားပြောဟောသည်ရှိသော် ရိပ်ငဲ့၍ပြောအပ်သော အရာကိုလည်း ရိပ်ငဲ့၍ ပြော၏။ တိုက်ရိုက်ပြောအပ်သော အရာကိုလည်း တိုက်ရိုက် ပြော၏။ နှိပ်စက်အပ်သော အရာကိုလည်း နှိပ်စက်၍ ပြော၏။ ချီးမြှောက်၍ ပြောအပ်သောအရာကိုလည်း ချီးမြှောက်၍ ပြော၏။ ထူးသောအရာကိုလည်း 'ထူးပေ၏'ဟု ပြော၏။ မထူးသောအရာကိုလည်း 'မထူး'ဟု ပြော၏။ ပညာရှိ တို့သည် အမျက် မထွက်ကုန်။ ဤသို့သော ပြောဟောခြင်းသည် မြတ်သောမင်းကြီး-'ပညာရှိတို့ ပြော ဟောခြင်း' ဖြစ်ကုန်၏။"-ဟု ဆို၏။

"အရှင်ဘုရား။ မင်းတို့သည် အဘယ်သို့ တိုင်ပင်လိုဆယ် ပြောဟောကုန်သနည်း။"-ဟုမေးလေသော်။

"မြတ်သောမင်းကြီး။ မင်းတို့သည် တိုင်ပင်လိုဆယ် ပြောဟောသောအခါ၌ အကြင်သူသည် တစ်ခုသောအကြောင်းအရာကို 'ငါသိ၏'ဟု ဝန်ခံ၏။ ထိုသူသည် ထိုဝန်ခံအပ်ပြီးသော အကြောင်းအရာ ချွတ်ယွင်းခဲ့သော် 'ထိုသူအား ဤမျှလောက် ဒဏ်ပေးလေကုန်။'-ဟု မင်းဒဏ် ပေးကုန်၏။ ထိုသို့ ဖြစ်ခြင်းကား 'မင်းတို့အတိုင်အပင်' မည်ကုန်၏။"-ဟုဆိုသော်၊

mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ ဒကာတော်သည် ပညာရှိတို့ တိုင်ပင်လိမ်ဆယ်အပ်သော အယူဝါဒကို ပြောဆို ပါအံ့။ မင်းတို့၏ တိုင်ပင်လိမ်ဆယ်ခြင်းကို လွှတ်ပါအံ့။ အရှင်ဘုရားသည် သာမဏေ, သီတင်းသည်, အရံစောင့်တို့နှင့် ပြောဟောဘိသကဲ့သို့၊ ထို့အတူ အရှင်ကောင်းသည် ပြောဟောတော်မူပါ။ မကြောက်မရွံ့ ပါလင့်။"-ဟု ခွင့်လွှတ်လေသော်၊

"မြတ်သောမင်းကြီး။ သြော်-ကောင်းလှပေပြီ။"-ဟု အလွန်ဝမ်းမြောက်လေ၏။

ပညာရှိတို့သည် ရာဇဝတ်လည်း လွှတ်လေအောင်, တရားတော်နှင့်လည်း လျော်လေအောင် အစိုးရ သောမင်းတို့အား စကားပြောလိုသော ခွင့်တောင်းအပ်သော စကားစုပေ။-ဟု ဆိုအပ်၏။

ဝဿဂဏနပဉ္ဟာ ပြီး၏။

၃-ဝိမံသနပဉ္ဟာ

စကားစမ်းမေးလျှောက်ခြင်း

ထို့နောင် မိလိန္ဒမင်းသည် ရှင်နာဂသေနကို စကားစမ်း မေးလေ၏။ ထို စကားစမ်းအမေးကိုလည်း စကားစမ်းအဖြေနှင့် ဖြေလေ၏။

"ရှင်နာဂသေန။ ဒကာတော်သည် မေးပါအံ့။"-ဟုဆို၏။

"မင်းကြီး။ မေးလော့။"-ဟုဆိုသော်၊

"အရှင်။ ဒကာတော် မေးအပ်ပြီ။"-ဟုဆိုလျှင်၊

"မင်းကြီး။ ငါသည် ဖြေအပ်ပြီ။"-ဟုဆို၏။

"အရှင်ဘုရား။ အဘယ်ကို ဖြေသနည်း။"-ဟုမေးသော်၊

"မင်းကြီး။ သင်မင်းကြီးသည် အဘယ်ကို မေးသနည်း။"-ဟုမေး၏။

တတိယစကားစမ်း အမေးအဖြေဖြစ်သည်။

ဝိမံသနပဉ္ဟာပြီး၏။

၄-အနုန္တကာယပဉ္ဟာ

အနုန္တကာယအမတ်အမေး

ထိုအခါ မိလိန္ဒမင်းအား 'ဤရဟန်းသည် ငါနှင့်အတူ စကားပြောဟောခြင်းငှာ စွမ်းနိုင်သော ပညာနှင့် ပြည့်စုံပေ၏။ ငါ့အား များစွာမေးအပ်သော အမေးတို့သည် လည်းကောင်း၊ မမေးရသေးသော အကြင်အကြင် အမေးတို့သည် လည်းကောင်း ရှိကုန်၏။ ထိုအမေးတို့လည်း ဖြစ်ကုန်လတ္တံ့။'-ဟု အကြံပြု၍၊ 'ဤအခါ နေဝင်လတ္တံ့။ နန်းတွင်းသို့ပင့်ဖိတ်၍ ပြောရမူကား ကောင်း၏။'ဟု ဒေဝမန္တိယမတ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

"ဒေဝမန္တိယအမတ်။ သင်သည် 'နက်ဖြန် နန်းတော်တွင်း၌ မင်းကြီးနှင့်အတူ စကားပြောဟောတော်မူပါ။'-ဟု အရှင်ဘုရားအား လျှောက်ကြားဖိတ်လေ။"-ဟုဆို၍၊ မိလိန္ဒမင်းသည် နေရာမှထ၍၊ ရှင်နာဂသေနမထေရ်ကို သွားခွင့်ပန်ကြား၍၊ ရထားစီးလျက် 'နာဂသေန-နာဂသေန'ဟု သရဏ္ဍာယ်ခြင်းကို ပြု၍ သွားလေ၏။

ထိုအခါ ဒေဝမန္တိယအမတ်သည် ရှင်နာဂသေနကို "အရှင်ဘုရား။ မိလိန္ဒမင်းကြီးသည် နက်ဖြန် နန်းတွင်း၌ စကားပြောဟောခြင်းသည် ဖြစ်ရပါအံ့။ နန်းတော်သို့ ကြွတော်မူပါ။"-ဟု လျှောက်လေ၏။

နာဂသေနမထေရ်သည် 'ကောင်းပြီ'ဟု ဝန်းမြောက်လိုက်၏။

ထိုညဉ့်လွန်သဖြင့် မိုးသောက်လတ်သော်၊ ဒေဝမန္တိယအမတ်, အနန္တကာယအမတ်, မကုံရအမတ်, သဗ္ဗဒိန္နအမတ်တို့သည် မိလိန္ဒမင်းသို့ ချဉ်းကပ်၍ မိလိန္ဒမင်းကို "မြတ်သောမင်းကြီး။ ရှင်နာဂသေန ကြွလာသော် အဘယ်မျှလောက်သော ရဟန်းတို့နှင့်အတူ ကြွလာစေအံ့နည်း။"-ဟု ဆိုကြကုန်၏။

"အချင်းတို့။ အလိုရှိသမျှသော ရဟန်းတို့နှင့် ကြွလာစေလော့။"-ဟုဆို၏။

ထိုအခါ သဗ္ဗဒိန္နအမတ်က "အရှင်မင်းကြီး။ ၁ ကျိပ်သောရဟန်းတို့နှင့်အတူ ကြွလာစေရမည်လော။"-ဟု ဆို၏။

မိလိန္ဒမင်းက ၂ ကြိမ်မြောက် "အလိုရှိတိုင်းကြွစေ။"-ဟုဆို၏။

၃ ကြိမ်မြောက်အောင် သဗ္ဗဒိန္နအမတ်က "၁ ကျိပ်သောရဟန်းတို့နှင့် ကြွလာစေရမည်လော။"-ဟုဆိုသော်၊ "အလုံးစုံသော ပူဇော်သက္ကာရကို ငါ စီရင်အပ်ပြီ။ 'အလိုရှိတိုင်းသော ရဟန်းတို့နှင့်အတူ ကြွလာစေ။'-ဟု ငါဆိုပြီ။ ဤ သဗ္ဗဒိန္နအမတ်သည် စကားတခြား ဆိုပြန်ခဲ့၏။ ရဟန်းတို့အား ဘောဇဉ်ကို ပေးလှူခြင်းငှာ ငါတို့ မစွမ်းနိုင်သလော။"-ဟုဆိုသော် သဗ္ဗဒိန္နအမတ်သည် နှလုံးမသာ ဖြစ်၏။

ထိုအခါ ဒေဝမန္တိယအမတ်, အနန္တကာယအမတ်, မကုံရအမတ်တို့သည် ရှင်နာဂသေနမထေရ်ရှိရာသို့ ချဉ်းကပ်လေကုန်၍၊ "အရှင်ဘုရား။ ဒကာတော်မင်းကြီးသည် အလိုရှိသမျှသောရဟန်းတို့နှင့် ကြွတော်မူစေချင်ပါသည်။ သို့ဖြစ်၍ အလိုရှိသမျှသော ရဟန်းတို့နှင့်အတူ ကြွတော်မူပေါလော့။"-ဟု လျှောက်ကြကုန်၏။

ထိုအခါ ရှင်နာဂသေနမထေရ်သည် နံနက်အခါ သင်းပိုင်,သင်္ကန်းဝတ်ရုံလျက် သပိတ်ကိုလွယ်၍ ၈ သောင်းသောရဟန်းတို့နှင့် အတူတကွ သာဂလမြို့သို့ ဝင်လေ၏။

ထိုအခါ အနန္တကာယအမတ်သည် ရှင်နာဂသေနမထေရ်ကို နောက်မှိပြု၍ သွားနေစဉ် "အရှင်ဘုရား၏ နာမတော်ကို 'နာဂသေန'ဟုဆို၏။ အဘယ်တရားဌ 'နာဂသေန' မည်သနည်း။"-ဟုမေးသော်၊

"ဒါယကာ။ သင်သည် 'နာဂသေန'ဆိုရာဌ အဘယ်တရားသည် 'နာဂသေန'ဟူ၍ အမှတ်ရှိသနည်း။"-ဟုမေးပြန်သော်၊

mgyoe.com

mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ ကိုယ်တွင်း၌ အကြင်'ဝါယောဓာတ်'ဟု ဆိုအပ်သော အသက်သည် ဝင်မှုလည်း ဝင်အံ့၊ ထွက်မှုလည်း ထွက်အံ့။ ထိုထွက်သက်,ဝင်သက်ကို 'နာဂသေန' အမှတ်ရှိပါသည်။"-ဟု လျှောက်သော်၊

"အိုး-အမတ်။ 'ထွက်သက်,ဝင်သက်'ဟု ဆိုအပ်သော ဝါယောဓာတ်သည် ထွက်သည်ရှိသော် မဝင်၊ ဝင်သည်ရှိသော် မထွက် ဖြစ်ခဲ့အံ့။ ထိုယောကျ်ားသည် အသက် ရှင်ရာသလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ အသက်မရှင်ချေ။"-ဟု လျှောက်ပြန်၏။

"အိုး-အမတ်။ ခရုသင်းမှုတ်သောသူတို့သည် ခရုသင်းကို မှုတ်ကုန်၏။ နဲ့,ပြွေတတ်သောသူတို့သည် နဲ့,ပြွေကို မှုတ်ကုန်၏။ တံပိုးမှုတ်တတ်သောသူတို့သည် တံပိုးကို မှုတ်ကုန်၏။ ထိုသူတို့၏ လေသည် တစ်ဖန် ဝင်လာပြန်သလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ တစ်ဖန် မဝင်လာပါချေ။"-ဟု လျှောက်လေလျှင်၊

"ထိုသို့ဖြစ်လျက် ထိုသူတို့ အဘယ်ကြောင့် မသေကုန်သနည်း။ သင်ကဲ့သို့သော အယူရှိသော သူနှင့် ငါ စကားပြောခြင်းငှာ မစွမ်းနိုင်ရာ။"-ဟုဆိုသော်၊

"အရှင်ဘုရား။ အနက်အဓိပ္ပာယ်ကို အဆုံးသတ်တော်မူပါလော။"-ဟုဆိုသော်၊

နာဂသေနမထေရ်သည် "အိုး-အမတ်။ ထို ထွက်သောလေ,ဝင်သောလေသည် 'အသက်'မဟုတ်။ ကာယသခ်ါရသာ ဖြစ်သည်။"-ဟုဖြေလေ၏။ ဖြေသောပါဠိကား 'န သော ဇီဝေါ၊ အဿာသ ပဿာသာ နာမကာသခ်ါရာ' ဟူသတည်း။

'သော၊ ထို ထွက်သောလေ,ဝင်သောလေသည်။ ဇီဝေါ၊ အသက်သည်။ န၊ မဟုတ်။ အဿာသ ပဿာသာ နာမ၊ ထွက်သောလေ,ဝင်သောလေ မည်သည်တို့ကား။ ကာယသခ်ါရာ၊ ကာယသခ်ါရ တရားတို့တည်း။' ဤသို့ အဘိဓမ္မာတရားကို ဟောလေ၏။

ထိုအခါ အနန္တကာယအမတ်သည် ရတနာ ၃ ပါးသို့ကပ်သော ဥပါသကာ၏အဖြစ်ကို ရှင်နာဂသေနအား သိစေ၏။

အနန္တကာယပဉ္ဟာ ပြီး၏။

၅-ပဗ္ဗဇ္ဇာပဉ္ဟာ

ရဟန်းပြုခြင်းအမေး

ထိုအခါ ရှင်နာဂသေနသည် မိလိန္ဒမင်း၏နန်းအိမ်သို့ ရောက်သော် သင့်တင့်လျောက်ပတ်သော နေရာ၌ နေ၏။

ထိုအခါ မိလိန္ဒမင်းသည် ရှင်နာဂသေနကို ပရိသတ်နှင့်တကွ မြတ်သော ခဲဖွယ်စားဖွယ်တို့ဖြင့် မိမိကိုယ်တိုင် ရောင့်ရဲစေ၍၊ ရဟန်း ၁ ပါး-၁ ပါးကို ပုဆိုး ၁ စုံစီလျှဒါန်း၍ ရှင်နာဂသေနမထေရ်ကို

 mgyoe.com. SAMPLE BOOK

"အရှင်ဘုရား။ ဒကျိပ်သောရဟန်းတို့နှင့် သီတင်းသုံးတော်မူပါဦး။ ကြွင်းသော အရှင်မြတ်တို့သည် ကြွတော်မူစေကုန်လော့။"-ဟုဆို၏။

ထိုအခါ မိလိန္ဒမင်းသည် ရှင်နာဂသေန . ဆွမ်းစားပြီးသော်၊ သပိတ်မှ လက်လွှတ်ပြီးသော် တစ်ခုသောနေရာနိမ့်ကို ယူ၍ လျောက်ပတ်သောအရပ်၌နေလျက် ရှင်နာဂသေန မထေရ်ကို

"အရှင်ဘုရား။ အဘယ်အရာ၌ စကားပြောဟောခြင်းသည် ဖြစ်ကြကုန်အံ့နည်း။"-ဟုမေးသော်၊

"မင်းကြီး။ ငါတို့သည် အကျိုးကို အလိုရှိသောသူတို့တည်း။ အကျိုးစီးပွား ဖြစ်သောအရာ၌ စကားပြောဟောခြင်းသည် ဖြစ်စေလော့။"-ဟုဆို၏။

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အရှင်ဘုရားတို့ကား အဘယ်အကျိုးငှာ ရဟန်းပြုတော်မူသနည်း။ အရှင်ဘုရားတို့အား အဘယ်သည်လျှင် မြတ်ပါသနည်း။"-ဟု မေးလေသော်၊

နာဂသေနမထေရ်သည် "မြတ်သောမင်းကြီး။ အသို့ဆိုသနည်း။ ဤဝဋ်ဆင်းရဲသည် ချုပ်သည် ဖြစ်အံ့။ ဒ ပါးသောအသစ် ဆင်းရဲသည် မဖြစ်ရာ။ ထိုအကျိုးငှာ ရဟန်းပြု၏။ မင်းကြီး-စင်စစ်သော်ကား ဥပါဒါန်တရားတို့ဖြင့် စွဲလမ်းခြင်း မရှိ ပရိနိဗ္ဗာန်ပြုရခြင်းသည် အလွန်မြတ်လှစွာသော အကျိုးတည်း။"-ဟုဆို၏။

"အရှင်ဘုရား။ အလုံးစုံသော ရဟန်းတို့သည်ပင်လျှင် ထိုဝဋ်ဆင်းရဲချုပ်ရာ နိဗ္ဗာန်အကျိုးငှာ ရဟန်းပြုကြကုန်သလော။"-ဟု မေးပြန်၏။

"မင်းကြီး။ အလုံးစုံသောရဟန်းတို့သည် နိဗ္ဗာန်အလို့ငှာ ရဟန်း မပြုချေ။

- အချို့သောရဟန်းတို့သည် နိဗ္ဗာန်အလို့ငှာ ရဟန်းပြုကုန်၏။
- အချို့သောရဟန်းတို့သည် မင်းနှိပ်စက်သောကြောင့် ရဟန်းပြုကြကုန်၏။
- အချို့သောရဟန်းတို့သည် ခိုးသူနှိပ်စက်သောကြောင့် ရဟန်းပြုကြကုန်၏။
- အချို့သော ရဟန်းတို့သည် သူ၏ကြွေးမြီတင်သောကြောင့် ရဟန်းပြုကြကုန်၏။
- အချို့သောရဟန်းတို့သည် အသက် မွေးလိုသောကြောင့် ရဟန်းပြုကြကုန်၏။
- အကြင်သူတို့သည် ကောင်းစွာရဟန်းပြုကြကုန်၏။ ထိုသူတို့သည် 'နိဗ္ဗာန်အလို့ငှာ ပြုသည်' မည်ကုန်၏။"-ဟုဆိုသော်၊

"အရှင်ဘုရား။ အရှင်ဘုရားသည် ထိုနိဗ္ဗာန်အလို့ငှာ ရဟန်းပြုသလော။"-ဟုမေးလေ၏။

"မင်းကြီး။ ငါသည် သူငယ်ဖြစ်စဉ် ရဟန်းပြု၏။ 'နိဗ္ဗာန်အလို့ငှာ ရဟန်းပြု၏။'-ဟု ငါမသိ။ စင်စစ်သော်ကား သာကီဝင်မင်းသား ရဟန်းပညာရှိတို့ ငါ့ကို ကျင့်စေကုန်၏။ ထို့ငါသည်လည်း ထိုသာကီဝင်မင်းသား ရဟန်းတို့ ကျင့်စေအပ်သည်ဖြစ်၍ 'ဤမည်သော အကျိုးငှာ ရဟန်းပြု၏။'-ဟု သိလည်း သိ၏၊ မြင်လည်း မြင်၏။"-ဟုဆိုသော်၊ "အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

ပဗ္ဗဇ္ဇာပဉ္ဟာ ပြီး၏။

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

 gyoe.com SAMPLE BOOK

၆-ပဋိသန္ဓေပဉ္ဟာ

ပဋိသန္ဓေ နေ-မနေ မေးခြင်း

မိလိန္ဒမင်းသည် နာဂသေနမထေရ်ကို "အရှင်ဘုရား။ အချို့သောသူသည် သေသည်ရှိသော် တစ်ဖန် ပဋိသန္ဓေ မနေပြီလော။"-ဟုမေးသော်၊

နာဂသေနမထေရ်သည် "မင်းကြီး။ အချို့သောသူသည် တစ်ဖန် ပဋိသန္ဓေနေ၏။ အချို့သောသူကား တစ်ဖန် ပဋိသန္ဓေ မနေ။"-ဟုဖြေ၏။

"အရှင်ဘုရား။ အဘယ်သူသည် တစ်ဖန် ပဋိသန္ဓေနေပြန်သနည်း။ အဘယ်သူကား တစ်ဖန် ပဋိသန္ဓေမနေသနည်း။"-ဟုမေးသော်၊

"မြတ်သောမင်းကြီး။ ကိလေသာရှိသောသူသည် တစ်ဖန် ပဋိသန္ဓေနေ၏။ ကိလေသာမရှိသောသူသည် တစ်ဖန် ပဋိသန္ဓေမနေ။"-ဟုဖြေ၏။

"အရှင်ဘုရား။ အရှင်ဘုရားသည် ပဋိသန္ဓေ နေလတ္တံ့လော။"-ဟုမေးသော်၊ "မြတ်သောမင်းကြီး။ အကယ်၍ ငါသည် ဥပါဒါန်တရားရှိသေးသည် ဖြစ်အံ့။ တစ်ဖန် ပဋိသန္ဓေ နေရလတ္တံ့။ အကယ်၍ ဥပါဒါန်တရား မရှိသည်ဖြစ်အံ့။ တစ်ဖန် ပဋိသန္ဓေမနေရလတ္တံ့။"-ဟု ဖြေလေသော်၊

"အရှင်နာဂသေန။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝမ်းမြောက်လေ၏။

ဤအရာ၌ ရှင်နာဂသေနသည် စကားနှစ်ကြောင်း နှစ်သွယ်ဖြင့် မင်းကြီးကို နှစ်သက်စေသည်ကား နိဗ္ဗာန်ကိုငါရပြီဟု တိုက်ရိုက်မပြောအပ်သော ဝိနည်းတရားတော်ရှိသောကြောင့် တိုက်ရိုက်မပြော၊ ထိုသို့မပြောသည်ကို မိလိန္ဒမင်းလည်း တရားကိုသိသောသူဖြစ်၍ သင့်တင့်လျောက်ပတ်ပေ၏ဟု ဝန်ခံလေသည်ဟူ၍ ယူအပ်၏။

ပဋိသန္ဓေပဉ္ဟာ ပြီး၏။

၇-ယောနိသော မနသိကာရပဉ္ဟာ

ယောနိသော မနသိကာရကိုမေးခြင်း

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အကြင်သူသည် ပဋိသန္ဓေနေ၏။ ထို ပဋိသန္ဓေနေသောသူသည် ယောနိသော မနသိကာရဖြင့် ပဋိသန္ဓေနေသလော်။"-ဟုမေး၏။

အဖြေကား-"မင်းကြီး။ ယောနိသော မနသိကာရဖြင့်လည်း ပဋိသန္ဓေနေ၏။ ပညာဖြင့်လည်း ပဋိသန္ဓေနေ၏။ ပညာကင်းသော တစ်ပါးသောကုသိုလ်ဖြင့်လည်း ပဋိသန္ဓေနေ၏။"-ဟုဖြေ၏။

"အရှင်ဘုရား။ ယောနိသော မနသိကာရသည်လျှင် ပညာမဟုတ်လော။"-ဟုမေးပြန်၏။

"မင်းကြီး။ ယောနိသော မနသိကာရသည် ပညာမဟုတ်။ ယောနိသော မနသိကာရသည် တရား ၁ ပါး၊ ပညာသည် တရား ၁ ပါးတည်း။"-ဟုဆို၍၊

 mgyoe.com SAMPLE BOOK

"မင်းကြီး။ ဆိတ်, ကျွဲ, နွား, ကုလားအုတ်, မြည်းသတ္တဝါတို့အား မနသိကာရတရားသည် ရှိ၏။ ထိုသတ္တဝါတို့အား ပညာမရှိ။"-ဟုဖြေလေသော်၊

"အရှင်ဘုရား။ သင့်မြတ်ပေ၏။"-ဟု ဝန်ခံလေ၏။

ယောနိသော မနသိကာရပဉှာ ပြီး၏။

၈-မနသိကာရ လက္ခဏာ ပဉှာ

မနသိကာရနှင့် ပညာအထူး

မိလိန္ဒမင်းကြီးသည် "အရှင်ဘုရား။ မနသိကာရသည် အဘယ်သို့သော လက္ခဏာ ရှိသနည်း။ ပညာသည် အဘယ်သို့သော လက္ခဏာ ရှိသနည်း။"-ဟု တရား ၂ ပါး၏လက္ခဏာကို မေးပြန်၏။

"မြတ်သောမင်းကြီး။ မနသိကာရသည် ရုံးစုခြင်းလက္ခဏာ ရှိ၏။ ပညာသည် ပိုင်းခြားခြင်း လက္ခဏာ ရှိ၏။"-ဟုဖြေသော်၊

ထိုစကားကို ဥပမာဖြင့် ထင်ရှားစွာသိလို၍ "အရှင်ဘုရား။ မနသိကာရသည် အဘယ်သို့ ရုံးစုခြင်းလက္ခဏာ ရှိသနည်း။ ပညာသည် အဘယ်သို့ ပိုင်းခြားခြင်းလက္ခဏာ ရှိသနည်း။ ဥပမာ ပြုပါဦးလော့။"-ဟု မေးပြန်လေ၏။

"မင်းကြီး။ မုယောစပါးရိတ်သောသူကို သိ၏လော။"-ဟုမေးသော်၊

"အရှင်ဘုရား။ သိပါ၏။"-ဟုဆိုလျှင်၊

"မင်းကြီး။ မုယောစပါးကို အဘယ်သို့ရိတ်သနည်း။"-ဟုမေးပြန်သော်၊

"အရှင်ဘုရား။ လက်ဝဲလက်ဖြင့် မုယောစည်းကိုကိုင်၍၊ လက်ယာလက်ဖြင့် တံစဉ်ကိုကိုင်၍ တံစဉ်ဖြင့် ရိတ်၏။"-ဟုဆိုသော်၊

"မင်းကြီး။ မုယောစပါးကို ရိတ်တတ်သောသူသည် လက်ဝဲလက်ဖြင့် မုယောစည်းကိုကိုင်၍၊ လက်ယာလက်ဖြင့် တံစဉ်ကိုကိုင်၍ တံစဉ်ဖြင့် ရိတ်သကဲ့သို့၊ ထို့အတူ ကမ္မဋ္ဌာန်းဘာဝနာ၌ ယှဉ်သော ယောဂါဝစရပုဂ္ဂိုလ်သည် မနသိကာရဖြင့် မိမိစိတ်ကို ရုံးစု၍ ပညာဖြင့် ကိလေသာတို့ကို ဖြတ်၏။ မင်းကြီး-ဤကဲ့သို့ ၄င်းမနသိကာရသည် ရုံးစုခြင်းလက္ခဏာ ရှိ၏။ ပညာသည် ပိုင်းခြားခြင်းလက္ခဏာ ရှိ၏။"-ဟုဖြေလေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

မနသိကာရလက္ခဏာပဉှာပြီး၏။

mgyoe.com SAMPLE BOOK

၉-သီလလက္ခဏာပဉ္ဟာ

သီလကိုမေးခြင်း။

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ သီလသည် အဘယ်လက္ခဏာရှိသနည်း။''-ဟုမေးပြန်သော်၊

''မင်းကြီး။ သီလသည် ခပ်သိမ်းသော ကုသိုလ်တရားတို့ကို တည်စေတတ်၏။ ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်, သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, စျာန်, ဝိမောက္ခ, သမာဓိ, သမာပတ္တိတို့ကို တည်စေတတ်၏။

''မင်းကြီး။ သီလ၌တည်သော ယောဂါဝစရပုဂ္ဂိုလ်သည် သီလကိုအမှီပြု၍၊ သီလကို ဆောက်တည်၍ 'သဒ္ဓိန္ဒြေ, ဝီရိယန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ'ဟု ဆိုအပ်သော ၅ ပါးသော တရားတို့ကို ပွားစေတတ်၏။ အလုံးစုံသော ကုသိုလ်တရားတို့သည် မဆုတ်မယုတ်ကုန်။''-ဟုဖြေသော်၊

''အရှင်ဘုရား။ ထိုတရားကိုဖြေသော် အထူးသိသာအောင် ဥပမာဖြင့် ဆောင်၍ ပြပါဦးလော့။'' -ဟု မေးပြန်၏။

''မြတ်သောမင်းကြီး။ အလုံးစုံသော ဗီဇဂါမ် သစ်ပင်, မြက်အပေါင်းတို့သည် အမြစ်, ပင်စည်, အကိုင်း, အခက်, အရွက်, အသီး, အပွင့်တို့၏ ပွားများခြင်း, အထက်ကောင်းကင်သို့တက်၍ ပြန့်ပြောခြင်းသို့ ရောက်ကုန်၏။ ထိုသစ်ပင်, မြက်တို့၏ ပွားများခြင်းသည် မြေကြီးကိုမှီ၍၊ မြေ၌တည်၍၊ ပွားများခြင်း, ပြန့်ပြောခြင်းသို့ ရောက်သကဲ့သို့၊ မင်းကြီး-ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် သီလကိုမှီ၍၊ သီလ၌တည်၍ သဒ္ဓိန္ဒြေ အစရှိသော တရား ၅ ပါးတို့ကို ပွားများစေ၏။''-ဟု ဖြေ၏။

''အရှင်ဘုရား။ လွန်စွာ ဥပမာပြပါဦးလော့။''-ဟု ဆိုပြန်၏။

''မြတ်သောမင်းကြီး။ ဥပမာသော်ကား အမှုကို လုပ်ဆောင်သောသူတို့သည် အစွမ်းသတ္တိ ခွန်အားကို ထုတ်သဖြင့် အမှုကို ပြုကုန်၏။ ထိုသူတို့သည် မြေကိုမှီ၍၊ မြေ၌ ကြွပ်ကြွပ်တည်၍ အမှုကိုပြုကုန်သကဲ့သို့၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် သီလကိုမှီ၍၊ သီလ၌တည်၍ သဒ္ဓိန္ဒြေ အစရှိသော တရား ၅ ပါးတို့ကို ပွားများစေ၏။''-ဟု ဖြေပြန်၏။

''အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။''-ဟု ဆိုပြန်လျှင်၊

''မြတ်သောမင်းကြီး။ မြို့ကို စီရင်သော ဗိသုကာလက်သမားသည် မြို့ကို စီရင်ဖန်ဆင်းလိုသည် ရှိသော် ရှေးဦးစွာ မြို့တည်ရာမြေအရပ်ကို သုတ်သင်စေ၍၊ သစ်ငုတ်, ခလုတ်, ဆူးငြောင့်တို့ကို ပယ်စေ၍ ညီညွတ်စွာ ပြုပြင်စေပြီးသော်၊ ထိုအခါ ခရီးမ, ခရီးကွေ့, လမ်းဆုံ, လမ်းကွေ့တို့ကို ဝေဖန်၍ မြို့ကို စီရင်ဖန်ဆင်းသကဲ့သို့၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် သီလကိုမှီ၍၊ သီလ၌ အမြဲတည်၍ ၅ ပါးသော ဣန္ဒြေတို့ကို ပွားများစေ၏။''-ဟု ဖြေ၏။

''အရှင်ဘုရား။ လွန်စွာဥပမာပြပါဦးလော့။''-ဟုဆိုပြန်လျှင်၊

 mgyoe.com SAMPLE BOOK

"မြတ်သောမင်းကြီး။ တန်းခုန်လွှားတတ်သော ကျွမ်းသမားသည် မိမိအတတ်ကို ပြလိုသော် ရှေးဦးစွာ မြေကိုတူးစေ၍၊ ကျောက်စရစ်, အိုးခြမ်းတို့ကို ပယ်စေ၍ မြေကိုညီညာစွာပြုပြီး နူးညံ့သိမ်မွေ့သောမြေ၌ အတတ်ကိုပြသကဲ့သို့၊ မြတ်သောမင်းကြီး-ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် သီလကိုမှီ၍ ၅ ပါးသောကုန်ကြေးတို့ကို ပွားများစေ၏။"-ဟု ဖြေ၏။

အရှင်နာဂသေနသည် "မင်းကြီး။ သီလသည် ၅ ပါးသော ကုန်ကြေးတို့၏တည်ရာပွားရာ ဖြစ်ကြောင်းကို ငါ၏အစွမ်းသတ္တိ ပညာဖြင့် ဥပမာ, ဥပမေယျဆောင်၍ ပြသည်သာ မဟုတ်လေသေး။ သီလသည် ခပ်သိမ်းသောကုသိုလ်တရားတို့၏ တည်ရာ ဖြစ်ရာ ဖြစ်ကြောင်းကို ဘုရားရှင်လည်း ဟောတော်မူ၏။"-ဟု သက်သေသာဓကဆောင်၍ ပြပြန်၏။

သာဓကပါဠိကား

'သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ္ဂ်။ ။'

'သပညော၊ ပညာနှင့်ပြည့်စုံသော။ နရော၊ ပုထုဇဉ်ဖြစ်သော။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။ စိတ္တဉ္စ၊ သမာဓိနှင့်ယှဉ်သော စိတ်ကိုလည်းကောင်း၊ ပညဉ္စ၊ ပညာကိုလည်းကောင်း။ ဘာဝယံ၊ ပွားစေလျက်။ အာတာပီ ကိလေသာကို ပူပန်စေတတ်သော လုံ့လနှင့်ပြည့်စုံစေတတ်သော။ နိပကော၊ ပညာနှင့်ပြည့်စုံသော။ သောဘိက္ခု၊ ထိုပုထုဇဉ်ရဟန်းသည်။ ဣမံဇဋံ၊ ဤကိလေသာတည်းဟူသော အရှုပ်အထွေးကို။ ဝိဇဋယေ-ဝိဇဋေယျ၊ ဖြေနိုင်, ဖြတ်နိုင်ပေရာ၏။'

တစ်နည်း သာဓကပါဠိကား

'အယံ ပတိဋ္ဌာ ဓရဏီဝ ပါဏိနံ၊ ဣဒဉ္စမူလံ ကုသလာ ဘိဝုဠိယာ။
မုခဉ္စိဒံ သဗ္ဗ ဇိနာနုသာသနေ၊ ယော သီလက္ခန္ဓော ဝရပါတိမောက္ခယော။ ။'

'အယံဓရဏီ၊ ဤမြေကြီးသည်။ ပါဏိနံ၊ သတ္တဝါတို့၏။ ပတိဋ္ဌာဝ၊ တည်ရာဖြစ်၏သို့။ ဧဝံ၊ ဤအတူ၊ ဣဒဉ္စသီလံ၊ ဤသီလသည်လည်း။ ကုသလာဘိဝုဠိယာ၊ ကုသိုလ်ပွားများခြင်း၏။ မူလဉ္စ၊ အရင်းအမြစ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ မုခဉ္စ၊ အကြောင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဇိနာနုသာသနေ၊ မြတ်စွာဘုရားအဆုံးအမတော်၌။ ယော၊ ဝါရပါတိမောက္ခိယော၊ အကြင် မြတ်သောပါတိမောက္ခသံဝရသီလသည်။ သီလက္ခန္ဓော၊ 'သီလက္ခန်'မည်၏။ ဣဒံ သဗ္ဗံ၊ ဤအလုံးစုံသောသီလသည်။ ကုသလာဘိဝုဠိယာ၊ ကုသိုလ်ပွားများခြင်း၏။ မုခံ၊ အကြောင်းရင်းစာည်း။'-ဟု သာဓကဖြင့်လည်း ဖြေလေလျှင်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

သီလလက္ခဏာပဉ္စာ ပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK

၁၀-သမ္မသာဒနလက္ခဏာ သဒ္ဓါပဉ္ဟာ

သဒ္ဓါ၏ကြည်လင်ခြင်းလက္ခဏာကို မေးခြင်း

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ သဒ္ဓါတရားသည် အဘယ်သို့သော လက္ခဏာရှိသနည်း။'' -ဟု မေး၏။

''မြတ်သောမင်းကြီး။ သဒ္ဓါသည် ကြည်လင်ခြင်းလက္ခဏာ ရှိ၏။ ယုံမှားပျောက်ခြင်း လက္ခဏာလည်း ရှိ၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ သဒ္ဓါသည် အဘယ်သို့ ကြည်လင်ခြင်း လက္ခဏာရှိသနည်း။''-ဟုမေးပြန်၏။

''မင်းကြီး။ သဒ္ဓါဖြစ်သည်ရှိသော် နိဝရဏတရားတို့ကို ခွာရှဲ၍ နိဝရဏကင်းသောစိတ်သည် အထူးကြည်လင်၏။ မနောက် မကျိ။ ထိုတရားကြောင့် သဒ္ဓါသည် ကြည်လင်ခြင်းလက္ခဏာ ရှိ၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ ထိုသဒ္ဓါတရား၏ ကြည်လင်ခြင်းကို ဥပမာအားဖြင့် ပြတော်မူပါဦးလော့။''-ဟုဆိုလျှင်၊

''မြတ်သောမင်းကြီး။ ဥပမာသော်ကား စကြာမင်းသည် စစ်အင်္ဂါ ၄ ပါးနှင့်တကွ အွန့်ရှည်သော ခရီးကို သွားစဉ် နည်းသောရေကို မြင်အံ့။ ထိုရေသည် ဆင်၊ မြင်း၊ ရထား၊ ခြေသည်တို့ လူပ်ရှားအပ်သည်ဖြစ်၍၊ နောက်ခဲ့၍ ညွန် ဖြစ်လေ၏။ စကြာမင်းကူးပြီးသော် 'အချင်းတို့-ရေခပ်ယူချေ။ ငါရေသောက်အံ့။'-ဟု လူတို့ကို စေ၏။ နောက်သောရေကို ကြည်လင်စေတတ်သော စကြာမင်း၏ ပတ္တမြားရတနာသည် ရှိ၏။ 'အရှင်မင်းကြီး-ကောင်းပြီ။'-ဟုဝန်ခံ၍ ထိုစေအပ်သောလူတို့သည် ရေကို ကြည်လင်စေတတ်သော ထိုပတ္တမြားရတနာကို ရေ၌ ထည့်ကုန်အံ့။ ထိုပတ္တမြားထည့်ကာမျှ၌လျှင် ထိုခရုသင်းခွံ၊ မှော်၊ အမှိုက်တို့သည် ကင်းလေရာ၏။ ညွန်သည်လည်း ကောင်းစွာစုဝေးရာ၏။ ကြည်သောရေသည် ဖြစ်၏။ ကြည်လင်သည်ဖြစ်၍ မနောက်လေပြီ။ ထိုအခါ စကြာမင်းအား 'အရှင်မင်းကြီး-ရေသောက်တော်မူပါ။'-ဟု အနီးသို့ ဆောင်လေကုန်၏။

''မင်းကြီး။ ကြည်လင်သောရေနှင့်ကား နိဝရဏကင်းသော ကုသိုလ်စိတ်နှင့် တူသည်။-ဟု မှတ်အပ်၏။ မင်းကြီး-'ရေ ယူချေ' စေအပ်သောလူတို့နှင့်ကား ယောဂါဝစရပုဂ္ဂိုလ်နှင့် တူ၏။ ခရုသင်းခွံ၊ မှော်၊ အမှိုက်တို့နှင့်ကား ကိလေသာနှင့် တူ၏။ ရေကိုကြည်လင်စေတတ်သော ပတ္တမြားနှင့်ကား သဒ္ဓါတရားနှင့် တူ၏။ ထို့ကြောင့် မင်းကြီး-သဒ္ဓါသည် ကြည်လင်ခြင်းလက္ခဏာ ရှိ၏။-ဟု ငါဆိုသည်။-ဟူလိုသော်။''

သမ္မသာဒနလက္ခဏာ သဒ္ဓါပဉ္ဟာ ပြီး၏။

mgyoe.com

၁၁-သမ္မက္ခန္ဓနလက္ခဏာ သဒ္ဓါပဉ္စာ

သဒ္ဓါ၏ ယုံမှားပျောက်ခြင်းလက္ခဏာ

"အရှင်ဘုရား။ သဒ္ဓါသည် အဘယ်သို့လျှင် ယုံမှားပျောက်ခြင်း လက္ခဏာ ရှိသနည်း။"-ဟုမေးပြန်၏။

"မြတ်သောမင်းကြီး။ ယောဂါဝစရပုဂ္ဂိုလ်သည် သူတစ်ပါးကိလေသာမှ လွတ်သောစိတ်ရှိသည်ကို မြင်၍ သောတာပတ္တိဖိုလ်၌ လည်းကောင်း, သကဒါဂါမိဖိုလ်၌ လည်းကောင်း, အနာဂါမိဖိုလ်၌ လည်းကောင်း, အရဟတ္တဖိုလ်၌ လည်းကောင်း ယုံမှား၍ မရောက်သေးသည်ကို ရောက်စိမ့်သောင့်၊ မရသေးသည်ကို ရခြင်းငှာ၊ မျက်မှောက်မပြုရသေးသည်ကို မျက်မှောက်ပြုရခြင်းငှာ လုံ့လအားထုတ်၏။ ထို့ကြောင့် မင်းကြီး 'သဒ္ဓါသည် ကောင်းစွာ ယုံမှားပျောက်ခြင်းလက္ခဏာရှိ၏။' "

"အရှင်ဘုရား။ ဥပမာပြုတော်မူပါဦးလော့။"-ဟုဆိုလျှင်၊

"မြတ်သောမင်းကြီး။ တောင်ထိပ်ထက်၌ သည်းစွာသောမိုးသည် ရွာအံ့။ ထိုမိုးရေသည် ချိုင့်ဝှမ်းရာအရပ်သို့ စီးဝင်လေပြီး၍ တောင်, ချောက်ကြား, ချောက်လက်တို့ကို ပြည့်စေပြီးမှ မြစ်ကို ပြည့်စေ၏။ ထိုရေပြည့်သောမြစ်သည် ကမ်းပါး ၂ ဖက်သို့ လျှံ၍ သွားခဲ့အံ့။ ထိုအခါ လူအပေါင်းသည် လာ၍၊ ထိုမြစ်၏ နက်သောအဖြစ်, တိမ်သောအဖြစ်ကို မသိကြသည်ဖြစ်၍၊ ကြောက်လန့်လျက် ကမ်းနားတွင် ရပ်၍နေ၏။ ထိုအခါ ယောကျ်ားတစ်ယောက်သည် လာလတ်၍၊ မိမိအစွမ်းသတ္တိကို ကောင်းစွာပြလိုသည်ဖြစ်၍၊ မြစ်ရာပုဆိုးကို အောက်ပိုးကျိုက်၍၊ မြစ်သို့ဆင်း၍ ကူးသည်ကို မြင်လေသော် လူအပေါင်းသည်လည်း ထိုမြစ် တိမ်သည်ကိုမြင်၍ ကူးလေသကဲ့သို့၊ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်သည် သူတစ်ပါး ကိလေသာမှ လွတ်သောစိတ်ရှိသည်ကိုမြင်၍ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်တို့၌ ယုံမှားပျောက်လေ၏။ မရောက်သေးသည်ကိုလည်း ရောက်စေခြင်းငှာ၊ မရသေးသည်ကိုလည်း ရစေခြင်းငှာ၊ မျက်မှောက်မပြုသေးသည်ကိုလည်း မျက်မှောက်ပြုခြင်းငှာ လုံ့လပြုလေ၏။ မြတ်သောမင်းကြီး-သဒ္ဓါသည် ဤသို့လျှင် ယုံမှားပျောက်ခြင်းလက္ခဏာရှိ၏။"-ဟု ဖြေလေ၏။

"မင်းကြီး။ သဒ္ဓါသည် ယုံမှားကိုပျောက်စေခြင်းလက္ခဏာရှိကြောင်းကို ငါသာ တတ်လိမ့်မှာ၍ မဆို။ ဘုရားရှင်လည်း သံယုတ္တနိကာယ်၌ ဟောတော်မူ၏။"-ဟု သက်သေသာဓကကို ပြ၏။

သာဓကပါဠိကား

'သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝိရိယေန ဒုက္ခံ အစ္ဆေတိ၊ ပညာယ ပရိသုဇ္ဈတိ။ ။'-ဟု သာဓကဆောင်လေ၏။

'သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ ဩဃံ၊ 'သံသရာတည်း'ဟူသော ဝဲဩဃကို။ တရတိ၊ ကူးမြောက်နိုင်၏။ အပ္ပမာဒေန၊ 'ကုသိုလ် ကမ္မပထကို မမေ့မလျော့ခြင်းတည်း'ဟူသော။ ဝိရိယေန၊ ဝီရိယဖြင့်။

mgyoe.com SAMPLE BOOK

ဒုက္ခံ၊ ဆင်းရဲစွာသော။ အဏ္ဏာဝံ၊ 'သံသရာတည်း'ဟူသော သမုဒ္ဒရာကို။ အစ္ဆေတိ၊ လွန်နိုင်၏။ ပညာယ၊ ပညာဖြင့်။ ပရိသုဒ္ဓါတိ၊ ကိလေသာမှ စင်ကြယ်၏။'-ဟူ၍ သက်သေသာဓကဖြင့် ပြ၍ ဖြေလေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

သမ္မက္ခန္ဓနက္ခဏာ သဒ္ဒါပဉ္ဟာ ပြီး၏။

၁၂-ဝိရိယလက္ခဏပဉ္ဟာ

ဝိရိယလက္ခဏာကို မေးခြင်း

မိလိန္ဒမင်းသည် "အရှင်ဘုရား။ ဝိရိယသည် အဘယ်ကဲ့သို့ လက္ခဏာရှိသနည်း။"-ဟု မေး၏။

"မင်းကြီး။ ဝိရိယသည် မြဲမြံစွာထောက်ပံ့ခြင်းလက္ခဏာ ရှိ၏။ ဝိရိယတရား အထောက်အပံ့ရှိကုန်သော အလုံးစုံသော ကုသိုလ်တရားတို့သည် မယုတ်မလျော့ကုန်။"-ဟု ဖြေလေ၏။

"အရှင်ဘုရား။ ဥပမာဖြင့်ပြပါဦးလော့။"-ဟု ဆိုလေသော်၊

"မြတ်သောမင်းကြီး။ အကြင်ယောကျ်ားသည် မိမိအိမ် ပြိုလုလတ်သည်ရှိသော် တစ်ပါးသော သစ်တို့ဖြင့် ထောက်ပံ့သည် ဖြစ်အံ့။ ထောက်ပံ့၍ခိုင်စေအပ်ပြီးသော အိမ်သည် ခိုင်ခံ့သည်ဖြစ်၍ မယိမ်းမပြို ရှိသကဲ့သို့၊ ထို့အတူ ဝိရိယသည် ထောက်ပံ့ခြင်းလက္ခဏာ ရှိ၏။ ဝိရိယအထောက်အပံ့ရှိသော အလုံးစုံသော ကုသိုလ်တရားတို့သည် မယုတ်မလျော့။"-ဟု ဥပမာဖြင့် ဖြေ၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။"-ဟုဆိုသော်၊

"မင်းကြီး။ အနည်းငယ်သောစစ်သည်ကို များသောစစ်သည်သည် ချိုးဖဲ့ဖျက်ဆီးရာ၏။ ထိုအခါ အားနည်းသော ဗိုလ်ပါရှိသောမင်းသည် အချင်းချင်း အောက်မေ့စေခြင်း, စေ့ဆော်ခြင်း, အဆင့်ဆင့် အားပေးခြင်း, လုံ့လကိုပြုခြင်းကြောင့် နည်းသောစစ်သည်သည် များသောစစ်သည်တို့ကို ချိုးဖျက်နိုင်သကဲ့သို့၊ ထို့အတူ ဝိရိယသည် ထောက်ပံ့ခိုင်ခံ့ခြင်းလက္ခဏာ ရှိ၏။ ဝိရိယသည် ထောက်ပံ့အပ်သော အလုံးစုံသောကုသိုလ်တရားတို့ မလျော့မယုတ်။"-ဟု ဥပမာဖြင့် ဖြေလေ၏။

"မင်းကြီး။ ငါသာလျှင် 'ဝိရိယထောက်ပံ့ခြင်းရှိသော တရားအပေါင်းသည် ကုသိုလ်မှ မလျော့မယုတ်ကုန်။'-ဟု ဆိုအပ်သည် မဟုတ်။ ဘုရားရှင်လည်း ဟောတော်မူအပ်သည်။"-ဟု သက်သေသာဓကကို ပြပြန်၏။

'ဝိရိယဝါ ခေါ ဘိက္ခဝေ အရိယသာဝကော အကုသလံ ပဇဟတိ၊ ကုသလံ ဘာဝေတိ၊ သာဝဇ္ဇံ ပဇဟတိ၊ အနဝဇ္ဇံ ဘာဝေတိ၊ သုဒ္ဓမတ္တာနံ ပရိဟရတိ။'-ဟူသော ပါဠိဖြင့် ပြ၏။

'ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝိရိယဝါ၊ လုံ့လနှင့်ပြည့်စုံသော။ အရိယသာဝကော၊ အရိယာ၏ တပည့်သည်။ ခေါ၊ စင်စစ်။ အကုသလံ၊ အကုသိုလ်ကို။ ပဇဟတိ၊ စွန့်၏။ ကုသလံ၊ ကုသိုလ်ကို။ ဘာဝေတိ၊ ပွားစေ၏။ သာဝဇ္ဇံ၊ အပြစ်ရှိသောတရားကို။ ပဇဟတိ၊ စွန့်၏။ အနဝဇ္ဇံ၊ အပြစ်မရှိသည်ကို။

ဘာဝေတိ၊ ပွားစေ၏။ သုဒ္ဓံ၊ စင်ကြယ်စွာသော။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရတိ၊ ဆောင်နိုင်၏။'
-ဟု သာဓကနှင့်တကွ ကြားရလျှင်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

ဝိရိယလင်္ကာပဉ္စာ ပြီး၏။

၁၃-သတိလင်္ကာပဉ္စာ

သတိလင်္ကာကိုမေးခြင်း။

မိလိန္ဒမင်းသည် "အရှင်ဘုရား။ သတိတရားသည် အဘယ်သို့သော လက္ခဏာ ရှိသနည်း။"
-ဟုမေး၏။

"မြတ်သောမင်းကြီး။ သတိသည် မပေါ့မလျော့သောလက္ခဏာ ရှိ၏။ ချီးမွှောက်ခြင်းလက္ခဏာ ရှိ၏။"-ဟု အကျဉ်းဖြေသော်၊

"အရှင်ဘုရား။ အဘယ်သို့လျှင် မပေါ့မလျော့သော်လက္ခဏာ ရှိသနည်း။"-ဟု မေးပြန်၏။

"မင်းကြီး။ သတိတရားဖြစ်သည်ရှိသော် ကုသိုလ်-အကုသိုလ်, အပြစ်ရှိသည်-အပြစ်မရှိသည်, ယုတ်သည်-မြတ်သည်, မည်းသည်-ဖြူသည်ဟု ဆိုအပ်သော တရားစုတို့၌ မမေ့မလျော့။ 'ဤတရား ၄ ပါးသည်ကား သတိပဋ္ဌာန်၊ ဤတရား ၄ ပါးသည်ကား သမ္မပ္ပဓာန်၊ ဤ ၄ ပါးသောတရားသည် ဣဒ္ဓိပါဒ်၊ ဤ ၅ ပါးသောတရားသည် ဣန္ဒြေ၊ ဤ ၅ ပါးသောတရားသည် ဗိုလ်၊ ဤ ၇ ပါးသောတရားသည် ဗောဇ္ဈင်၊ ဤ ၈ ပါးသောတရားသည် မဂ္ဂင်၊ ဤတရားသည် သမထ၊ ဤတရားသည် ဝိပဿနာ၊ ဤတရားသည် ဝိဇ္ဇာ၊ ဤတရားသည် ဝိမုတ္တိ'ဟု မပေါ့မလျော့သည်ဖြစ်၍ ထိုတရားအစုမှ ယောဂါဝစရပုဂ္ဂိုလ်သည် မှီဝဲအပ်သောတရားတို့ကို မှီဝဲ၏။ မမှီဝဲအပ်သောတရားတို့ကို မမှီဝဲ။ ဆည်းပူးအပ်သောတရားတို့ကို ဆည်းပူး၏။ မဆည်းပူးအပ်သောတရားတို့ကို မဆည်းပူး။ မင်းကြီး-ဤသည်လျှင် သတိတရားသည် မပေါ့မလျော့သောလက္ခဏာ ရှိ၏။"-ဟုဆိုသော်၊

"အရှင်ဘုရား။ ဥပမာဆိုပါဦးလော။"-ဟုဆိုလျှင်၊

"မင်းကြီး။ စကြာမင်း၏ ဘဏ္ဍာစိုးသည် စကြာမင်းကို 'ညဉ့် နံနက် ဆင်, မြင်း, ရထား, ခြေသည်တို့သည် ဤမျှရှိ၏။'-ဟူ၍လည်းကောင်း၊ ရွှေ, ငွေ, ဥစ္စာနှစ်ကား ဤမျှရှိ၏ ဟူ၍လည်းကောင်း အရှင်မင်းကြီးသည် အောက်မေ့မှတ်တော်မူ လော့။'-ဟု ဥစ္စာနှစ်တို့ကို အောက်မေ့စေသကဲ့သို့၊ ထို့အတူ သတိတရားသည်လည်း ကုသိုလ်- အကုသိုလ်, အပြစ်ရှိသည်-အပြစ်မရှိသည်, မည်းသည်-ဖြူသည်, သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်, သမထ, ဝိပဿနာ, ဝိဇ္ဇာ, ဝိမုတ္တိတို့၌ မပေါ့မလျော့ခြင်းရှိ၍ ယောဂါဝစရပုဂ္ဂိုလ်သည် မှီဝဲအပ်သည်ကို မှီဝဲ၏။ မမှီဝဲအပ်သည်ကို မမှီဝဲ။ ဆည်းကပ်အပ်သည်ကို ဆည်းကပ်၏။ မဆည်းကပ် အပ်သည်ကို မဆည်းကပ်။ ဤသို့လျှင် မင်းကြီး-သတိတရားသည် မပေါ့မလျော့ခြင်းလက္ခဏာ ရှိ၏။"-ဟု ဖြေ၏။

mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ သတိသည် အဘယ်သို့ ချီးမြှောက်ခြင်းလက္ခဏာ ရှိသနည်း။"-ဟု မေးပြန်၏။

"မင်းကြီး။ သတိဖြစ်သည်ရှိသော် 'ဤတရားသည် အစီးအပွားရှိ၏။ ဤတရားကား အစီးအပွားမရှိ။ ဤတရားကား ကျေးဇူးမရှိ။ ဤတရားကား ကျေးဇူးရှိ၏။' ဟု အစီးအပွားရှိသောတရားတို့၏ တည်ရာဖြစ်၍ ကောင်းစွာ အောက်မေ့စေတတ်၏။ ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် အစီးအပွားမရှိသောတရားတို့ကို ပယ်၍ အကျိုးစီးပွားရှိသော တရားတို့ကို ချီးမြှောက်၏။ ကျေးဇူးမရှိသောတရားတို့ကို ပယ်၍ ကျေးဇူးရှိသောတရားတို့ကို ချီးမြှောက်၏၊ ဤသို့လျှင် မင်းကြီး-သတိသည် ချီးမြှောက်ခြင်းလက္ခဏာ ရှိ၏။"-ဟု ဖြေ၏။

"အရှင်ဘုရား။ ဥပမာအားဖြင့် ပြပါဦးလော့"-ဟုဆိုသော်၊

"မင်းကြီး။ ဥပမာသော်ကား စကြာမင်း၏သားကြီးရတနာသည် စကြာမင်း၏စီးပွား ရှိသည်-မရှိသည်တို့ကို သိ၏။ ထိုအခါ အစီးအပွားမရှိသည်တို့ကိုပယ်၍ အစီးအပွားရှိသည်တို့ကို ချီးမြှောက်သကဲ့သို့၊ ထို့အတူ မင်းကြီး-သတိတရား ဖြစ်သည်ရှိသော် ဤတရားတို့သည် အစီးအပွားရှိကုန်၏။ ဤတရားတို့သည်ကား အစီးအပွားမရှိကုန်။ ဤတရားတို့သည် ကျေးဇူးရှိကုန်၏။ ဤတရားတို့သည် ကျေးဇူးမရှိကုန်။ -ဟု သတိတရားသည် ကျေးဇူးရှိသောတရားတို့၏ တည်ရာဖြစ်၍ ကောင်းစွာ အောက်မေ့စေတတ်၏။ ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် အစီးအပွားမရှိသောတရားတို့ကိုပယ်၍ အစီးအပွားရှိသောတရားတို့ကို ချီးမြှောက်၏။ ကျေးဇူးမရှိသောတရားတို့ကိုပယ်၍ ကျေးဇူးရှိသောတရားတို့ကို ချီးမြှောက်၏။ ဤသို့လျှင် မင်းကြီး-သတိတရားသည် ချီးမြှောက်ခြင်းလက္ခဏာ ရှိ၏။"-ဟု ဖြေပြီး၍၊

"မင်းကြီး။ ငါသာလျှင် သတိတရားသည် အကျိုးရှိသောတရားအပေါင်းတို့၏ တည်ရာဖြစ်ကြောင်းကို မဆို။ ဘုရားရှင်လည်း သတိတရားသည် အကျိုးစီးပွားရှိသောတရားတို့၏ တည်ရာဖြစ်ကြောင်းကို ဟောတော်မူ၏။"-ဟု သက်သေသာဓက ပြပြန်၏။

သာဓကပါဠိကား

'သတိဉ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။'

'ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ သတိဉ္စ၊ သတိတရားကိုလျှင်၊ အဟံ၊ ငါဘုရားသည်။ သဗ္ဗတ္ထိကံ၊ အလုံးစုံသောအရာ၌ အလိုရှိအပ်၏ဟူ၍, အလုံးစုံသောကိစ္စကို ပြီးစေတတ်၏ဟူ၍, အလုံးစုံအကျိုးရှိသောတရားတို့၏ တည်ရာဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။' -ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

သတိလက္ခဏာပဉှာ ပြီး၏။

mgyoe.com

 mgyoe.com SAMPLE BOOK

၁၄-သမာဓိလက္ခဏာပဉှာ

သမာဓိလက္ခဏာကို မေးခြင်း

မိလိန္ဒမင်းသည် "အရှင်ဘုရား။ သမာဓိတရားသည် အဘယ်လက္ခဏာ ရှိသနည်း။"-ဟု မေးသော်-

"မင်းကြီး။ သမာဓိသည် သမ္မယုတ်တရားတို့၏ ရှေးရှုရာ အကြီးအမှူးလက္ခဏာ ရှိ၏။ ရှိကြောင်းကား ခပ်သိမ်းသောတရားတို့သည် ရှိကုန်၏။ ထိုတရားတို့သည် သမာဓိတရားသည်လျှင် အကြီးအမှူးရှိသည် ဖြစ်ကုန်၏။ သမာဓိသို့ ညွတ်ကုန်၏။ သမာဓိတရားသည်လျှင် အမွန် ရှိကုန်၏။ သမာဓိလျှင် ရှိုင်းဝှမ်းရာ ဖြစ်ကုန်၏။"-ဟု ဖြေဆိုသော်၊

"အရှင်ဘုရား။ ဥပမာအားဖြင့် ပြတော်မူပါဦးလော့။"-ဟုဆို၏။

"မင်းကြီး။ ဥပမာသော်ကား စုလစ်မွမ်းချွန်တပ်သော အိမ်၏ အလုံးစုံသော အိမ်အခြင်, အမိုးတို့တွင် အိမ်အထွတ်သာလျှင် အမှူးအကြီး ဖြစ်သကဲ့သို့၊ အိမ်၏အထွတ်သို့သာ ညွတ်ကုန် စုဝေးကုန်သကဲ့သို့၊ ထိုအိမ်၏အမိုး,အခြင်တို့တွင် အထွတ်သာလျှင် မြတ်သကဲ့သို့၊ ထို့အတူ မင်းကြီး- ခပ်သိမ်းသောကုသိုလ်တရားတို့သည် သမာဓိသည်သာလျှင် အကြီးအမှူး ရှိကုန်၏။ သမာဓိသို့ ညွတ်ကုန်၏။ သမာဓိလျှင် အမွန်ရှိကုန်၏။ သမာဓိလျှင် ရှိုင်းဝှမ်းရာ ရှိကုန်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ဥပမာ လွန်စွာ ပြတော်မူပါဦးလော့။"-ဟုဆို၏။

"မင်းကြီး။ ဥပမာသော်ကား အစိုးရသောပြည့်ရှင်မင်းသည် စစ်အင်္ဂါ ၄ ပါးနှင့်တကွ စစ်မြေပြင်သို့ သက်အံ့။ အလုံးစုံသော ဆင်, မြင်း, ရထား, ခြေသည်တို့ကို ထိုအစိုးရသောမင်းသာလျှင် အကြီးအမှူး ဖြစ်ကုန်သကဲ့သို့၊ ထိုမင်းသို့သာ ညွတ်ကုန်သကဲ့သို့၊ ထိုမင်းသာလျှင် အမှူး ရှိသကဲ့သို့၊ ထိုမင်းသာလျှင် အမွန် ဖြစ်သကဲ့သို့၊ ထို့အတူ မင်းကြီး-အလုံးစုံသော ကုသိုလ်တရားတို့သည် သမာဓိလျှင် အမှူးအကြီး ရှိကုန်၏။ သမာဓိသို့ ညွတ်ကုန်၏။ သမာဓိလျှင် အမွန်ရှိကုန်၏။ သမာဓိလျှင် ရှိုင်းဝှမ်းရာ ဖြစ်ကုန်၏။ ဤသို့လျှင် မင်းကြီး-သမာဓိသည် အမှူးအကြီးလက္ခဏာ ရှိ၏။"-ဟု ဖြေပြီး၍၊ "မင်းကြီး။ ငါသာလျှင် 'သမာဓိသည် အကြီးအမှူးလက္ခဏာရှိသည်။'-ဟု မဆို။ ဘုရားရှင်လည်း 'သမာဓိသည် အကြီးအကဲ ဖြစ်ကြောင်း'ကို ဟောတော်မူ၏။"-ဟု သက်သေပြ၏။

သာဓကပါဠိကား

'သမာဓိ ဘိက္ခဝေ ဘာဝေတာ၊ သမာဟိတော ယထာဘူတံ ပဇာနာတိ။'

'ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သမာဓိ၊ သမာဓိတရားကို။ ဘာဝေထ၊ ပွားကြကုန်လော့။ သမာဟိတော၊ သမာဓိရှိသော ပုဂ္ဂိုလ်သည်။ ယထာဘူတံ၊ ဟုတ်သောအတိုင်း။ ဓမ္မံ၊ တရားကို။ ပဇာနာတိ၊ သိ၏။'-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

သမာဓိလက္ခဏာပဉှာ ပြီး၏။

 mgyoe.com SAMPLE BOOK

၁၅-ပညာလက္ခဏာပဉ္ဟာ

ပညာလက္ခဏာကို မေးခြန်း

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ ပညာသည် အဘယ်သို့ လက္ခဏာ ရှိသနည်း။''-ဟုမေး၏။

''မင်းကြီး။ ငါသည် ရှေးဦးကပင် ပညာသည် ပိုင်းခြားခြင်း, ဖြတ်ခြင်းလက္ခဏာ ရှိ၏။- ဟု ဆိုအပ်ပြီ။''-ဟူ၍ ဆို၏။

'မနသိကာရ'နှင့် 'ပညာ' အထူးရှိကြောင်းကို ရှေးဦးက မုယောစပါးကို ရိတ်သောယောက်ျား၏ တံစဉ်ကဲ့သို့ ပြအပ်သည်။-ဟူလိုသည်။

''မင်းကြီး။ တစ်နည်းသော်ကား ပညာသည် ပြောင်ပြောင်ထွန်းပခြင်းလက္ခဏာ ရှိ၏။''-ဟု ဖြေသော်၊

''အရှင်ဘုရား။ အဘယ်သို့လျှင် ပညာသည် ထွန်းပခြင်းလက္ခဏာ ရှိသနည်း။''-ဟု မေးပြန်၏။

''မင်းကြီး။ ပညာ ဖြစ်သည်ရှိသော် 'မောဟတည်း'ဟူသော အမိုက်ကို လင်းစေ၍ 'ပညာတည်း' ဟူသော အရောင်, 'ပညာတည်း'ဟူသောအလင်းကို ဖြစ်စေ၏။ အရိယသစ္စာတရားတို့ကို ထင်ရှားစွာ ဖွင့်ပြ၏။ ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် 'အနိစ္စ'ဟူ၍လည်းကောင်း, 'ဒုက္ခ'ဟူ၍လည်းကောင်း, 'အနတ္တ'ဟူ၍လည်းကောင်း ကောင်းစွာ ပညာဖြင့် မြင်၏။''-ဟု ဖြေသော်၊

''အရှင်ဘုရား။ ဥပမာပြပါဦးလော့။''-ဟု ဆိုပြန်လျှင်၊

''မင်းကြီး။ ဥပမာသော်ကား အကြင်ယောက်ျားသည် အမိုက်တိုက်ရှိသောအိမ်၌ ဆီမီးကို သွင်း၏။ သွင်းအပ်သောဆီမီး ဝင်းသည်ရှိသော် အမိုက်တိုက်ကို လွှင့်စေ၍ အရောင်ကို ဖြစ်စေသကဲ့သို့၊ ထို့အတူပင် ပညာ ဖြစ်သည်ရှိသော် 'မောဟတည်း'ဟူသော အမိုက်တိုက်ကို လွှင့်စေ၍၊ 'ပညာတည်း'ဟူသော အရောင်ကိုဖြစ်စေ၍ 'ပညာတည်း'ဟူလော အလင်းကို ပြ၏။ အရိယသစ္စာတို့ကို ထင်ရှားစွာ ပြု၏။ ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် 'အနိစ္စ'ဟူ၍လည်းကောင်း, 'ဒုက္ခ'ဟူ၍လည်းကောင်း, 'အနတ္တ' ဟူ၍လည်းကောင်း မိမိပညာဖြင့် မြင်လေ၏။ မင်းကြီး-ဤသို့လျှင် ပညာသည် သြဘာသန လက္ခဏာ ရှိ၏။''-ဟု ဖြေလေသော်၊ ''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံလေ၏။

ပညာလက္ခဏာပဉ္ဟာ ပြီး၏။

 mgyoe.com SAMPLE BOOK

၁၆-နာနာဓမ္မာနံ ဧကကိစ္စ အဘိနိပ္ပါဒနပဉ္ဉာ

အထူးထူးသောတရားတို့၏ တစ်ခုသောအကျိုးကိုသာ ပြီးစေခြင်း

မိလိန္ဒမင်းသည် "အရှင်ဘုရား။ ဤဆိုအပ်ပြီးသော သဒ္ဒါအစရှိသော တရားတို့သည် အထူးထူးသော သတ္တိလက္ခဏာ ရှိကြကုန်လျက် တစ်ခုသောအကျိုးကိုသာ ပြီးစေကုန်သလော။"-ဟု မေး၏။

"မင်းကြီး။ ဤတရားတို့သည် အထူးထူးသော သတ္တိလက္ခဏာ ရှိကုန်လျက် အကျိုးမူကား ကိလေသာကို သတ်တတ်သော အကျိုးတစ်ခုကိုသာ ပြီးစေတတ်ကုန်သည်။"-ဟုဖြေသော်၊

"အရှင်ဘုရား။ အဘယ့်ကြောင့် ဤတရားတို့သည် အထူးထူးသော သတ္တိလက္ခဏာ ရှိကုန်လျက် ကိလေသာကို ပယ်တတ်သတ်တတ်သော အကျိုးတစ်ခုကိုသာ ပြီးစေတတ်ကုန်သနည်း။ ဥပမာဖြင့် ပြတော်မူပါဦးလော့။"-ဟုဆို၏။

"မင်းကြီး။ ဥပမာသော်ကား 'ဆင်, မြင်း, ရထား, ခြေသည်'-ဟူသော စစ်သည်တို့သည် အထူးထူးသောသတ္တိလက္ခဏာ ရှိကုန်လျက် 'စစ်မြေအရပ်၌ သူတစ်ပါးတို့၏စစ်သည်ကို 'ဖျက်ဆီးနှိပ်စက်ခြင်းတည်း'ဟူသော အကျိုးတစ်ခုကိုသာ ပြီးစေကုန်သကဲ့သို့၊ ထို့အတူ မြတ်သောမင်းကြီး-ဤသဒ္ဒါအစရှိသော အထူးထူးသော သတ္တိလက္ခဏာရှိသော ကုသိုလ်တရားတို့သည် ကိလေသာတို့ကို ဖျက်ဆီးခြင်းအကျိုးတစ်ခုကိုသာ ပြီးစေတတ်ကုန်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

နာနာဓမ္မာနံ ဧကကိစ္စ အဘိနိပ္ပါဒနပဉ္ဉာ ပြီး၏။

ဤတွင်ရွေ့ ရှေးဦးစွာသော မဟာဝဂ်သည် ပြီး၏။

mgyoe.com SAMPLE BOOK

၂-အဒ္ဓါနဝဂ်

အမေးအဖြေ ၉ ခု

၁-ဓမ္မသန္တတိပဉ္ဟာ

လူဟောင်းလော၊ လူသစ်လော။

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ အကြင်သူသည် ပဋိသန္ဓေ နေဆဲဖြစ်၏။ ပဋိသန္ဓေ နေဆဲဖြစ်သောသူသည် ရှေးလူဟောင်းပင်လော။ ထိုသို့မဟုတ်မူကား တစ်ပါးသော လူသစ်တည်းဖြစ်သလော။''-ဟုမေး၏။

''မင်းကြီး။ ပဋိသန္ဓေ နေဆဲဖြစ်သောသူသည် ထိုရှေးလူဟောင်းလည်း မဟုတ်။ တစ်ပါးသော လူသစ်လည်း မဟုတ်။''-ဟု ဖြေ၏။

ဤအမေး-အဖြေ၌ 'လူဟောင်းပင်'ဟု အယူရှိအံ့။ သဿတဒိဋ္ဌိအယူ ဖြစ်သည်။ တစ်ပါးသော 'လူသစ်ဖြစ်၏'ဟု အယူရှိအံ့။ 'သတ္တဝါသည် သေလျှင်ပျောက်၏။'ဟူသော ဥစ္ဆေဒဒိဋ္ဌိအယူ ဖြစ်သည်။ 'တစ်စိတ်တစ်ဒေသနှင့် အသစ်အသစ်ပွား၏။'-ဟု ယူခြင်းသည် မိစ္ဆာအယူ ဖြစ်သည်။ သို့ဖြစ်၍ ရှင်နာဂသေနက အဟောင်းလူလည်း မဟုတ်၊ အသစ်လူလည်း မဟုတ်၊ အကြောင်းတရားနှင့် အကျိုးတရား စပ်၍ဖြစ်သည်။ -ဟု ဆိုလိုသည်။ ။ ဤကား စကားချပ်

''အရှင်ဘုရား။ အဟောင်းလူလည်း မဟုတ်, အသစ်လူလည်း မဟုတ်သည်၏အဖြစ်ကို ဥပမာအားဖြင့် ပြတော်မူပါဦးလော့။''-ဟုဆို၏။

''မင်းကြီး။ သင်မင်းကြီးသည် အကြင်အခါဝယ် ငယ်နုသေးကွေးသည်ဖြစ်၍ အိပ်ရာ၌ ပက်လက်အိပ်သောသူငယ်သည် ဖြစ်ဖူး၏။ မင်းကြီးသည် ဤယခုအခါ ကြီး၏။ ထိုရှေးသူငယ်ပင်လော။ အသို့အောက်မေ့သနည်း။''-ဟုမေးသော်၊

''အရှင်ဘုရား။ ထိုသူငယ် မဟုတ်။ ထိုကျွန်ုပ်သည် ငယ်နုသေးကွေးစွာ အိပ်ရာ၌ ပက်လက်အိပ်သော အခါကာလလည်း ၁ ပါး၊ ယခု ကြီးရင့်သော အခါကာလလည်း ၁ ပါး။''-ဟု ၂ ခုသောကာလကို ပိုင်းခြား၍ဆိုသော်၊ ထိုစကားကို ရှင်နာဂသေန မနှစ်သက်၍

''မင်းကြီး။ ဤသို့ ကာလ ၂ ခုရှိခဲ့သော် မိခင်, ဖခင်, ဆရာသမား, အတတ်တတ်သောသူ, သိလရှိသော်သူ, ပညာရှိသောသူ မရှိကောင်းပြီ။ 'အဘယ့်ကြောင့်နည်း။'-ဟူမူကား မြတ်သောမင်းကြီး-ကလလရေကြည်၏ မိခင်လည်း ၁ ပါး၊ ရေမြုပ်၏ မိခင်လည်း ၁ ပါး၊ သားတစ်၏ မိခင်လည်း ၁ ပါး၊ တစ်ခဲနက်၏ မိခင်လည်း ၁ ပါး၊ လူငယ်၏ မိခင်လည်း ၁ ပါး၊ လူကြီး၏ မိခင်လည်း ၁ ပါး။

 mgyoe.com SAMPLE BOOK

"တစ်ပါးသောသူသည် အတတ်ကို သင်၏။ တစ်ပါးသောသူသည် သင်အပ်သည် ဖြစ်၏။ တစ်ပါးသောသူသည် မကောင်းမှုကို ပြုသည် ဖြစ်၏။ တစ်ပါးသောသူ၏ လက်,ခြေကို ဖြတ်သည် ဖြစ်ကုန်၏။"-ဟု ရှင်နာဂသေနဆိုသော်၊

"အရှင်ဘုရား။ ဤသို့လည်း မဆိုစကောင်းချေ။"-ဟုဆို၍၊ "အရှင်ဘုရား။။ ဤသို့ဖြစ်လေသော သဘောတရားကို အဘယ်သို့ အရှင်ဘုရား မိန့်တော်မူအံ့နည်း။"-ဟု လျှောက်၏။

အရှင်နာဂသေနမထေရ်သည် "မြတ်သောမင်းကြီး။ ငါကိုယ်တိုင်လျှင် အငယ်အနု အိပ်ရာ၌ ပက်လက်အိပ်ဖူး၏။ ဤယခုလည်း ငါ၏ကိုယ်တိုင်လျှင် ကြီး၏။ ငါ၏ကိုယ်ကိုသာ မှီ၍ ထိုအလုံးစုံသော တရားတို့ကို တစ်ပေါင်းတည်း သင်္ဂြိဟ်အပ်ကုန်၏။"-ဟုဆိုသော်၊ (အကြောင်းအကျိုး စပ်ကာစပ်ကာ ဖြစ်သည်။-ဟု ဆိုလိုသည်။)

"အရှင်ဘုရား။ ထိုစကားကို ဥပမာဖြင့် ပြတော်မူပါဦးလော့။"-ဟု ဆို၏။

"မင်းကြီး။ ဥပမာသော်ကား တစ်စုံတစ်ယောက်သောယောကျ်ားသည် ဆီမီးကို ထွန်း၏။ ထိုဆီမီးတောက်သည် တစ်ညဉ့်ပတ်လုံး တောက်အံ့လော။"-ဟု မေးသော်၊

"တစ်ညဉ့်ပတ်လုံး ထိုဆီမီးသည် တောက်ရာ၏။"-ဟုဆို၏။

"မင်းကြီး။ ညဉ့်ဦးယံ၌ အကြင်ဆီမီးတောက်သည် ရှိ၏။ ထိုဆီမီးတောက်ကို 'သန်းခေါင်ယံဆီမီးတောက်' ဆိုအပ်မည်လော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ညဉ့်ဦးယံတောက်သော ဆီမီးကို 'သန်းခေါင်ယံဆီမီးတောက်' မဆိုအပ်ချေ။" -ဟု လျှောက်သော်၊

"မင်းကြီး။ အကြင် သန်းခေါင်ယံ၌တောက်သော ဆီမီးတောက်သည် ရှိ၏။ ထိုသန်းခေါင်ယံဆီမီးတောက်ကို 'မိုးသောက်ယံဆီမီးတောက်' ဆိုအပ်မည်လော။"-ဟု မေးသော်၊

"အရှင်ဘုရား။ သန်းခေါင်ယံတောက်သော ဆီမီးတောက်ကို 'မိုးသောက်ယံတောက်သော ဆီမီးတောက်' မဆိုကောင်းချေ။"-ဟု လျှောက်သော်၊

"မင်းကြီး။ ညဉ့်ဦးယံဆီမီးတည်း တစ်ခြားတစ်ပါးလော။ သန်းခေါင်ယံဆီမီးတည်း တစ်ပါးလော။ မိုးသောက်ယံဆီမီးတည်း တစ်ပါးလော။"-ဟု မေးပြန်သော်၊

"အရှင်ဘုရား။ ထိုဆီမီးကို အသီးအခြား ပိုင်းခြား၍ မဆိုသာချေ။ ထိုဆီမီးဟောင်းကို အမှီပြု၍ တစ်ညဉ့်ပတ်လုံး ဆီမီးတောက်လေသည်။"-ဟုဆိုသော်၊

"မင်းကြီး။ ထိုဆီမီးအတူ လည်းကောင်း ပရမတ္ထတရား၏အစဉ်သည် ဖွဲ့ယှက်၍ဖြစ်၏။ တစ်ပါးသောတရားသည် ဖြစ်ဆဲဖြစ်၏။ တစ်ပါးသောတရားသည် ချုပ်ဆဲဖြစ်၏။ မရွေးမနှောင်း စပ်ကာစပ်ကာ ဖြစ်၏။ ထို့ကြောင့် ထိုရွေးလူဟောင်းလည်း အသစ်ပဋိသန္ဓေ မနေ။ တစ်ပါးသော လူသစ်လည်း မဖြစ်။ ရွေးဖြစ်သောဝိညာဉ်သည် နောက်ဖြစ်သောဝိညာဉ်ကို သင်္ဂြိဟ်ခြင်းသို့ ရောက်၏။"-ဟု ဖြေ၏။

mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။"[၁]-ဟုဆိုသော်၊

"မင်းကြီး။ ဥပမာသော်ကား နို့ရည်သည် ကာလရှည်သော် နို့ခမ်း ဖြစ်သည်။ နို့ခမ်းမှသည် ဆီဥ။ ဆီဥမှသည် ထောပတ်ဖြစ်သည်။ သို့ဖြစ်သည်ကို 'အကြင်နို့ရည်သည် နို့ခမ်းဖြစ်သည်၊ နို့ခမ်းသည် ဆီဥဖြစ်သည်၊ ဆီဥသည် ထောပတ်ဖြစ်သည်။'-ဟု အကြင်သူသည် ဆို၏။ မင်းကြီး-ထိုသူသည် 'ကောင်းသောဆိုခြင်းဖြင့် ဆိုသည်။'-မည်ကောင်းအံ့လော။"-ဟု မေးပြန်သော်၊

"အရှင်ဘုရား။ ထိုသို့ဆိုခြင်းသည် ရှေးရှေးကိုသာလျှင် မှီ၍ဖြစ်သောကြောင့် 'ကောင်းသော ဆိုခြင်း' မမည်ချေ။"-ဟု ဆို၏။

"မင်းကြီး။ ထိုကဲ့သို့ ပရမတ္ထတရား၏ အစဉ်သည် ဖွဲ့ယှက်၍ဖြစ်၏။ တစ်ပါးသည် ဖြစ်ဆဲဖြစ်၏။ တစ်ပါးသည် ချုပ်ဆဲဖြစ်၏။ မရှေးမနှောင်း တစ်ပြိုင်နက်ကဲ့သို့ ဖွဲ့ယှက်၍ဖြစ်၏။ ထို့ကြောင့် ထိုရှေးလူဟောင်းသည်လည်း အသစ်ပဋိသန္ဓေ မနေ။ တစ်ပါးသောလူသစ်သည်လည်း မဖြစ်။ ရှေးဖြစ်သော ဝိညာဉ်သည် နောက်ဖြစ်သောဝိညာဉ်ကို သင်္ကြန်ခြင်းသို့ ရောက်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဓမ္မသန္တိတိပဉ္ဟာ ပြီး၏။

၂-ပဋိသန္ဓဟနပဉ္ဟာ

ပဋိသန္ဓေ မနေခြင်းကို သိ-မသိ မေးခြင်း။

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အကြင်သူသည် ပဋိသန္ဓေ မနေ။ ထိုသူသည် 'ငါ ပဋိသန္ဓေ မနေလတ္တံ့။'-ဟု သိ၏လော။"-ဟူ၍ မေး၏။

"မင်းကြီး။ အကြင်သူသည် ပဋိသန္ဓေ မနေ။ ထိုသူသည် 'ပဋိသန္ဓေ မနေလတ္တံ့။'-ဟူ၍ သိ၏။"-ဟု ဖြေ၏။

"အရှင်ဘုရား။ အဘယ့်ကြောင့် သိလေသနည်း။"-ဟုမေး၏။

"မင်းကြီး။ ပဋိသန္ဓေနေခြင်းငှာ အကြင်အကြောင်းတရား အထောက်အပံ့ပစ္စည်း တရားသည် ရှိ၏။ ထိုအကြောင်းတရား ပစ္စည်းမျိုးစေ့ ကင်းသောကြောင့် ထိုသူသည် 'ငါ ပဋိသန္ဓေ မနေလတ္တံ့။'-ဟူ၍ သိ၏။"-ဟုဖြေ၏။

"အရှင်ဘုရား။ ဥပမာအားဖြင့် ပြပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ ဥပမာသော်ကား လယ်ထွန်သော သူကြွယ်သည် ထွန်ယက်စိုက်ပျိုး၍ ကျီကြကို ပြည့်စေ၏။ ထိုသူကြွယ်သည် နောက်ကာလ လယ်ကို မထွန်မစိုက်နေ၍ ရိုက်ခိုင်းသောစပါးကိုသာ စားမူလည်း စားအံ့။ ရောင်းမူလည်း ရောင်းအံ့။ အလိုရှိတိုင်း ပြုအံ့။ မင်းကြီး-ထိုသူကြွယ်သည် 'ငါ၏ စပါးကျီသည် မပြည့်လတ္တံ့။'-ဟူ၍ သိ၏လော။"-ဟု မေးသော်၊

၁။ ဥပမာထပ်ပေးရန် တောင်းပန်ခြင်းဖြစ်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ ထိုသူကြွယ်သည် စပါး မပြည့်လတ္တံ့သည်ကို သိရာ၏။ အဘယ့်ကြောင့် သိရာသနည်း။-ဟူမူကား အရှင်ဘုရား-ထိုသူကြွယ်သည် စပါးကျိုကို ပြည့်စိမ့်သောငှာ ထွန်ခြင်း,ပျိုးခြင်း အစရှိသည်ကို ပြုရာသောအကြောင်းသည် ရှိလျက် ထိုထွန်ယက်ခြင်း,ပျိုးခြင်းအကြောင်းသည် ကင်းလေသောကြောင့် 'ငါ၏ကျိုသည် စပါးမပြည့်လတ္တံ့။'-ဟု သိ၏။"-ဟုဆို၏။

"မင်းကြီး။ ထိုကဲ့သို့လည်းကောင်း, ပဋိသန္ဓေနေခြင်း၏ အကြောင်းတရားသည် ရှိ၏။ ထိုအကြောင်းတရားကို ပယ်သောကြောင့်, ကြဉ်သောကြောင့် ထိုပုဂ္ဂိုလ်သည် 'ငါပဋိသန္ဓေ မနေလတ္တံ့။' -ဟူ၍ သိလေ၏။"-ဟုဖြေလေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

ပဋိသန္ဓေဟနပဉှာ ပြီး၏။

၃-ဉာဏ ပညာပဉှာ

ဉာဏ်နှင့် ပညာကို မေးခြင်း

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အကြင်သူအား 'ဉာဏ်ရှိသည်'ဖြစ်၏။ ထိုသူအား 'ပညာရှိသည်' ဖြစ်သလော။"-ဟု မေး၏။

"မင်းကြီး။ အကြင်သူအား 'ဉာဏ်ရှိသည်' ဖြစ်အံ့။ ထိုသူအား 'ပညာရှိသည်'ဖြစ်၏။"-ဟု ဖြေသော်၊

"အရှင်ဘုရား။ အကြင်သူအား ဉာဏ်ရှိ၏။ ထိုဉာဏ်သည်ပင်လျှင် ပညာလော။"-ဟုမေးပြန်၏။

"မင်းကြီး။ အကြင်ဉာဏ်တရားသည်ပင်လျှင် 'ပညာ'ဟုတ်၏။"-ဟု ဖြေ၏။

"အရှင်ဘုရား။ အကြင်သူအား ဉာဏ် ဖြစ်၏။ ထိုသူအား ထိုဉာဏ်သည်ပင်လျှင် ပညာဖြစ်ခဲ့သော် ထို ဉာဏ်ပညာရှိသောသူ တွေဝေရာသလော။"-ဟုမေး၏။

"မင်းကြီး။ အချို့သောပုဂ္ဂိုလ်၌ တွေဝေ၏။ အချို့ပုဂ္ဂိုလ်၌ မတွေဝေ။"-ဟုဆိုသော်၊

"အရှင်ဘုရား။ အဘယ်သူ၌ တွေဝေသနည်း။ အဘယ်သူ၌ မတွေဝေသနည်း။"-ဟုမေးပြန်၏။

"မင်းကြီး။ ရွေးကာလ မသိစဖူး မကြားစဖူးသောအတတ်တို့၌ လည်းကောင်း၊ ရွေးကာလ မရောက်ဖူးသော အရပ်တို့၌ လည်းကောင်း၊ ရွေးကာလ မကြားစဖူးသော အမည်နာမ ပညတ်တို့၌ လည်းကောင်း တွေဝေရာ၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ အဘယ်ပုဂ္ဂိုလ်၌ကား မတွေဝေသနည်း။"-ဟုမေးသော်၊

"မင်းကြီး။ အကြင်အတတ်ကို ပညာဖြင့် ပြုအပ်၏။ ထို ပညာဖြင့်တတ်သော ပုဂ္ဂိုလ်တို့သည်လည်း မတွေဝေရာ။ အနိစ္စ, ဒုက္ခ, အနတ္တကို ပညာဖြင့် သိ၏။ ထို အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာကို သိသော ပုဂ္ဂိုလ်တို့၌လည်း မတွေဝေရာ။"-ဟုဖြေသော်၊

 mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ ထိုပုဂ္ဂိုလ်၏ မောဟတရားသည် အဘယ်သို့ သွားလေသနည်း။"-ဟုမေးပြန်၏။

"မင်းကြီး။ ပုဂ္ဂိုလ်၏ မောဟသည် ဉာဏ်တရား ဥပါဒ်ဆဲကာလမျှဘဋ္ဌလျှင် ချုပ်လေ ပျက်လေတော့သည်။"-ဟု ဖြေ၏။

"အရှင်ဘုရား။ ဥပမာအားဖြင့် ပြပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ ဥပမာသော်ကား ယောကျ်ားတစ်ယောက်သည် အမိုက်တိုက်၌ ဆီမီးကိုထွန်း၏။ ထိုဆီမီးကြောင့် အမိုက်သည် ချုပ်ပျောက်ရာ၏။ အလင်းသည် ထင်ရှားစွာဖြစ်ရာ၏။ မင်းကြီး-ထိုကဲ့သို့လည်းကောင်း ဉာဏ်တရား ဥပါဒ်ကာမျှဘဋ္ဌ မောဟသည် ထိုကာလ၌ပင်လျှင် ချုပ်လေတော့သည်၊ ပျောက်လေတော့သည်။"-ဟု ဖြေ၏။

"အရှင်ဘုရား။ ပညာသည်ကား အဘယ်သို့ သွားလေသနည်း။"-ဟုမေးပြန်၏။

"မင်းကြီး။ ပညာသည်ကား မိမိကိစ္စရှိသည်ကို ပြု၍ ထိုကာလ၌ပင်လျှင် ချုပ်၏။ ထိုပညာသည် အကြင် အနိစ္စ, ဒုက္ခ, အနတ္တကိစ္စကို ပြုအပ်၏။ ထိုပြုအပ်သော ကိစ္စအမှုသည် မချုပ်မပျောက်။" ဟုဆိုသော်၊

"အရှင်ဘုရား။ 'ပညာသည် မိမိကိစ္စကို ပြုပြီး၍ ထိုအခါ၌ပင်လျှင် ချုပ်လေ၏။'-ဟူသော စကားကိုလည်း ဆို၏။ 'ထိုပညာသည် ပြုအပ်သော အနိစ္စ, ဒုက္ခ, အနတ္တသည် ရှိ၏။ ထိုအမှုသည် မချုပ်မပျောက်။'ဟူ၍လည်း ဆိုခဲ့၏။ ထိုစကား၏ဥပမာကို ပြပါဦးလော့။"-ဟုဆိုသော်၊

"ဥပမာသော်ကား-မင်းကြီး။ တစ်စုံတစ်ယောက်သောယောကျ်ားသည် ညဉ့်ကာလအခါ သဝဏ်စာခွေကို စေလိုသည်ဖြစ်၍၊ စာရေးတတ်သောသူကို ခေါ်စေ၍၊ ဆီမီးကို ထွန်းစေ၍ လက်ရေးကို ရေးစေ၏။ လက်ရေးရေးပြီးသော် ဆီမီးကို ငြိမ်းစေသော်လည်း ထိုရေးအပ်သော လက်ရေးသည် မပျောက်ပျက်လေရာ။ မင်းကြီး-ဤကဲ့သို့ ၄င်းပညာသည် မိမိကိစ္စကိုပြု၍ ထိုကာလ၌ပင်လျှင် ချုပ်လေ၏။ ချုပ်လေသောပညာသည် ပြုအပ်သော အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးတရားသည်ကား မချုပ်မပျောက် ထင်၏။"-ဟုဖြေ၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာပြပါဦးလော့။"-ဟုဆိုပြန်၏။

"မင်းကြီး။ ဥပမာသော်ကား အရှေ့ဖြစ်သော ဇနပုဒ်အရပ်၌ လူတို့သည် အိမ်စဉ်အတိုင်း ၅ လုံးသောရေအိုးတို့ကို မီးလောင်သော်ငြိမ်းစိမ့်သောငှာ အစဉ်အတိုင်း ထားကြကုန်၏။ အိမ်ကို မီးလောင်ခဲ့သည်ရှိသော် ထို ၅ လုံးသောရေအိုးတို့ကို အိမ်၏အထက်သို့ ပစ်ကြကုန်၏။ ထိုကြောင့် မီးသည် ငြိမ်းလေ၏။ မင်းကြီး-ထိုလူတို့အား 'တစ်ဖန် ထိုအိုးတို့ဖြင့် မီးသတ်ခြင်းကိစ္စ ရှိသေး၏။'-ဟု ကြံရာသလော။"-ဟူ၍ မေးသော်၊

"အရှင်ဘုရား။ ထိုရေအိုးတို့ဖြင့် မီးကို သတ်ဖွယ် အဘယ်ကိစ္စ ရှိလေအံ့နည်း။"-ဟုဆိုလျှင်၊

mgyoe.com SAMPLE BOOK

"မင်းကြီး။ ၅ လုံးသောရေအိုးတို့ကဲ့သို့ 'သိဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတည်း'ဟူသော ၅ ပါးသောဣန္ဒြေတို့ကို မှတ်အပ်၏။ မီးကိုငြိမ်းစေသော ယောဂျကဲ့သို့ ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်ကို မှတ်အပ်၏။ မီးကဲ့သို့ ကိလေသာကို မှတ်အပ်၏။ ၅ လုံးသောရေအိုးတို့ဖြင့် မီးကို သေစေသကဲ့သို့၊ ထို့အတူ ၅ ပါးသော သိဒ္ဓိန္ဒြေအစရှိသော တရားတို့ဖြင့် ကိလေသာတို့ကို ငြိမ်းစေအပ်ပြီးသော် ထိုငြိမ်းလေပြီးသော ကိလေသာတို့သည် တစ်ဖန် မဖြစ်လေကုန်သကဲ့သို့၊ ဤအတူ ပညာသည် မိမိကိစ္စကို ပြုပြီး၍ ထိုအခါ၌ပင်လျှင် ချုပ်လေ၏။ ထို ပညာဖြင့်ပြုအပ်သော အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးတရားသည်ကား မချုပ်မပျောက် ထင်၏။"-ဟု ဖြေလေ၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာ ပြုပါဦးလော့။"-ဟုဆိုသော်၊

"မင်းကြီး။ ဥပမာသော်ကား တတ်သိလိမ္မာသော ဆေးသမားသည် ပဋ္ဌမူလဆေးကိုယူ၍၊ သူနာသို့ကပ်လေ၍၊ ထိုပဋ္ဌမူလဆေးကို ကြိတ်၍ သူနာကို သောက်စေ၏။ ထိုဆေးတို့ကြောင့် စမြင်းဒေါသတို့သည် ထွက်ကျကုန်ရာ၏။ ထိုသို့ဖြစ်ပြီးသော် ထိုဆေးသမားသည် မင်းကြီး-'တစ်ဖန် ပဋ္ဌမူလဆေးတို့ဖြင့် ငါ ကုဦးအံ့။'-ဟူသော အကြံကို ကြံပြန်ရာသလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ထိုပဋ္ဌမူလဆေးတို့ဖြင့် အနာလွတ်ပြီးသော် 'တစ်ဖန် ထိုဆေးတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း။'-ဟု ပယ်လေ၏။"-ဟုဆို၏။

"မင်းကြီး။ ပဋ္ဌမူလဆေးကဲ့သို့ ထို့အတူ သဒ္ဓါအစရှိသော ၅ ပါးသော ဣန္ဒြေတို့ကို မှတ်အပ်ကုန်၏။ ဆေးသမားကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်ကို မှတ်အပ်၏။ အနာကဲ့သို့ ကိလေသာကို မှတ်အပ်၏။ နာသောယောဂျကဲ့သို့ ပုထုဇဉ်ပုဂ္ဂိုလ်ကို မှတ်အပ်၏။

"ပဋ္ဌမူလဆေးတို့ကြောင့် သူနာ၏ စမြင်းဒေါသအနာတို့သည် ထွက်လေကုန်၏။ စမြင်းဒေါသ ထွက်ပြီးသော် အနာရောဂါကင်းသည် ဖြစ်သကဲ့သို့၊ ထို့အတူ သဒ္ဓါ စသော ဣန္ဒြေတို့ဖြင့် ကိလေသာတို့ကို ထုတ်အပ်ကုန်၏။ ထုတ်အပ်ပြီးသော ကိလေသာတို့သည် တစ်ဖန် မဖြစ်ကုန်သကဲ့သို့၊ ထို့အတူ ပညာသည် မိမိကိစ္စကိုပြုပြီး၍ ထိုအခါ၌ပင်လျှင် ချုပ်လေ၏။ ပညာသည် ပြုအပ်သော၊ အနိစ္စ, ဒုက္ခ, အနတ္တဟု ထင်ရှားသော လက္ခဏာရေးကား မချုပ်မပျောက်။"-ဟု ဖြေ၏။

"အရှင်ဘုရား။ အလွန်လျှင် ဥပမာပြုပါဦးလော့။"-ဟု ဆို၏။

"မင်းကြီး ဥပမာသော်ကား စစ်မြေပြင်အရပ်၌ ကျင်လည်သောသူရဲသည် မြား ၅ စင်းကိုစွဲ၍ သူတစ်ပါး၏စစ်သည်ကို ထိုးပစ်အံ့သောငှာ စစ်မြေပြင်သို့ သက်အံ့။ ထိုသူရဲသည် စစ်မြေပြင်သို့ ရောက်သည်ရှိသော် ထိုမြား ၅ စင်းတို့ကို ပစ်လွှတ်၏။ ထိုမြား ၅ စင်းတို့ဖြင့် သူတစ်ပါးတို့၏ စစ်သည်သည် ဖျက်စီးအံ့။ မင်းကြီး-တစ်ဖန် ထိုသူရဲအား ထို ၅ စင်းသောမြားတို့ဖြင့် ပြုအပ်သောကိစ္စကို 'ငါပြုအံ့'ဟူ၍ ကြံရာသလော။"-ဟုမေးသော်၊

mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ ရန်ကိုအောင်ပြီးဖြစ်သောကြောင့် ၅ စင်းသောမြားတို့ဖြင့် တစ်ဖန် မကြဲပြီ။ ထိုမြားတို့ဖြင့် အကျိုးမရှိပြီ။"-ဟု လျှောက်သော်၊

"မင်းကြီး။ မြား ၅ စင်းတို့ကဲ့သို့ ထို့အတူ သဒ္ဓါအစရှိသော ၅ ပါးသောကုန်ဆေးတို့ကို မှတ်အပ်ကုန်၏။ စစ်မြေပြင်အရပ်၌ ကျင်လည်သော သူရဲကဲ့သို့ ထို့အတူ ကမ္မဋ္ဌာန်း၌အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်ကို မှတ်အပ်၏။ သူတစ်ပါးစစ်သည်ကဲ့သို့ ထို့အတူ ကိလေသာတို့ကို မှတ်အပ်ကုန်၏။ ၅ စင်းသောမြားတို့ဖြင့် သူတစ်ပါးစစ်သည်ကို ပျက်စီးစေသကဲ့သို့ ထို့အတူ သဒ္ဓါအစရှိသော ၅ ပါး သောကုန်ဆေးတို့ဖြင့် ကိလေသာတို့သည် ပျက်စီးကုန်၏။ ပျက်စီးလေပြီးသော ကိလေသာတို့သည် တစ်ဖန် မဖြစ်ကုန်။ ဤသို့လျှင် ပညာသည် မိမိကိစ္စတို့ကို ပြုပြီး၍ ထိုအခါ၌ပင်လျှင် ချုပ်လေ၏။ ထိုပညာသည် ပြုအပ်သော အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာရေးသည် ထင်၏။ မချုပ်။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဤအမေးဌ 'ဉာဏ်နှင့် ပညာ အထူးရှိသည်။'-ထင်၍ မိလိန္ဒမင်း မေးသည်၊ ရှင်နာဂသေနမူကား 'အထူးမရှိသည်'ကို ဖြေသည်။ အမေးကား ဝိမတိစ္ဆေဒနပဉ္ဟာလက္ခဏာ ရှိ၏။ အဖြေကား ဝိဘဇ္ဇဗျာကရဏလက္ခဏာ ရှိသည်။ ပဋိဝေန ဝိဿဇ္ဇနာလက္ခဏာလည်း ရှိသည်။ ။ ဤကား စကားချပ်။

ဉာဏ ပညာပဉ္ဟာ ပြီး၏။

၄-ပဋိသန္ဓေဟန ပုဂ္ဂလသာ ဝေဒိယနပဉ္ဟာ

ရဟန္တာသည် ဝေဒနာခံစားပါသလော။

မိလိန္ဒမင်းသည် "အရှင်ဘုရား။ ရဟန္တာပုဂ္ဂိုလ်သည် ပဋိသန္ဓေမနေ။ ထိုပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသောဝေဒနာကို ခံစားဦးမည်လော။"-ဟုမေးသော်၊

ရှင်နာဂသေနသည် "မင်းကြီး။ အချို့သောဝေဒနာကို ခံစား၏။ အချို့သောဝေဒနာကို မခံစား။" -ဟု ဆို၏။

"အရှင်ဘုရား။ အဘယ်ဝေဒနာကို ခံစားသနည်း။ အဘယ်ဝေဒနာကို မခံစားသနည်း။"-ဟု မေးပြန်သော်၊

"မင်းကြီး။ ကိုယ်၌ဖြစ်သော ကာယိကဝေဒနာကို ခံစား၏။ စိတ်၌ဖြစ်သော စေတသိကဝေဒနာကို မခံစား။"ဟုဖြေသော်၊

"အရှင်ဘုရား။ ပဋိသန္ဓေ မနေလတ္တံ့သော ရဟန္တာပုဂ္ဂိုလ်သည် အဘယ့်ကြောင့် ကိုယ်၌ဖြစ်သော ကာယိကဝေဒနာကို ခံစားသနည်း။ အဘယ့်ကြောင့်ကား စိတ်၌ဖြစ်သော စေတသိကဝေဒနာကို မခံစားသနည်း။"-ဟု မေးပြန်၏။

mgyoe.com

 mgyoe.com SAMPLE BOOK

"မင်းကြီး။ ထိုပဋိသန္ဓေ ကင်းလေပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ကာယိကဝေဒနာ၏ ဖြစ်ခြင်းငှာ အကြောင်းအကြောင်းတရားသည် ရှိ၏။ ထိုအကြောင်းတရားကို မပယ်သောကြောင့် ကာယိကဝေဒနာကို ခံစား၏။ စေတသိကဝေဒနာ၏ ဖြစ်ခြင်းငှာ အကြောင်းအကြောင်းတရားသည် ရှိ၏။ ထိုအကြောင်းတရားကို ပယ်လေပြီးဖြစ်သောကြောင့် စေတသိကဝေဒနာကို မခံစား။"-ဟုဖြေ၏။

"မင်းကြီး။ ပဋိသန္ဓေမနေသော ရဟန္တာပုဂ္ဂိုလ်သည် ကာယိကဝေဒနာကိုသာ ခံစားကြောင်း၊ စေတသိကဝေဒနာကို မခံစားကြောင်းကို ငါသာလျှင်တည်း မဆိုမပြော။ ဘုရားရှင်လည်း ဟောတော်မူ၏။"-ဟု သက်သေသာဓကကို ပြ၏။

သာဓကပါဠိကား

'သော ဇကံ ဝေဒနံ ဝေဒေတိ ကာယိကံ၊ နော စေတသိကံ။'

'သော၊ ထိုပဋိသန္ဓေကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ဇကံ၊ တစ်ခုသော။ ကာယိကံ၊ ကိုယ်၌ဖြစ်သော။ ဝေဒနံ၊ ဝေဒနာကို။ ဝေဒေတိ၊ ခံစား၏။ စေတသိကံ၊ စိတ်၌ဖြစ်သော။ 'ဇကံ၊ တစ်ခုသော့။ ဝေဒနံ၊ ဝေဒနာကို။ နော ဝေဒေတိ၊ မခံစား။'

ဒုက္ခသဟဂုတ်ကာယဝိညာဉ်သည် အနိဋ္ဌာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့သောအခါ ကာယိကဒုက္ခဝေဒနာဖြင့် ခံစား၏၊ သုခသဟဂုတ် ကာယဝိညာဉ်သည် ဣဋ္ဌာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့သောအခါ ကာယိကသုခဝေဒနာဖြင့် ခံစား၏။ ထိုတရားတို့ကို သောတာပတ္တိမဂ် အစရှိသော လောကုတ္တရာကုသိုလ်စိတ်တို့ဖြင့် မပယ်။ ထိုသို့အကြောင်းတရားကို မပယ်သောကြောင့် 'ရဟန္တာပုဂ္ဂိုလ်သည် ကာယိကဝေဒနာကို ခံစားသည်။'-ဟူလို။ 'စေတသိကဒုက္ခ'ဟုဆိုရာ၌ စေတသိကဒုက္ခသည် ဒေါသမူဒွေ ဖြစ်သည်။ ထိုဒေါသမူဒွေကိုမူကား သကဒါဂါမိမဂ်ကပင် ခေါင်းပါးစေ၍ အနာဂါမိမဂ်သည် အလျှင်းပယ်အပ်လေသောကြောင့် တစ်ဖန် ပဋိသန္ဓေမနေသော ရဟန္တာပုဂ္ဂိုလ်တို့သည် အကြောင်းတရားကို ပယ်အပ်လေပြီ။ ထို့ကြောင့် စေတသိကဝေဒနာကို မခံစား။-ဟူလိုသည်။ ။ ဤကား စကားချပ်။

"အရှင်ဘုရား။ ရဟန္တာပုဂ္ဂိုလ်သည် ကာယိကဒုက္ခဝေဒနာကို ခံစားသော် ထိုရဟန္တာပုဂ္ဂိုလ်သည် အဘယ်ကြောင့် ပရိနိဗ္ဗာန်မပြုဘဲ ကာယိကဒုက္ခဝေဒနာ၊ ကာယိကသုခဝေဒနာကို ခံစား၍ နေလေသနည်း။"-ဟုမေး၏။

"မြတ်သောမင်းကြီး။ ရဟန္တာအရှင်မြတ်သည် ချစ်ခြင်းတရားလည်း မရှိ။ မုန်းခြင်းတရားလည်း မရှိ။ မကျက်သော ဘောဇဉ်အာဟာရကို 'ကျက်စေဦး'ဟု ခံစားလိုသဖြင့် မင့်။"

ကာယိကဝေဒနာကို ရဟန္တာခံစားသော် ကာယိကဒုက္ခဝေဒနာသည် မုန်းအပ်သောဝေဒနာ ဖြစ်သည်။ ကာယိကသုခဝေဒနာသည် ချစ်အပ်သောဝေဒနာ ဖြစ်သည်။-ဟု မိလိန္ဒမင်း ဆိုလိုသောကြောင့် 'ရဟန္တာအရှင်မြတ်တို့အား ချစ်ခြင်း၊ မုန်းခြင်း မရှိ၊ အစားအောစဉ်၌လည်း စားချင်သောစိတ် မရှိသောကြောင့် မကျက်သည်ကိုလည်း ကျက်အောင် မင့်'-ဟူလိုသည်။ ။ ဤကား စကားချပ်။

mgyoe.com SAMPLE BOOK

"မင်းကြီး။ ရဟန္တာအရှင်မြတ်သည် ပရိနိဗ္ဗာန်မပြုဘဲ နေသည်ကား သေဘေးကိုကြောက်၍ နေသည် မဟုတ်။ မဟုတ်ကြောင်းကို တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တြာသည်လည်း ဟောအပ်၏။"-ဟု သာဓကကို ပြ၏။

သာဓကပါဠိကား

'နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။
ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘဋ္ဌကော ယထာ။'
'နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။
ကာလဉ္စ ပဋိကင်္ခါမိ၊ သမ္မဇာနော ပဋိဿတော။ ။'

'ဘဋ္ဌကော၊ သူရင်းငှားဖြစ်သော။ ပုရိသော၊ ယောကျ်ားသည်။ အဟံ ငါသည်။ မရဏံ၊ သေခြင်းကို။ နာဘိနန္ဒာမိ၊ မနှစ်သက်ပါ။ ဇီဝိတံ၊ အသက်ရှည်ခြင်းကို။ နာဘိနန္ဒာမိ၊ မနှစ်သက်ပါ။ နိဗ္ဗိသံ ဝိန္ဒန်၊ အခရအံ့သော်။ ကာလဉ္စ၊ ကာလကိုသာလျှင်။ ပဋိကင်္ခါမိ ယထာ၊ တောင့်တလေသကဲ့သို့။ တထာ၊ ထို့အတူ။ ပဋိဿတော၊ မပြတ်သောသတိ ရှိသော။ သမ္မဇာနော၊ ပညာအမြော်အမြင်နှင့် ပြည့်စုံသော။ အဟံ၊ ငါသည်။ မရဏံ၊ သေခြင်းတရားကို။ နာဘိနန္ဒာမိ၊ မနှစ်သက်။ ဇီဝိတံ၊ အသက်ရှင်ခြင်းကို။ နာဘိနန္ဒာမိ၊ မနှစ်သက်။ ကာလဉ္စ၊ သူတော်ကောင်းတရား ရအံ့သောကာလကို သာလျှင်။ ပဋိကင်္ခါမိ၊ တောင့်တ၏။' ဤသို့ဖြေသော်၊

"အရှင်ဘုရား သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

သာဓကပါဠိအဓိပ္ပာယ်ကား 'သူရင်းငှားယောကျ်ားသည် ငါ့အား သေမည်-ရှင်မည်ကို မနှစ်သက်သော်၊ အခရအံ့သော် ကာလနေ့ရက်ကိုသာ အလိုရှိအပ်ချေသည်။-ဟု အမှုကိုဖြုသကဲ့သို့၊ ထို့အတူ သတိပညာနှင့် ပြည့်စုံသော ငါသည် သူတော်ကောင်းတရား ရအံ့သောအခါကိုသာ အလိုရှိသည်။ သေမည်-ရှင်မည်ကို မနှစ်သက် မငဲ့ကွက်။'-ဟူလိုသည်။ ။ ဤကား စကားချပ်။

ပဋိသန္ဓဟန ပုဂ္ဂလဿဓေဒိယနပဉှာ ပြီး၏။

၅-ဝေဒနာပဉှာ

ဝေဒနာ၏ အထွေအပြား

မိလိန္ဒမင်းသည် "အရှင်ဘုရား။ သုခဝေဒနာသည် ကုသိုလ်လော၊ အကုသိုလ်လော၊ အဗျာကတလော။"-ဟု မေး၏။

"မင်းကြီး။ သုခဝေဒနာသည် ရံခါ ကုသိုလ်၊ ရံခါ အကုသိုလ်၊ ရံခါ အဗျာကတ"-ဟု ဖြေ၏။

ထိုစကားကို မိလိန္ဒမင်းသည် စကားကပ် မေးပြန်လို၍၊

mgyoe.com

mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ သုခဝေဒနာသည် အကယ်၍ ကုသိုလ်ဖြစ်အံ့။ 'ဒုက္ခဝေဒနာ'ဟု မရှိကောင်းပြီ။ အကယ်၍ ဒုက္ခဝေဒနာ ရှိအံ့။ ကုသိုလ် မရှိကောင်းပြီ။ ကုသိုလ်သည် 'ဒုက္ခဝေဒနာ'ဟူ၍ ဖြစ်သည် မရှိ။"-ဟု ဆို၏။

ထိုမိလိန္ဒမင်း၏ စကားကိုကြားလျှင် ရှင်နာဂသေနလည်း စကားကပ်ပြန်လို၍ ဥပမာဆို၏။

"မင်းကြီး။ အသို့ အောက်မေ့လေသနည်း။ ဥပမာအားဖြင့်ဆိုသော် အကြင်ယောကျ်ား၏ လက်တစ်ဖက်၌ ရဲရဲညိုသော သံတွေခဲကို ထည့်အံ့။ တစ်ဖက်သောလက်၌ ချမ်းအေးသော ဆီးနှင်းပေါက်ကို ထည့်အံ့။ မင်းကြီး-အသို့နည်း။ ထို ၂ ပါးစုံတို့သည် လောင်ကုန်ရာသလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ထို ၂ ပါးသော ရဲရဲတောက်သောသံတွေခဲ, ဆီးနှင်းပေါက်တို့သည် လောင်ကုန်၏။"-ဟု ဆို၏။

ဤစကား၌ မိလိန္ဒမင်းသည် သီတဥတု, ဥဏှဥတုဖြစ်သော တေဇောဓာတ်သည် ကျက်ခြင်း လက္ခဏာ ရှိသည်ကို ရည်၍၊ '၂ ပါးစုံပင် လောင်၏'ဟု ဖြေဟန်ရှိသည်။

"မင်းကြီး။ အသို့နည်း။ ၂ ပါးစုံပင် ပူသလော။"-ဟုမေးပြန်သော်၊

"၂ ပါးစုံ မပူချေ။"-ဟုဆို၏။

"မင်းကြီး။ ထို ၂ ပါးစုံပင် အေးသလော။"-ဟု မေးပြန်သော်၊

"အရှင်ဘုရား။ ၂ ပါးစုံပင် မအေးချေ။"-ဟုဆို၏။

"မင်းကြီး။ သင်မင်းကြီးသည် နိဗ္ဗာန်ကို သိလော။ ရဲရဲညိုသော သံတွေခဲသည် အကယ်၍ လောင်အံ့။ ထို ၂ ပါးစုံတို့သည်လည်း မပူကုန်။ ထိုကြောင့် လောင်သည် မဖြစ်စကောင်း။ အအေးအချမ်းသည် အကယ်၍ လောင်အံ့။ ထို ၂ ပါးစုံတို့သည်လည်း မအေးကုန်။ ထိုကြောင့် လောင်သည် မဖြစ်စကောင်း။-ဟူသောစကားသည် ရောက်ခဲ့၏။

"သင်မင်းကြီးသည် နိဗ္ဗာန်သည်ကို သိလော။ အပူသည် အကယ်၍ လောင်အံ့။ ထို ၂ပါးစုံတို့သည်လည်း မပူကုန်။ ထို့ကြောင့် လောင်သည် မဖြစ်ရာ။ အချမ်းသည် အကယ်၍ လောင်အံ့။ ထို ၂ ပါးစုံတို့သည်လည်း မချမ်းကုန်။ ထို့ကြောင့် လောင်သည် မဖြစ်ရာ။

"မင်းကြီး။ အဘယ်ကြောင့် 'ထို ၂ ပါးစုံတို့သည် လောင်ကုန်၏။'-ဟု ဆိုသနည်း။ ထို ၂ ပါးစုံတို့သည်လည်း မပူကုန်တကား။ ထို ၂ ပါးစုံတို့သည်လည်း မချမ်းကုန်တကား။ ၁ ခုသည် ပူ၏။ ၁ ခုသည် ချမ်း၏။ ထို ၂ ပါးတို့သည်လည်း လောင်ကုန်၏။-ဟု ဆို၏။ ထို့ကြောင့် 'လောင်၏' ဟူသောစကားသည် မဖြစ်စကောင်း။

"မင်းကြီး။ ငါသည် သင်မင်းကြီးကဲ့သို့သောသူနှင့် အတူစကားပြောခြင်းငှာ မစွမ်းနိုင် ငါတောင်းပန်၏။ စကားကို ရပ်တန့်စေလော။"-ဟုဆို၏။

နာဂသေနမထေရ်သည် အဘိဓမ္မာနှင့်ယှဉ်သော တရားစကားဖြင့် မိလိန္ဒမင်းကို သိစေ၏။ အဘယ်တရားစကားနည်း။-ဟူမူကား

 gyoe.com SAMPLE BOOK

"မင်းကြီး။ ဂေဟသိတ သောမနဿဝေဒနာလည်း ၆ ပါး ရှိ၏။ နေက္ခမ္မနိဿိတ သောမနဿဝေဒနာလည်း ၆ ပါး ရှိ၏။ ဂေဟသိတ ဒေါမနဿဝေဒနာလည်း ၆ ပါး ရှိ၏။ နေက္ခမ္မနိဿိတ ဒေါမနဿဝေဒနာလည်း ၆ ပါး ရှိ၏။ ဂေဟသိတ ဥပေက္ခာဝေဒနာလည်း ၆ ပါး ရှိ၏။ နေက္ခမ္မနိဿိတ ဥပေက္ခာဝေဒနာလည်း ၆ ပါး အပြားရှိ၏။ ဤသို့ ၆ ပါး ၆ လီ အစုသည် ၃၆ ပါးရှိ၏။ ထို ၃၆ ပါး သောဝေဒနာသည် အတိတ်ကာလ၌ ၃၆ ပါး, အနာဂတ်ကာလ၌လည်း ၃၆ ပါး, ပစ္စုပ္ပန်ကာလ၌လည်း ၃၆ ပါး ရှိ၏။ ထိုဝေဒနာကိုပေါင်းသော် ဝေဒနာသည် ၁၀၈ ပါး အပြားရှိ၏။"-ဟုဆိုသော်၊ "အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

အာရုံ ၆ ပါးသို့လိုက်၍ ဝေဒနာတရားဖြစ်သောကြောင့် 'သင့်တင့်လျောက်ပတ်ပေ၏'ဟု ဝန်ခံ၏။ အာရုံ ၆ ပါးသို့ လိုက်၍ ဝေဒနာတရားကိုယ် ၁ ခုကို သောမနဿဝေဒနာ ၆ ပါး, ဒေါမနဿဝေဒနာ ၆ ပါး, ဥပေက္ခာဝေဒနာ ၆ ပါးစု၍၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ကာလ ၃ ပါးအားဖြင့် ပေါင်းသော် ဝေဒနာ ၁၀၈ ပါးရှိသည် ဟူလိုသည်။

ဝေဒနာပဉ္ဟာ ပြီး၏။

၆-နာမရူပါနံ ပစ္စုပ္ပန္နဂတာနံ ဧကတ္တနာနတ္တပဉ္ဟာ
ပစ္စုပ္ပန်နာမ်,ရုပ်သည် ပဋိသန္ဓေကို ဖြစ်စေခြင်း

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အဘယ်တရားသည် ပဋိသန္ဓေနေသနည်း။"-ဟုမေး၏။

"မင်းကြီး။ နာမ်,ရုပ်တရားသည် ပဋိသန္ဓေနေ၏"-ဟုဖြေဆိုသော်၊

"အရှင်ဘုရား ပစ္စုပ္ပန် နာမ်ရုပ်တရားပင်လျှင် ပဋိသန္ဓေ နေသလော။"-ဟု မေးပြန်၏။

"မင်းကြီး။ ဤပစ္စုပ္ပန် နာမ်,ရုပ်ဖြင့်လျှင် ပဋိသန္ဓေမနေ။ ဤပစ္စုပ္ပန် နာမ်,ရုပ်ဖြင့်ကား ကောင်းသောကုသိုလ်ကံ, မကောင်းသော အကုသိုလ်ကံတရားကို ပြု၍ ထိုပစ္စုပ္ပန်ကပြုသော ကုသိုလ်ကံ, အကုသိုလ်ကံဖြင့် တစ်ပါးသောနာမ်,ရုပ်သည် ပဋိသန္ဓေနေ၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ဤပစ္စုပ္ပန် နာမ်ရုပ်သည် အကယ်၍ ပဋိသန္ဓေ မဖြစ်အံ့။ ထိုပုဂ္ဂိုလ်သည် မကောင်းမှုတို့မှ လွတ်သည် ဖြစ်လတ္တံ့လော။"-ဟု မေးသော်၊

ရှင်နာဂသေနမထေရ်သည် "မင်းကြီး။ ပစ္စုပ္ပန် နာမ်,ရုပ်သည် အကယ်၍ ပဋိသန္ဓေမနေ စင်စစ်မှန်အံ့။ မကောင်းမှုတို့မှ လွတ်လေရာ၏။ မင်းကြီး-အကြင်ပစ္စုပ္ပန်အကြောင်းတရားခံသောကြောင့် တစ်ပါးသော ရုပ်,နာမ်တရားသည် ပဋိသန္ဓေဖြစ်၏၊ ထိုပစ္စုပ္ပန်အကြောင်းတရားခံသောကြောင့် မကောင်းမှုတို့မှ မလွတ်။"-ဟု ဖြေ၏။

"အရှင်ဘုရား ထိုစကားကို ထင်စွာ ဥပမာပြုပါဦးလော့။"-ဟုဆိုလျှင်၊

mgyoe.com SAMPLE BOOK

"မင်းကြီး။ ဥပမာသော်ကား တစ်စုံတစ်ယောက်သောယောကျ်ားသည် တစ်ပါးသောယောကျ်ား၏ သရက်သီးကို ခိုး၏။ ထိုယောကျ်ားကို သရက်သီးအရှင်သည် ဖမ်း၍ အစိုးရသောမင်းအား 'အရှင်မင်းကြီး။ ဤယောကျ်ားသည် အကျွန်ုပ်၏သရက်သီးကို ခိုးယူသည်။'-ဟုပြလေ ဆက်လေအံ့။ ထိုခိုးယူသူကို မေးစစ်သော် ခိုးသူသည် 'အရှင်မင်းကြီး။ ဤသရက်သီးကို အကျွန်ုပ်မခိုးပါ။ မခိုးပါဆိုကြောင်းလည်း ဤသူ စိုက်ပျိုးအပ်သော ထိုသရက်သီးတို့သည် တစ်ပါးတို့တည်း။ အကျွန်ုပ်ခိုးအပ်သော ဤသရက်သီးတို့သည် တစ်ပါး တို့တည်း။ အကျွန်ုပ်သည် ရာဇဒဏ်အပြစ် မရောက်ကောင်းပါ။'-ဟုဆိုသော်၊ မင်းကြီး-အသို့နည်း။ထိုယောကျ်ားသည် မင်းဒဏ်ရောက်ရာသလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ထိုခိုးသောယောကျ်ားသည် 'ထိုသူစိုက်ပျိုးရင်း သရက်သီးကို မခိုးပါ။'ဟု အကယ်၍ ဆိုငြားအံ့။ ထိုသို့ဆိုငြားသော်လည်း အရှင်ဘုရား-ရှေးစိုက်ပျိုးရင်းဖြစ်သော သရက်သီးကို မပစ်သာချေ ဖြစ်၍ နောက်ခိုးသောသရက်သီးဖြင့် ထိုယောကျ်ားသည် မင်းဒဏ် ဖြစ်ရာ၏။"-ဟုဆိုသော်၊

"မင်းကြီး။ ထိုကဲ့သို့လည်းကောင်း ပစ္စုပ္ပန်၌ဖြစ်သော နာမ်,ရုပ်ဖြင့် ကောင်းသောကုသိုလ်, မကောင်းသောအကုသိုလ်တရားကို ပြုအံ့။ ထိုကံတရားဖြင့် တစ်ပါးသောနာမ်,ရုပ်သည် ပဋိသန္ဓေ နေ၏။ ထိုအကြောင်းရင်းတရားကြောင့် မကောင်းမှုမှ မလွတ်ချေ။"-ဟု ဖြေ၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။"-ဟုဆိုသော်၊

"မင်းကြီး။ ဥပမာသော်ကား တစ်စုံတစ်ယောက်သောယောကျ်ားသည် တစ်ပါးသောယောကျ်ား၏ သလေးစပါးတို့ကို ခိုးအံ့။ ကြံကို ခိုးအံ့။"

ဤစပါးခိုး, ကြံခိုး ဥပမာကား ရှေးသရက်သီး ဥပမာနှင့်အတူပင် မှတ်လေ။

"မင်းကြီး။ ဥပမာသော်ကား အကြင်ယောကျ်ားသည် ဆောင်းလအခါ၌ မီးကိုတိုက်၍ မီးကို လှုံပြီးလျှင် မငြိမ်းစေဘဲ သွားလေသော်၊ ထိုအခါ ထိုယောကျ်ား၏မီးသည် သူတစ်ပါး၏လယ်ကို လောင်လေသည် ဖြစ်အံ့။ ထို မီးတိုက်၍လှုံသောယောကျ်ားကို လယ်ရှင်သည် ဖမ်းဆီး၍ အစိုးရသော မင်းအား 'အရှင်မင်းကြီး။ ဤယောကျ်ားသည် အကျွန်ုပ်၏လယ်ကို မီးတိုက်ခဲ့၏။'-ဟု ပြဆက်လာအံ့။ ထိုမီးလှုံသောယောကျ်ားသည် 'အရှင်မင်းကြီး။ အကျွန်ုပ်သည် ဤယောကျ်ား၏လယ်ကို မီးမတိုက်ပါ။ 'မီးမတိုက်ပါ'ဆိုကြောင်းလည်း အကျွန်ုပ်သည် မတိုက်မလောင်စေအပ်သော အကြင်မီးသည် ရှိပါ၏။ ထို အကျွန်ုပ်မလောင်စေအပ်သော မီးသည် တစ်ပါးတည်း။ အကြင်မီးဖြင့် ဤသူ၏လယ်ကို လောင်၏။ ထိုလောင်သောမီးသည် တစ်ပါးတည်း။ အကျွန်ုပ်သည် မင်းဒဏ် မရောက်ကောင်းပါ။'-ဟုဆို၏။ မင်းကြီး-အသို့နည်း။ ထိုယောကျ်ားသည် မင်းဒဏ် ရောက်ရာသလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ထိုသို့အကြောင်းရင်းဖြစ်သောကြောင့် 'မင်းဒဏ် မရောက်ရာ။'-ဟုမဆိုရာ။ အရှင်ဘုရား-ထိုမီးတိုက်သောယောကျ်ားသည် အကယ်၍ ဤသို့ဆိုငြားအံ့။ ထိုသို့ဆိုငြားသော်လည်း

 mgyoe.com SAMPLE BOOK

ရှေးမီးရင်းကို မပစ်သာချေ။ နောက်ဖြစ်သော ထိုမီးဖြင့် ယောကျ်ားအား မင်းဒဏ်သင့်သည် ဖြစ်ရာ၏။''ဟုဆို၏။

''မင်းကြီး။ ထိုကဲ့သို့လည်းကောင်း ဤပစ္စုပ္ပန်၌ဖြစ်သော နာမ်,ရုပ်ဖြင့် ကောင်းမှု,မကောင်းမှုကို ပြု၏။ ထိုကံတရားဖြင့် တစ်ပါးသောနာမ်,ရုပ်တရားသည် ပဋိသန္ဓေ ဖြစ်၏။ ထို့ကြောင့် မကောင်းမှုမှ မလွတ်ရာ။''-ဟု ဖြေ၏။

''အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။''-ဟုဆိုပြန်၏။

''မင်းကြီး။ ဥပမာသော်ကား တစ်စုံတစ်ယောက်သောယောကျ်ားသည် ဆီမီးကိုယူ၍ ပြာသာဒ်ထက်သို့တက်၍ ထွန်းအံ့။ ထွန်းအပ်သောဆီမီးလည်း မြက်, အမှိုက်ကို ငြိ၏။ မြက်အမှိုက်ကို လောင်သော် အိမ်ကို လောင်၏။ အိမ်ကိုလောင်သော် ရွာကို လောင်၏။ ရွာ၌နေသော လူအပေါင်းသည် ထိုယောကျ်ားကို ဖမ်းဆီး၍၊ 'အို-ယောကျ်ား။ သင်သည် အဘယ့်ကြောင့် ရွာကို မီးတိုက်သနည်း။'-ဟုဆို၏။ ထို ဆီမီးထွန်းသောယောကျ်ားသည် 'ငါသည် ရွာကို မီးမတိုက်။ ငါသည် အလင်းဖြင့် သုံးဆောင်သော ထိုမီးသည် တစ်ခြားတစ်ပါးတည်း။ 'ရွာကိုလောင်သောမီး'ဆိုရာမှာလည်း 'တစ်ပါးသောမီးတည်း။'-ဟု ဆိုအံ့။ ထိုသူတို့သည် မင်းကြီးအထံသို့ ရောက်လာကုန်အံ့။ မင်းကြီးသည် အဘယ်သူအား တရားကို အနိုင်ပေးအံ့နည်း။''-ဟုမေးသော်၊

''အရှင်ဘုရား။ ရွာနေသူအပေါင်းအား တရားကို အနိုင်ပေးအံ့။ အဘယ့်ကြောင့်နည်း။-ဟူမူကား ထို မီးတိုက်သောယောကျ်ားသည် အကယ်၍ 'အကျွန်ုပ်မီး မရှိပါ။ သေပြီ။'-ဟုဆိုအံ့။ ထိုသို့ ဆိုငြားသော်လည်း ထိုသူ၏ ဆီမီးရင်းရှိသောကြောင့်သာလျှင် ထိုရွာကိုလောင်သောမီး ဖြစ်သည်။ ထို့ကြောင့် ရွာသားတို့ကို အနိုင်ပေးအံ့။''-ဟုဆိုသော်၊

''မင်းကြီး။ ထို့အတူ သေခါနီးကာလ ပစ္စုပ္ပန်နာမ်,ရုပ်သည် တစ်ပါး ဖြစ်၏။ ပဋိသန္ဓေ နာမ်,ရုပ်လည်း တစ်ပါးတခြားစီ ဖြစ်လေ၏ရှင့်။ ထိုသို့ဖြစ်ငြားသော်လည်း စင်စစ်သော်ကား ထိုပစ္စုပ္ပန် နာမ်,ရုပ်ကြောင့်သာလျှင် တစ်ပါးသောနာမ်,ရုပ် ဖြစ်၏။ ထို့ကြောင့် မကောင်းမှုတို့မှ မလွတ်။''-ဟုဖြေ၏။

''အရှင်ဘုရား။ လွန်စွာ ဥပမာပြပါဦးလော့။''-ဟုဆို၏။

''မင်းကြီး။ တစ်စုံတစ်ယောက်သောယောကျ်ားသည် သူငယ်မတစ်ယောက်ကို စကားပိတ်ဆို၍၊ အတွင်းဥစ္စာ များစွာပေး၍ သွားလေ၏။ ထိုသူငယ်မသည် နောက်ကာလ ကြီးသောအရွယ်သို့ ရောက်၍၊ တစ်ပါးသောယောကျ်ားသည် အတွင်းဥစ္စာကို ပေးပြန်၍ သိမ်းပိုက်ယူခြင်းကို ပြု၏။ စကားဆိုရင်းရှိသော ယောကျ်ားသည် လာ၍၊ 'အို-ယောကျ်ား။ သင်သည် ငါ၏မယားကို အဘယ့်ကြောင့် ဆောင်ယူဘိသနည်း။'-ဟုဆို၏။ ထို သိမ်းယူသောယောကျ်ားသည် 'ငါ သင်၏မယားကို မဆောင်မယူ။ သင်သည် ပိတ်ဆို့အပ်သော အတွင်းဥစ္စာ ပေးသွင်းအပ်သော သူငယ်မသည် တစ်ပါးတခြား။ ငါသည် ပိတ်ဆို့အပ်

 mgyoe.com SAMPLE BOOK

သော, အတွင်းဥစ္စာပေးအပ်သော ဤမိန်းမသည် ကြီးပြီးသောအရွယ်သို့ ရောက်ပြီးတကား။ တခြား တည်း။'-ဟု အငြင်းအခုံဆိုကြ၍ ထိုယောကျ်ား ၂ ယောက်တို့သည် မင်းကြီးအထံသို့ လာကြကုန်အံ့။ မင်းကြီးသည် အဘယ်သူအား တရားကို နိုင်စေအံ့နည်း။''-ဟုမေးသော်၊

''အရှင်ဘုရား။ ရှေးယောကျ်ားကို နိုင်စေအံ့။''-ဟုဆို၏။

''မင်းကြီး။ အဘယ့်ကြောင့်နည်း။''-ဟုဆိုသော်၊

''အရှင်ဘုရား။ ထို နောက်ယောကျ်ားသည် အကယ်၍ဆိုအံ့။ ထိုသို့ဆိုသော်လည်း စင်စစ် သော်ကား ထိုမိန်းမသည် ငယ်သောကာလမှစ၍ ထိုကြီးသောအရွယ် ဖြစ်လေသည်။''-ဟုဆို၏။

''မင်းကြီး။ ထို့အတူလည်းကောင်း သေခါနီးကာလ၌ နာမ်,ရုပ်သည်လည်း တစ်ပါး့တခြား၊ ပဋိသန္ဓေ နာမ်,ရုပ်သည်လည်း တစ်ပါးတခြားစီ။ အကယ်၍ ဖြစ်၏။ ထိုသို့ဖြစ်ငြားသော်လည်း ထို အဟောင်းဖြစ်သော ပစ္စုပ္ပန် သေခါနီးအကြောင်းခံသော်သာလျှင် ထိုတစ်ပါးသော ပဋိသန္ဓေနာမ်,ရုပ် စပ်၍ ဖြစ်သည်။ ထို အကြောင်းရင်းတရား ခံသောကြောင့် မကောင်းမှုမှ မလွတ်။''-ဟုဖြေ၏။

''အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။''-ဟုဆိုသော်၊

''မင်းကြီး။ ဥပမာသော်ကား တစ်စုံတစ်ယောက်သောယောကျ်ားသည် နွားကျောင်းသား၏လက်မှ နွားနို့ဖိုးကို ပေးသဖြင့် ဝယ်ခဲ့၍၊ ထိုနွားကျောင်းသား၏ လက်၌ပင်လျှင် နှံထားခဲ့ပြန်၍၊ 'နက်ဖြန် ယူလာအံ့။'-ဟုဆို၍ သွားလေ၏။ ထိုနွားနို့သည် တစ်နေ့ရောက်လတ်သော် နို့ဓမ်း ဖြစ်ခဲ့၏။ ထို ဝယ်သောယောကျ်ားသည် လာလတ်၍ 'ငါ၏နွားနို့ကို ပေးလော့။'-ဟုဆိုလျှင် ထိုနွားနို့သည် နို့ဓမ်း ဖြစ်ခဲ့၏။ ထိုဝယ်သောယောကျ်ားသည် 'ငါကား သင်၏လက်၌ နို့ဓမ်းကို မဝယ်။ ငါ၏နွားနို့ဖိုးကို ပေးလော့။'-ဟုဆိုအံ့။ ထိုသူ ၂ ယောက်တို့ ငြင်းခုံကြကုန်လျက် မင်းကြီး၏အထံသို့ ရောက်လာကုန်အံ့။ မင်းကြီးသည် အဘယ်သူအား တရားကို အနိုင်ပေးအံ့နည်း။''-ဟုမေးသော်၊

''အရှင်ဘုရား။ နွားကျောင်းသားအား အနိုင်ပေးအံ့။''-ဟုဆို၏။ ''အဘယ့်ကြောင့်နည်းဟူမူကား အရှင်ဘုရား-ထိုဝယ်သောယောကျ်ားသည် အကယ်၍ကား ဆိုလေ၏ရှင့်။ ထိုသို့ ဆိုငြားသော်လည်း အရှင်ဘုရား-နွားကျောင်းသား၏ စင်စစ်လျှင် 'နို့ရည်'ဟူသောအကြောင်းရင်းကြောင့် ထိုနို့ဓမ်း ဖြစ်လေသည်။''-ဟုဆို၏။

''မင်းကြီး။ ထို့အတူလည်းကောင်း သေခါနီးကာလ၌ နာမ်,ရုပ်လည်း တစ်ပါး၊ ပဋိသန္ဓေ နာမ်,ရုပ်လည်း တစ်ပါး အကယ်၍ ဖြစ်လေ၏ရှင့်။ ထိုသို့ဖြစ်သော်လည်း ထိုသေခါနီးဖြစ်သော နာမ်,ရုပ်အကြောင်းခံသောကြောင့် ထိုပဋိသန္ဓေ နာမ်,ရုပ်အသစ် ဖြစ်၏။ ထို့ကြောင့် မကောင်းမှုမှ မလွတ်။''-ဟုဖြေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟုဝန်ခံလေ၏။

နာမရူပါနံ ပစ္စုပ္ပန္နဂတာနံ ကေတ္တနာနတ္တပဉ္စာ ပြီး၏။

mgyoe.com SAMPLE BOOK

၇-ထေရသ ပဋိသန္ဓဟနပဉ္ဟာ

မထေရ်၏ ပဋိသန္ဓေကိစ္စကို တစ်ဖန်မေးခြင်း

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ အရှင်ဘုရားသည် ...စ်ဖန် ပဋိသန္ဓေ နေလတ္တံ့လော။''-ဟုမေး၏။

''မင်းကြီး။ ထိုစကားကို မေး၍ အကျိုးမရှိပြီ။ ငါသည် ရှေးဦးစွာ မေးသည်ကာလကပင် အကယ်၍ ဥပါဒါန်တရား ရှိသေးသည် ဖြစ်အံ့။ ပဋိသန္ဓေ နေလတ္တံ့။ အကယ်၍ ဥပါဒါန်တရား မရှိအံ့။ ပဋိသန္ဓေ မနေလတ္တံ့။-ဟု ဆိုဖူးလေပြီ။''-ဟုဆိုလျှင်၊

''အရှင်ဘုရား။ ဥပမာပြုပါဦးလော့။''-ဟုဆို၏။

''မင်းကြီး။ ဥပမာသော်ကား တစ်စုံတစ်ယောက်သော မင်းခယောက်ျားသည် မင်းမှုကို အလွန်အားထုတ်၍ ပြု၏။ အစိုးရသောမင်း နှစ်သက်သည်ဖြစ်၍ ထိုသူအား ဆုလာဘ်သပ်ပကာ ပေး၏။ ထိုယောက်ျားသည် ရအပ်သောဆုလာဘ်သပ်ပကာဖြင့် ၅ ပါးသော ကာမဂုဏ်ချမ်းသာတို့နှင့် ပြည့်စုံသည်ဖြစ်၍ နှစ်သက်ဝမ်းသာ သုံးဆောင်စားသောက်လေအံ့။ ထိုယောက်ျားသည် တစ်ရံသောအခါ 'အစိုးရသော မင်းကြီးသည် 'ငါ့အား တစ်စုံတစ်ခုသော ဆုလာဘ်ကို မပေးပါ။'-ဟု လူအများအား ပြောဆိုအံ့။ မင်းကြီး-အသို့နည်း။ ထိုယောက်ျားသည် သင့်တင့်သောစကားကို ဆိုလေ့ရှိသောသူဖြစ်ရာသလော။'' -ဟုမေးသော်၊

''အရှင်ဘုရား။ ထိုယောက်ျားသည် သင့်တင့်သောစကားကို ဆိုသည် မမည်ချေ။''-ဟု ဆို၏။

''မင်းကြီး။ ထို့အတူ ထိုသို့မေးအပ်သောစကားဖြင့် အကျိုးမရှိပြီ။ ငါသည် ရှေးဦးကာလကပင် ဥပါဒါန်တရား ရှိအံ့။ ငါပဋိသန္ဓေ နေလတ္တံ့။ ဥပါဒါန်တရား မရှိအံ့။ ငါ ပဋိသန္ဓေမနေလတ္တံ့။-ဟူ၍ ဆိုအပ်လေပြီ။''-ဟုဆိုလျှင်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံလေ၏။

အဓိပ္ပာယ်ကား-မင်း၏ ဆုလာဘ်သပ်ပကာကိုရသော မင်းခယောက်ျားသည် မင်း၏ကျေးဇူးမဲ့ကို သူတစ်ပါးအား မပြောအပ်သကဲ့သို့၊ 'ငါလည်း ဘုရားတရားတော်ကို လွန်ကျူး၍ မပြောပြီ။'-ဟုလိုသည်။ မပြောအပ်ဆိုကြောင်းလည်း 'ပဋိသန္ဓေ တစ်ဖန် မနေသောသူ ဖြစ်အံ့။ နိဗ္ဗာန်သို့ ရောက်၏။'-ဟူသောစကား ရှိခဲ့၏။ ထို့ကြောင့် 'လောကုတ္တရာနှင့်စပ်သောစကားကို ရဟန်းတို့ မပြောအပ်ချေ။'-ဟု အရှင်နာဂသေန နှလုံးထား၍ ထိုစကားဖြင့် 'အကျိုးမရှိ'ဟု ပယ်အပ်လေသည်။-ဟူ၍ ယူအပ်လေသည်။

ထေရသ ပဋိသန္ဓဟနပဉ္ဟာ ပြီး၏။

mgyoe.com

 mgyoe.com SAMPLE BOOK

၈-နာမရူပ ပဋိသန္ဓေဟနပဉ္ဇာ

နာမ်နှင့်ရုပ် ပဋိသန္ဓေ

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ 'နာမ်,ရုပ်တရား'ဟူ၍ အကြင်တရားကို အရှင်ဘုရားတို့သည် ဆို၏။ ထိုသို့ဆိုအပ်သော နာမ်,ရုပ်တရားတို့တွင် နာမ်တရားကား အသို့နည်း။ ရုပ်တရားကား အသို့နည်း။''-ဟုမေးသော်၊

''မင်းကြီး။ ထိုနာမ်,ရုပ်တရား-၂ ပါးတို့တွင် ရုပ်တရားသည် ရုန့်ရင်း၏။ နာမ်တရားသည် သိမ်မွေ့၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ နာမ်,ရုပ်တရား ၂ ပါးတို့သည် အသီးအခြား ပဋိသန္ဓေ နေသလော။''-ဟုမေး၏။

''မင်းကြီး။ နာမ်တရားချည်းသာလျှင်လည်း ပဋိသန္ဓေမနေ။ ရုပ်တရားချည်းသာလျှင်လည်း ပဋိသန္ဓေမနေ။''-ဟုဆိုသော်၊

''အရှင်ဘုရား။ အဘယ့်ကြောင့် ထိုနာမ်,ရုပ်တရားတို့သည် အသီးအခြား ပဋိသန္ဓေမနေသနည်း။''-ဟုမေးပြန်သော်၊

''မင်းကြီး။ ထိုနာမ်,ရုပ်-၂ ပါးတရားတို့သည် အချင်းချင်းမှီကုန်၍ တစ်ပြိုင်နက် တပေါင်းတည်းလျှင် ဖြစ်ကုန်၏။''-ဟုဖြေ၏။

''အရှင်ဘုရား။ ဥပမာအားဖြင့် ပြပါဦးလော့။''-ဟုဆိုလျှင်၊

''မင်းကြီး။ ဥပမာသော်ကား ကြက်မအား ရေကြည်လည်း မဖြစ်အံ့။ အဥလည်း မဖြစ်ရာ။ ထိုအခါ အကြင်ရေကြည်လည်း ဖြစ်၏။ အကြင်ဥလည်း ဖြစ်၏။ ထို ၂ ပါးသော ရေကြည်,အဥတို့သည် အချင်းချင်းမှီ၍ တစ်ပြိုင်နက်သာလျှင် ထိုကြက်ဥတို့၏ ဖြစ်ခြင်းတရားသည် ထင်ရှားစွာဖြစ်၏။ မင်းကြီး-ထို့အတူလည်းကောင်း ထိုပဋိသန္ဓေကာလ၌ နာမ်တရားချည်းလည်း မဖြစ်ရာ။ ရုပ်တရားချည်းလည်း မဖြစ်ရာ။ ထိုပဋိသန္ဓေကာလ၌ အကြင်နာမ်တရားလည်း ဖြစ်ရာ၏။ အကြင် ရုပ်တရားလည်း ဖြစ်ရာ၏။ ထို ၂ ပါးစုံသောတရားတို့သည် အချင်းချင်းမှီ၍ တစ်ပြိုင်နက် ပဋိသန္ဓေနေသည် ဖြစ်၏။ ဤသို့ဖြစ်သည်ရှိသော် ထိုနာမ်,ရုပ်တရား ၂ ပါးတို့သည် ကာလရှည်ကြာစွာ ဖြစ်၏။''-ဟုဆိုသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံလေ၏။

ဤအမေးဌ နာမ်,ရုပ်-၂ ပါးစုံကိုသာ မေးလေသောကြောင့် ပဋိဝေါကာရပုဂ္ဂိုလ်ကို အဖြေစကား ကျလေ၏။ ဧကဝေါကာရ စတုဝေါကာရ ပုဂ္ဂိုလ်လွတ်လေ၏။-ဟု မှတ်လေအပ်၏။

နာမရူပ ပဋိသန္ဓေဟန ပဉ္ဇာ ပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK

၉-အဒ္ဓါနပဉ္ဟာ

ရုပ်နာမ်တို့၏ အဓွန့်သံသရာ

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ အရှင်ဘုရားသည် 'ရှ ်သွားသော ကာလအဓွန့်'ဟု ဆိုအပ်ပါပြီ။ ထို'ရှည်လျားသော ကာလအဓွန့်'ဟူသည် အဘယ်နည်း။''-ဟုမေး၏။

''မင်းကြီး။ အဓွန့်သည် လွန်လေပြီးသောအဓွန့်, လာလတ္တံ့သောအဓွန့်, ပစ္စုပ္ပန်အဓွန့်'-ဟူ၍-၃ ပါးရှိ၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ အသို့နည်း။ အလုံးစုံသော နာမ်,ရုပ်တရားတို့သည် အဓွန့်ရှိကုန်သလော။''-ဟုမေးသော်၊

''မင်းကြီး။ အချို့သော နာမ်,ရုပ်တရားတို့သည် အဓွန့်ရှိကုန်၏။ အချို့သော နာမ်ရုပ်တရားတို့သည် အဓွန့် မရှိကုန်။''-ဟုဆိုသော်၊

''အရှင်ဘုရား။ အဘယ်နာမ်,ရုပ်တရားသည်ကား အဓွန့်ရှိသနည်း။ အဘယ်နာမ်ရုပ်တရားသည်ကား အဓွန့်မရှိသနည်း။''-ဟု မေးပြန်၏။

''မင်းကြီး။ အကြင်နာမ်,ရုပ် သခ်ါရတရားတို့သည် အတိတ်ကာလဖြစ်ကုန်၍ ကင်းလေပြီ၊ ဖောက်ပြန်လေကုန်ပြီ။ ထိုတရားတို့ကို 'အဓွန့်ရှိသေး၏။'-ဟု မမှတ်ကောင်း။ အကြင်နာမ်,ရုပ်တရားတို့သည် အကျိုးတရား ဖြစ်ကုန်လတ္တံ့။ အကြင်တရားတို့သည် အကျိုး၏အကြောင်းတရား ဖြစ်ကုန်၏။ ထိုတရားတို့သည် တစ်ပါးသောဘဝ၌ ပဋိသန္ဓေကို ပေး၏။ ထိုတရားတို့သည် 'အဓွန့်ရှိသောတရားတို့' မည်ကုန်၏။ အကြင်သတ္တဝါတို့သည် သေကုန်သော် တစ်ပါးသောဘဝ၌ တစ်ဖန် ဖြစ်ဆဲဖြစ်၏။ ထိုပုဂ္ဂိုလ်တို့သည် 'အဓွန့်ရှိသည်'မည်ကုန်၏။ အကြင်သတ္တဝါတို့သည် သေကုန်သော် တစ်ပါးသောဘဝ၌ မဖြစ်။ ထိုပုဂ္ဂိုလ်တို့သည် 'အဓွန့်မရှိသည်'မည်ကုန်၏။ အကြင်ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်ပြုကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်ပြုလေပြီဖြစ်သောကြောင့် အဓွန့်မရှိကုန်။''-ဟု ဖြေလေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံလေ၏။

အဒ္ဓါနပဉ္ဟာ ပြီး၏။

ဤတွင်ရွေ့ ၂ ခုမြောက်သော အဒ္ဓါနဝဂ်သည် ပြီး၏။

mgyoe.com

 mgyoe.com SAMPLE BOOK

၃-ဝိစာရဝဂ်
အမေးအဖြေ ၁၃ ခု

၁-အဒ္ဓါနမူလပဉ္ဇာ
သံသရာအစ အဝိဇ္ဇာက

မိလိန္ဒမင်းသည် "အရှင်ဘုရား။ လွန်လေပြီးသော အခွန့်တရား၏အမြစ်သည် အဘယ်တရားနည်း။ လာလတ္တံ့သော အခွန့်တရား၏အမြစ်သည် အဘယ်တရားနည်း။ ပစ္စုပ္ပန်ဖြစ်သော အခွန့်တရား၏ အမြစ်သည် အဘယ်တရားနည်း။"-ဟုမေး၏။

"မင်းကြီး။ အတိတ်, အနာဂတ်, ပစ္စုပ္ပန် အခွန့် ၃ ပါး၏အမြစ်တရားသည် အဝိဇ္ဇာမောဟတရားတည်း။"-ဟု အကျဉ်းဖြေပြီး၍၊

'အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ အဒ္ဓါနဿ ပုရိမာကောဋ္ဌိ နု ပညာယတီ'-ဟု မိန့်တော်မူ၏။

'အဝိဇ္ဇာကြောင့် ကုသိုလ်သင်္ခါရ, အကုသိုလ်သင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတရားတို့သည် ဖြစ်ကုန်၏။ သင်္ခါရတရားကြောင့် ပဋိသန္ဓေဝိညာဉ် ဖြစ်၏။ ဝိညာဉ်ကြောင့် နာမ်,ရုပ် ဖြစ်၏။ နာမ်,ရုပ်ကြောင့် ၆ ပါးသော အာယတန ဖြစ်၏။ ၆ ပါးသော အာယတနကြောင့် ဖဿ ဖြစ်၏။ ဖဿကြောင့် ဝေဒနာ ဖြစ်၏။ ဝေဒနာကြောင့် တဏှာ ဖြစ်၏။ တဏှာကြောင့် ဥပါဒါန် ဖြစ်၏။ ဥပါဒါန်ကြောင့် ဘဝ ဖြစ်၏။ ဘဝကြောင့် ဇာတိ ဖြစ်၏။ ဇာတိကြောင့် အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, သက်ကြီးရွိုက်တငင် ပင်ပန်းခြင်းတို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် အလုံးစုံ ဆင်းရဲခြင်းအစုဖြစ်သော အခွန့်တရား၏ ရှေးအခွန့်ကို မထင်နိုင်ရာ။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

အဒ္ဓါန မူလပဉ္ဇာ ပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK.

၂-ပုရိမကောပဠိပဉ္ဟာ

အဆုံးမဲ့ထင်သော သံသရာ

မိလိန္ဒမင်းသည် "အရှင်ဘုရား။ 'ရှေးအဖွန့် မထင်နိုင်ရာ'ဟု အရှင်ဘုရားသည် အကြင်စကားကို ဆို၏။ ထိုစကား၏ဥပမာကို ပြပါဦးလော့။"-ဟုဆိုသော်၊

"မင်းကြီး။ ဥပမာသော်ကား အကြင်ယောကျ်ားသည် အနည်းငယ်သောမျိုးစေ့ကို မြေ၌ ပစ်ချ၏။ ထိုမျိုးစေ့မှ အညွှန့်ထွက်လေ၍၊ အစဉ်အတိုင်း ကြီးခြင်း, အထက်သို့တက်၍၊ ပြန့်ပြောခြင်းသို့ ရောက်၍ အသီးကို သူတစ်ပါးအား ပေးအံ့။ ထိုအသီးမှ မျိုးစေ့ကို ပြန်၍ တစ်ဖန်စိုက်အံ့။ ထိုမျိုးစေ့မှလည်း တစ်ဖန် အညွှန့်ထွက်၍၊ အစဉ်အတိုင်း အထက်သို့ တက်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်၍ အသီးကို သူတစ်ပါးအား ပေးအံ့။ ဤသို့ အဆင့်ဆင့်ပေးကြသဖြင့် ထိုမျိုးစေ့အစဉ်၏ အဆုံးသည် ရှိကောင်းသလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ 'အဆုံး'ဟူ၍ မရှိချေပြီ။"-ဟုဆို၏။

"မင်းကြီး။ ထိုကဲ့သို့လည်းကောင်း ရှေးလွန်လေပြီးသောအဖွန့်၏ ရှေးအဖွန့်သည် မထင်။"-ဟု ဖြေ၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာ ဆိုပါဦးလော့။"-ဟုဆို၏။

"မင်းကြီး။ ဥပမာသော်ကား ကြက်မမှ အဥဖြစ်၏။ အဥမှ တစ်ဖန် ကြက်မ ဖြစ်ပြန်၏။ ကြက်မမှ တစ်ဖန် အဥဖြစ်၏။ ဤသို့ ထိုအစဉ်ဖြစ်ခြင်း၏အဆုံးသည် ရှိသလော။"-ဟုမေးသော်၊

"အရှင်ဘုရား-မရှိ။"-ဟုဆို၏။

"မင်းကြီး။ ထိုကဲ့သို့လည်းကောင်း ရှေးအဖွန့်၏ ရှေးအဖွန့်သည် အစမထင်နိုင်။"-ဟုဖြေ၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။"-ဟုဆို၏။

ရှင်နာဂသေနမထေရ်သည် ထိုအခါ မြေ၌စက်ဝန်းကို ရေးပြီး၍ မိလိန္ဒမင်းကို "မင်းကြီး။ စက်ဝန်း၏ အစသည် ရှိသလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ဤစက်ဝန်း၏အစကို မထင်နိုင်ချေ။"-ဟုဆို၏။

"မင်းကြီး။ ထို့အတူလည်းကောင်း ဤသံသရာစက်ကို အစမထင်ရှိကြောင်းကို မြတ်စွာဘုရား ဟောတော်မူအပ်သည်ဖြစ်၏။ ဟောကြောင်းကား -

'စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ ဥပါဒါနပစ္စယာ ကမ္မံ၊ ကမ္မတော ပုန စက္ခုံ ဇာယတိ ဇဝမေတိသာ သန္တတိယာ အတ္ထိ အန္တော။'

mgyoe.com

 mgyoe.com SAMPLE BOOK

'စက္ခုဋ္ဌ စက္ခုပသာဒကိုလျှင်။ ပဋိစ္စ၊ စွဲ၍။ ရူပေ စ၊ ရူပါရုံတို့ကိုလည်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏ်၊ စက္ခုဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဉ်-၃ ပါးသောတရားတို့၏။ သင်္ဂတိ၊ အညီအညွတ်ပေါင်းမိသည်ဖြစ်၍။ ဖဿော၊ ဖဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ 'ဖဿ'ဟူသောအကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ 'ဝေဒနာ'ဟူသောအကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဏှာပစ္စယာ၊ 'တဏှာ'ဟူသောအကြောင်းကြောင့်။ ဥပါဒါန်၊ ဥပါဒါန်တရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်တရားဖြစ်ခြင်းကြောင့်။ ကမ္မံ၊ 'ကုသိုလ်ကံ, အကုသိုလ်ကံတည်း'ဟူသော ကမ္မဘဝသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကမ္မတော်၊ ကံကြောင့်။ ပုန၊ တစ်ဖန်။ စက္ခုံ၊ စက္ခုပသာဒသည်။ ဇာယတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ဧတိဿာ သန္တတိယာ၊ ထိုသို့သောဖြစ်ခြင်းအစဉ်၏။ အန္တော၊ အဆုံးသည်။ အတ္ထိ၊ ရှိသလော။''-ဟုမေးသော်၊

''အရှင်ဘုရား-မရှိချေ။''-ဟုဆို၏။

ထို့အတူ ရှင်နာဂသေနသည် ဘုရားဟောတော်မူအပ်သော တရားတော်ကို သက်သေပြု၍၊ 'ဝဠဉ်တရား၏အစ ရှိသလော။'-ဟု ''သောတပသာဒ, သဒ္ဒါရုံ, သောတဝိညာဉ် -၃ ပါးသောတရားတို့ အညီအညွတ်။ ထို့အတူ ဃာနပသာဒ, ဂန္ဓာရုံ, ဃာနဝိညာဉ်၊ ဇိဝှါပသာဒ, ရသာရုံ, ဇိဝှါဝိညာဉ်၊ ကာယပသာဒ, ဖောဋ္ဌဗ္ဗာရုံ, ကာယဝိညာဉ်၊ မန, ဓမ္မာရုံ, မနောဝိညာဉ်၊ ထိုတရားတို့၏ အညီအညွတ် ပေါင်းမိသောကြောင့် ဖြစ်ခြင်းအစဉ်၏ အစရှိသလော။''-ဟုမေးသော်၊

''အရှင်ဘုရား။ မရှိချေ။''-ဟုဆို၏။

''ထိုကဲ့သို့လည်းကောင်း သံသရာအဝန်း၏လည်း အစမထင်။''-ဟုဖြေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံလေ၏။

ပုရိမကောဋိပဉှာ ပြီး၏။

၃-ကောဋိယာ ပုရိမပဉှာ

သံသရာ၏ရှေးအစွန်း

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ အရှင်ဘုရားသည် 'ရှေးအဝန်းသည် မထင်'ဟု အကြင်စကားကို မိန့်၏။ ထို 'ရှေးအဝန်း'ဟုဆိုအပ်သော တရားစကားသည် အဘယ်နည်း။''-ဟုမေးပြန်သော်၊

''မင်းကြီး။ လွန်လေပြီးသော အကြင်အတိတ်အဝန်းကာလသည် ရှိ၏။ ထို ရှေးလွန်လေပြီးသော အဝန်းသည်ပင် 'ရှေးအဝန်း'မည်၏။''-ဟုဖြေ၏။

''အရှင်ဘုရား။ အရှင်ဘုရားသည် 'ရှေးအဝန်း မထင်နိုင်'ဟု မိန့်၏။ အရှင်ဘုရား-အလုံးစုံသော ရှေးအဝန်းသည်ပင်လျှင် မထင်နိုင်သလော။''-ဟုမေးပြန်သော်၊

''မင်းကြီး။ အချို့သောအဝန်းသည်ကား ထင်၏။ အချို့သောအဝန်းသည် မထင်။''-ဟုဆိုသော်၊

mgyoe.com

 mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ အဘယ်အခွန့်ကား ထင်သနည်း။ အဘယ်အခွန့်ကား မထင်သနည်း။"-ဟု မေးပြန်သော်၊

"မင်းကြီး။ ဤဘဝမှ ရှေးဘဝ၌ အလုံးစုံအပြားအားဖြင့် ဖြစ်ခြင်း ခန္ဓာ ၅ ပါး တရားအပေါင်းသည် ရှိ၏။ ထိုတရားအပေါင်းအစုကို အောက်မေ့ဓိဋ္ဌာန်လိုက်သော် ခန္ဓာ ၅ ပါးတရား၏ ရှေးအခွန့်သည် မထင်နိုင်။ ထင်ရှားစွာမဖြစ်သော နာမ်တရား၏ဖြစ်ခြင်း, ထင်ရှားစွာဖြစ်သော ရုပ်တရား၏ဖြစ်ခြင်း ဥပါဒက္ခဏာကာလ၊ ချုပ်ခြင်း ဘင်္ဂက္ခဏကာလ၊ 'ရှေးအခွန့်သည် ထင်စွာဖြစ်၏'ဟု ဖြစ်ဆဲ ဥပဒါက္ခဏ, ချုပ်ဆဲ ဘင်္ဂက္ခဏ။ ရှေးအခွန့်သည် ထင်သည်။ 'ထင်စကောင်း၏။'-ဆိုသော ဥပါဒက္ခဏ, ဘင်္ဂက္ခဏ။-ဟူ၍ ၂ခု ၂ကွဲရှိသောအားဖြင့် အနက်အဓိပ္ပာယ်ကား ပြတ်ခြင်း, ကွဲခြင်းသို့ ရောက်သည်မဟုတ်လော။"-ဟု ဆိုသော်၊

"မင်းကြီး။ ဥပါဒက္ခဏ, ဘင်္ဂက္ခဏအားဖြင့် ဖြစ်ခြင်း,ချုပ်ခြင်း အနက်အဓိပ္ပာယ် ကွဲပြတ်ခြင်းသို့ အကယ်၍ ရောက်ငြားအံ့။ ထိုသို့ဖြစ်ခြင်း ချုပ်ခြင်း-တရား ၂ ကွဲရှိသော်လည်း ထို ၂ ကွဲသောတရားကို အထက်အထက်သို့ ဆက်လိုက်ပွားလိုက်သော် ပွားနိုင်ဆက်နိုင်အံ့သောဌာ, တတ်နိုင်အံ့လော။"-ဟုဆိုသော်၊

"အရှင်ဘုရား။ အထက်အထက်သို့ ဆက်ပွားနိုင်အံ့သောဌာ တတ်နိုင်ကောင်း၏။"-ဟုဆို၏။

"အရှင်ဘုရား။ ဒကာတော်သည် တစ်ခုသောအခွန့်မှ အထက်အထက်သို့ ဆက်ပွားနိုင်အံ့သောဌာ တရားစကားကို မမေးပါ။ 'အထက်သို့ ဆက်ပွားအံ့သောဌာ တတ်ကောင်း၏။'-ဟု ဝန်ခံ၏။ ထိုစကားကို ဥပမာဖြုပါဦးလော။"-ဟုဆို၏။

နာဂသေနသည် မိလိန္ဒမင်းအား သရက်အစရှိသော သစ်ပင်ဖြင့် ဥပမာပြ၏။

"မျိုးစေ့ကြောင့် ပင်စည် ဖြစ်၏။ ပင်စည်ကြောင့် မျိုးစေ့ ဖြစ်ပြန်၏။ တစ်ဖန် မျိုးစေ့ကြောင့် ပင်စည် ဖြစ်ပြန်၏။ တစ်ဖန် ပင်စည်ကြောင့် မျိုးစေ့ ဖြစ်ပြန်၏။ ထို့အတူ 'ကုသိုလ်, အကုသိုလ် စေတနာတည်း'ဟူသော မျိုးစေ့ကြောင့် အလုံးစုံသောဝဋ်ဆင်းရဲ၏ တည်ရာ 'ခန္ဓာတည်း'ဟူသောပင်စည်သည် ဖြစ်၏။ တစ်ဖန် 'ခန္ဓာတည်း'ဟူသောပင်စည်ကို အမှီပြု၍ 'ကုသိုလ်, အကုသိုလ် စေတနာတည်း' ဟူသော မျိုးစေ့ဖြစ်၏။ ဤကဲ့သို့ အဆင့်ဆင့် စပ်ကာစပ်ကာဖြစ်၏။"-ဟုဖြေဆိုသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဤစကား၌ 'ဖြစ်ဆဲကာလကို ဥပါဒက္ခဏ, ချုပ်ဆဲကာလကို ဘင်္ဂက္ခဏ'ဆိုသော် အစရှိသကဲ့သို့ပင် ဖြစ်သော်လည်း အလုံးစုံဖြစ်ဆဲ, ချုပ်ဆဲတရားအပေါင်းကို သိမ်းရုံး၍ အထက်သို့ စစ်လိုက်သော် အစမထင်ပင် ဖြစ်တော့သည်။-ဟု ဆိုလိုသည်။

ကောဋ္ဌိယာ ပုရိမ ပဉ္စာ ပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK

၄-သခ်ါရ စကယမာနပဥ္စာ ဖြစ်ဆဲသံသရာ

မိလိန္ဒမင်းသည် "အရှင်ဘုရား။ ဖြစ့်ဆဲဖြစ်သော အချို့သော သခ်ါရတရားတို့သည် ရှိကုန်လော။"-ဟုမေးသော်၊

"မင်းကြီး။ ဖြစ်ဆဲသော အချို့သောသခ်ါရတရားတို့သည် ရှိကုန်၏။"-ဟု ဖြေ၏။

"အရှင်ဘုရား။ အဘယ်တရားတို့သည် ဖြစ်ဆဲတရားတို့နည်း။"-ဟုမေးသော်၊

"မင်းကြီး။ စက္ခုပသာဒ, ရူပါရုံရှိခဲ့သော် စက္ခုသမ္ဖဿ ဖြစ်၏။ စက္ခုသမ္ဖဿ ဖြစ်သည်ရှိသော် ဝေဒနာ ဖြစ်၏။ ဝေဒနာဖြစ်သည်ရှိသော် တဏှာ ဖြစ်၏။ တဏှာ ဖြစ်သည်ရှိသော် ဥပါဒါန် ဖြစ်၏။ ဥပါဒါန် ဖြစ်သည်ရှိသော် ဘဝ ဖြစ်၏။ ဘဝ ဖြစ်သည်ရှိသော် ဇာတိ ဖြစ်၏။ ဇာတိ ဖြစ်သည်ရှိသော် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတရားတို့သည် ဖြစ်ကုန်၏။ ဤသို့ဖြစ်သည်ရှိသော် အလုံးစုံသော ဆင်းရဲခြင်းတရားအစုသည် ဖြစ်၏။

"မင်းကြီး။ စက္ခုပဿဒ, ရူပါရုံမရှိသော် စက္ခုဝိညာဉ်သည် မဖြစ်။ စက္ခုဝိညာဉ် မဖြစ်သည်ရှိသော် စက္ခုသမ္ဖဿသည် မဖြစ်။ စက္ခုသမ္ဖဿ မဖြစ်သည်ရှိသော် ဝေဒနာသည် မဖြစ်။ ဝေဒနာ မဖြစ်သည်ရှိသော် တဏှာသည် မဖြစ်။ တဏှာ မဖြစ်သည်ရှိသော် ဥပါဒါန်သည် မဖြစ်။ ဥပါဒါန် မဖြစ်သည်ရှိသော် ဘဝ မဖြစ်။ ဘဝ မဖြစ်သည်ရှိသော် ဇာတိ မဖြစ်။ ဇာတိ မဖြစ်သည်ရှိသော် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿတရားတို့သည် မဖြစ်ကုန်။ ဤသို့မဖြစ်သည်ရှိသော် အလုံးစုံသောဆင်းရဲ၏ ချုပ်ခြင်းသည် ဖြစ်ကုန်၏။"ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

သခ်ါရ စကယမာနပဥ္စာ ပြီး၏။

၅-ဘဝန္တရာနံ သခ်ါရာနံ စကယမာနပဥ္စာ ရုပ်,နာမ်တို့ ထင်ရှား ဖြစ်,မဖြစ်

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အချို့သော သခ်ါရတရားတို့သည် ထင်ရှားစွာ မဖြစ်ကုန်ဘဲ 'ဖြစ်ကုန်၏'ဟူ၍ ရှိရာသလော။"-ဟုမေး၏။

"မင်းကြီး။ အလုံးစုံသော သခ်ါရတရားတို့သည် ထင်ရှားစွာဖြစ်သော တရားတို့မည်သည် မရှိ။ မင်းကြီး-သခ်ါရတရားတို့သည် ထင်ရှားစွာ ဖြစ်၍သာလျှင် ဖြစ်ကုန်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ဥပမာအားဖြင့် ပြပါဦးလော့။"-ဟုဆိုလျှင်၊

"မြတ်သောမင်းကြီး။ သင်မင်းကြီးသည် အကြင်ရွေနှန်းအိမ်၌ နေ၏။ ထိုရွေနှန်းအိမ်သည် ထင်ရှားစွာ မဖြစ်သည်ရှိသော် 'နေရာ'ဟူ၍ ဖြစ်ရာသလော။"-ဟုမေးလျှင်၊

mgyoe.com

mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ 'နန်းအိမ်'ဟု ထင်စွာမြစ်ချေသော် ဤနန်း၌ တစ်စုံတစ်ခုမျှ နေခြင်းတရား မဖြစ်နိုင်။"-ဟု လျှောက်၍၊ "အရှင်ဘုရား။ ဤ ထုပ်,လျှောက်,သည်တိုင်[၁]တို့သည် တောအရပ်၌ ဖြစ်ကုန်၏။ ဤမြေစိုင်သည်လည်း မြေကြီး၌ ဖြစ်၏။ မိန်းမ,ယောကျ်ားတို့၏ လုံ့လဖြင့် ဤသို့သော နန်းအိမ်သည် ဖြစ်၏။"-ဟုဆိုသော်၊

"မင်းကြီး။ ထို့အတူလည်းကောင်း 'အလုံးစုံသော သခါရတရားတို့သည် ထင်ရှားစွာမရှိဘဲလျက် ဖြစ်ကုန်၏။'ဟူ၍ မဖြစ်ကုန်။ ထင်ရှားစွာဖြစ်ကုန်သည် ဖြစ်၍သာလျှင် ဖြစ်ကုန်၏။"-ဟု ဖြေ၏။

"အရှင်ဘုရား။ ဥပမာ လွန်စွာပြုပါဦးလော့။"-ဟုဆိုသော်၊

"မင်းကြီး။ ဥပမာသော်ကား အချို့သော ဗီဇဂါမ်, ဘူတဂါမ်တို့ကို မြေ၌ပစ်ချအပ်သည်ရှိသော်၊ ဗီဇဂါမ်, ဘူတဂါမ် မျိုးစေ့တို့သည် အစဉ်အတိုင်းပွားခြင်း, အထက်သို့တက်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်ကုန်သော် အပွင့်, အသီးတို့ကို ပေးကုန်ရာ၏။ ထိုသစ်ပင်တို့သည် ထင်ရှား မရှိကုန်သော် အသီးကို မဖြစ်စေနိုင်ကုန်။ ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် အသီးကို ဖြစ်စေနိုင်ကုန်သကဲ့သို့၊ ထို့အတူ 'မင်းကြီး-သခါရတရားတို့သည် ထင်ရှားစွာ မဖြစ်ကုန်။'ဟူ၍ မရှိ။ ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် ဖြစ်ကုန်၏။"-ဟု ဖြေ၏။

"အရှင်ဘုရား။ ဥပမာအားဖြင့် လွန်စွာ ပြပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ ဥပမာသော်ကား အိုးထိန်းသည်ယောကျ်ားသည် မြေကြီးမှ မြေစိုင်ကိုထုတ်၍ အထူးထူးသောအိုးတို့ကို ပြု၏။ ထိုအိုးတို့သည် ထင်ရှားစွာမဖြစ်ကုန်သော် 'အိုး'ဟူ၍ မဖြစ်ကုန်။ ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် 'အိုး'ဟူ၍ ဖြစ်ကုန်၏။ မင်းကြီး-ထို့အတူလည်းကောင်း အလုံးစုံသော သခါရတရား တို့သည် ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် ထင်ရှားစွာ ရှိသည်ဖြစ်ကုန်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။"-ဟု ဆို၏။

"မင်းကြီး။ ဥပမာသော်ကား စောင်းသမားတို့တီးအပ်သော စောင်းသည် စောင်းခွက်မရှိသကဲ့သို့ စောင်းကြက်စရာ သားရေ မရှိခဲ့သော်, စောင်းကိုထွင်းအပ်သော ကျင်း မရှိခဲ့သော်, စောင်းညောက် မရှိခဲ့သော်, စောင်းလက်ရုံး မရှိခဲ့သော်, စောင်းညှို့ မရှိခဲ့သော်, အထောင့် မရှိခဲ့သော်, ယောကျ်ား၏လုံ့လ မရှိခဲ့သော် စောင်း၏အသံသည် ဖြစ်ရာသလော။"-ဟုမေး၏။

"အရှင်ဘုရား။ ထင်ရှားစွာ လက္ခဏာမရှိသောကြောင့် စောင်း၏အသံသည် မဖြစ်ချေ။"-ဟုဆို၏။

"မင်းကြီး။ စောင်းခွက်, စောင်းကြက်သားရေ, စောင်းကျင်း, စောင်းညောက်, စောင်းလက်ရုံး, စောင်းညှို့, စောင်းထောင့်, တီးတတ်သောယောကျ်ားတို့၏ လုံ့လရှိသော် စောင်းသံသည် ဖြစ်ရာသလော။"-ဟုမေးသော်၊

၁။ သည်တိုင် = တိုင်မ။

mgyoe.com

m.g y o·e . c o m SAMPLE BOOK

"အရှင်ဘုရား။ စောင်း၌ အင်္ဂါလက္ခဏာ ထင်ရှားစွာ စုံလင်သောကြောင့် စောင်းအသံသည် ဖြစ်ရာ၏။"-ဟု ဆို၏။

"မင်းကြီး။ ထို့အတူလည်းကောင်း အလုံးစုံသော သခါရတရားတို့သည် ထင်ရှားစွာမဖြစ်ကုန်ဘဲ 'ဖြစ်ကုန်၏'ဟု မရှိကုန်။ ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် ဖြစ်ကုန်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုတော်မူပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ ဥပမာသော်ကား မီးကိုပွတ်လိုသော ယောကျ်ားသည် ပွတ်ခုံ, ပွတ်ကျေ, ပွတ်ကြိုး, ပွတ်နှိပ်, ပွတ်စာ, ယောကျ်ား၏လုံ့လ မရှိသော် မီးသည် ဖြစ်ရာသလော။"-ဟု မေး၏။

"အရှင်ဘုရား-မဖြစ်ရာချေ။"-ဟုဆိုသော်၊

"မင်းကြီး။ ပွတ်ခုံ, ပွတ်ကျေ, ပွတ်ကြိုး, ပွတ်နှိပ်, ပွတ်စာ, ယောကျ်ား၏လုံ့လ ရှိခဲ့သော် မီးသည် ဖြစ်ရာသလော။"-ဟုမေး၏။

"အရှင်ဘုရား။ အင်္ဂါလက္ခဏာစုံလင်သောကြောင့် မီးသည် ဖြစ်ရာ၏။"-ဟုဆို၏။

"မင်းကြီး။ ထို့အံတူလည်းကောင်း အလုံးစုံသော သခါရတရားတို့သည် ထင်ရှားစွာမဖြစ်ကုန်ဘဲ 'ဖြစ်ကုန်၏'ဟူ၍ မရှိကုန်။ ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် ဖြစ်ကုန်၏။"-ဟုဖြေ၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။"-ဟုဆိုသော်၊

"မင်းကြီး။ ဥပမာသော်ကား သူရဂန်ကျောက်မရှိခဲ့သော်, နေပူမရှိခဲ့သော်, မီးစာမရှိခဲ့သော် မီးဖြစ်ရာသလော။"-ဟုမေး၏။

"အရှင်ဘုရား။ မီး မဖြစ်ရာချေ။"-ဟုဆို၏။

"မင်းကြီး သူရဂန်ကျောက်, နေပူ, မီးစာရှိသော် မီးဖြစ်ရာ၏လော။"-ဟုမေး၏။

"အရှင်ဘုရား။ မီး ဖြစ်ရာ၏။"-ဟုဆိုသော်၊

"မင်းကြီး။ ထိုကဲ့သို့လည်းကောင်း အလုံးစုံသော သခါရတရားတို့သည် ထင်ရှားစွာမဖြစ်ကုန်ဘဲ 'ဖြစ်ကုန်၏'ဟု မရှိကုန်။ ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် ဖြစ်ကုန်၏။"-ဟုဆို၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။"-ဟုဆိုလျှင်၊ "မင်းကြီး။ ကြေးမုံ မရှိခဲ့သော်, အရောင် မရှိခဲ့သော်, လူ၏မျက်နှာ မရှိခဲ့သော် ကြေးမုံ၏အတွင်း၌ လူ၏အရိပ် ဖြစ်ရာသလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ မဖြစ်ရာချေ။"-ဟုဆို၏။

"မင်းကြီး။ ကြေးမုံအရောင်, လူ၏မျက်နှာ ထင်ရှားရှိချေသော် ကြေးမုံ၏အတွင်း၌ လူရိပ်သည် ထင်ရှားစွာ ဖြစ်ရာသလော။"-ဟုမေးသော်၊

mgyoe.com

 mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ ထင်ရှားစွာ ဖြစ်ရာ၏။"-ဟု ဆို၏။

"မင်းကြီး။ ထိုကဲ့သို့လည်းကောင်း အလုံးစုံသော သခါရတရားတို့သည် ထင်ရှားစွာ မဖြစ်ကုန်ဘဲ 'ဖြစ်ကုန်၏'ဟု မရှိကုန်။ ထင်ရှားစွာ ဖြစ်ကုန်၍သာလျှင် ဖြစ်ကုန်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ၊ ၁လေ၏။

ဘဝန္တရနံ သခါရာနံ ဇာယမာနပဉှာ ပြီး၏။

၆-ဝေဒဂူပဉှာ

အတ္တကောင်ကလေး ရှိ-မရှိ

မိလိန္ဒမင်းသည် "အရှင်ဘုရား။ သိအပ်သောတရားကို သိတတ်သော ဝေဒဂူပုဂ္ဂိုလ်ကို ရအပ်မည်လော။"-ဟုမေးသော်၊

"မင်းကြီး။ 'ဝေဒဂူ'အမည်သည် အဘယ်တရားနည်း။"-ဟုမေးပြန်၏။

"အရှင်ဘုရား။ ကိုယ်၏အတွင်း၌ အကြင်အသက်သည် ရှိ၏။ ထိုအသက်သည် 'ဝေဒဂူ'မည်၏။ ထိုအသက်သည် စက္ခုဒ္ဒါရဖြင့် ရူပါရုံကို မြင်၏။ ထိုအသက်သည် သောတဒ္ဒါရဖြင့် သဒ္ဒါရုံကို ကြား၏။ ထိုအသက်သည် ဃာနဒ္ဒါရဖြင့် ဂန္ဓာရုံကို, ဇိဝှါဒ္ဒါရဖြင့် ရသာရုံကို, ကာယဒ္ဒါရဖြင့် ဖောဋ္ဌဗ္ဗာရုံကို, မနောဒ္ဒါရဖြင့် ဓမ္မာရုံကို သိ၏။

"အရှင်ဘုရား။ သိကြောင်းကို ဥပမာအားဖြင့်ဆိုသော် ဒကာတော်တို့သည် ဤနှန်းပြာသာဒ်၌ နေကုန်လျက် အကြင်အကြင် အရပ် ၄ မျက်နှာ၌ရှိသော လေသာတံခါးဖြင့် ကြည့်ခြင်းငှာ အလိုရှိကုန်အံ့။ ထိုသို့ အလိုရှိသော် အရှေ့, အနောက်, တောင်, မြောက် တံခါးတို့ဖြင့် မြင်ကြကုန်သကဲ့သို့၊ ထို့အတူ ကိုယ်တွင်း၌ရှိသော ဤအသက်သည် အကြင်အကြင် ဒွါရတံခါးဖြင့် မြင်ခြင်းငှာ အလိုရှိအံ့။ ထိုသို့ဒွါရတံခါးငြင့် ပြင်ရပါ၏။"-ဟု မိလိန္ဒမင်းသည် ဥပမာနှင့်တကွ ပြသော်၊

ရှင်နာဂသေနမထေရ်သည် "မင်းကြီး။ ပဋ္ဌဒွါရအဖြစ်ကို ဆရာ ပြောဟောအံ့။ ထိုစကားကို ကောင်းစွာ နှလုံးထားလျက် နာလော့။"-ဟုဆို၍၊

"မင်းကြီး။ ငါတို့သည် ဤနှန်းပြာသာဒ်၌ နေကုန်လျက် အကြင် လေသာနှန်းတံခါးဖြင့် ကြည့်ခြင်းငှာ အလိုရှိကြကုန်အံ့။ ထိုသို့ အရှေ့, အနောက်, တောင်, မြောက်တို့၌ လေသာနှန်းတံခါးဖြင့် ရူပါရုံကိုမြင်ရသကဲ့သို့၊ ထို့အတူ ကိုယ်၏အတွင်း၌ အသက်သည် အကယ်၍ စက္ခုဒ္ဒါရဖြင့် ရူပါရုံကို မြင်ငြားအံ့။

- သောတဒ္ဒါရဖြင့်လည်း ရူပါရုံကိုသာလျှင် မြင်စကောင်း၏။
- ဃာနဒ္ဒါရဖြင့်လည်း ရူပါရုံကို မြင်စကောင်း၏။
- ဇိဝှါဒ္ဒါရဖြင့်လည်း ရူပါရုံကို မြင်စကောင်း၏။
- ကာယဒ္ဒါရဖြင့်လည်း ရူပါရုံကို မြင်စကောင်း၏။

mgyoe.com

mgyoe.com SAMPLE BOOK

- မနောဒွါရဖြင့်လည်း ရူပါရုံကို မြင်စကောင်း၏။

- စက္ခုဒွါရဖြင့်လည်း သဒ္ဒါရုံကို ကြားရာ၏။ ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရ ဖြင့်လည်း သဒ္ဒါရုံကို ကြားရာ၏။

- စက္ခုဒွါရဖြင့်လည်း ဂန္ဓာရုံကို နမ်းရာ၏။ သောတ, ဇိဝှါ, ကာယ, မနောဒွါရဖြင့်လည်း ဂန္ဓာရုံကို နမ်းရာ၏။

- စက္ခုဒွါရဖြင့်လည်း ရသာရုံကို လျက်ရာ၏။ သောတ, ဃာန, ကာယ, မနောဒွါရဖြင့်လည်း ရသာရုံကို လျက်ရာ၏။

- စက္ခုဒွါရဖြင့်လည်း ဖောဋ္ဌဗ္ဗာရုံကို တွေ့ရာ၏၊ စက္ခုဒွါရဖြင့်လည်း ဓမ္မာရုံကို သိရာ၏။ သောတ, ဃာန, ဇိဝှါ, ကာယဖြင့်လည်း ဓမ္မာရုံကို သိရာ၏။''-ဟုဆိုသော်၊

''အရှင်ဘုရား။ တစ်ခုသော ဒွါရဖြစ်သော အာရုံသည် တစ်ခုသောဒွါရ၌မဖြစ်ချေ။''-ဟုဆို၏။

''မြတ်သောမင်းကြီး။ ရှေးဆိုအပ်သောစကားသည် မင်းကြီးအား ယုတ္တိမရှိခဲ့တကား။ မင်းကြီး ဥပမာသော်ကား ငါတို့သည် ဤနှုန်းပြာသာဒ်၌ နေကုန်လျက် ဤ ၄ ချက်နှာ လေသာနှုန်းတံခါးကို ဖွင့်လှစ်အပ်သည်ရှိသော်၊ ကျယ်သောကောင်းကင်ပြင်အပသို့ ရှုလိုက်ကုန်သော် ကောင်းမွန်စွာ ရူပါရုံကို မြင်သကဲ့သို့၊ ထို့အတူ ကိုယ်တွင်း၌ရှိသော ဤအသက်သည်လည်း

- စက္ခုဒွါရကို ခွာအပ်ကုန်သည်ရှိသော် ကျယ်သောကောင်းကင်ပြင်၌ ကောင်းမွန်စွာ ရူပါရုံကို မြင်ရမည်လော။

- သောတဒွါရကို ခွာအပ်သည်ရှိသော် ကိုယ်တွင်း၌ရှိသော အသက်သည် သဒ္ဒါရုံကို ကြားအပ်မည်လော။

- ဃာနဒွါရကို ခွာအပ်သည်ရှိသော် ကိုယ်တွင်း၌ရှိသော အသက်သည် ဂန္ဓာရုံကို နမ်းအပ်မည်လော။

- ဇိဝှါဒွါရကို ခွာအပ်သည်ရှိသော် ကိုယ်အတွင်း၌ရှိသော အသက်သည် ရသာရုံကို လျက်အပ်မည်လော။

- ကာယဒွါရကို ခွာအပ်သည်ရှိသော် ကိုယ်တွင်း၌ရှိသော အသက်သည် ဖောဋ္ဌဗ္ဗာရုံကို တွေ့အံ့လော။''-ဟုမေးသော်၊

''အရှင်ဘုရား။ ထိုသို့မဖြစ်စကောင်းချေ။''-ဟုဆိုလျှင်၊

''မင်းကြီး။ စင်စစ်ကား ရှေ့စကားနှင့် နောက်စကား, နောက်စကားနှင့် ရှေ့စကားသည် မင်းကြီးအား ယုတ္တိမရှိတကား။''-ဟုဆို၍၊ ယုတ္တိမရှိကြောင်းကို ဥပမာအားဖြင့် သိစေလို၍ ပြ၏။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းကြီး။ ဥပမာသော်ကား ဤ'ဒိန္နံ'အမည်ရှိသောသူသည် အပသို့ထွက်၍ ပြင်တံခါးမှခ်၍ ရပ်အံ့။ ဤ'ဒိန္နံ'မည်သောသူသည် အပတံခါးမှခ်၍ ရပ်၍နေသည်ကို သိမည်လော။"-ဟုမေးသော်၊

"အရှင်ဘုရား။ သိကောင်းပါ၏။"-ဟုဆို၏။

"မင်းကြီး ဤဒိန္နံသည် နန်းတွင်းသို့ဝင်၍ မင်းကြီး၏ရှေ့၌ ရပ်နေအံ့။ ဤဒိန္နံသည် နန်းတွင်းသို့ဝင်၍ ငါ၏ရှေ့၌ ရပ်လာ၏။-ဟု သိမည်လော။"-ဟုမေးသော်၊

"အရှင်ဘုရား။ သိကောင်းပါ၏။"-ဟု ဆို၏။

"မင်းကြီး။ ထိုဒိန္နံ ထွက်တည့်သောကာလ, ဝင်တည့်သောကာလကို သိသကဲ့သို့၊ ထို့အတူ လျှာ၏အပေါ်၌ အချို့, အချဉ်, အစပ်, အငန်, အဖန်, အခါးတို့ကိုသွင်းလိုက်သော် ကိုယ်တွင်း၌ရှိသော အသက်သည် သိရာသလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ထိုအရသာကို ကိုယ်တွင်း၌ရှိသော အသက်သည် သိကောင်းပါ၏။"-ဟုဆိုလျှင်၊

"မင်းကြီး ထိုအချို့, အချဉ်, အစပ်, အငန်, အဖန်, အခါးတို့ ကိုယ်တွင်းသို့ဝင်သော် ကိုယ်ထဲ၌ ရှိသော အသက်သည် သိရာမည်လော။"-ဟု မေးပြန်သော်၊

"အရှင်ဘုရား။ အတွင်းသို့ဝင်သော အရသာကို ကိုယ်တွင်း၌ရှိသောအသက်သည် မသိချေ။" -ဟုဆိုလျှင်၊

"မင်းကြီး။ မင်းကြီး၏စကားသည် ရှေ့စကားနှင့် နောက်စကားသည် ယုတ္တိမရှိ။ နောက်စကားနှင့်လည်း ရှေ့စကားသည် ယုတ္တိမရှိ။"-ဟုဆိုလေ၍၊

"မင်းကြီး။ ဥပမာကို နာဦးလော့။ တစ်စုံတစ်ယောက်သောယောကျ်ားအား ပျား တင်လဲကို ဆောင်စေယူစေပြီးသော် ပျားရည်အိုးကို ပြည့်စေ၍ ယောကျ်ား၏ခံတွင်းကိုပိတ်၍ ပျားရည်အိုးဖြင့် သွန်းလိုက်ထည့်လိုက်အံ့။

"မင်းကြီး။ ထိုယောကျ်ားသည် 'ချိုသောအရသာနှင့်ပြည့်စုံသော ပျားရည်'ဟူ၍ သိရာသလော။"-ဟုမေးသော်၊

"အရှင်ဘုရား။ မသိနိုင်ရာချေ။"-ဟုဆိုလျှင်၊

"မင်းကြီး။ အဘယ့်ကြောင့် ပျားရည်ချိုမှန်းကို မသိသနည်း။"-ဟုမေးသော်၊

"အရှင်ဘုရား။ ခံတွင်းဝ လျှာ၏အပေါ်သို့ မရောက်မဝင်လာသောကြောင့် ချိုမှန်းကို မသိချေ။" -ဟုဆို၏။

"မင်းကြီး။ မင်းကြီး၏စကားသည် ရှေ့စကားနှင့် နောက်စကားသည် ယုတ္တိမရှိ။ နောက်စကားနှင့် ရှေ့စကားလည်း ယုတ္တိမရှိ။"-ဟုဆိုလျှင်၊

"အရှင်ဘုရား။ အရှင်ဘုရားကဲ့သို့သောသူ၌အတူ စကားပြောခြင်းငှာ မတတ်နိုင်။ ဒကာတော် တောင်းပန်ပါ၏။ စကားကို အစသတ်ပါစေတော့။"-ဟု ဆို၏။

mgyoe.com

 mgyoe.com SAMPLE BOOK

ဤ ဝေဒဂူအမေးဌ မိလိန္ဒမင်းက ကိုယ်တွင်းဌရှိသောအသက်ကို 'ဝေဒဂူ'ဟု နှလုံးသွင်း၍၊ ပညတ်နှင့် ပရမတ်တရားကို ရော၍ မေးလေသောကြောင့်၊ ရှင်နာဂသေနမထေရ်သည် ထိုစကားကို လှုပ်ချောက်သွေးငင် ကတ်သတ်၍ တောင်ဆီးမြောက်ဆီးဆိုလျှင်၊ 'အရှင်ဘုရားနှင့်အတူ စကားပြောခြင်းဌာ မတတ်နိုင်ပါပြီ။ တန်ပါတော့။''-ဟု တောင်းပန်သော်၊ ရှင်နာဂသေနမထေရ်သည် အဘိဓမ္မာနှင့်စပ်သော တရားစကားဖြင့် မိလိန္ဒမင်းကို သိစေ၏။ သိစေကြောင်းတရားကား

''မြတ်သောမင်းကြီး။ စက္ခုပသာဒကိုစွဲ၍၊ ရူပါရုံကိုစွဲ၍ စက္ခုဝိညာဉ်နှင့်တကွ 'ဖဿ, ဝေဒနာ, သညာ, စေတနာ, စကဂ်ံတာ, ဇီဝိတိန္ဒြိယ, မနသိကာရ'ဟုဆိုအပ်သော ဤသမ္မယုတ် နာမ်တရားတို့သည် စက္ခုပသာဒနှင့် ရူပါရုံအဘိမုခီဘူက ရှေးရှုခိုက် တိုက်မိသောအကြောင်းကြောင့် ဖြစ်ကုန်၏။ ဤသို့ ပရမတ္ထသဘောဖြစ်ရာ၌ အာရုံကိုသိတတ်သော ဝေဒဂူတွင် အသက်ကို မရအပ်။ ပရမတ္ထသဘောတရားသာ တစ်ခုကိုစွဲ၍ တစ်ခုသာ ဖြစ်သည်ချည်း။''-ဟုဆိုသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံလေ၏။

အကျယ်ကိုသိလိုသော် သောတ, ဃာန, ဇိဇှာ, ကာယ, မနတို့ကို ဤကဲ့သို့သွင်း၍ ယူအပ်သည်။

ဤကား စကားချပ်။

ဝေဒဂူပဉှာ ပြီး၏။

၇-စက္ခုဝိညာဏာဒိ မနောဝိညာဏပဉှာ
စက္ခုနှင့်မနောဝိညာဉ်တို့ဖြစ်စဉ်

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ အကြင်အခါ၌ စက္ခုဝိညာဉ်သည် ဖြစ်၏။ ထိုအခါ၌ မနောဝိညာဉ်သည် ဖြစ်ခသလော။''-ဟုမေး၏။

''မင်းကြီး။ အကြင်အခါ၌ စက္ခုဝိညာဉ်သည် ဖြစ်၏။ ထိုအခါ၌ မနောဝိညာဉ်သည်လည်း ဖြစ်၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ အသို့နည်း။ ရှေးဦးစွာ စက္ခုဝိညာဉ်သည် ဖြစ်သလော။ နောက်မှ မနောဝိညာဉ်သည် ဖြစ်သလော။ ထိုသို့မဟုတ် 'မနောဝိညာဉ်တည်း' ရှေးဦးစွာဖြစ်သလော။ နောက်မှတည်း စက္ခုဝိညာဉ် ဖြစ်သလော။''-ဟုမေးသော်၊

''မင်းကြီး။ ရှေးဦးစွာ စက္ခုဝိညာဉ် ဖြစ်၏။ နောက်မှ မနောဝိညာဉ် ဖြစ်၏။''-ဟုဖြေ၏။

''အရှင်ဘုရား။ အသို့နည်း။ စက္ခုဝိညာဉ်သည် 'ငါသည် အကြင်အခါ ဖြစ်အံ့။ သင်မနောဝိညာဉ်သည် ထိုအခါ ဖြစ်လေလော့။'-ဟု မနောဝိညာဉ်ကို စေခိုင်းလေသလော။ ထိုသို့မဟုတ် မနောဝိညာဉ်သည် 'အကြင်အခါ၌ သင်စက္ခုဝိညာဉ်သည် ဖြစ်လတ္တံ့။ ထိုအခါ၌ ငါလည်း ဖြစ်လတ္တံ့။'-ဟု စက္ခုဝိညာဉ်ကို စေခိုင်းလေသလော။''-ဟုမေး၏။

mgyoe.com SAMPLE BOOK

"မင်းကြီး။ ထိုပရမတ္ထသဘောတရားတို့အား အချင်းချင်း စကားပြောဟောခြင်း, တိုင်ပင်ညှိညှိတ်ခြင်း မရှိ။"-ဟုဆိုသော်၊

"အရှင်ဘုရား။ စက္ခုဝိညာဉ်, မနောဝိညာဉ်တို့သည် အဘယ့်ကြောင့် တစ်ပါးသည် တစ်ပါးအား မစေခိုင်းကြဘဲလျက် ရှေ့,နောက် ဖြစ်ကြလေသနည်း။"-ဟုမေးပြန်၏။

"မင်းကြီး။ ထို ၂ ပါးသောတရားတို့၏ ဖြစ်ခြင်းသည် စီးဝင်ရာဖြစ်သောကြောင့် လည်းကောင်း၊ အကြောင်းဒွါရဖြစ်သောကြောင့် လည်းကောင်း၊ ကျင်လည်ရာဖြစ်သောကြောင့် လည်းကောင်း၊ လေ့ကျက်ရာဖြစ်သောကြောင့်လည်း ဖြစ်၏။"-ဟု အကျဉ်းအားဖြင့်ဖြေသော်၊

"အရှင်ဘုရား။ စက္ခုဝိညာဉ် ရှေ့အလျင်ဖြစ်၍ နောက်မှ မနောဝိညာဉ်သည် စီးဝင်ရာ အဘယ်သို့ဖြစ်လေသနည်း။ ထိုစကားကို ဥပမာအားဖြင့် ဖြေဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ အသို့ အောက်မေ့သနည်း။ မိုးရွာသည်ရှိသော် ရေသည် အဘယ်အရပ်သို့ သွားလေသနည်း။ နောက်ပြီး တစ်ဖန် အခါတစ်ပါး မိုးရွာပြန်အံ့။ ထိုရေသည် အဘယ်အရပ်သို့ စီးဝင်လေသနည်း။"-ဟုမေးသော်၊

"အရှင်ဘုရား။ ရှေးဦးစွာသော မိုးရေသည် အကြင်အရပ်ဖြင့် စီး၏။ ထို့နောက် ရွာသောမိုးရေသည်လည်း ထိုရှေ့ ရေစီးဝင်ရာအရပ်သို့ သွားလေသည်။"-ဟုဆိုလျှင်၊

"မင်းကြီး။ ရှေးဦးစွာရွာသောရေသည် နောက်လာလတ္တံ့သောရေကို 'ငါသည် အကြင်ခရီးဖြင့် ရှေးဦးစွာ သွားလင့်မည်။ သင်သည် နောက်မှ ထိုငါသွားရာခရီးဖြင့် လာလှည့်။'-ဟု စေသလော။ နောက် စီးဝင်သောရေသည်လည်း 'အကြင်ခရီးဖြင့် သင်သည် သွားလတ္တံ့။ ထိုခရီးဖြင့် ငါသည် နောက်မှ လိုက်လာမည်။'-ဟု တိုက်တွန်းလေသလော။"-ဟူ၍မေးသော်၊

"အရှင်ဘုရား။ ထိုရှေးဦးစွာ စီးသောရေသည် နောက်စီးဝင်သောရေအား အချင်းချင်း ပြောဟောခြင်းမရှိ။ ချိုင့်ဝှမ်းရာဖြစ်သောကြောင့် စီးဝင်ကြလေကုန်၏။"-ဟုဆိုလျှင်၊

"မင်းကြီး။ ထိုကဲ့သို့လည်းကောင်း စီးဝင်ရာဖြစ်ကြသောကြောင့် အကြင်အခါ စက္ခုဝိညာဉ်ဖြစ်၏။ ထိုအခါ မနောဝိညာဉ်လည်း ဖြစ်၏။ စက္ခုဝိညာဉ်သည် မနောဝိညာဉ်ကို မစေ။ မနောဝိညာဉ်သည်လည်း စက္ခုဝိညာဉ်ကို မတိုက်တွန်း။ ထိုတရားတို့သည် အချင်းချင်း စကားပြောဟောခြင်း မရှိ။ ချိုင့်ဝှမ်းစီးဝင်ရာ ဖြစ်သောကြောင့် ဖြစ်လေကုန်၏။"-ဟုဖြေ၏။

ဤကား နိဿယ္ဟာ၏အရကို ဖြေသည်။

"အရှင်ဘုရား။ အကြောင်းဒွါရဖြစ်သောကြောင့် စက္ခုဝိညာဉ်သည် ဖြစ်၏။ မနောဝိညာဉ်သည်လည်း ဖြစ်၏။-ဟုဆိုရာ၌ ဥပမာပြုပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ အသို့ အောက်မေ့သနည်း။ အစိုးရသောမင်း၏ ပစ္စန္တရစ်မြို့သည် မြဲမြံသော တံတိုင်း,ရင်တား ရှိ၏။ တံခါးမူကား ၁ပေါက်သာ ရှိ၏။ ထို တံခါး ၁ခုသာရှိလေသော မြို့မှ အပြင်သို့ ထွက်လိုသောယောကျ်ား အဘယ်ဖြင့် ထွက်အံ့နည်း။"-ဟုမေးသော်၊

mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ တံခါးဖြင့် ထွက်သွားအံ့။"-ဟုဆို၏။

"မင်းကြီး။ တစ်ယောက်သောယောကျ်ားသည်လည်း ပြင်သို့ ထွက်လိုသည်ဖြစ်အံ့။ အဘယ်တံခါးဖြင့် ထွက်သနည်း။"-ဟုမေးသော်၊

"အရှင်ဘုရား။ အကြင်တံခါးဖြင့် ရှေ့သွားသောသူ ထွက်အံ့။ ထိုတံခါးဖြင့် ထိုယောကျ်ား သည်လည်း ထွက်ရာ၏။"-ဟုဆိုသော်၊

"မင်းကြီး-အသို့နည်း။ ရှေ့ယောကျ်ားသည် နောက်ယောကျ်ားကို 'ငါသည် အကြင်တံခါးဖြင့် ထွက်သွားမည်။ ထိုတံခါးဖြင့် သင်သည် ထွက်လာခဲ့။'-ဟု စေလေသလော။ နောက်ယောကျ်ားသည်လည်း ရှေ့ထွက်လေသောယောကျ်ားကို 'အကြင်တံခါးဖြင့် သင်ထွက်သွားလေအံ့။ ငါသည်လည်း ထိုတံခါးဖြင့် ထွက်လာအံ့။'-ဟူ၍ တိုက်တွန်းလေသလော။"-ဟုမေး၏။

"အရှင်ဘုရား။ ထိုယောကျ်ားတို့အား အချင်းချင်း စကားပြောဟော်ခြင်း မရှိချေ။ ထွက်ရာတံခါး ဖြစ်သောကြောင့် သွားကြကုန်၏။"-ဟုဆို၏။

"မင်းကြီး။ ထို့အတူလည်းကောင်း အကြောင်းဒွါရ ဖြစ်သောကြောင့် အကြင်အခါ စက္ခုဝိညာဉ် ဖြစ်၏။ ထိုအခါ မနောဝိညာဉ်လည်း ဖြစ်၏။ စက္ခုဝိညာဉ်သည် မနောဝိညာဉ်ကို 'ငါ ရှေးဦးစွာဖြစ်မည်။ ငါဖြစ်ပြီးမှ သင် နောက်ဖြစ်လော့။'-ဟု မစေ။ မနောဝိညာဉ်သည်လည်း 'အကြင်အခါ၌ သင်သည် ဖြစ်လတ္တံ့။ ထိုအခါ ငါသည်လည်း ဖြစ်လတ္တံ့။'-ဟု မတိုက်တွန်း။ ထိုစက္ခုဝိညာဉ်, မနောဝိညာဉ် တို့အား အချင်းချင်း စကားပြောဟောခြင်း မရှိ။ ဒွါရဖြစ်သောကြောင့် ဖြစ်ကြကုန်၏။"-ဟု ဖြေ၏။

ဤကား ဒွါရတ္တာ၏အရကို ဖြေသည်။

"အရှင်ဘုရား။ ကျင်လည်ရာဖြစ်သောကြောင့် စက္ခုဝိညာဉ်, မနောဝိညာဉ်တို့သည် ဖြစ်ကုန်၏။-ဟု ဆို၏။ ထိုစကားကို ဥပမာပြုပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ အသို့ အောက်မေ့သနည်း။ ရှေးဦးစွာ လှည်းတစ်စီးသည် သွား၏။ နောက်လှည်း တစ်စီးသည် အဘယ်ခရီးဖြင့် သွားရာသနည်း။" ဟုမေးသော်၊

"အရှင်ဘုရား။ အကြင်ခရီးဖြင့် ရှေ့လှည်းသည် သွား၏။ ထိုခရီးဖြင့် နောက်လှည်းသည်လည်း သွားရာ၏။"-ဟုဆိုသော်၊

"မင်းကြီး-အသို့နည်း။ ရှေ့သွားသောလှည်းသည် နောက်သွားသောလှည်းကို 'အကြင်ခရီးဖြင့် ငါသွားအံ့။ ထို ငါသွားသောခရီးဖြင့် သင်သည် လာလှည့်။'-ဟု စေလေသလော။ ရှေ့လှည်းကိုမူလည်း နောက်လှည်းသည် 'အကြင်ခရီးဖြင့် သင် သွားလတ္တံ့။ ထိုခရီးဖြင့် ငါသည်လည်း လိုက်ပါအံ့။'-ဟု တိုက်တွန်းရာသလော။"-ဟူ၍မေးသော်၊

"အရှင်ဘုရား။ ထို ရှေ့လှည်း,နောက်လှည်းတို့အား အချင်းချင်း တိုင်ပင်ပြောဆိုခြင်း မရှိ။ ကျင်လည်ရာဖြစ်သောကြောင့် သွားကြကုန်၏။"-ဟု ဆို၏။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းကြီး။ ထို့အတူလည်းကောင်း ကျင်လည်ရာဖြစ်သောကြောင့် အကြင်အခါ စက္ခုဝိညာဉ်သည် ဖြစ်၏။ ထိုအခါ မနောဝိညာဉ်သည်လည်း ဖြစ်၏။ စက္ခုဝိညာဉ်ကို မနောဝိညာဉ် မစေ။ မနောဝိညာဉ်သည်လည်း စက္ခုဝိညာဉ်ကို မတိုက်တွန်း။ ထိုစက္ခုဝိညာဉ်, မနောဝိညာဉ်တို့သည် ကျင်လည်ရာဖြစ်၍ ဖြစ်ကြကုန်၏။"-ဟုဖြေ၏။

ဤကား စိတ္တုတ္တာ၏အရာကို ဖြေသည်။

"အရှင်ဘုရား။ စက္ခုဝိညာဉ်, မနောဝိညာဉ်တို့သည်လည်း ကောင်းစွာအလေ့အကျင့်ဖြစ်သောကြောင့် ဖြစ်ကုန်၏။'-ဟု ဆို၏။ ထိုစကားကို ဥပမာပြုပါဦးလော့။"-ဟုဆိုပြန်လျှင်၊

"မင်းကြီး။ ဥပမာသော်ကား ဂဏန်းသချိုင်္ကအရေအတွက် အရေးအသားသည် အတတ်ပညာအရာတို့၌ အစအဦးဖြစ်သောသူအား နံ့နှေးသည် ဖြစ်၏။ ထို့နောက် အခါတစ်ပါးသောကာလ၌ အလေ့အကျင့်ဖြစ်ဖူးလေပြီး ဖြစ်သောကြောင့် မဆင်မခြင် လတ်တလောပြုသဖြင့် မနံ့နှေးသကဲ့သို့၊ ထို့အတူ မင်းကြီး-ကောင်းစွာလေ့ကျက်လေသောကြောင့် အကြင်အခါ စက္ခုဝိညာဉ်သည် ဖြစ်၏။ ထိုအခါ မနောဝိညာဉ်သည်လည်း ဖြစ်၏။ စက္ခုဝိညာဉ်သည် မနောဝိညာဉ်ကို မစေ။ မနောဝိညာဉ်သည်လည်း စက္ခုဝိညာဉ်ကို မတိုက်တွန်း။ ထိုတရားတို့အား 'အချင်းချင်း စကားပြောဟောခြင်း' မည်သည်မရှိ။ ကောင်းသောအလေ့အကျင့်ဖြစ်သောကြောင့် ဖြစ်ကြကုန်၏။"-ဟုဖြေ၏။

ဤကား သမုဒါစရိတ္တာ၏အရာကို ဖြေသည်။

ထို့အတူ သောတ, ဃာန, ဇိဝှါ ကာယတို့၌လည်း ဥပမာ, ဥပမေယျအတူတူပင် အမေး,အဖြေကို ဆိုလျှင်၊ မိလိန္ဒမင်းသည် "သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

ဤတရားခ်ဳပ် 'မနောဝိညာဉ်'ဟူသည်ကား သမ္မဇ္ဇိန်း, သန္ဓိရဏ, ဝုဋ္ဌော, ဓော, တဒါရုံတို့ကို ယူအပ်လေသည်။

စက္ခုဝိညာဏာဒိ မနောဝိညာဏပဉ္စာ ပြီး၏။

၈-ဖဿ လက္ခဏာပဉ္စာ

ဖဿ၏တွေ့ထိခြင်းလက္ခဏာ

မိလိန္ဒမင်းသည် "အရှင်ဘုရား အကြင်အခါ၌ မနောဝိညာဉ်သည် ဖြစ်၏။ ထိုအခါ ဖဿ, ဝေဒနာ တို့သည်လည်း ဖြစ်ကုန်သလော။"-ဟုမေးသော်၊

"မင်းကြီး။ မနောဝိညာဉ်ဖြစ်သောအခါ ဖဿ, ဝေဒနာ, စေတနာ, ဝိတက်, ဝိစာရစေတသိက်တို့သည် ဖြစ်ကုန်၏။ ဖဿစေတသိက်လျှင် အမှူးအကြီး ဖြစ်ကုန်၏။"-ဟုဖြေ၏။

"အရှင်ဘုရား။ ဖဿစေတသိက်သည် အဘယ်လက္ခဏာ ရှိသနည်း။"-ဟုမေးသော်၊

mgyoe.com

"မင်းကြီး။ ဖဿစေတသိက်သည် အာရုံကို တွေ့ခြင်းလက္ခဏာ ရှိ၏။"-ဟုဖြေ၏။

"အရှင်ဘုရား။ ဥပမာဖြင့် ပြပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ ဥပမာသော်ကား ဆိတ် ၂ ခုတို့သည် ဝေ့ကြကုန်၏။ ထိုဆိတ် ၂ ခုတို့တွင် ၁ ခု သောဆိတ်ကဲ့သို့ စက္ခုပသာဒကို မှတ်အပ်၏။ ၁ ခုသောဆိတ်ကဲ့သို့ ရူပါရုံကို မှတ်အပ်၏။ ထိုဆိတ် ၂ခု တို့၏ ခိုက်တိုက်မိသကဲ့သို့၊ ထို့အတူ ဖဿစေတသိက်ကို မှတ်အပ်၏။"-ဟု ဆို၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ ဥပမာသော်ကား လက်ခုပ် ၂ ခုတို့ကို တီးကုန်အံ့။ ထို ၂ ခုသော လက်ခုပ်တို့တွင် ၁ ခုသောလက်ခုပ်ကဲ့သို့ စက္ခုပသာဒကို မှတ်အပ်၏။ ၁ ခုသောလက်ခုပ်ကဲ့သို့ ရူပါရုံကို မှတ်အပ်၏။ ထိုလက်ခုပ် ၂ ခုတို့၏ အညီအညွတ်သိကြသကဲ့သို့ ဖဿစေတသိက်ကို မှတ်အပ်၏။"-ဟုဖြေ၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး ဥပမာသော်ကား ခွက်ခွင်း ၂ ခုတို့ကို တီးကြကုန်အံ့။ ထို ၂ ခုတို့တွင် ၁ ခုသော ခွက်ခွင်းကဲ့သို့ စက္ခုပသာဒကို မှတ်အပ်၏။ ခွက်ကွင်း ၁ ခုကဲ့သို့ ရူပါရုံကို မှတ်အပ်၏။ ထိုခွက်ခွင်း ၂ ခုတို့၏ အညီအညွတ်ဖြစ်သကဲ့သို့ ဖဿစေတသိက်ကို မှတ်အပ်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဖဿ လက္ခဏာပဉ္စာ ပြီး၏။

၉-ဝေဒနာ လက္ခဏာပဉ္စာ

ဝေဒနာ၏ ခံစားခြင်းလက္ခဏာ

"အရှင်ဘုရား။ ဝေဒနာစေတသိက်သည် အဘယ်လက္ခဏာ ရှိသနည်း။"-ဟုမေး၏။

"မင်းကြီး။ ဝေဒနာသည် ခံစားခြင်းလက္ခဏာ ရှိ၏။ အစဉ်အတိုင်း ခံစားခြင်းလက္ခဏာလည်း ရှိ၏။"-ဟုဖြေ၏။

"အရှင်ဘုရား။ ဥပမာ ပြုပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ ဥပမာသော်ကား တစ်စုံတစ်ယောက်သောယောကျ်ားသည် အစိုးရသောမင်း၏ အမှုကြီး၊ငယ်ကို ပြု၏။ ထိုယောကျ်ားအား မင်းသည် နှစ်သက်၍ ဆုလာဘ်သပ်ပကာကို ပေး၏။ ထိုယောကျ်ားသည် ထိုဆုလာဘ်သပ်ပကာကို ရသောကြောင့် ၅ ပါးသော ကာမဂုဏ်တို့ဖြင့် နှစ်သက် ပြည့်စုံစွာ စံပယ်၏။ ထိုယောကျ်ားအား ဤသို့သော အကြံသည် ဖြစ်ရာ၏။ 'ငါသည် ရှေးကာလ၌ မင်းကြီး၏အမှုကို ပြုပြီးသော် မင်းကြီးသည် နှစ်သက်ဝမ်းသာရှိ၍ ထိုငါ့အား ဆုလာဘ်သပ်ပကာကို

mgyoe.com SAMPLE BOOK

ပေး၏။ ထိုငါသည် ထိုသို့ပေးသနားပေသော အကြောင်းကြောင့်။ ဤသို့ သဘောရှိသော ကာမဂုဏ် စည်းစိမ်ကို ခံစားရပေ၏။'-ဟု ကြံသကဲ့သို့လည်းကောင်း၊

''မင်းကြီး။ တစ်စုံတစ်ယောက်သောယောကျ်ားသည် ကုသိုလ်ကောင်းမှုကိုပြု၍ စုတေမနေ သေသည်၏အခြားမဲ့၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်၌ ဖြစ်လေ၏။ ထိုယောကျ်ား သည်ကား ထို၌ဖြစ်သော ကာမဂုဏ်မွေ့လျော်ဖွယ်တို့ဖြင့် နှစ်သက်ခြင်း ပြည့်စုံခြင်းရှိသည်ဖြစ်၍ စံပယ်၏။ ထိုယောကျ်ားအား ဤသို့သောအကြံသည် ဖြစ်၏။ 'ထိုငါသည် ရှေးလူဖြစ်သောကာလ၌ ကုသိုလ်ကောင်းမှုကို ပြုမိ၏။ ထိုငါသည် ထိုကုသိုလ်ကို ပြုမိပေသော အကြောင်းကြောင့်၊ ဤသို့သဘောရှိသော ခံစားခြင်းကို ခံစားရပေ၏။'-ဟု အကြံရှိသကဲ့သို့လည်းကောင်း၊ မင်းကြီး-ဝေဒနာသည် ခံစားခြင်းလက္ခဏာ, အစဉ် အတိုင်း ခံစားခြင်းလက္ခဏာ ရှိ၏။''-ဟု ဖြေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံ၏။

ဝေဒနာ လက္ခဏာပဉ္ဇာ ပြီး၏။

၁၀-သညာ လက္ခဏာပဉ္ဇာ

သညာ၏ မှတ်ခြင်းလက္ခဏာ

''အရှင်ဘုရား။ သညာသည် အဘယ်သို့သောလက္ခဏာ ရှိသနည်း။''-ဟုမေး၏။

''မင်းကြီး။ သညာသည် ကောင်းစွာမှတ်ခြင်းလက္ခဏာ ရှိ၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ သညာသည် အဘယ်ကို ကောင်းစွာမှတ်လေသနည်း။''-ဟုမေးသော်၊

''မင်းကြီး။ သညာသည် ညိုသောအဆင်း, ရွှေသောအဆင်း, နီသောအဆင်း, ဖြူသောအဆင်း, မောင်းသောအဆင်းတို့ကို ကောင်းစွာမှတ်၏။ ဤသည်လျှင် မင်းကြီး-သညာသည် ကောင်းစွာမှတ်ခြင်း လက္ခဏာ ရှိ၏။''-ဟုဖြေ၏။

''အရှင်ဘုရား။ ဥပမာ ပြပါဦးလော့။''-ဟုဆိုလျှင်၊

''မင်းကြီး။ ဥပမာသော်ကား မင်း၏ ဘဏ္ဍာစိုးသည် ဘဏ္ဍာတိုက်သို့ဝင်၍ အညို, အရွှေ, အနီ, အဖြူ, အမောင်းဖြစ်သော မင်း၏အသုံးအဆောင် ရူပါရုံကို ကောင်းစွာမှတ်သကဲ့သို့၊ ထို့အတူ မင်းကြီး-သညာသည် ကောင်းစွာမှတ်ခြင်းလက္ခဏာ ရှိ၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံ၏။

သညာ လက္ခဏာပဉ္ဇာ ပြီး၏။

mgyoe.com

 mgyoe.com SAMPLE BOOK

၁၁-စေတနာ လက္ခဏာပဉှာ

စေ့ဆော်ခြင်းစေတနာ လက္ခဏာ

"အရှင်ဘုရား။ စေတနာစေတသိက်သည် အဘယ်လက္ခဏာ ရှိသနည်း။"-ဟုမေး၏။

"မင်းကြီး။ စေတနာသည် စေ့ဆော်ခြင်းလက္ခဏာ ရှိ၏။ တစ်နည်းကား အလွန်ပြုပြင်ခြင်း လက္ခဏာလည်း ရှိ၏။"-ဟုဖြေ၏။

"အရှင်ဘုရား။ ဥပမာဖြင့် ပြပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ ဥပမာသော်ကား၊ တစ်စုံတစ်ယောက်သောယောကျ်ားသည် အဆိပ်သေဆေးကို စီရင်၍ မိမိသည်လည်း သောက်အံ့။ သူတစ်ပါးကိုလည်း သောက်စေအံ့။ ထိုယောကျ်ားသည် မိမိလည်း ဆင်းရဲခြင်း ရှိသည် ဖြစ်သကဲ့သို့၊ သူတစ်ပါးတို့သည်လည်း ဆင်းရဲခြင်း ရှိကုန်၏။ ထို့အတူ မြတ်သောမင်းကြီး-ဤလူ့ပြည်၌ အချို့သောပုဂ္ဂိုလ်သည် အကုသိုလ်အမှုကို စေတနာဖြင့် လှုံ့လံစေ့ဆော်ပြု၍ စုတေမနေ သေသည်မှနောက်၌ အပါယ်ဖြစ်သော, မကောင်းသောသူတို့၏ ဖရိုဖရဲကျရာဖြစ်သော ငရဲ၌ ဖြစ်လေရာ၏။ အကြင်ပုဂ္ဂိုလ်တို့သည်လည်း ထိုပုဂ္ဂိုလ်၏အတုကို ကျင့်ကုန်၏။ ထိုအတူ လိုက်၍ ကျင့်ကုန်သောပုဂ္ဂိုလ်တို့သည်လည်း စုတေမနေ သေသည်မှနောက်၌ အပါယ်ဖြစ်သော မကောင်းသောသူတို့၏ ဖရိုဖရဲကျရာဖြစ်သော ငရဲ၌ ဖြစ်ရကုန်၏။

"မင်းကြီး။ ဥပမာတစ်နည်းကား တစ်စုံတစ်ယောက်သော ယောကျ်ားသည် ထောပတ်, ဆီဥ, ဆီကြည်, ပျား, တင်လဲကို တပေါင်းတည်း အလွန်ပြုပြင်၍ မိမိကိုယ်တိုင်လည်း သောက်အံ့။ သူတစ်ပါးကိုလည်း သောက်စေအံ့။ ထိုယောကျ်ားသည် မိမိလည်း ချမ်းသာခြင်း ရှိလေရာ၏။ သူတစ်ပါးတို့သည်လည်း ချမ်းသာခြင်းရှိသည် ဖြစ်ကုန်ရာ၏။ မင်းကြီး-ထို့အတူလည်းကောင်း ဤလူ့ပြည်၌ အချို့သောပုဂ္ဂိုလ်တို့သည် ကုသိုလ်ကောင်းမှုကို စေတနာဖြင့် လှုံ့လစေ့ဆော်ပြု၍ စုတေမနေ သေသည်မှ နောက်ကာလ၌ နတ်ပြည်၌ ဖြစ်လေကုန်၏။

"မင်းကြီး။ ထို့အတူ စေတနာစေတသိက်သည် စေ့ဆော်ခြင်းလက္ခဏာ ရှိ၏။ အလွန်ပြုပြင်ခြင်း လက္ခဏာလည်း ရှိ၏။"-ဟု ဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

စေတနာ လက္ခဏာပဉှာ ပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK

၁၂-ဝိညာဏ လက္ခဏာပဉ္ဟာ

ဝိညာဉ်၏လက္ခဏာ

"အရှင်ဘုရား။ ဝိညာဉ်သည် အဘယ်လက္ခဏာ ရှိသနည်း။"-ဟုမေး၏။

"မင်းကြီး။ ဝိညာဉ်သည် သိခြင်းလက္ခဏာ ရှိ၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ဥပမာဖြင့် ပြပါဦးလော့။"-ဟုဆိုပြန်လျှင်၊

"မင်းကြီး။ ဥပမာသော်ကား မြို့ကိုစောင့်သောယောကျ်ားသည် မြို့၏အလယ် ခရီးဆုံ၌နေ၍ အရှေ့အရပ်သို့ ကြည့်လိုက်အံ့။ အရှေ့အရပ်မှလာသော ယောကျ်ားကို မြင်သကဲ့သို့၊ ထို့အတူ မင်းကြီး-ထိုယောကျ်ားသည် စက္ခုဝိညာဉ်ဖြင့် ရူပါရုံကို မြင်၏။ ထိုရူပါရုံကို ဝိညာဉ်ဖြင့် သိ၏။ ထိုယောကျ်ားသည် သောတဝိညာဉ်ဖြင့် သဒ္ဒါရုံကို ကြား၏။ ထိုသဒ္ဒါရုံကို ဝိညာဉ်ဖြင့် သိ၏။ ထိုယောကျ်ားသည် ဓာဂါဝိညာဉ်ဖြင့် ရသာရုံကို လျက်၏။ ထိုရသာရုံကို ဝိညာဉ်ဖြင့် သိ၏။ ထိုယောကျ်ားသည် ကာယဝိညာဉ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို ဝိညာဉ်ဖြင့် သိ၏။ မနောရုံကိုလည်း ဝိညာဉ်ဖြင့် သိ၏။ မင်းကြီး-ထိုကဲ့သို့ လည်းကောင်း ဝိညာဉ်သည် ရူပါရုံ စသည်အာရုံ၌ သိခြင်းလက္ခဏာ ရှိ၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဝိညာဏ လက္ခဏာပဉ္ဟာ ပြီး၏။

၁၃-ဝိတက္က လက္ခဏာပဉ္ဟာ

ဝိတက်၏ တင်ခြင်းလက္ခဏာ

"အရှင်ဘုရား။ ဝိတက် စေတသိက်သည် အဘယ်လက္ခဏာ ရှိသနည်း။"-ဟုမေး၏။

"မင်းကြီး။ ဝိတက်သည် အာရုံသို့တင်ခြင်းလက္ခဏာ ရှိ၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ဥပမာဖြင့် ပြပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ ဥပမာသော်ကား လက်သမားသည် ကောင်းစွာ သစ်ကိုရွေးပြီး၍ အစပ်သို့တင်၍ စပ်သကဲ့သို့၊ ထို့အတူ ဝိတက်သည် သမ္မယုတ်တရားတို့ကို အာရုံသို့တင်ခြင်း လက္ခဏာ ရှိ၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဝိတက္က လက္ခဏာပဉ္ဟာ ပြီး၏။

mgyoe.com

၁၄-ဝိစာရ လက္ခဏာပဉ္စာ

ဝိစာရ၏ သုံးသပ်ခြင်းလက္ခဏာ

"အရှင်ဘုရား။ ဝိစာရသည် အဘယ်လက္ခဏာ ရှိသနည်း။"-ဟုမေး၏၊

"မင်းကြီး။ ဝိစာရသည် အဖန်အလဲလဲ သုံးသပ်ခြင်းလက္ခဏာ ရှိ၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ဥပမာပြုပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ ဥပမာသော်ကား ကြေးခွက်ကို တီးအပ်ခေါက်အပ်သည်ရှိသော် အစဉ်အတိုင်း ကြေး၏အသံသည် ဖြစ်၏။ မင်းကြီး-ကြေးခွက်ကို ခေါက်သောအခါ အစဉ်အအတိုင်း ကြေး၏အသံကဲ့သို့ ဝိစာရကို မှတ်အပ်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟုဝန်ခံ၏။

ဝိစာရလက္ခဏာ ပဉ္စာပြီး၏။

ဤတွင်ရွေ့ ၃ ခုမြောက်သော ဝိစာရဝဂ်သည် ပြီး၏။

မိလိန္ဒပဉ္စာကဏ္ဍ၌ လက္ခဏပဉ္စာကထာအပိုင်း ပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK

မိလိန္ဒပဉ္ဟာကဏ္ဍ
ဝိမတိစ္ဆေဒနပဉ္ဟာကထာ
၄-နိဗ္ဗာနဝဂ်
အမေးအဖြေ ၁၀ ခု

၁-ဖဿာဒီနံ ဝိနိဗ္ဘုဇ္ဇနပဉ္ဟာ
တပေါင်းတည်းဖြစ်သော တရားတို့ကို ဝေဖန်ခွဲခြင်း

မိလိန္ဒမင်းသည် "အရှင်ဘုရား။ တပေါင်းတည်း, တစ်ချက်တည်းအဖြစ်သို့ ရောက်ကုန်သော ဤတရားအပေါင်းတို့၏ အထူးထူးသောအကြောင်းအရာကို အသီးသီး ခွဲခြမ်း၍ 'ဤသည်ကား ဝေဒနာ၊ ဤသည်ကား သညာ၊ ဤသည်ကား စေတနာ၊ ဤသည်ကား ဝိညာဉ်၊ ဤသည်ကား ဖဿ၊ ဤသည်ကား ဝိစာရ' ဟု သိစေခြင်းငှာ တတ်နိုင်အံ့လော။"-ဟုမေး၏။

"မင်းကြီး။ တပေါင်းတစ်ချက်တည်းဖြစ်ခြင်းသို့ ရောက်ကုန်သော ဤတရားတို့၏ အထူးထူးသောအကြောင်းတရားတို့ကို အသီးအသီး ဝေဖန်ခွဲခြမ်း၍ သိစေခြင်းငှာ မတတ်နိုင်။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ဥပမာဖြင့် ပြပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ ဥပမာသော်ကား စားဖိုသည်သည် မင်းကြီးစားဖို့ရာအလို့ငှာ လက်သုပ်ကို လည်းကောင်း, ဟင်းလျာကို လည်းကောင်း စီရင်ခြင်းကို ပြုအံ့။ ထိုယောကျ်ားသည် ထိုလက်သုပ်, ဟင်းလျာ၌ နို့ဓမ်းကို ထည့်အံ့။ ဆားကိုလည်း ထည့်အံ့။ ချင်း, ငရုတ်, ဇီယာကိုလည်း ထည့်အံ့။ ထိုမှတစ်ပါးသော အဆောက်အဦ[1]တို့ကိုမူလည်း ထည့်အံ့။ ထိုယောကျ်ားအား မင်းကြီးသည် 'နို့ဓမ်းအရသာကို ဆောင်ခဲ့။ ဆား၏အရသာကို ဆောင်ခဲ့။ ချင်း, ငရုတ်, ဇီယာတို့၏အရသာကို ဆောင်ခဲ့။ ထိုမှတစ်ပါး ထည့်အပ်သော အရသာကို ဆောင်ခဲ့။'-ဟု ဆိုအံ့။ မင်းကြီး-ထိုယောကျ်ားသည် တပေါင်းတည်း တစ်ချက်တည်းအဖြစ်သို့ ရောက်သောအရသာတို့ဖြင့် အချဉ်ကို လည်းကောင်း, အငန်ကို လည်းကောင်း, အစပ်ကို လည်းကောင်း, အခါးကို လည်းကောင်း, အဖန်ကို လည်းကောင်း, အချိုကို လည်းကောင်း အရသာတို့၏သတ္တိကို အသီးအသီး ဝေဖန်ခွဲခြမ်း၍ ဆောင်ခြင်းငှာ မတတ်နိုင်ချေ။ စင်စစ်သော်ကား မိမိမိမိတို့၏လက္ခဏာဖြင့် ထင်ရှားစွာ ဖြစ်ကုန်၏။"-ဟုဆိုသော်၊

၁။ 'ပစ္စည်း'-ဟုယူ။

mgyoe.com

 mgyoe.com SAMPLE BOOK

"မင်းကြီး။ ထိုအချည်, အင်္ဂန် စသော အရသာတို့သည် တပေါင်းတည်းဖြစ်ကုန်သော ဖဿ အစရှိသောတရားတို့၏ ထူးကြောင်းကို အသီးအသီးခွဲခြမ်း၍ သိခြင်းငှာ မတတ်ကောင်း။ စင်စစ်သော်ကား မိမိတို့၏ လက္ခဏာဖြင့် ထင်ရှားစွာဖြစ်ကုန်၏။"-ဟု ဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဖဿဒီနံ ဝိနိဗ္ဘုဇနပဉှာ ပြီး၏။

၂-နာဂသေန မိလိန္ဒရာဇမဟာ ပဉှာ
ဆားကို မေးခြင်း

နာဂသေနမထေရ်သည် "မင်းကြီး။ ဆားကို စက္ခုဝိညာဉ်ဖြင့် မြင်အပ်, သိအပ်မည်လော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ဆားကို စက္ခုဝိညာဉ်ဖြင့် မြင်အပ်,သိအပ်၏။"-ဟု ဝန်ခံ၏။

"မင်းကြီး။ ထိုစကားကို ကောင်းစွာ ကြပ်ကြပ်မှတ်လေ, သိလေလော့။"-ဟုဆိုလျှင်၊ "အရှင်ဘုရား။ အသို့နည်း။ ဆားကို ဇိဝှာဝိညာဉ်ဖြင့်သာလျှင် ငန်သောအဖြစ်ကို သိအပ်သလော။"-ဟု မေးပြန်၏။

"မင်းကြီး ဆားကို ဇိဝှာဝိညာဉ်ဖြင့် ငန်သည်ကို သိအပ်၏။"-ဟု ဝန်ခံ၏။

"အရှင်ဘုရား။ အသို့နည်း။ အလုံးစုံသောဆားကို ဇိဝှာဝိညာဉ်ဖြင့် ငန်သည်ကို သိမည်လော။"-ဟုမေးပြန်သော်၊

"မင်းကြီး။ အလုံးစုံသော ဆားကို ဇိဝှာဝိညာဉ်ဖြင့် ငန်သည်ကို သိနိုင်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ အလုံးစုံသောဆားကို ဇိဝှာဝိညာဉ်ဖြင့် ငန်သောအဖြစ်ကို အကယ်၍တည်း သိလေအံ့။ အဘယ့်ကြောင့်ကား ထိုဆားကို လှည်းတို့ဖြင့် နွားလားတို့သည် ဆောင်အပ်လေကုန်သနည်း။ ငန်သောအရသာကိုသာလျှင် ဆောင်အပ်လေသည် မဟုတ်လော။"-ဟုဆိုသော်၊

"မင်းကြီး။ ငန်သောအရသာကိုလျှင် အသီးထုတ်၍ ဆောင်ခြင်းငှာ မတတ်ကောင်း။ ထို'ဆား' ဟူသော ရူပါရုံ, ငန်သောအရသာတို့သည် တပေါင်းတည်း အတူတကွဖြစ်ကြကုန်သည်။ ကျက်စားရာအားဖြင့် ထူးသည်၏အဖြစ်သို့ ရောက်ကြကုန်၏။ ဆားသည် လေးသည်၏ အဖြစ်ကိုမူကား စဉ်းချိန်ခွင်ဖြင့် ချိန်ခြင်းငှာ တတ်နိုင်၏လော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ဆား၏ လေးသောအဖြစ်ကို စဉ်းချိန်ခွင်ဖြင့် ချိန်ခြင်းငှာ တတ်ကောင်း၏။"-ဟုဆိုသော်၊

"မင်းကြီး။ ငန်သောအရသာကို စဉ်းချိန်ခွင်ဖြင့် ချိန်ခြင်းငှာ မတတ်ကောင်း။ လေးသည်၏ အဖြစ်ကိုသာ စဉ်းချိန်ခွင်ဖြင့် ချိန်ခြင်းငှာ တတ်ကောင်း၏။"-ဟုဆိုသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

နာဂသေန မိလိန္ဒရာဇ မဟာပဉှာ ပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK

၃-ပဉ္စာယတန ကမ္မနိဿတ္တပဉ္ဟာ

အာယတန ၅ ပါးတို့ အကြောင်းကံ တူသလော။

မိလိန္ဒမင်းသည် "အရှင်ဘုရား။ 'စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ' ဟုဆိုအပ်သော ၅ ပါးသော အာယတနတို့သည် ရှိကုန်၏။ ထို ၅ ပါးကုန်သော အာယတနတို့သည် အထူးထူးသောကံ, အသီးအသီးသောကံတို့ကြောင့် ဖြစ်ကုန်သလော။ ထိုသို့မဟုတ်မူကား တစ်ခုတည်းသောကံကြောင့် ဖြစ်ကုန်သလော။" -ဟုမေး၏။

"မင်းကြီး။ စက္ခာယတန အစရှိသော ၅ ပါးသောအာယတနတို့သည် အထူးထူးသောကံ, အသီးအသီးသောကံကြောင့် ဖြစ်ကုန်၏။ 'တစ်ခုသောကံကြောင့် ဖြစ်ကုန်၏။' -ဟူ၍ မရှိကုန်။" ဟုဖြေ၏။

"အရှင်ဘုရား။ ဥပမာအားဖြင့် ပြပါဦးလော့။" -ဟုဆိုလျှင်၊

"မင်းကြီး။ အသို့ အောက်မေ့သနည်း။ လယ်တစ်ကွင်း၌ ၅ ပါးသောမျိုးစေ့တို့ကို စိုက်ပျိုးကုန်အံ့။ ထိုအထူးထူးသော မျိုးစေ့တို့၏ အထူးထူးသောအသီးတို့သည် ဖြစ်ကုန်ရာသည် မဟုတ်လော။" -ဟုမေးသော်၊

"အရှင်ဘုရား။ အထူးထူးသောမျိုးစေ့တို့၏ အသီးသည် မျိုးစေ့သို့လိုက်၍ အထူးထူးဖြစ်ကြကုန်၏။" -ဟုဆိုသော်၊

"မင်းကြီး။ ထို့အတူလည်းကောင်း အကြင် ၅ ပါးသော စက္ခု အစရှိသော အာယတနတို့သည် အထူးထူးသောကံတို့ကြောင့် ဖြစ်ကုန်၏။ တစ်ခုသောကံကြောင့် မဖြစ်ကုန်။" -ဟု ဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။" -ဟု ဝန်ခံ၏။

ပဉ္စာယတန ကမ္မနိဿတ္တပဉ္ဟာ ပြီး၏။

၄-ကမ္မ နာနာကရဏပဉ္ဟာ

ကံ၏ အထူးအထွေ

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အဘယ့်အကြောင်းကြောင့် လူခပ်သိမ်းတို့သည် မတူကြကုန်သနည်း။ အချို့သောသူတို့သည် အသက် တိုကုန်၏။ အချို့သောသူတို့သည် အသက် ရှည်ကုန်၏။ အချို့သောသူတို့သည် အဆင်း မလှကုန်။ အချို့သောသူတို့သည် အဆင်း လှကုန်၏။ အချို့သောသူတို့သည် တန်ခိုး နည်းကုန်၏။ အချို့သောသူတို့သည် တန်ခိုး ကြီးကုန်၏။ အချို့သောသူတို့သည် ဥစ္စာ နည်းကုန်၏။ အချို့သောသူတို့သည် ဥစ္စာ များကုန်၏။ အချို့သောသူတို့သည် အမျိုး မြင့်ကုန်၏။ အချို့သောသူတို့သည် အမျိုး ယုတ်ကုန်၏။ အချို့သောသူတို့သည် ပညာ မရှိကုန်။ အချို့သောသူတို့သည် ပညာ ရှိကုန်၏။ အဘယ့်ကြောင့် လူအပေါင်းတို့သည် မတူကြကုန်သနည်း။" -ဟုမေး၏။

mgyoe.com

 mgyoe.com · SAMPLE BOOK

နာဂသေနမထေရ်သည် "မင်းကြီး။ အဘယ့်ကြောင့် ခပ်သိမ်းသောသစ်ပင်တို့သည် မတူကြကုန်သည်ဖြစ်၍ အချို့သောသစ်ပင်တို့သည် ချဉ်ကုန်သနည်း။ အချို့သောသစ်ပင်တို့သည် ငန် ကုန်သနည်း။ အချို့သောသစ်ပင်တို့သည် ခါး ကုန်သနည်း။ အချို့သောသစ်ပင်တို့သည် စပ် ကုန်သနည်း။ အချို့သောသစ်ပင်တို့သည် ဖန် ကုန်သနည်း။ အချို့သောသစ်ပင်တို့သည် ချို ကုန်သနည်း။"-ဟုဆိုသော်၊

"အရှင်ဘုရား။ အောက်မေ့မိပါပြီ။ မျိုးစေ့တို့၏ အသီးအသီးထူးကြသောကြောင့် အထူးထူးဖြစ်ကုန်၏။"-ဟုဆိုသော်၊

"မင်းကြီး။ ထိုကဲ့သို့လည်းကောင်း ကံတရားတို့၏ အထူးထူးသောအကြောင်းကြောင့် ခပ်သိမ်းသောလူတို့သည် မတူကြကုန်သည်ဖြစ်၍ အသက်တိုသည်-အသက်ရှည်သည်, အနာများသည်-အနာမရှိသည်, အဆင်းမလှသည်-အဆင်းလှသည်, တန်ခိုးနည်းသည်-တန်ခိုးကြီးသည်, ဥစ္စာနည်းသည်-ဥစ္စာများသည်, နိမ့်သောအမျိုးရှိသည်-မြတ်သောအမျိုးရှိသည်, ပညာမရှိသည်-ပညာရှိသည်။ ဤ ၁၄ ပါးသောအခြင်းအရာတို့သည် ကံထူးကြသောကြောင့် မတူကြကုန်။"-ဟုဖြေပြီး၍၊

"ထိုသို့မတူကြကြောင်းကို ငါသာလျှင် ဆိုသည်မဟုတ်။ မြတ်စွာဘုရားသည်လည်း သုဘံလုလင်ကို ဟောတော်မူအပ်၏။ ဟောကြောင်းကား-"

'ကမ္မဿကာ မာဏဝက သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ၊
ကမ္မပဋိသရဏာ၊ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပဏီတတာယ။'

'မာဏဝက၊ သုဘလုလင်၊ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် မိမိဥစ္စာဖြစ်ကုန်၏။ ကမ္မဒါယာဒါ၊ ကံ၏အမွေခံသာ ဖြစ်ကုန်၏။ ကမ္မယောနီ၊ ကံသာလျှင် အမျိုးဖြစ်ကုန်၏။ ကမ္မဗန္ဓူ၊ ကံသာလျှင် အဆွေဖြစ်ကုန်၏။ ကမ္မပဋိသရဏာ၊ ကံသာလျှင် ကိုးကွယ်ရာဖြစ်ကုန်၏။ ဟီနပဏီတတာယ၊ ယုတ်သည်၏အဖြစ်, မြတ်သည်၏အဖြစ်ဖြင့်။ ယဒိဒံကမ္မံ၊ အကြင်ကံသည်။ အတ္ထိ၊ ရှိ၏။ တံကမ္မံ၊ ထိုကံသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝိဘဇတိ၊ ဝေဖန်၏။'

ဤသို့ သာဓကပါဠိဖြင့်ပြသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ကမ္မ နာနာကရဏပဉှာ ပြီး၏။

---

* ဤ'နိဗ္ဗာနဝဂ်၊ ၄-ကမ္မနာနာကရဏပဉှာ'မှစ၍ သာဓကပါဠိများနှင့် အလျဉ်းသင့်တိုင်း ပြသွားသည်ကို တွေ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၅-ပဋိကစ္ခေဝ ဝါယာမကရဏပဉ္ဟာ
လုံ့လကို စောစောက ပြုသင့်-မပြုသင့်

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အရှင်ဘုရားတို့သည် 'ဤ ဝဋ္ဋဆင်းရဲဒုက္ခသည် ချုပ်၏။ တစ်ပါးသောဝဋ္ဋဆင်းရဲသည် မဖြစ်စိမ့်သောဌာ ထိုရဟန်း၏အဖြစ်သည် ရှိ၏။'-ဟု ဆိုကြ၏။ အရှင်ဘုရား-ဆင်းရဲစင်စစ်တွေ့သောအခါ၌ လုံ့လပြုအပ်ပါသည် မဟုတ်တုံလော။ အဘယ့်ကြောင့် ဆင်းရဲမတွေ့မီ ရှေးဦးကလျှင် လုံ့လပြု၍ ရဟန်းပြုလေသနည်း။"-ဟုမေးသော်၊

အရှင်နာဂသေနမထေရ်သည် "မင်းကြီး။ အမှုရောက်သောအခါမှ ပြုအပ်သောလုံ့လသည် အမှုကို ပြီးစေတတ်သည် မဖြစ်။ အမှုမရောက်မီ, မတွေ့မီအခါ ရှေးဦးစွာကပြုအပ်သော လုံ့လသာလျှင် အမှုကိစ္စကို ပြီးစေတတ်၏။"-ဟုဆိုသော်၊

"အရှင်ဘုရား။ ဥပမာဖြင့် ပြတော်မူပါဦးလော့။"-ဟုဆို၏။

"မင်းကြီး။ ဥပမာသော်ကား မင်းကြီးသည် အကြင်အခါ ရေမွှတ်သိပ်သည်ဖြစ်အံ့။ ထိုအခါ ရေသောက်အံ့သောဌာ ရေတွင်း, ရေကန်ကို တူးအံ့လော့။"ဟုမေးဘိသော်၊

"အရှင်ဘုရား။ ရေငတ်မှ ရေတွင်း, ရေကန်ကို မတူးမဆည်ချေ။ ရှေးဦးစွာ ရေတွင်း,ရေကန်ကို တူးမှ ဆည်မှသာလျှင် ရေကို သောက်ရချေမည်။"-ဟုဆိုသော်၊

"မင်းကြီး။ ထို့အတူ အခါရောက်မှ အမှုကိစ္စကို အားထုတ်သည်ရှိသော် ကိစ္စမပြီးချေ။ ရှေးဦးစွာ စောစောက လုံ့လကို အားထုတ်မှ လိုအပ်သောကိစ္စ အပြီးသို့ရောက်သည်။"-ဟုဖြေ၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။"-ဟုဆိုသော်၊

"မင်းကြီး။ သင်မင်းကြီးသည် အကြင် ထမင်းစားခြင်းဌာ အလိုရှိအံ့။ ထိုအခါ 'ထမင်းစားလို၏' ဟု လယ်ထွန်ခြင်း, မျိုးကြဲခြင်း, သလေးစပါး ဆောင်ခြင်းအမှုကို ပြုအံ့လော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ရှေးဦးစွာက စိုက်ပျိုးခြင်းအမှုကို ပြုမှသာလျှင် ထမင်းစားရချေမည်။ ရှေးဦးစွာက စိုက်ပျိုးခြင်းကို မပြုသော် ထမင်းမစားရချေ။"-ဟုဆို၏။

"မင်းကြီး။ ထို့အတူ အခါရောက်မှ ပြုအပ်သောလုံ့လသည် အမှုကို မပြီးစေနိုင်။ စောစောကလျှင် တင်၍ လုံ့လကိုပြုခြင်းသည် အမှုကိစ္စကို ပြီးစေနိုင်၏။"-ဟုဖြေ၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။"-ဟုဆိုပြန်၏။

"မင်းကြီး။ ဥပမာသော်ကား မင်းကြီး စစ်ထိုးအံ့သောဌာ ရန်သူပေါ်အံ့။ ထိုအခါ မင်းကြီးသည် မြို့, ကျုံး, တံတိုင်း, ပြအိုး, ပစ္စင်, ရင်တားတို့ကို ပြုလုပ်အံ့လော။ မျိုးရိက္ခာစပါးကို စုရုံးအံ့လော။ ထိုအခါ ဆင်အတတ်, မြင်းအတတ်, ရထားအတတ်တို့ကို သင်အံ့လော။"-ဟုမေးသော်၊

mgyoe.com

 mgyoe.com SAMPLE-BOOK

"အရှင်ဘုရား။ ထိုသို့မဟုတ်။ ရှေးဦးစွာက အမှုကို တင်၍[1]ပြုရာချေသည်။"-ဟု ဆို၏။

"မင်းကြီး။ ထို့အတူ အခါရောက်မှ ဖြုအပ်သောလုံ့လသည် အမှုကို မပြီးစေနိုင်။ အခါမရောက်မီက ပြုအပ်သောလုံ့လသာလျှင် အမှုကိစ္စကို ပြီးစေနိုင်၏။"-ဟု ဖြေပြီး၍၊

"မင်းကြီး။ ငါသာလျှင် အမှုကိစ္စမရှိမီ ရှေးဦးစွာ လုံ့လပြုအပ်သည်၏အဖြစ်ကို ဆိုသည်မဟုတ်။ ဘုရားရှင်လည်း အမှုမရှိမီ လုံ့လအားထုတ်သင့်ကြောင်းကို ဟောတော်မူ၏။ ဟောကြောင်းကား-

'ပဋိကစ္စေဝ ကရေယျ၊ ဧညာယ ဟတိ မတ္တနော။
နာ သာကဋ္ဌိကစိန္တာယ၊ မန္ဒာ ဓိရော မရက္ကမေ။ ။
'ယထာ သာကဋ္ဌိကော နာမ၊ သမံ ဟိတ္တာ မဟာပထံ။
ဝိသမံ မဂ္ဂ မာရုယှ၊ အက္ခဏ္ဍိန္နော ဈာယတိ။ ။
'စဝံ ဓမ္မ အပက္ကမ္မ၊ အဓမ္မံ အနုဝတ္တိယ။
မန္ဒော မစ္စုမုခံ ပတ္တော၊ အက္ခဏ္ဍိန္နော သောစတိ။ ။'

'အတ္တနော၊ မိမိ၏။ ဟိတံ၊ အစီးအပွားကို။ ဣစ္ဆန္တော၊ အလိုရှိသော။ ဓိရော၊ ပညာရှိသည်။ ပရက္ကမ၊ လုံ့လကိုပြုခြင်း၌။ ပဋိကစ္စေဝ၊ ရှေးဦးစွာ စောစောကလျှင်။ ဧညာယ၊ သိ၍။ ကရေယျ၊ ပြုရာ၏။ သာကဋ္ဌိကစိန္တာယ၊ လှည်းကုန်သည်၏ ကြံခြင်းဖြင့်။ မန္ဒာ၊ နှေးနှေး။ နာ ကရေယျ၊ မပြုရာ။

'ယထာ နာမ၊ ဥပမာမည်သည်ကား။ သာကဋ္ဌိကော နာမ၊ လှည်းကုန်သည် မည်သည်။ သမံ၊ ညီညွတ်သော။ မဟာပထံ၊ ခရီးမကို။ ဟိတ္တာ၊ စွန့်၍။ ဝိသမံ၊ မညီမညွတ်သော။ မဂ္ဂံ၊ ခရီးသို့။ အာရုယှ၊ တက်၍။ ဂတတ္တာ၊ သွားသည်၏အဖြစ်ကြောင့်။ အက္ခဏ္ဍိန္နော၊ ဝင်ရိုးကျိုးလျက်လျှင်။ ဈာယတိထယာ၊ ကြံမှိုင်ကာ နေရလေသကဲ့သို့။

'စဝံ-တထာ၊ ထို့အတူ။ ဓမ္မာ၊ သူတော်ကောင်းတရားမှ။ အပက္ကမ္မ၊ ဖဲကြဉ်၍ အဓမ္မံ၊ မသူတော်တရားသို့။ အနုဝတ္တိယ၊ အစဉ်လိုက်၍။ စရိတတ္တာ၊ ကျင့်သည်၏အဖြစ်ကြောင့်။ မစ္စုမုခံ၊ သေမင်း၏ခွတွင်းသို့။ ပတ္တော၊ ရောက်သည်ရှိသော် အက္ခဏ္ဍိန္နော၊ ဝင်ရိုးကျိုးလေသကဲ့သို့လျှင်။ သော မန္ဒော၊ ထိုသူမိုက်သည် သောစတိ၊ စိုးရိမ်ရလေ၏။'

ဤသို့ သက်သေသာဓက ဘုရားဟောတော်မူအပ်သော တရားကို ပြလျှင် "အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

ပဋိကစ္စေဝ ဝါယာမကရဏပဉှာ ပြီး၏။

၁။ 'ကြိုတင်၍'-ဟုယူ။

mgyoe.com

mgyoe.com SAMPLE BOOK

၆-ပကတိ အင္ဂါတော နေရယင္ဂိန် ဥဏ္ဏာဘာဝပဉ္ဟာ

ပကတိမီးထက် ငရဲမီးက ပူခြင်း

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ အရှင်ဘုရားတို့သည် 'ပြကတ္တေမီး ပူသောထက် ငရဲမီး၏ ပူခြင်းသည် 'အတိုင်းထက်လွန်စွာ အထူးသဖြင့် ပူ၏။'-ဟုဆိုကြကုန်၏။ 'ငယ်စွာဖြစ်သော ကျောက်ခဲကို ပြကတ္တေမီး၌ ပစ်ချအပ်သည်ဖြစ်၍ တစ်နေ့ပတ်လုံး လှော်အပ်ဖုတ်အပ်သည်ရှိသော်လည်း ကြေခြင်းသို့ မရောက်။ စုလစ်မွမ်းချွန်ပမာဏရှိသော ကျောက်ဖျာကြီးကို ငရဲ၌ ပစ်ချအပ်သည်ရှိသော် တစ်ခဏချင်း ကြေခြင်းသို့ ရောက်၏။'-ဟု အရှင်ဘုရားတို့ ဆိုကြကုန်၏။ ထိုစကားကို ဒကာတော် မယုံပါ။

''အရှင်ဘုရားတို့သည် 'အကြင်သတ္တဝါတို့သည် ငရဲ၌ ဖြစ်ကုန်၏။ ထိုသတ္တဝါတို့သည် များစွာသော နှစ်တို့ပတ်လုံး ငရဲ၌ ခံရကျက်ရကုန်သည်ရှိသော်လည်း ကြေခြင်းသို့ မရောက်ကုန်။'-ဟု ပြောဆိုတော် မူကြကုန်၏။ ထိုစကားကိုလည်း ဒကာတော် မယုံနိုင်ပါ။''-ဟုဆို၏။

ရှင်နာဂသေနမထေရ်သည် ''မင်းကြီး။ အသို့ အောက်မေ့သနည်း။ ရေ၌ ကျင်လည်ကုန်သော မကရ်းမ, မိကျောင်းမ, ငါးမတို့သည် လည်းကောင်း၊ ကုန်းကြည်း၌ ကျင်လည်ကုန်သော လိပ်မ, ဥဒေါင်းမ, ခိုမတို့သည် လည်းကောင်း ကျောက်ခဲ,ကျောက်စရစ်တို့ကို မျိုကုန်သည် မဟုတ်လော။'' ဟု ဆို၏။

''အရှင်ဘုရား။ ထိုသတ္တဝါတို့သည် ကျောက်ခဲ,ကျောက်စရစ်တို့ကို မျိုကြကုန်၏။''ဟုဆိုသော်၊

''မင်းကြီး။ အသို့နည်း။ ထိုကျောက်ခဲ,ကျောက်စရစ်တို့သည် သတ္တဝါတို့၏ ဝမ်းတွင်းသို့ ရောက်သည်ရှိသော် ကြေခြင်းသို့ ရောက်ကုန်သကဲ့သို့ အကြင်ဆိုအပ်ပြီးသောသတ္တဝါတို့၏ ဝမ်းတွင်း၌ တည်သော ထိုပဋိသန္ဓေသည် ကြေခြင်းသို့ ရောက်ရာသလော။''-ဟုမေးသော်၊

''အရှင်ဘုရား။ ထိုသတ္တဝါတို့၏ဝမ်း၌ ကျောက်ခဲ,ကျောက်စရစ်သာကြ၍ စွဲအပ်သောပဋိသန္ဓေ မကြေချေ။''-ဟုဆို၏။

''မင်းကြီး။ အဘယ့်ကြောင့်နည်း။''ဟုမေးသော်၊

''အရှင်ဘုရား။ ကံတရားသည် အထူးစီရင်အပ်သောကြောင့် ကြေခြင်းသို့ မရောက်ပေ။''-ဟုဆို၏။

''မင်းကြီး။ ထို့အတူ ကံသည် အထူးစီရင်အပ်သောကြောင့် ငရဲသူသတ္တဝါတို့သည် များစွာသော နှစ်တို့ပတ်လုံး ငရဲ၌ ခံရသည်ရှိသော်လည်း ကြေခြင်းသို့ မရောက်ကုန်။''-ဟုဖြေပြီး၍၊

''မင်းကြီး။ ထိုငရဲသူတို့ မကြေမပျောက်ကြောင်းကို ငါသာလျှင် ပြောဆိုသည် မဟုတ်။ မြတ်စွာဘုရားလည်း ဟောတော်မူပေ၏။''-ဟု သာဓကသက်သေဖြင့် ပြပြန်၏။

သာဓကပါဠိကား

'သော နု တာဝ ကာလံ ကရောတိ၊ ယာဝ နု တံ ပါပကမ္မံ ဗျန္တီ ဟောတိ။'

mgyoe.com

mgyoe.com SAMPLE BOOK

'နေရယိကာနံ၊ ငရဲသူသတ္တဝါတို့အား။ ယာဝ၊ အကြင်ရွေ့လောက်။ တံပါပကမ္မံ၊ ထိုမကောင်းမှုကံသည်။ ဗျန္တီ၊ ဆုံးခြင်း ကုန်ခြင်းသို့ရောက်သည်။ နု ဟောတိ၊ မဖြစ်။ တာဝ၊ ထိုရွေ့လောက်။ သော၊ ထိုငရဲသူသတ္တဝါသည်။ နု ကာလံ ကရောတိ၊ စုတေခြင်းကို မပြု။'

ဤသို့ သာဓကပါဠိဖြင့်ဖြေသော်၊

"အရှင်ဘုရား ဥပမာဖြင့် ပြတော်မူပါဦးလော့" ဟုဆို၏။

"မင်းကြီး။ အသို့ အောက်မေ့သနည်း။ ခြင်္သေ့မ၊ ကျားမ၊ သစ်မ၊ ကြက်မတို့သည် ရှိကုန်၏။ ထိုခြင်္သေ့မ၊ ကျားမ၊ သစ်မ၊ ကြက်မတို့သည် ကြမ်းတမ်းရုန့်ရင်းကုန်သော အရိုးအသားတို့ကို စားကုန်သည် မဟုတ်ကုန်လော။"-ဟု မေးသော်၊

"အရှင်ဘုရား။ ထိုသတ္တဝါမတို့သည် ရုန့်ရင်းသောအရိုးအသားတို့ကို စားကြကုန်၏။"-ဟု ဆိုသော်၊

"အဘယ့်ကြောင့် ထိုသတ္တဝါမတို့၏ ဝမ်းတွင်းသို့ရောက်ကုန်သော ရုန့်ရင်းသောအရိုးအသားတို့သည် ကြေခြင်းသို့ ရောက်ကုန်သနည်း။ ထိုသတ္တဝါမတို့ ဝမ်းတွင်းသို့ရောက်သော တည်သောကိုယ်ဝန်သည် ကြေခြင်းသို့ ရောက်သလော။"-ဟုမေးသော်

"အရှင်ဘုရား။ ထိုသတ္တဝါမတို့၏ ကိုယ်ဝန်သည် ကြေခြင်းသို့ မရောက်ချေ။"-ဟုဆို၏။

"မင်းကြီး။ အဘယ့်ကြောင့်နည်း။"-ဟုမေးပြန်သော်၊

"အရှင်ဘုရား။ သိပါပြီ။ ကံတရားသည် အထူးစီရင်အပ်လေသောကြောင့် ထိုသတ္တဝါမတို့၏ ဝမ်း၌ ရုန့်ရင်းသော အရိုးအသားကြေ၍ ပဋိသန္ဓေ မကြေချေ။"-ဟု ဆို၏။

"မင်းကြီး။ ထို့အတူလည်းကောင်း ကံတရားသာလျှင် အထူးစီရင်အပ်သောကြောင့် ငရဲသူသတ္တဝါတို့သည် များစွာသောနှစ်တို့ပတ်လုံး ငရဲ၌ ခံရကျက်ရကုန်သော်လည်း ကြေခြင်းသို့ မရောက်နိုင်ကုန်။"-ဟုဖြေ၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုတော်မူပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ အမျိုးနွယ်သောမိန်းမတို့သည် ရှိကုန်၏။ ထိုမိန်းမတို့သည် ကြမ်းတမ်းရုန့်ရင်းကုန်သော ခဲဖွယ်အမဲတို့ကို စားကုန်သည် မဟုတ်ကုန်လော။"-ဟုဆိုလျှင်၊

"အရှင်ဘုရား။ ထိုမိန်းမတို့သည် ရုန့်ရင်းသောအစာတို့ကို စားကြကုန်၏။"-ဟုဆိုသော်၊

"မင်းကြီး။ ထိုမိန်းမတို့၏ ဝမ်းတွင်းသို့ရောက်ကုန်သော ထိုရုန့်ရင်းသောအစာတို့သည် ကြေခြင်းသို့ ရောက်ကုန်ငှာ မဟုတ်လော။"-ဟုမေးပြန်လျှင်၊

"အရှင်ဘုရား။ ထိုမိန်းမတို့၏ ဝမ်းတွင်းသို့ ရောက်ကုန်သော ရုန့်ရင်းသောအစာတို့သည် ကြေကုန်၏။"-ဟုဆို၏။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းကြီး။ အကြင်သတ္တဝါသည် ထိုမိန်းမတို့၏ ဝမ်း၌ ပဋိသန္ဓေနေအံ့။ ထိုပဋိသန္ဓေနေသော သတ္တဝါသည် ကြေခြင်းသို့ ရောက်သလော။"-ဟုဆိုသော်၊ "အရှင်ဘုရား။ ထိုမိန်းမတို့၏ ဝမ်းတွင်း၌ ပဋိသန္ဓေနေသော သတ္တဝါတို့သည် မကြေမပျောက်ကုန်။"-ဟုဆိုလျှင်၊

"မင်းကြီး။ အဘယ်အကြောင်းကြောင့်နည်း။"-ဟုမေးပြန်သော်၊

"အရှင်ဘုရား။ သိရပါပြီ။ ကံတရားသာလျှင် ထိုသတ္တဝါတို့အား အထူးစီရင်အပ်သောကြောင့် ကြေခြင်းသို့ မရောက်ချေ။"-ဟုဆို၏။

"မင်းကြီး။ ထို့အတူ ကံတရားသာလျှင် စီရင်အပ်သောကြောင့် ငရဲသူသတ္တဝါတို့သည် များစွာသော နှစ်တို့ပတ်လုံး ငရဲ၌ ခံရကျက်ရသော်လည်း ကြေခြင်းသို့ မရောက်ကုန်။"ဟု ဖြေဆို၍၊

"ထိုစကားကို ငါသာလျှင် မဆို။ ဘုရားရှင်လည်း ဟောတော်မူအပ်၏။"-ဟု ထပ်၍ သာဓက သက်သေ ပြပြန်၏။

'သော နံ တာဝ ကာလံ ကရောတိ၊ ယာဝ နံ တံ ပါပကမ္မံ ဗျန္တီ ဟောတိ။'

အတ္ထကား ယောဇနာ ခဲ့ပြီ။[1]

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ပကတိအင်္ဂါတော နေရယိကိန် ဥဏှဘာဝပဉှာ ပြီး၏။

၇-ပထဝီ သန္ဓာရကပဉှာ

ကမ္မာမြေတည်ပုံ

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အရှင်ဘုရားတို့သည် 'ဤ ၂ သိန်း ၄ သောင်း အထုထူသော မြေကြီးသည် ရေပေါ်၌ တည်၏။ ရေသည် လေ၌ တည်၏။ လေသည် အောက်ကောင်းကင်၌ တည်၏။'-ဟု ဆိုကြကုန်၏။ ထိုစကားကို ဒကာတော် မယုံပါ။"-ဟုဆိုသော်၊

နာဂသေနမထေရ်သည် ဓမ္မကရိဏ်ဖြင့် ရေကိုယူ၍၊

"မင်းကြီး။ ဤဓမကရိဏ်၌ရှိသော ရေကို လေသည် ဆောင်အပ်သကဲ့သို့၊ ထို့အတူ ထိုမြေကို ခံသောရေကိုလည်း လေသည် ဆောင်အပ်၏။"-ဟုသိစေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ပထဝီ သန္ဓာရကပဉှာ ပြီး၏။

၁။ 'အနက်ကို ပြန်ဆိုခဲ့ပြီး၏။'-ဟုယူ။

mgyoe.com

 mgyoe.com SAMPLE BOOK

၈-နိရောဓ နိဗ္ဗာနပဉ္ဉာ
ဝဠုဆင်းရဲချုပ်ရာ နိဗ္ဗာန်

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ ဝဠုဆင်းရဲ၏ချုပ်ရာသည် နိဗ္ဗာန်လော။''-ဟုမေးသော်၊

''မင်းကြီး။ ဝဠုဆင်းရဲ၏ ချုပ်ရာသည် 'နိဗ္ဗာန်'မည်၏။''-ဟုဖြေ၏။

''အရှင်ဘုရား။ အဘယ့်ကြောင့် ဝဠုဆင်းရဲ၏ ကင်းရာချုပ်ရာသည် 'နိဗ္ဗာန်'မည်သနည်း။''-ဟုမေး၏။

''မင်းကြီး။ အလုံးစုံသော ဗာလပုထုဇဉ်တို့သည် အဈတ္တိ-ကာယတန, ဗာဟိရာယတနတို့၌ အလွန်နှစ်သက်ကုန်၏။ အလွန် ချီးမွမ်းပြောဆိုကုန်၏။ မက်မောစွာ တည်ကုန်၏။ ထိုသို့သော သံသရာဝဠုဆင်းရဲအယဉ်ဖြင့် မျောကုန်၏။ ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့မှ မလွတ်ကုန်သည်ဖြစ်၍ ဆင်းရဲခြင်း ဝဠုတရားအပေါင်းမှ မလွတ်ကုန်။

''မင်းကြီး။ မြတ်သောအရိယာတပည့်သည် အဈတ္တိက အာယတန, ဗာဟိရ အာယတနတို့၌ နှစ်သက်ခြင်း မရှိ။ အထူးချီးမွမ်း ပြောဆိုခြင်း မရှိ။ မက်မောခြင်း မရှိသည်ဖြစ်၍ တည်ကြည်၏။ ဤသို့တည်ကြည်သော မြတ်သော အရိယာတပည့်အား တဏှာတရားသည် ချုပ်၏။ တဏှာချုပ်သော် ဥပါဒါန်တရားသည် ချုပ်၏။ ဥပါဒါန်တရားချုပ်သောကြောင့် ဘဝသည် ချုပ်၏။ ဘဝချုပ်သောကြောင့် ဇာတိတရား ချုပ်၏။ ဇာတိချုပ်သောကြောင့် အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာခြင်း, သက်ကြီးရွိုက်တငင် ပင်ပန်းခြင်းတို့သည် ချုပ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဝဠုဆင်းရဲ၏ချုပ်ခြင်းသည် ဖြစ်၏။ ဤသို့လျှင် ဝဠုဆင်းရဲအပေါင်း၏ ချုပ်ရာချုပ်ကြောင်း တရားအပေါင်းသည် 'နိဗ္ဗာန်'မည်၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံ၏။

နိရောဓ နိဗ္ဗာနပဉ္ဉာ ပြီး၏။

၉-နိဗ္ဗာန လဘနပဉ္ဉာ
နိဗ္ဗာန်ကို ရမည်သူ-မရမည်သူ

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ ခပ်သိမ်းသော သူအပေါင်းတို့သည်ပင်လျှင် နိဗ္ဗာန်ကို ရကုန်သလော။''-ဟုမေး၏။

''မင်းကြီး။ အလုံးစုံသောသူတို့သည်လျှင် နိဗ္ဗာန်ကို မရကုန်။''-ဟုဆို၍၊

''မင်းကြီး။ အကြင်ပုဂ္ဂိုလ်သည် ကောင်းစွာကျင့်သည်ဖြစ်၍ ထိုးထွင်း၍သိအပ်သောတရားတို့ကို ထိုးထွင်း၍ သိ၏။ ပိုင်းခြား၍၊ သိအပ်သောတရားတို့ကို ပိုင်းခြား၍ သိအပ်၏။ ပယ်အပ်သောတရားတို့ကို

mgyoe.com

 mgyoe.com SAMPLE BOOK

ပယ်၏။ ပွားစေ အပ်သောတရားတို့ကို ပွားစေ၏။ မျက်မှောက်ပြုအပ်သောတရားတို့ကို မျက်မှောက်ပြု၏။ ထိုသူမြတ်သည် နိဗ္ဗာန်ကို ရ၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံ၏။

နိဗ္ဗာန လဘနပဉ္ဟာ ပြီး၏။

၁၀-နိဗ္ဗာန် အလဘန္တသ နိဗ္ဗာနသ သုခဘာဝ ဇာနနပဉ္ဟာ
နိဗ္ဗာန်ကိုမရဘဲ နိဗ္ဗာန်ချမ်းသာကို သိမည်လော

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ အကြင်သူသည် နိဗ္ဗာန်ကို မရ။ ထိုမရသောသူသည် 'နိဗ္ဗာန်တရား ချမ်းသာလှ၏။' -ဟု သိရာအံ့လော။''-ဟုမေး၏။

''မင်းကြီး။ အကြင်သူသည် နိဗ္ဗာန်ကို မရ။ ထိုမရသောသူသည် 'နိဗ္ဗာန်တရား ချမ်းသာလှ၏။' -ဟု သိ၏။''-ဟူ၍ ဖြေသော်၊

''အရှင်ဘုရား။ နိဗ္ဗာန်ကို မရဘဲလျက် 'နိဗ္ဗာန်ချမ်းသာလှ၏။'ဟု အဘယ့်ကြောင့် သိနိုင်လေသနည်း။''-ဟု မေးပြန်၏။

''မင်းကြီး။ အသို့ အောက်မေ့သနည်း။ အကြင်သူတို့အား ဖြတ်အပ်သောလက်,ခြေ ရှိကုန်သည် မဖြစ်ကုန်။ ထိုသူတို့သည် မင်းကြီး 'လက်,ခြေ၏ပြတ်ခြင်းသည် ဆင်းရဲ၏။'ဟု သိရာမည်လော။''-ဟု ဆိုလျှင်၊

''အရှင်ဘုရား။ 'လက်,ခြေပြတ်သော် ဆင်းရဲချေ၏။'-ဟု ထိုသူတို့သည် သိလေကုန်ရာ၏။'' ဟုဆိုလျှင်၊

''မင်းကြီး။ ထိုသူတို့ အဘယ့်ကြောင့် သိလေကုန်အံ့သနည်း။''-ဟုမေးပြန်သော်၊

''အရှင်ဘုရား။ လက်,ခြေပြတ်သော သူတစ်ပါးတို့၏ ငိုကြွေးသောအသံကို ကြား၍ 'လက်,ခြေပြတ်သော် ဆင်းရဲချေ၏။'-ဟူ၍ သိကုန်ရာ၏။''-ဟုဆိုလျှင်၊

''မင်းကြီး။ ထို့အတူ အကြင်ပုဂ္ဂိုလ်မြတ်တို့သည် နိဗ္ဗာန်ကို မြင်ကုန်၏။ ထိုနိဗ္ဗာန်ကို မြင်သော သူတို့၏စကားကို ကြား၍ 'နိဗ္ဗာန်သည် ချမ်းသာလှ၏။'-ဟု သိ၏။''-ဟူ၍ဖြေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံ၏။

နိဗ္ဗာန်ချမ်းသာစကားနှင့် လက်,ခြေပြတ်သော ဆင်းရဲစကားကို ဥပမာပြုခြင်းသည် အသဒိသူပမာဖြင့် ပြ၍ ဖြေသည်။-ဟု ယူအပ်သည်။

နိဗ္ဗာန် အလဘန္တသ နိဗ္ဗာနသ သုခဘာဝ ဇာနနပဉ္ဟာ ပြီး၏။

ဤတွင်ရွေ့ ၄ ခုမြောက်သော 'နိဗ္ဗာနဝဂ်'သည် ပြီး၏။

mgyoe.com

 mgyoe.com SAMPLE BOOK

၅-ဗုဒ္ဓဝင်
အမေးအဖြေ ၁၀ ခု

၁-ဗုဒ္ဓဿ အတ္ထိနတ္ထိဘာဝပဥှာ
လောကၱ ဘုရားရှိ-မရှိ

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အရှင်ဘုရားသည် ဘုရားရှင်ကို မြင်ဖူးပါ၏လော။"-ဟုမေး၏။

"မင်းကြီး။ ဘုရားရှင်ကို ငါ မမြင်ဖူးချေ။"-ဟုဆိုသော်၊

"အရှင်ဘုရား၏ ဆရာတို့သည် မြင်ဖူးပါသလော။"-ဟုမေးပြန်၏။

"ငါ၏ဆရာတို့သည်လည်း မမြင်ဖူးကုန်။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ထိုသို့တပြိုးကား ဘုရား မရှိခဲ့တကား။"-ဟုဆို၏။

"မင်းကြီး။ အသို့ ဆိုတုံသနည်း။ ဟိမဝန္တာ၌ 'ဥဟာ'အမည်ရှိသောမြစ်ကို မင်းကြီး မြင်ဖူး၏လော။"-ဟုဆိုလျှင်၊

"အရှင်ဘုရား။ 'ဥဟာ'မည်သောမြစ်ကို ဒကာတော် မမြင်စဖူးချေ။"-ဟုဆို၏။

"မင်းကြီး။ ဤသို့ဆိုသော် သင်မင်းကြီး၏အဖသည် မြင်ဖူးပါ၏လော။"-ဟု ဆိုသော်၊

"ထိုသို့ တပြိုးကား မင်းကြီး 'ဥဟာ'မည်သောမြစ်သည် မရှိခဲ့တကား။"-ဟုဆို၏။

"အရှင်ဘုရား။ 'ဥဟာ'မည်သောမြစ်ကို ဒကာတော် မြင်စဖူးသည် မရှိ။ ဒကာတော်၏ အဖလည်း အကယ်၍ မြင်စဖူးသည် မရှိ။ ထိုသို့ မြင်စဖူးသည် မရှိသော်လည်း 'ဥဟာ'မည်သောမြစ်သည် ရှိ၏။"-ဟုဆို၏၊

"မင်းကြီး။ ထို့အတူလည်းကောင်း ငါသည် ဘုရားရှင်ကို အကယ်၍ မြင်စဖူးသည် မရှိ။ ငါ၏ဆရာတို့လည်း မြင်စဖူးသည် မရှိ။ ထိုသို့ဖြစ်သော်လည်း စင်စစ်သော်ကား ဘုရားရှင် ရှိ၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟုဝန်ခံ၏။

ဗုဒ္ဓဿ အတ္ထိနတ္ထိဘာဝပဥှာ ပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK

၂-ဗုဒ္ဓဿ ဘဂဝတော အနုတ္တရဘာဝပဉ္ဟာ
ဘုရားရှင်၏ အတုမရှိကြောင်း

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ ဘုရားရှင်သည် အတုမရှိသောပုဂ္ဂိုလ် ဖြစ်သလော။''-ဟု မေး၏။

''မင်းကြီး။ ဘုရားရှင်သည် အတုမရှိသောပုဂ္ဂိုလ်မြတ် ဖြစ်၏။''-ဟုဖြေ၏။

''အရှင်ဘုရား။ အဘယ့်ကြောင့် မမြင်ဘဲလျက် ဘုရားရှင်ကို 'အတုမရှိသောပုဂ္ဂိုလ်မြတ် ဖြစ်ကြောင်း'ကို သိရလေသနည်း။''-ဟုမေး၏။

''မင်းကြီး။ အသို့ အောက်မေ့သနည်း။ အကြင်သူသည် မဟာသမုဒ္ဒရာကို မြင်စဖူးသည် မဖြစ်ကုန်။ ထိုသူတို့သည် မဟာသမုဒ္ဒရာကား ကျယ်၏၊ နက်သောရေ ရှိ၏၊ နှိုင်းယှဉ်စရာ မရှိ၊ ကူးခြင်းငှာ ခဲ၏၊ ထိုသမုဒ္ဒရာ၌ 'ဂင်္ဂါ, ယမုန်နာ, အစိရဝတီ, မဟီ, သရဘူ'ဟုဆိုအပ်သော မြစ်ကြီး ၅ စင်းတို့သည် မပြတ်စီးကုန်၏။ ထိုမဟာသမုဒ္ဒရာအား 'လျော့၏'ဟူ၍လည်းကောင်း၊ 'ပြည့်၏'ဟူ၍လည်းကောင်း ထင်နိုင်သည် မဟုတ်လော။''-ဟုဆိုသော်၊

''အရှင်ဘုရား။ ဩော်-သိရပါပြီ။''-ဟုဆို၏။

''မင်းကြီး။ ထို့အတူလည်းကောင်း များစွာသော တပည့်တော်သာဝကပုဂ္ဂိုလ်သူမြတ်တို့ ပရိနိဗ္ဗာန်ပြုတော်မူကြသည်တို့ကို မြင်ရ၍၊ ဘုရားရှင်သည် လောက ၃ ပါး၌ အတုမရှိသောပုဂ္ဂိုလ်သူမြတ်ဟူ၍ သိရ၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံ၏။

ဗုဒ္ဓဿ ဘဂဝတော အနုတ္တရဘာဝပဉ္ဟာ ပြီး၏။

၃-ဗုဒ္ဓဿ အနုတ္တရဘာဝ ဇာနနပဉ္ဟာ
ဘုရားရှင်၏ အတုမရှိကြောင်း သိနိုင်ပါသလော။

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ ဘုရားရှင်ကို 'လောက ၃ ပါး၌ အတုမရှိသော ပုဂ္ဂိုလ်မြတ်'ဟု သိခြင်းငှာ တတ်ကောင်းအံ့လော။''-ဟုမေး၏။

''မင်းကြီး။ ဘုရားရှင်ကို 'လောက ၃ ပါး၌ အတုမရှိသောပုဂ္ဂိုလ်မြတ်'ဟု သိခြင်းငှာ တတ်နိုင်ကောင်း၏။''-ဟုဖြေ၏။

''အရှင်ဘုရား။ အဘယ့်ကြောင့် ဘုရားရှင်ကို အနုတ္တရ-အတုမရှိသောပုဂ္ဂိုလ်၏အဖြစ်ကို သိခြင်းငှာ တတ်နိုင်အံ့နည်း။''-ဟုမေး၏။

''မင်းကြီး။ ရှေးကာလ၌ 'တိဿထေရ'အမည်ရှိသော လက်ရေးဆရာသည် ထင်ရှားစွာဖြစ်၏။ သေလွန်လေသော် တိဿထေရဆရာရေးအပ်သော လက်ရေးကို များစွာသောနှစ်တို့ပတ်လုံး ကာလရှည်

mgyoe.com

mgyoe.com SAMPLE BOOK

လျားလျက် 'တိသဃေရဆရာရေးအပ်သော လင်္ကာရေး'ဟု အဘယ့်ကြောင့် သိကြရလေသနည်း။''-ဟု မေးသော်၊

''အရှင်ဘုရား။ လင်္ကာရေးကိုမြင်သဖြင့် 'တိသဃေရဆရာရေးအပ်သော လင်္ကာရေး'ဟု သိနိုင်ခြင်းငှာ ဖြစ်၏။''-ဟုဆိုသော် ''မင်းကြီး။ ထို့အတူလည်းကောင်း အကြင်သူသည် ဘုရားရှင် ဟောအပ်သောတရားကို မြင်၏။ ထိုသူသည် 'ဘုရားရှင်ကို မြင်သည်' မည်၏။ ထိုဆိုအပ်သောစကား သည် မှန်၏။ မှန်ကြောင်းလည်း မင်းကြီး-တရားတော်ကို ဘုရားရှင်သည်ပင်လျှင် ဟောအပ်သောတရား ဖြစ်၏၊ ထို့ကြောင့် ဘုရားရှင်ကို 'အနုတ္တရ-အတုမရှိပုဂ္ဂိုလ်'ဟူ၍ သိရာ၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံ၏။

ဗုဒ္ဓဿ အနုတ္တရဘာဝ ဇာနနပဉှာ ပြီး၏။

၄-ဓမ္မဒိဋ္ဌပဉှာ
အရှင်သည် တရားကို မြင်ပြီလော။

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ အရှင်ဘုရားသည် တရားတော်ကို မြင်သလော။''-ဟုမေး၏။

''မင်းကြီး။ ဘုရားရှင်သည် ဆောင်တော်မူအပ်သောကြောင့်၊ ဘုရားရှင်သည် ပညတ်တော်မူအပ်သောကြောင့် တပည့်သားတော်တို့သည် အသက်ထက်ဆုံး ကျင့်အပ်ပေ၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံ၏။

ဤအရာ၌ 'တရားကို အရှင်သည် မြင်သလော။'ဟုမေးသော် အရှင်နာဂသေနက မြင်လျှင် 'မြင်၏' မမြင်လျှင် 'မမြင်'ဟုဖြေအပ်လျက်၊ တပည့်သားတော်တို့သည် အသက်ထက်ဆုံးကျင့်အပ်သည်ဟု ရိပ်ခဲ့ကာသာ ဖြေအပ်သည်။ လောကုတ္တရာနှင့် စပ်ယှက်သောကြောင့် တိုက်ရိုက်မပြောလေ။ ရိပ်ခဲ့ကာသာ ဖြေဆိုသည်နှင့် 'သင့်တင့်လျောက်ပတ်ပေ၏'-ဟု တရားကိုသိသော မင်းဖြစ်၍ ဝန်ခံလေသည်။-ဟု ယူမှ သင့်မည်။

ဓမ္မဒိဋ္ဌပဉှာ ပြီး၏။

၅-နစသင်္ခမန ပဋိသန္ဓဟနပဉှာ
ဘဝဟောင်းမှ မပြောင်း ပဋိသန္ဓေနေခြင်း

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ ဤပစ္ဆုပ္ပန် ဘဝမကူးဘဲ ဘဝသစ်၌ ပဋိသန္ဓေနေသလော။'' -ဟုမေး၏။

''မင်းကြီး။ ဤပစ္ဆုပ္ပန်ဘဝမှ ကူးလည်းမကူးဘဲ ပဋိသန္ဓေနေ၏။''-ဟုဆိုသော်၊

''အရှင်ဘုရား။ အဘယ့်ကြောင့် မကူးဘဲ ပဋိသန္ဓေ နေလေသနည်း။ ထိုစကားကို ဥပမာပြပါဦးလော့။''-ဟုဆို၏။

mgyoe.com

 mgyoe.com SAMPLE BOOK

"မင်းကြီး။ ဥပမာသော်ကား တစ်စုံတစ်ယောက်သောယောကျ်ားသည် ဆီမီးခွက်တစ်ခွက်မှ ဆီမီးခွက်တစ်ခွက်ကို ထွန်းအံ့။ မင်းကြီး ဆီမီးဟောင်းသည် ဆီမီးသစ်သို့ ပြောင်းသလော။"-ဟုဆို၏။

"အရှင်ဘုရား။ ဆီမီးဟောင်းမှ ဆီမီးသစ်သို့ မပြောင်းချေ။"-ဟုဆိုလျှင်၊

"မင်းကြီး။ ထို့အတူလည်းကောင်း ဘဝဟောင်းမှသည် မပြောင်းဘဲလျက် ဘဝသစ်၌ ပဋိသန္ဓေဖြစ်၏။"-ဟုဖြေ၏။

"အရှင်ဘုရား။ လွန်စွာ ဥပမာပြုပါဦးလော့။"-ဟုဆိုသော်၊

"မင်းကြီး။ သင်မင်းကြီးသည် သူငယ် ဖြစ်သောကာလ၌ သိမ်မွေ့စွာတတ်အပ်သော တစ်စုံတစ်ခု လောကနှင့်စပ်ယှဉ်သောအတတ်ကို ဆရာ၏အထံ၌ သင်အပ်သည် မဟုတ်လော။"-ဟုဆိုသော်၊

"အရှင်ဘုရား။ ဒကာတော်သည် ငယ်ရွယ်သောကာလက ဆရာ၏အထံ၌ သင်ယူအပ်သော အတတ် ရှိ၏။"-ဟုဆိုလျှင်၊

"မင်းကြီး။ အသို့နည်း။ ထိုအတတ်ပညာသည် ထိုဆရာမှ ပြောင်းလေသွားလေသလော။"-ဟုဆိုသော်၊

"အရှင်ဘုရား။ ထိုအတတ်သည် ထိုဆရာမှ မပြောင်းပေ။"-ဟုဆို၏။

"မင်းကြီး။ ထို့အတူ အဟောင်းဖြစ်သောဘဝမှ မပြောင်းဘဲလျက် ဘဝသစ်၌ ပဋိသန္ဓေဖြစ်၏။"-ဟုဆိုသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

နစသက်မန ပဋိသန္ဓဟနပဉ္ဟာ ပြီး၏။

၆-ဝေဒဂူပဉ္ဟာ

ပုဂ္ဂိုလ်ကောင် အတွက်

မိလိန္ဒမင်းသည် "အရှင်ဘုရား။ သိအပ်သောတရားကို သိတတ်သောပုဂ္ဂိုလ်ကို ရအပ်မည်လော။"-ဟု မေး၏။

"မင်းကြီး။ ပရမတ္ထအားဖြင့် သိအပ်သောတရားကို သိတတ်သော 'ဝေဒဂူပုဂ္ဂိုလ်'ဟူ၍ မရအပ်။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဝေဒဂူပဉ္ဟာ ပြီး၏။

mgyoe.com

 mgyoe.com SAMPLE BOOK

၇-ဣမမှာ ကာယာ အညံ ကာယံ သင်္ကိမနပဗ္ဗာ
ဤကိုယ်မှ ထိုကိုယ်သို့ ပြောင်းသောသတ္တဝါကောင် ရှိ-မရှိ

မိလိန္ဒမင်းသည် "အရှင်ဘုရား။ တစ်စုံတစ်ယောက်သော သတ္တဝါသည် ဤကိုယ်မှ တစ်ပါးသော ကိုယ်သို့ ပြောင်းလေ သွားလေသလော။"-ဟုမေး၏။

"မင်းကြီး။ သတ္တဝါသည် ဤကိုယ်မှ တစ်ပါးသောကိုယ်သို့ မပြောင်း။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ဤကိုယ်မှပြောင်းသော သတ္တဝါသည် အကယ်၍မရှိအံ့။ မကောင်းမှုတို့မှ လွတ်သည် ဖြစ်ကောင်းအံ့လော။"-ဟုမေးပြန်သော်၊

"မင်းကြီး။ အကယ်၍ ပဋိသန္ဓေနေသည် ဖြစ်အံ့။ မကောင်းမှုတို့မှ မလွတ်သည် ဖြစ်လတ္တံ့။ အကြင်သတ္တဝါသည် ပဋိသန္ဓေနေ၏။ ထိုသတ္တဝါသည် မကောင်းမှုတို့မှ မလွတ်လတ္တံ့။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ဥပမာအားဖြင့် ပြပါဦးလော့။"-ဟုဆို၏၊

"မင်းကြီး။ ဥပမာသော်ကား တစ်စုံတစ်ယောက်သော ယောကျ်ားသည် တစ်ယောက်သော ယောကျ်ား၏ သရက်သီးကို ခိုးအံ့။ သရက်သီးကို ခိုးသောသူသည် ဒဏ်ရောက်သည် ဖြစ်ရာသလော။" ဟုဆိုသော်၊

"အရှင်ဘုရား။ ဒဏ်ရောက်သည် ဖြစ်ရာ၏။"-ဟု ဆို၏။

"မင်းကြီး။ ခိုးအပ်သော သရက်သီးတို့ကို ထို တရားစွဲသောယောကျ်ားသည် စိုက်ပျိုးရင်း သရက်သီးတို့ကို မခိုးတကား။ အဘယ့်ကြောင့် ထိုခိုးသောယောကျ်ားအား ဒဏ်ရောက်ရာသနည်း။"-ဟု ဆိုခဲ့သော်၊

"အရှင်ဘုရား။ ထိုယောကျ်ား စိုက်ပျိုးရင်းသရက်သီးတို့ကို မှီ၍ အကြောင်းရင်းဖြစ်သောကြောင့် ဖြစ်ကုန်၏။ ထိုအကြောင်းရင်းကို စွဲ၍ ထိုယောကျ်ားအား ဒဏ်ရောက်ရာ၏။"-ဟုဆို၏။

"မင်းကြီး။ ထိုကဲ့သို့လည်းကောင်း ဤပစ္စုပ္ပန် နာမ်,ရုပ်ဖြင့် ကောင်းသောအမှု, မကောင်းသော အမှုကို ပြု၏။ ထိုကံတရားဖြင့် တစ်ပါးသော နာမ်,ရုပ် ပဋိသန္ဓေဖြစ်။ ထို့ကြောင့် မကောင်းမှုမှ မလွတ်။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဣမမှာ ကာယာ အညံ ကာယံ သင်္ကိမနပဗ္ဗာ ပြီး၏။

mgyoe.com

 mgyoe.com SAMPLE BOOK

၈-ကမ္မဖလာနံ အတ္ထိဘာဝပဉ္ဟာ

ကံတရားတို့သည် အဘယ်အရပ်၌ ရှိကြသနည်း။

မိလိန္ဒမင်းသည် "အရှင်ဘုရား။ ဤနာမ်ဖြင့် ကုသိုလ်, အကုသိုလ်ကံကို ပြုအပ်၏။ ထိုကုသိုလ်, အကုသိုလ်ကံတရားတို့သည် အဘယ်အရပ်၌ တည်ကုန်သနည်း။"-ဟုမေး၏။

"မင်းကြီး။ ထိုကုသိုလ်ကံ, အကုသိုလ်ကံတရားတို့သည် သွားလေသောအခါ အရိပ်ပါသကဲ့သို့ အစဉ်အတိုင်း လိုက်ကုန်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ထိုကုသိုလ်ကံ, အကုသိုလ်ကံတို့ကို ဤမည်သောအရပ်တို့၌ တည်ကုန်၏ဟု ပြခြင်းငှာ တတ်နိုင်အံ့လော။"-ဟုမေးပြန်၏။

"မင်းကြီး။ ထိုကုသိုလ်ကံ, အကုသိုလ်ကံတို့ကို 'ဤမည် ဤမည်သောအရပ်တို့၌ တည်ကုန်၏။'-ဟူ၍ ပြခြင်းငှာ မတတ်နိုင်။"-ဟုဆိုလျှင်၊

"အရှင်ဘုရား။ ဥပမာအားဖြင့် ပြပါဦးလော့။"-ဟုဆို၏။

"မင်းကြီး။ အသို့ အောက်မေ့သနည်း။ အကြင်သစ်ပင်တို့သည် အသီး မရှိကုန်။ ထိုသစ်ပင်တို့ကို 'ဤမည် ဤမည်သောအရပ်တို့၌ အသီးရှိလျက် တည်ကုန်၏။'ဟု ပြခြင်းငှာ တတ်ကောင်းအံ့လော။"-ဟုဆိုသော်၊

"အရှင်ဘုရား။ အသီးမရှိသောသစ်ပင်တို့ကို 'အသီးရှိကုန်၏'ဟု ပြခြင်းငှာ မတတ်နိုင်ချေ။" ဟူ၍ဆိုသော်၊

"မင်းကြီး။ ထို့အတူလည်းကောင်း သံသရာဘဝ၏ မပြတ်ဖြစ်သောအစဉ်ဖြင့် ထိုကုသိုလ်ကံ, အကုသိုလ်ကံတို့ကို 'ဤမည် ဤမည်သောအရပ်၌ တည်ကုန်၏။'-ဟူ၍ ထုတ်ဖော်ခြင်းငှာ မဘတ်ကောင်း။"-ဟုဆိုသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ကမ္မဖလာနံ အတ္ထိဘာဝပဉ္ဟာ ပြီး၏။

၉-ဥပ္ပဇ္ဇတိ ဇာနနပဉ္ဟာ

ဘဝသစ်၌ ဖြစ်လတ္တံ့ကို သိ-မသိ

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အကြင်ပုဂ္ဂိုလ်သည် ပစ္စုပ္ပန်ဘဝ ဖြစ်ဆဲဖြစ်၏။ ထိုပုဂ္ဂိုလ်သည် 'ငါကား လာလတ္တံ့သောဘဝသစ်၌ ဖြစ်လတ္တံ့။'-ဟူ၍ သိရာအံ့လော။"-ဟုမေး၏။

"မင်းကြီး။ အကြင်ပုဂ္ဂိုလ်သည် ပစ္စုပ္ပန်ဘဝ ဖြစ်ဆဲ ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် 'ငါ ဘဝသစ်၌ ဖြစ်လတ္တံ့။'-ဟူ၍ သိ၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ဥပမာအားဖြင့် ပြပါဦးလော့။"-ဟုဆို၏။

"မင်းကြီး။ ဥပမာသော်ကား လယ်လုပ်သောယောကျ်ားသည် မျိုးစေ့တို့ကို မြေ၌ ပစ်ချအပ်ပြီးသော်၊ မိုး ကောင်းစွာရွာသည်ရှိသော် 'ငါ၏စပါး ဖြစ်လတ္တံ့။'-ဟူ၍ သိရာအံ့လော။"-ဟုမေးသော်၊

 mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ သိရာ၏။"-ဟုဆို၏။

"မင်းကြီး။ ထို့အတူလည်းကောင်း အကြင်သူသည် ပစ္စုပ္ပန်ဘဝ၌ ဖြစ်ဆဲ ဖြစ်၏။ ထိုငါသည် 'ဘဝသစ်၌ ဖြစ်လတ္တံ့။'-ဟု သိရာ၏။"-ဟူ၍ ဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဥပဓိတိ ဇာနနပဉှာ ပြီး၏။

၁၀-ဗုဒ္ဓနိဒဿနပဉှာ

ဘုရား ထင်ရှားရှိကြောင်း ပြနိုင်ပါသလော။

မိလိန္ဒမင်းသည် "အရှင်ဘုရား။ ဘုရားရှင်သည် ထင်ရှားရှိ၏လော။"-ဟုမေး၏။

"မင်းကြီး။ ဘုရားရှင်သည် ထင်ရှားရှိတော်မူ၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ဘုရားရှင်ကို 'ဤမည် ဤမည်သောအရပ်၌ ရှိ၏။'-ဟု ညွှန်ပြခြင်းငှာ တတ်နိုင်အံ့လော။"-ဟုမေးသော်၊

"မင်းကြီး။ ဘုရားသခင်သည် ကမ္မဇရုပ် အကြွင်းမရှိ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။ ဘုရားရှင်ကို 'ဤမည် ဤမည်သောအရပ်၌ရှိ၏။'-ဟု ညွှန်ပြခြင်းငှာ မတတ်နိုင်။"-ဟု ဖြေ၏။

"အရှင်ဘုရား။ ဥပမာအား ပြုပါဦးလော့။"-ဟုဆိုသော်၊

"မင်းကြီး။ အသို့အောက်မေ့သနည်း။ ပြောင်ပြောင်တောက်သော မီးပုံကြီး၏အလျှံသည် ငြိမ်းခြင်း၊ချုပ်ခြင်းသို့ ရောက်၏။ ထိုမီးလျှံကို 'ဤမည် ဤမည်သောအရပ်၌ ရှိသေး၏။'-ဟု ပြခြင်းငှာ, ညွှန်ခြင်းငှာ တတ်နိုင်ကောင်းအံ့လော။"-ဟုဆို၏။

"အရှင်ဘုရား။ ပြောင်ပြောင်တောက်သော မီးပုံကြီး၏ ငြိမ်းခြင်း၊ချုပ်ခြင်းသို့ ရောက်သော် 'ဤမည် ဤမည်သောအရပ်၌ မီးလျှံသည် ရှိသေး၏။'-ဟု ပြခြင်း, ညွှန်ခြင်းငှာ မတတ်နိုင်ရာ။ ချုပ်လေပြီးသော မီးလျှံသည် 'ရှိသေး၏'ဟု မခေါ်ဝေါ်အပ်သောအဖြစ်သို့ ရောက်၏။"-ဟု ဆိုသော်၊

"မင်းကြီး။ ထိုမီးပုံကြီးကဲ့သို့ ဘုရားသခင်သည် ကမ္မဇရုပ် အကြွင်းမရှိ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၍ ချုပ်ခြင်းသို့ ရောက်တော်မူလေပြီ။ 'ဤမည် ဤမည်သောအရပ်၌ ဘုရားရှင် ရှိသေး၏။'-ဟု ပြခြင်းငှာ မတတ်နိုင်ရာ။ မင်းကြီး-ဘုရားရှင်သည် ဟောတော်မူအပ်သော တရားတော်အပေါင်းဖြင့်ကား ဘုရားရှင် ထင်ရှားရှိကြောင်းကို ပြခြင်းငှာ တတ်နိုင်ကောင်း၏။ ထိုစကားသည်လည်း မှန်၏။ မှန်ကြောင်းကား မင်းကြီး-ဘုရားရှင်ဟောတော်မူသော တရားတော်သည် ထင်ရှားရှိသောကြောင့် 'ဘုရားရှိ၏'ဟုဆိုခြင်း, ပြခြင်းငှာ တတ်ကောင်း၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဗုဒ္ဓ နိဒဿနပဉှာ ပြီး၏၊

ဤတွင်ရွေးကား ၅ ခုမြောက်သော ဗုဒ္ဓဝဂ်သည် ပြီး၏။

mgyoe.com

 gyoe.com SAMPLE BOOK

၆-သတိဝဂ်

အမေးအဖြေ ၁၆ ခု

၁-ပဗ္ဗဇိတာနံ ကာယဝိယဘာဝပဉ္ဟာ

ဘုရားတပည့်ရဟန်းများ ကိုယ်ကို ချစ်-မချစ်

မိလိန္ဒမင်းသည် "အရှင်ဘုရား။ ဘုရားရှင်၏တပည့်ရဟန်းတို့သည် မိမိကိုယ်ကို ချစ်သလော။" -ဟု မေး၏။

"မင်းကြီး။ ဘုရားရှင်၏တပည့်သဃ်ာတော်တို့သည် မိမိကိုယ်ကို မချစ်။"-ဟု ဖြေ၏။

"အရှင်ဘုရား။ ထိုရဟန်းတို့သည် အကယ်၍ မိမိကိုယ်ကို မချစ်သော် အဘယ့်ကြောင့် မြတ်နိုးတန်ကိုယ်ကို သုတ်သင်ကြကုန်သနည်း။ မရက်မစက် ကိုယ်ကို ပြုကြကုန်သနည်း။"-ဟုမေးသော်၊

"မင်းကြီး။ တရံတစ်ဆစ်သောကာလ စစ်မြေပြင်သို့ရောက်သော မင်းကြီးအား မြား,လှံတို့ဖြင့် ခိုက်တိုက်မိသော် အနာဖြစ်သည် မဟုတ်လော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ဖြစ်ဖူးချေ၏။"-ဟု ဆို၏။

"မင်းကြီး-အသို့နည်း။ ထိုမြား,လှံ ခိုက်တိုက်မိသောအနာကို လိမ်းကျံအပ်သော ဆေးဆိတို့ဖြင့်လည်း လိမ်းကျံ၏။ စည်းအပ်သော ပုဆိုးတို့ဖြင့်လည်း စည်း၏။"-ဟုဆိုသော်၊

"မင်းကြီး။ အသို့ နှလုံးသွင်းသနည်း။ သင်မင်းကြီးအား ထိုအနာကို ဆေးဆိစသည်တို့ဖြင့် အပြေအပြစ်ပြုခြင်းသည် ချစ်မြတ်နိုး၍ ပြုအပ်သလော။"-ဟုဆို၏။

"အရှင်ဘုရား။ ထိုအနာကို အပြေအပြစ်ပြုအပ်သော်လည်း ချစ်မြတ်နိုး၍ ပြုအပ်သည် မဟုတ်။ စင်စစ်သော်ကား သွေးမယိုစိမ့်သောငှာ အသားနုတက်၍ ပြကတော့ဖြစ်စိမ့်သောငှာ၊ လိမ်းအပ်သော ဆေးဆိတို့ဖြင့် လိမ်းကျံ၏။ ပုဆိုးဖြင့် စည်း၏။"-ဟုဆိုလျှင်၊

"မင်းကြီး။ ထို့အတူ ဘုရားရှင်၏ တပည့်သားတော် ရဟန်းသဃ်ာတို့အား ကိုယ်ကို ချစ်မြတ်နိုး၍ အပြေအပြစ်မပြု။ စင်စစ်သော်ကား ရဟန်းသည် ကိုယ်ကို မတပ်မက်မောသဖြင့် မြတ်သောအကျင့်ကို ကျင့်အံ့သောငှာ ဆောင်ကုန်၏။ မင်းကြီး-စင်စစ်လည်း ဘုရားရှင်သည် ဤကိုယ်ကို အနာကဲ့သို့ ငါ၏ တပည့်တို့သည် ဆောင်ကုန်၏။ မမက်မောကြကုန်။"-ဟုဟောတော်မူ၏။

သာဓကပါဠိကား

'အလ္လစမ္မပုဋ္ဌန္နော၊ နဝဒ္ဒါရော မဟာဝဏ္ဏော။
သမန္တတော ပဂ္ဂ ရတိ၊ အသုစိ ပူတိ ဂန္ဓိကော။ ။'

'မဟာဝဏ္ဏော၊ ကြီးလှစွာသော 'အနာတည်း' ဟူသော။ အယံ ကာယော ဤကိုယ်သည်၊ နဝဒ္ဒါရော၊ ၉ ပါးသောအပေါက် ရှိ၏။ အလ္လစမ္မပုဋ္ဌန္နော၊ စိုသောအရေဖြင့် ဖုံးလွှမ်းခြင်း ရှိ၏။ အသုစိ ပူတိ ဂန္ဓိကော၊ မစင်တို့ဖြင့် ပုပ်သောအနံ့ ရှိသည်ဖြစ်၍။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ပဂ္ဂရတိ၊ ယိုစီး၏။'-ဟု သာဓကနှင့်တကွ ဖြေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံလေ၏။

ပဗ္ဗဇိတာနံ ကာယ ဝိယဘာဝပဉ္စာ ပြီး၏။

၂-ဘဂဝတော သဗ္ဗညုဘာဝပဉ္စာ

ဘုရားရှင်သည် အလုံးစုံသောတရားကို သိ-မသိ

မိလိန္ဒမင်းသည် ''အရှင်ဘုရား။ ဘုရားရှင်သည် အလုံးစုံသောတရားကို မြင်တော်မူလေ့ရှိသည်ဖြစ်၍ 'သဗ္ဗညူ' မည်တော်မူသလော။''-ဟုမေး၏။

'မင်းကြီး။ ဘုရားရှင်သည် အလုံးစုံသောတရားကို မြင်တော်မူသည်ဖြစ်၍ 'သဗ္ဗညူ' မည်တော်မူ၏။''-ဟု ဖြေသော်၊

''အရှင်ဘုရား။ ထိုသို့ အလုံးစုံသောတရားကို မြင်တော်မူလျက်၊ အစဉ်အတိုင်း သိက္ခာပုဒ်ကို ပညတ်တော်မူကောင်းလျက် အဘယ့်ကြောင့် တပည့်သားတို့ အပြစ်အရေးပေါ်မှ ပညတ်တော်မူသနည်း။''-ဟု မေးပြန်၏။

''မင်းကြီး။ မင်းကြီး၌ အလုံးစုံသောဆေးတို့ကို သိတတ်သော တစ်စုံတစ်ယောက်သော ဆေးသမားသည် ရှိ၏လော။''-ဟုမေးသော်၊

''အလုံးစုံသောဆေးတို့ကို သိတတ်သော ဆေးသမား ရှိပါ၏။''-ဟုဆိုလျှင်၊

''မင်းကြီး-အသို့နည်း။ ထိုဆေးသမားသည် နာဖျားမကျန်းရှိသောသူကို ဆေးတိုက်အံ့သောကာလ၌သာ ဆေးကို တိုက်သလော။ ထိုသို့မဟုတ် အခါမရောက်မီ ဆေးကို တိုက်လေသလော။''-ဟုဆို၏။

''အရှင်ဘုရား။ နာသောသူကို ဆေးတိုက်သောကာလ၌ တိုက်၏။ မတိုက်အပ်သောကာလ၌ မတိုက်ပါ။''-ဟုဆိုသော်၊ ''မင်းကြီး။ ထို့အတူ ဘုရားရှင်သည် အလုံးစုံသောတရားကို မြင်တော်မူလေ့ရှိသည်ဖြစ်၍ 'သဗ္ဗညူ' မည်တော်မူ၏။ တပည့်သဃ်တော်တို့အား သိက္ခာပုဒ်ကို အခါမရောက်သော် ပညတ်တော် မမူ။ အခါရောက်သော်သာ 'အသက်ထက်ဆုံး မလွန်ကျူးအပ်'-ဟူ၍ ပညတ်တော်မူ၏။''-ဟုဖြေသော်၊

''အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။''-ဟု ဝန်ခံလေ၏။

ဘဂဝတော သဗ္ဗညုဘာဝပဉ္စာ ပြီး၏။

mgyoe.com

 mgyoe.com SAMPLE BOOK

၃-ဘဂဝတော ဒဠ္ဟိသမဟာပုရိသလက္ခဏာပဉ္ဟာ
ဘုရားရှင်သည် မိဘနှင့် တူ-မတူ

မိလိန္ဒမင်းသည် "အရှင်ဘုရား။ မြတ်စွာဘုရားသည် ၃၂ ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာကြီးတို့နှင့် ပြည့်စုံတော်မူ၏။ ၈၀ သောလက္ခဏာတော်ငယ်တို့ဖြင့်လည်း မြွေးယှက်အပ်သည် ဖြစ်၍ ရွှေအဆင်းကဲ့သို့သော အဆင်းတော်, ရွှေစင်ကဲ့သို့သော အရေတော်, ၁လံမျှလောက်သော ရောင်ခြည်တော်အဝန်းလည်း ရှိတော်မူ၏လော။"-ဟုမေး၏။

"မြတ်သော့မင်းကြီး။ ဘုရားရှင်သည် ၃၂ ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံတော်မူ၏။ ၈၀ သော လက္ခဏာတော်ငယ်တို့ဖြင့် မြွေးယှက်အပ်သည်ဖြစ်၍ ရွှေအဆင်းကဲ့သို့သော အဆင်းတော်, ရွှေစင်ကဲ့သို့သော အရေတော်, ၁လံမျှလောက်သော ရောင်ခြည်တော်ဝန်းလည်း ရှိ၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ ထိုဘုရားရှင်၏ မယ်တော်,ခမည်းတော်တို့သည်လည်း ၃၂ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး, ၈၀ သော လက္ခဏာတော်ငယ်, ရွှေစင်ကဲ့သို့သော အဆင်းအရေ, ၁ လံမျှလောက်သော ရောင်ခြည်တော်ဝန်းတို့နှင့် ပြည့်စုံကုန်သလော။"-ဟုမေးသော်၊

"မင်းကြီး။ မယ်တော်, ခမည်းတော်တို့သည် ယောက်ျားမြတ်တို့၏ လက္ခဏာကြီးတို့နှင့် မပြည့်စုံကုန်။ ၈၀ သောလက္ခဏာတော်ငယ်တို့နှင့်လည်း မပြည့်စုံကုန်။ ရွှေအဆင်းကဲ့သို့သော အသားအရေတို့သည်လည်း မရှိကုန်။"-ဖြေသော်၊

"အရှင်ဘုရား။ ဤသို့ဖြစ်သည်ရှိသော် မြတ်စွာဘုရားသည် ၃၂ ပါးသော လက္ခဏာတော်ကြီး, ၈၀ သောလက္ခဏာတော်ငယ် စသည်တို့မှ ပြည့်စုံသည် မဖြစ်ရာ။ စင်စစ်သော်ကား အမိဘက်သို့လိုက်၍ အမိမျိုးနှင့်တူသော သားသည်လည်း ဖြစ်ရာ၏။ အဖဘက်သို့လိုက်၍ အဖမျိုးနှင့်တူသော သားလည်း ဖြစ်ရာ၏။"-ဟုဆိုသော်၊

ရှင်နာဂသေနမထေရ်သည် "မြတ်သောမင်းကြီး။ ပွင့်ချပ် ၁၀၀ ရှိသော ကြာပဒုမ္မာသည် ရှိ၏လော။"-ဟုမေးသော်၊

"အရှင်ဘုရား။ ပွင့်ချပ် ၁၀၀ ရှိသော ကြာပဒုမ္မာ ရှိ၏။"-ဟုဆို၏။

"မင်းကြီး။ ထိုပဒုမ္မာဖြစ်ရာအရပ်သည် အဘယ်၌ ဖြစ်သနည်း။"-ဟုမေး၏၊

"အရှင်ဘုရား။ ထိုကြာသည် ညွှန့်၌ ဖြစ်၏။ ရေ၌ မှီ၏။"-ဟုဆိုသော်၊

"မင်းကြီး။ အသို့နည်း။ ပဒုမ္မာကြာသည် အဆင်း, အနံ့, အရသာအားဖြင့် ညွှန့်နှင့် တူ၏လော။"-ဟုဆိုသော်၊

"အရှင်ဘုရား။ မတူချေ။"-ဟုဆို၏။

"မင်းကြီး။ ထိုသို့ဖြစ်တန်စေ။ ရေနှင့်ကား အဆင်း, အနံ့, အရသာ တူ၏လော။"-ဟု မေးပြန်သော်၊

 mgyoe.com SAMPLE BOOK

"အရှင်ဘုရား။ ရေနှင့်လည်း မတူချေ။"-ဟုဆိုလျှင်၊

"မင်းကြီး။ ထိုပဒုမ္မာကြာနှင့်အတူ မြတ်စွာဘုရားသည် ၃၂ ပါးသောယောကျ်ားမြတ်၏ လက္ခဏာတော်ကြီး, ၈၀ သောလက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံတော်မူ၏။ ရွှေအဆင်းကဲ့သို့ အဆင်းတော်, အရေတော်, အသားတော် ရှိ၏။ ၁လံမျှလောက်သော ရောင်ခြည်တော်ဝန်းလည်း ရှိ၏။ ထိုမြတ်စွာဘုရား၏ မယ်တော်, ခမည်းတော်တို့သည် လက္ခဏာကြီး, လက္ခဏာငယ်, ရွှေအဆင်းကဲ့သို့သော အဆင်း, အရေ, အသား မရှိ။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံလေ၏။

ဘဂဝတော ဒွတ္တိ သမဟာပုရိသလက္ခဏာပဉှာ ပြီး၏။

၄-ဘဂဝတော ဗြဟ္မစာရိပဉှာ
ဘုရားရှင်၏ မြတ်သောအကျင့်

မိလိန္ဒမင်းသည် "အရှင်ဘုရား။ ဘုရားရှင်သည် မြတ်သောအကျင့်ကို ကျင့်တော်မူလေ့ရှိ၍ 'ဗြဟ္မစာရီ'မည်သလော။"-ဟုမေး၏။

"မင်းကြီး။ မြတ်စွာဘုရားသည် မြတ်သောအကျင့်ကို ကျင့်လေ့ရှိ၍ 'ဗြဟ္မစာရီ'မည်၏။" ဟုဖြေသော်၊

"အရှင်ဘုရား။ ထိုသို့တပြီးကား မြတ်စွာဘုရားသည် ဗြဟ္မာ၏တပည့်လော။"-ဟုမေးပြန်၏၊

"မင်းကြီး။ မင်းကြီး၌ ဆင်တကာတို့ထက် ကြီးသောဆင်သည် ရှိ၏လော်။"-ဟုမေးသော် "အရှင်ဘုရား။ ဆင်တကာတို့ထက် ကြီးသောဆင်သည် ရှိ၏။"-ဟုဆို၏။

"မင်းကြီး။ ထိုဆင်ပြောင်ကြီးသည် တရံတဆစ်သော ကာလ၌ ကြိုးကြာသံနှင့်တူသောအသံကို မြည်၏လော။"-ဟုမေးပြန်၏။

"အရှင်ဘုရား။ ထိုဆင်ပြောင်ကြီးသည် တရံတစ်ဆစ်သောကာလ၌ ကြိုးကြာသံနှင့် တူသော အသံကို မြည်တွန်၏။"-ဟုဆိုသော်၊

"မင်းကြီး။ ထိုသို့တပြီးကား ထိုဆင်ပြောင်ကြီးသည် ကြိုးကြာငှက်၏ တပည့်လော။"-ဟုဆို၏။

"အရှင်ဘုရား။ ထိုဆင်ပြောင်ကြီးသည် ကြိုးကြာငှက်၏တပည့် မဟုတ်ချေ။"-ဟုဆို၏။

"မင်းကြီး။ ဗြဟ္မာမင်းသည် ကောင်းစွာ ကြီးသလော။"-ဟုဆိုသော်၊

"အရှင်ဘုရား။ ဗြဟ္မာမင်းသည် ကောင်းစွာကြီးခြင်းဖြင့် ကြီး၏။"-ဟုဆို၏။

"မြတ်သောမင်းကြီး။ ထို့ကြောင့်လျှင် ဗြဟ္မာမင်းသည် ဘုရားရှင်၏တပည့် ဖြစ်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဘဂဝတော ဗြဟ္မစာရိပဉှာ ပြီး၏။

mgyoe.com

 mgyoe.com SAMPLE BOOK

၅-ဘဂဝတော ဥပသမ္မဒပဉ္ဟာ
ဘုရားရှင်နှင့် ရဟန်းအဖြစ်

မိလိန္ဒမင်းသည် "အရှင်ဘုရား။ ပဉ္စင်း၏အဖြစ်သည် ကောင်းမွန်တင့်တယ်သလော။"-ဟု မေး၏။

"မြတ်သောမင်းကြီး။ ပဉ္စင်း၏အဖြစ်သည် အလွန်ကောင်းမွန်တင့်တယ်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ မြတ်စွာဘုရားအား ပဉ္စင်းအဖြစ်သည် ရှိသလော။ ထိုသို့မဟုတ်မူကား ပဉ္စင်း၏ အဖြစ် မရှိသလော။"-ဟုမေး၏။

"မင်းကြီး။ မြတ်စွာဘုရားသည် ဗောဓိပင်၌ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည်နှင့်တကွ ပဉ္စင်းအဖြစ် ပြည့်စုံတော်မူတော့သည်။ ဘုရားရှင်အား သူတစ်ပါးတို့ ပေးအပ်သောပဉ္စင်းအဖြစ် မရှိ။ မင်းကြီး။ ဘုရားရှင်သည် တပည့်သားတော်တို့အား အသက်ထက်ဆုံး မလွန်ကျူးအပ်ဟု သိက္ခာပုဒ်ကို ပညတ်တော်မူအပ်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

ဘဂဝတော ဥပသမ္မဒပဉ္ဟာ ပြီး၏။

၆-အသူနံ ဘေသဇ္ဇာဘေသဇ္ဇပဉ္ဟာ
ဆေးဝင်သောမျက်ရည်နှင့် မဝင်သောမျက်ရည်

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အကြင်သူသည် သေလွန်သော မိခင်,ဖခင်တို့၌ ချစ်မြတ်နိုးသဖြင့် ငိုကြွေး၏။ အကြင်သူသည်လည်း တရားတော်ကို ချစ်မြတ်နိုးသဖြင့် ငိုကြွေး၏။ ထိုငိုကြွေးကုန်သော ၂ ယောက်သားတို့တွင် အဘယ်သူ၏မျက်ရည်သည် အနာမှလွတ်စေတတ်သော ဆေးနှင့်တူသနည်း။ အဘယ်သူ၏မျက်ရည်သည် အနာမှလွတ်စေတတ်သော ဆေးနှင့်မတူသနည်း။"-ဟုမေး၏။

"မင်းကြီး။ တစ်ယောက်သောသူ၏ မျက်ရည်သည် ရာဂ, ဒေါသတို့နှင့် အညစ်အကြေး ရှိသည်ဖြစ်၍ ပူ၏။ တစ်ယောက်သောသူ၏ မျက်ရည်သည် နှစ်လိုဝမ်းသာခြင်း ရှိသဖြင့် အညစ်အကြေးမရှိ ချမ်းအေး၏။ မင်းကြီး-အကြင်မျက်ရည်သည် ချမ်းအေး၏။ ထို ချမ်းအေးသောမျက်ရည်သည် 'အနာကို လွတ်စေတတ်သော ဆေး'မည်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

အသူနံ ဘေသဇ္ဇာဘေသဇ္ဇပဉ္ဟာ ပြီး၏။

 mgyoe.com SAMPLE BOOK

၇-သရာဂ ဝိတရာဂါနံ နာနာကရဏပဉှာ

ရာဂရှိသောပုဂ္ဂိုလ်၏ အမှုအရာနှင့် မရှိသောပုဂ္ဂိုလ်၏ အမှုအရာ

မိလိန္ဒမင်းသည် "အရှင်ဘုရား။ ရာဂရှိသောပုဂ္ဂိုလ်၏ လည်းကောင်း၊ ရာဂကင်းသောပုဂ္ဂိုလ်၏ လည်းကောင်း အကြောင်းအမှုအရာသည် အသို့နည်း။ ထူးသောအကြောင်း ရှိသလော။"-ဟုမေး၏။

"မင်းကြီး။ တစ်ယောက်သော ရာဂရှိသောပုဂ္ဂိုလ်သည် အာရုံ ၅ ပါး၌ တပ်မက်မောခြင်း, မရက်မစက်မြတ်နိုးခြင်း[1] ရှိ၏။ တစ်ယောက်သော ရာဂကင်းသောပုဂ္ဂိုလ်သည် အာရုံ ၅ ပါးတို့၌ တပ်မက်မောခြင်း မရှိ။ မြတ်နိုးခြင်း မရှိ။"-ဟု ဖြေ၏။

"အရှင်ဘုရား။ တပ်မက်မောသည်, မတပ်မက်မောသည်ဟု ဆိုအပ်သောစကားသည် အသို့လျှင် အမှုအရာရှိသနည်း။"-ဟုမေးပြန်သော်၊

"မင်းကြီး။ တစ်ယောက်သောပုဂ္ဂိုလ် လိုချင်သောအမှုအရာ ရှိ၏။ တစ်ယောက်သောပုဂ္ဂိုလ်သည် လိုချင်သောအမှုအရာ မရှိ။"-ဟုဆိုသော်၊

"အရှင်ဘုရား။ ရာဂရှိသောပုဂ္ဂိုလ်, ရာဂကင်းသောပုဂ္ဂိုလ်ဟု ဆိုအပ်သော အလုံးစုံသောပုဂ္ဂိုလ်သည် တင့်တယ်ကောင်းမွန်စွာသော ခဲဖွယ်စားဖွယ်ကို အလိုရှိကြကုန်၏။ မကောင်းသော ခဲဘွယ်စားဘွယ်ကို အလိုမရှိခဲ့တကား။ ထိုအကြောင်းကို တကာတော် မြင်ဖူးပါတကား။"-ဟု လျှောက်၏။

"မင်းကြီး။ ရာဂမကင်းသောပုဂ္ဂိုလ်သည် အရသာကိုလည်းကောင်း၊ ထိုအာရုံ၌ ကပ်ငြိနှစ်သက်သော ရာဂနှင့်တကွလည်းကောင်း ခဲဖွယ်စားဖွယ်ကို ခံစား၏။ ရာဂကင်းသောပုဂ္ဂိုလ်သည်ကား အရသာကို ခံစား၏။ စင်စစ်သော်ကား အရသာ၌ တပ်မက်သောရာဂနှင့်တကွ မခံစား။"-ဟုဆိုသော်၊

"အရှင်ဘုရား။ သင့်တင့်လျှောက်ပတ်ပေ၏။"-ဟုဝန်ခံ၏။

သရာဂ ဝိတရာဂါနံ နာနာကရဏပဉှာ ပြီး၏။

၈-ပညာယ ပတိဋ္ဌာနပဉှာ

ပညာ၏ နေရာအရပ်

မိလိန္ဒမင်းသည် "အရှင်ဘုရား။ ပညာသည် အဘယ်အရပ်၌ နေသနည်း။"-ဟု မေး၏။

"မင်းကြီး။ ပညာသည် တစ်စုံတစ်ယောက်သောအရပ်၌ မနေ။"-ဟုဖြေသော်၊

"အရှင်ဘုရား ထိုသို့သော်ကား ပညာသည် မရှိခဲ့တကား။"-ဟုဆို၏။

"မင်းကြီး။ 'ဝါယောဓာတ်'ဟုဆိုအပ်သော လေသည် အဘယ်အရပ်၌ နေသနည်း။"-ဟုမေးသော်၊

"အရှင်ဘုရား 'ဝါယောဓာတ်'ဟုဆိုအပ်သော လေသည် တစ်စုံတစ်ခုသောအရပ်၌ မနေ။"-ဟုဆိုလျှင်၊

၁။ 'အထူးအလွန်မြတ်နိုးခြင်း'-ဟုယူ။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းကြီး။ ထိုသို့ဆိုတပြီးကား 'ဝါယောဓာတ်'ဟုဆိုအပ်သော လေသည် မရှိစကောင်း တကား။"-ဟုဆိုသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟုဝန်ခံ၏။

ပညာယ ပတိဋ္ဌာနပဉ္ဟာ ပြီး၏။

၉-သံသာရပဉ္ဟာ

သံသရာ၏ အကောင်အထည်

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အရှင်ဘုရားသည် သံသရာဟူ၍ အကြင်စကားကို ဆို၏။ ထို'သံသရာ'ဟူသောစကားသည် အဘယ်နည်း။"-ဟုမေး၏။

"မင်းကြီး။ ဤအရပ်၌ ဖြစ်၍ ဤအရပ်၌ပင်လျှင် သေ၏။ ဤအရပ်၌ သေ၍ တစ်ပါးသော အရပ်၌ ဖြစ်၏။ ထိုသို့သောအရပ်၌ ဖြစ်၍ ထိုထိုသောအရပ်၌ပင်လျှင် သေ၏။ ထိုထိုသောအရပ်၌ သေပြန်၍ တစ်ပါးသောအရပ်၌ ဖြစ်ပြန်၏။ ဤသို့ ဖြစ်ခြင်း, သေခြင်းသည် 'သံသရာ'ဖြစ်၏။"-ဟုဖြေ၏။

"အရှင်ဘုရား ဥပမာပြုပါဦးလော့။"-ဟုဆိုလျှင်၊

"မင်းကြီး။ ဥပမာသော်ကား တစ်စုံတစ်ယောက်သော ယောကျ်ားသည် သရက်သီးကိုစား၍ အစေ့ကို စိုက်၏။ ထို့နောက် ကြီးသောအခါ သရက်ပင်သည် အသီးတို့ကို ပေး၏။ ထိုအခါ ထိုယောကျ်ားသည် ထိုသရက်ပင်မှ အသီးအမှည့်ကိုစား၍ အစေ့ကို စိုက်ပျိုးပြန်၏။ ထို့နောက် ကြီးသောအခါ သရက်သီးကို ပေးပြန်၏။ ဤသို့ဖြစ်သည်ရှိသော် ထိုသရက်ပင်တို့၏ အစသည် မထင်နိုင်သကဲ့သို့၊ မင်းကြီး-ထို့အတူ ဤအရပ်၌ဖြစ်၍ ဤအရပ်၌ပင် သေ၏။ ဤအရပ်မှသေ၍ တစ်ပါးသောအရပ်၌ ဖြစ်ပြန်၏။ ထိုသို့သော အရပ်၌ဖြစ်၍ ထိုသို့သောအရပ်၌ပင် သေ၏။ ထိုထိုသောအရပ်မှာ သေပြန်၍ တစ်ပါးသောအရပ်၌ ဖြစ်ပြန်၏။ မင်းကြီး-ဤသို့လျှင် သံသရာသည် ဖြစ်၏။"-ဟု ဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

သံသာရပဉ္ဟာ ပြီး၏။

၁၀-စိရကတ သရဏပဉ္ဟာ

သတိဖြင့်သာ အောက်မေ့နိုင်ခြင်း

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အကြင်ပုဂ္ဂိုလ်သည် လွန်လေပြီးသောဘဝ၌ ဖြစ်၍ ကြာမြင့် လေသောအမှုကို အဘယ်တရားဖြင့် အောက်မေ့နိုင်သနည်း။"-ဟုမေး၏။

- "မင်းကြီး။ ရှေးလွန်လေပြီးသောတရားကို သတိတရားဖြင့် အောက်မေ့နိုင်၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ စိတ်ဖြင့် အောက်မေ့ရာသည် မဟုတ်လော။ သတိဖြင့် မအောက်မေ့ရာ။"-ဟု ဆိုသော်၊

mgyoe.com

 mgyoe.com SAMPLE BOOK.

"မင်းကြီး။ သင်မင်းကြီးသည် တစ်စုံတစ်ခုသောအမှုကို ပြုပြီး၍ မေ့လျော့သည်ကို မင်းကြီးသိသည် မဟုတ်လော။"-ဟုမေးသော်၊

"အရှင်ဘုရား။ အမှုကို ပြုပြီး၍ မေ့လျော့သည် မှန်ချေ၏။"-ဟုဆို၏။

"မင်းကြီး။ သင်မင်းကြီးသည် ထိုအခါ၌ စိတ် မဖြစ်ဖူးလော။"-ဟုဆိုလျှင်၊

"အရှင်ဘုရား။ ထိုအခါ စိတ်သာဖြစ်၍ သတိ မဖြစ်ချေ။"-ဟုဆိုသော်၊

ထိုသို့လျက် "မင်းကြီး။ သင်မင်းကြီးသည် ထိုအခါ စိတ်ဖြင့်သာ အောက်မေ့၏။ သတိဖြင့် မအောက်မေ့ဟု အဘယ့်ကြောင့်ဆိုသနည်း။"-ဟူ၍ဆိုသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

စိရကတ သရဏပဉှာ ပြီး၏။

၁၁-အဘိဇာနန္တ သတိပဉှာ

သတိ၏ အထွေအပြား

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အလုံးစုံသော သတိတရားသည် သိလျက် ဖြစ်သလော။ ထိုသို့မဟုတ်မူကား အမြဲမှတ်သားသဖြင့် သတိသည် ဖြစ်သလော။"-ဟု မေး၏။

"မင်းကြီး။ သတိသည် သိလျက်လည်း ဖြစ်၏။ အမြဲမှတ်သားသော သတိသည်လည်း ရှေးရှု အာရုံပြုသောစိတ်ဖြင့် သိသည် ဖြစ်၏။"-ဟုဆိုသော်၊

"အရှင်ဘုရား။ ဤသို့ဖြစ်သည်ရှိသော် အလုံးစုံသောသတိကို စိတ်ဖြင့်သာ သိက မှတ်သားထားအပ်သော သတိသည် မရှိစကောင်းပြီ။"-ဟုဆို၏။

"မင်းကြီး။ အမြဲမှတ်သား၍ ထားအပ်သောသတိသည် အကယ်၍ မရှိအံ့။ အတတ်ကို တတ်ကုန်သောသူတို့အကျိုးငှာ ပြုအပ်သော အမှုနှင့်စပ်ယှဉ်သည် စီရင်အပ်သည်နှင့် စပ်ယှဉ်သည်တို့ဖြင့် ဆရာတို့သည် သတိဖြစ်စိမ့်သော မှတ်သား၍ထားအပ်သော သတိသည် အကျိုး မရှိစကောင်း။ မင်းကြီး-မှတ်သားအပ်သောသတိသည် ရှိ၏။ ထို့ကြောင့် အမှုနှင့်စပ်ယှဉ်သည်, အတတ်နှင့်စပ်ယှဉ်သည်, စီရင်အပ်သည်နှင့် စပ်ယှဉ်သည်တို့ဖြင့် ဆရာတို့ဖြင့် ပြုအပ်သောအမှုသည် အကျိုးရှိ၏။"-ဟုဖြေသော်၊

"အရှင်ဘုရား။ သင့်တင့်လျောက်ပတ်ပေ၏။"-ဟု ဝန်ခံ၏။

အဘိဇာနန္တ သတိပဉှာ ပြီး၏။

ဤတွင်ရွေးကား ၆ ခုမြောက်သော သတိဝဂ်သည် ပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK

၇-အရူပဓမ္မဝဝတ္ထာနဝဂ်
အမေးအဖြေ ၁၆ ခု

၁-သတိဥပဒ္ဓနပဉ္ဟာ

သတိဖြစ်ကြောင်း ၁၇ ပါး

မိလိန္ဒမင်းသည် "အရှင်ဘုရား။ အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် သတိသည် ဖြစ်ရာသနည်း။"-ဟုမေး၏။

"မင်းကြီး။ သတိသည် ၁၇ ပါးသော အခြင်းအရာတို့ဖြင့် ဖြစ်၏။"-ဟု အကျဉ်းဖြေ၏။

"အရှင်ဘုရား။ '၁၇ ပါးသော အခြင်းအရာတို့'ဟူသည် အဘယ်သည်တို့နည်း။"-ဟုမေးသော်၊

"မင်းကြီး -

၁- အထူးသိသောအားဖြင့် သတိသည် ဖြစ်၏။
၂- အမြဲမှတ်သားသောအားဖြင့်လည်း သတိသည် ဖြစ်၏။
၃- ရုန့်ရင်းသည်ကို သိအပ်သောအားဖြင့်လည်း ဖြစ်၏။
၄- 'အကျိုးစီးပွားရှိ၏'ဟု သိအပ်သောအားဖြင့်လည်း ဖြစ်၏။
၅- အကျိုးမရှိသည်ကို သိအပ်သောအားဖြင့်လည်း ဖြစ်၏။
၆- သဘာဂ သဘောတူ အာရုံရှိသောအားဖြင့်လည်း ဖြစ်၏။
၇- ဝိသဘာဂ သဘောမတူသောအာရုံအားဖြင့်လည်း ဖြစ်၏။
၈- စကားကို အောက်မေ့စေ သိစေသောအားဖြင့်လည်း ဖြစ်၏။
၉- အမှတ်လက္ခဏာအားဖြင့်လည်း ဖြစ်၏။
၁၀- အဖန်တလဲလဲ အောက်မေ့စေသောအားဖြင့်လည်း ဖြစ်၏။
၁၁- လက်ရေးကို ပြသဖြင့်လည်း ဖြစ်၏။
၁၂- ရေတွက်သောအားဖြင့်လည်း ဖြစ်၏။
၁၃- ဆောင်ရွက်သောအားဖြင့်လည်း ဖြစ်၏။
၁၄- ဘာဝနာအားဖြင့်လည်း ဖြစ်၏။
၁၅- ပုရပိုက်,ပေတို၌ ရေးမှတ်သဖြင့်လည်း ဖြစ်၏။
၁၆- အနီး၌ ထားအပ်သောအားဖြင့်လည်း ဖြစ်၏။
၁၇- အစဉ်ခံစားဖူးသောအားဖြင့်လည်း ဖြစ်၏။

mgyoe.com

 mgyoe.com SAMPLE BOOK

၁- "မင်းကြီး။ အထူးသိသောအားဖြင့် သတိသည် အဘယ်သို့ဖြစ်ရာသနည်း။-ဟူမူကား

အာနန္ဒာမထေရ် ခုဒ္ဒကုဏ္ဍရာ ဥပါသိကာမတို့ကဲ့သို့လည်းကောင်း, ထိုမှတစ်ပါး အချို့သောပုဂ္ဂိုလ်တို့သည် ဇာတိသရဉာဏ်ကို ရကုန်၏။ ထိုဇာတိသရဉာဏ်ကိုရသော ပုဂ္ဂိုလ်တို့သည် ရှေးဇာတိကို အောက်မေ့နိုင်ကုန်၏။ ဤသို့ဖြစ်သော သတိသည် အထူးသိသောအားဖြင့် သတိဖြစ်၏။

၂- အမြဲမှတ်သောအားဖြင့် သတိသည် အဘယ်သို့ဖြစ်ရာသနည်း။-ဟူမူကား အကြင်သူသည် ပြကတေ့အားဖြင့် မေ့လျော့သောသတိ ရှိသည်ဖြစ်အံ့။ သူတစ်ပါးတို့သည် ထိုမေ့လျော့သောသူကို သတိဖြစ်စိမ့်သောငှာ မြဲစွာ ဖွဲ့ကုန်၏။ ဤသို့ မြဲစွာဖွဲ့သောကြောင့် သတိသည် ဖြစ်၏။

၃- ရုန့်ရင်းသောအာရုံကို သိသောအားဖြင့် အဘယ်သို့ သတိ ဖြစ်ရာသနည်း။-ဟူမူကား

အကြင်အခါ အစိုးရသောမင်းတို့အား အဘိသိက်သွန်းခြင်းတို့သည် ဖြစ်၏။ ထိုအခါ သောတာပတ္တိဖိုလ်သို့လည်း ရောက်သည်ဖြစ်အံ့။ ဤသို့ဖြစ်ခြင်းသည် ရုန့်ရင်းသောအာရုံကို သိသောအားဖြင့် သတိသည် ဖြစ်၏။

၄- အစီးအပွားရှိသည်ကို သိသောအားဖြင့် သတိသည် အဘယ်သို့ ဖြစ်ရာသနည်း။-ဟူမူကား

အကြင်အရပ်၌ ဤမည်သောသူကို ချမ်းသာစေအပ်၏။ ဤသို့လျှင် အကျိုးစီးပွားရှိသည်ကို သိသောအားဖြင့် သတိသည် ဖြစ်၏။

၅- အကျိုးစီးပွားမရှိသည်ကို သိသောအားဖြင့် သတိသည် အဘယ်သို့ ဖြစ်ရာသနည်း။-ဟူမူကား

အကြင်အရပ်၌ ဤမည်သောသူကို ဆင်းရဲစေတတ်၏။ ဤမည်သောအရပ်၌ ဤသို့ ငါ့ကို ဆင်းရဲစေတတ်၏။-ဟု သတိကို အောက်မေ့၏။ ဤသို့လျှင် ဆင်းရဲသည်ကို သိသောအားဖြင့် သတိလည်း ဖြစ်၏။

၆- သဘာဂအာရုံအားဖြင့် အဘယ်သို့ဖြစ်ရာသနည်း။-ဟူမူကား

အမိ,အဖ စသည်တို့နှင့် သဘောတူပုဂ္ဂိုလ်ကို မြင်ရလျှင် မိခင်,ဖခင် ညီအစ်ကို မောင်နှမတို့ အောက်မေ့လိုက်၏။ ကုလားအုတ်, နွား, မြည်း တို့ကိုမြင်လျှင်လည်း တစ်ပါးသောကုလားအုတ်, နွား, မြည်းတို့ကို ထို့အတူ အောက်မေ့လိုက်၏။ ဤသို့လျှင် သဘာဂအာရုံအားဖြင့် သတိသည် ဖြစ်၏။

၇- ပိသဘာဂအာရုံအားဖြင့် အဘယ်သို့ဖြစ်သနည်း။-ဟူမူကား

ဤမည်သောသူ၏ အဆင်းကား ဤသို့ရှိ၏။ အနံ့သည် ဤသို့ရှိ၏။ အရသာသည် ဤသို့ရှိ၏။ အတွေ့သည် ဤသို့ရှိ၏။-ဟု သတိသည် အောက်မေ့၏။ ဤသို့ ဝိသဘာဂအာရုံမတူသောအားဖြင့် သတိသည် ဖြစ်၏။

၈- စကားကို သိစေအပ်သောအားဖြင့် အဘယ်သို့ဖြစ်သနည်း။-ဟူမူကား

အကြင်သူသည် မေ့လျော့သောသတိ ရှိ၏။ ထိုသူကို သူတစ်ပါးတို့သည် အောက်မေ့စေကုန်၏။ ထိုမေ့လျော့သောသူသည် ထိုတိုက်တွန်းအပ်သောစကားဖြင့် အောက်မေ့၏။ ဤသို့လျှင် စကားကို အောက်မေ့စေ သိစေသောအားဖြင့် သတိသည် ဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

၉- အမှတ်လက္ခဏာအားဖြင့် သတိသည် အဘယ်သို့ဖြစ်သနည်း။-ဟူမူကား

အကြင်သူသည် ပြကတ္တေအားဖြင့်လျှင် နွားလားတို့၏ အင်္ဂါကြီးငယ်ဖြင့် သိ၏။ အမှတ်အားဖြင့်လည်း သိ၏။ ဤသို့လျှင် အမှတ်လက္ခဏာအားဖြင့် သတိသည် ဖြစ်၏။

၁၀- အောက်မေ့စေသောအားဖြင့် သတိသည် အဘယ်သို့ဖြစ်ရာသနည်း။-ဟူမူကား

အကြင်သူသည် ပြကတ္တေအားဖြင့် လွတ်သောသတိ ရှိသည်ဖြစ်၏။ ထိုမေ့လျော့သောသူကို တစ်ပါးသောသူသည် 'အဖန်တလဲလဲ အောက်မေ့-အောက်မေ့'ဟု နှိုးဆော်၍ အောက်မေ့စေ၏။ ဤသို့လျှင် အောက်မေ့စေသောအားဖြင့် သတိသည် ဖြစ်၏။

၁၁- လက်ရေး အမှတ်အသားဖြင့် အဘယ်သို့ သတိဖြစ်သနည်း။-ဟူမူကား

အရေးအသားကို သင်ကြားအပ်ပြီးသည်၏အဖြစ်ကြောင့် 'ဤအက္ခရာ၏ အခြားမဲ့၌ ဤအက္ခရာကို ပြုအပ်၏။'-ဟု သိ၏။ ဤသို့လျှင် အရေးအသားအားဖြင့် သတိသည် ဖြစ်၏။

၁၂- ဂဏန်းသင်္ချာ အတွက်အားဖြင့် အဘယ်သို့ သတိဖြစ်ရာသနည်း။-ဟူမူကား

ဂဏန်းသင်္ချာ အရေအတွက်ကို သင်ကုန်သောသူတို့သည် များစွာလျှင် ရေတွက်နိုင်ကုန်၏။ ဤသို့လျှင် ဂဏန်းသင်္ချာအားဖြင့် သတိသည် ဖြစ်၏။

၁၃- ဆောင်ရွက်သောအားဖြင့် အဘယ်သို့ ဖြစ်ရာသနည်း။-ဟူမူကား

ဆောင်ရွက်အပ်သော အတတ်ပညာသည် ရှိသည်၏အဖြစ်ကြောင့် အတတ်ကို ဆောင်ရွက်ကုန်သောသူတို့သည် များစွာ ဆောင်ရွက်နိုင်၏။ ဤသို့လျှင် ဆောင်ရွက်သောအားဖြင့် သတိသည် ဖြစ်၏။

၁၄- ဘာဝနာအားဖြင့် အဘယ်သို့ဖြစ်သနည်း။-ဟူမူကား

ဤသာသနာတော်၌ ရဟန်းတို့သည် တစ်ပါးမက များသောအားဖြင့် ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ရှေးသံသရာ ခန္ဓာအစဉ်ကို ၁ ဘဝ, ၂ ဘဝ, ၃ ဘဝ အစရှိသည်ဖြင့် အခြင်းအရာနှင့်တကွ အောက်မေ့နိုင်ကုန်၏။ ဤသို့လျှင် ဘာဝနာအားဖြင့် သတိသည် ဖြစ်၏။

၁၅- ပုရပိုက်, ပေတို့၌ အမြဲဖွဲ့သောအားဖြင့် အဘယ်သို့ဖြစ်ရာသနည်း။-ဟူမူကား

အစိုးရသောမင်းတို့သည် အစဉ်အတိုင်း ဆုံးမအပ်သည်ကို အစဉ်အတိုင်း ဆုံးမစီရင်လိုလတ်သော်၊ ပုရပိုက်, ပေတို့ကို ဆောင်ချေလော့။'-ဟု စေခိုင်း၍ ထိုပုရပိုက်, ပေတို့၌ မြဲစွာမှတ်သားအပ်သော အမှတ်ဖြင့် အောက်မေ့စေကုန်၏။ ဤသို့လျှင် ပုရပိုက်, ပေတို့ဖြင့် မြဲစွာမှတ်သားအပ်သော အမှတ်အသားဖြင့် သတိသည် ဖြစ်၏။

၁၆- အနိုင်၌ နှံထားသောအားဖြင့် အဘယ်သို့ဖြစ်ရာသနည်း။-ဟူမူကား

အနိုင်၌ ထားအပ်သော ဥစ္စာကိုမြင်၍ အောက်မေ့၏။ ဤသို့လျှင် အနိုင်၌ နှံထားသောအားဖြင့် သတိသည် ဖြစ်၏။

mgyoe.com